# ပါဆဌ် စဝဍဩ ကျမ်း

ရန်ကုန်မြို့

ကန်ဘက် ကျောက်ကုန်း တောရ

မေဒိနီကျောင်းတိုက်

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ**

**ဘဒ္ဒန္တအာဋ္ဌာရထေရ်**

စီရင်အပ်သော

# ဝါကျတ္ထမေဒိနီကျမ်း

နှင့်

# နေတ္တိဟာရတ္ထဒီပနီသစ်

[ဤကျမ်းတွင်- ထွက်နည်း တက်နည်း, ဉှာသ်ကောက်နည်း, ဝစနာဒိဆက္က,ဗျုပ္ပတ္တိစတုက္က, ကြိယာငါးတန်ဆုဘ်နည်း, ကရဏာန္တထားနည်း, သံဝဏ္ဏနာဆက္က, ပဋ္ဌာန်းနည်းများ စုံလင်စွာ ထည့်သွင်းထားသည်။]

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၅

H 304—A [ဟံသာဝတီ]

# နိဒါန်း

**ဝါကျမနိုင် စာမပိုင်**

ဓမ္မဂမ္ဘီရ,အတ္ထဂမ္ဘီရ,ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရ-ဟု ဂမ္ဘီရ ၄-ပါးရှိရာ ဝါကျနှင့် ဝါကျတ္ထသည် ဓမ္မဂမ္ဘီရ, အတ္ထဂမ္ဘီရ, ဒေသနာဂမ္ဘီရ၌ အကျုံးဝင်သဖြင့် အလွန်နက်နဲခက်ခဲလှ၏၊ "ဝါကျမနိုင် စာမပိုင်၊ ဝါကျနိုင်မှ စာပိုင်သည်"ဟု ဆိုရိုးရှိသည့်အတိုင်း ပါဠိတော်,အဋ္ဌကထာ, ဋီကာလာပုဒ်တခုကို ဝိဂ္ဂြိုဟ်ဆိုနည်း, အရကောက်နည်း, ထွက်နည်း တက်နည်း, စုဒ်ထုတ်နည်း, ကြိယာငါးတန်ထုတ်နည်း,ပဌာန်းနည်း, အလင်္ကာနည်း, ဥပစာ, သံဝဏ္ဏနာ, အာဘော်ထုတ်နည်း-စသော အချက်အလက် အဆောက်အဦတို့သည် ဝါကျ၌မှီ၍ ဝါကျနှင့် ဆက်စပ်နေရကား ဝါကျမနိုင်နင်းပါက များစွာသော နည်းတို့ကို ထားဘိဦး၊ ဝိဂ္ဂြိုဟ်ဆိုနည်း တခုမျှကိုပင် တိကျမှန်ကန်အောင်ဆိုဘို့ရန် မဖြစ်နိုင်ချေ၊ အကြောင်းမူကား အဆိုပါနည်းတို့သည် ရှေ့စကား, နောက်စကား ဟူသော ဝါကျတို့ကိုထောက်ထား၍ ထုတ်ဆိုရသောကြောင့်ဖြစ်လေသည်။

**ကျမ်းပြုဆရာ၏ အာသီသ**

သို့စဉ်ကလောက် နည်းဟူသမျှ တို့၏ အခြေခံမူလ ဖြစ်၍ အရေးပါလှသော ထိုဝါကျ, ဝါကျတ္ထ မှုကြီး နိုင်နင်းရန် **ဓမ္မာစရိယတန်းဝင်** စာသင်သားအများပင် ထိုထိုမြို့ရွာ ထိုထိုဆရာတို့ထံ နည်းခံမှတ်သားလို၍ ပန်းဝတ်ရည် စားသုံး

သည့် ပျားပိတုန်းတမျှ ပြေးလွှားကြရလေသည်၊ ယင်းသို့ ဤ **ဓမ္မာစရိယတန်းဝင်** စာသင်သားလောက၌ ဖြစ်သမျှအကြောင်းကောင်းစွာသိရှိတော်မူသော ရန်ကုန်မြို့ကန်ဘက်ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအာဠာရ အရှင်သူမြတ်သည် နည်းကောင်း လမ်းကောင်း နည်းမှန် လမ်းမှန်ကို ရရှိပါက အလွန်ခက်ခဲနက်နဲသည့် ပဌာန်းကျမ်းကြီးကိုပင် ပေါက်ရောက်နိုင်သကဲ့သို့ ဝါကျ, ဝါကျတ္ထအရာကိုလည်း ပေါက်ရောက် နိုင်နင်းနိုင်ရန် ရည်သန်တော်မူ၍ နည်းကောင်း လမ်းကောင်း နည်းမှန် လမ်းမှန်ကို ညွှန်ပြတော်မူလျက် **ဝါကျတ္ထမေဒိနီ** သညီတင့်လျှမ်း ဤသည့်ကျမ်းကို ကြိုးပမ်း ပြုစုတော်မူလေသည်။

**ကျမ်းဂန် အဆောက်အဦစု**

ထိုဝါကျတ္ထမေဒိနီကျမ်း၌ ဝါကျဘေဒ, ဝါကျဇောတကနိပါတတ္ထဘေဒ, ဝါကျဇောတက နိပါတတ္ထ ယောဇနာပုံ စသော ဝါကျနှင့်ဆိုင်ရာအခဏ်း, ထွက်နည်း တက်နည်း အကျဉ်းချုပ်,ညသ်ကောက်နည်းဆိုင်ရာ အကျဉ်းချုပ်,ဝစနာဒိဆက္က,အဘိဓာန်ဋီကာလာဗျုပ္ပတ္တိစတုက္က,ဘေဒစိန္တာ မဟာဋီကာလာ ဗျုပ္ပတ္တိစတုက္က, ကြိယာငါးတန်ထုတ်နည်း, ကရဏာန္တသက်သက်ထားနည်း, သံဝဏ္ဏနာဆက္က, ပဌာန်းစာစပ်နည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန်ထုတ်နည်းများ အပြင် မေဒိနီဆရာတော် အနက်ယောဇနာ ထည့်စွက်ပြင်ဆင်ထားသော ဝိသုဒ္ဓါရုံနေတ္တိဟာရတ္ထဒီပနီသစ် ကိုလည်း ပူးတွဲရိုက်နှိပ်ထားပါကြောင်း။

# နိဒါန်း

**ပုံနှိပ်ထုတ်ဝေ** ယင်းသို့ ပုံနှိပ်ထုတ်ဝေရာတွင် ရှင်းလင်းသေသပ်သောအထားအသို အပိုအလိုမရှိသော ပုဒ်ပါဌ်,အဖြတ်အရပ် ကျ-နသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်း စေရအောင် ပါဠိဆရာကြီး **ဦးခင်စိုး-သိရိပဝရ ဓမ္မာစရိယ** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက ကောင်းမွန်စွာ သုတ်သင်ပြင်ဆင်ကာ စက်တင်ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

**"ဟံသာဝတီ"**

---

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဝါကျတွဲမေဒိနီကျမ်း** | |
| | ပဏာမနှင့် ပဋိညာဉ် | ၁ |
| ၁။ | ဝါကျဘေဒဥဒ္ဒေသ .... | ၂ |
| ၂။ | ဝါကျဒွယသမ္ဗန္ဓ .... | ၃ |
| ၃။ | ဝါကျာဓိပ္ပါယ .... | ၃ |
| ၄။ | ဝါကျဝိသေသ ... | ၁၀ |
| ၅။ | ဝါကျဇောတကနိပါတတ္ထဘေဒ ... | ၂၀ |
| ၆။ | ဝါကျဇောတက နိပါတတ္ထယောဇနာပုံ ... | ၃၂ |
| ၇။ | ဝိသေသနိပါတတ္ထယောဇနာပုံ .... | ၄၂ |
| ၈။ | ဝါကျဘေဒနိဒ္ဒေသ .... | ၄၆ |
| ၉။ | မူလ,မူလီ ဝါကျာဓိပ္ပါယတ္ထ တူ,စပ်,နွယ်,ပုံ | ၅၅ |
| ၁၀။ | သဥဒါဟရဏ ဝါကျဘေဒနိဒ္ဒေသ ... | ၅၉ |
| ၁၁။ | ဝါကျဝိသေသ သဥဒါဟရဏ နိဒ္ဒေသ .... | ၈၅ |
| ၁၂။ | တက်နည်း,ထွက်နည်း ဆိုင်ရာအကျဉ်းချုပ်.... | ၉၇ |
| ၁၃။ | ဉာသ်ကောက်နည်းဆိုင်ရာအကျဉ်းချုပ် .... | ၁၁၂ |
| ၁၄။ | ဝစနာဒိဆက္က .... | ၁၃၄ |
| ၁၅။ | အဘိဓာန်ဋီကာလာဗျုပ္ပတ္တိစတုက္က ... | ၁၃၆ |
| ၁၆။ | ဘေဒစိန္တာမဟာဋီကာလာဗျုပ္ပတ္တိစတုက္က.... | ၁၃၈ |
| ၁၇။ | ကြိယာ ၅-တန်ထုတ်နည်း .... | ၁၄၁ |
| ၁၈။ | ကရဏန္တသက်သက်ထားပုံ .... | ၁၄၅ |
| ၁၉။ | သံဝဏ္ဏနာဆက္က .... | ၁၄၉ |
| ၂၀။ | ပဋ္ဌာန်းစာစပ်နည်းနှင့်ပစ္စည်း,ပစ္စယုပ္ပန်ထုတ်နည်း | ၁၉၄ |
| ၂၁။ | နိဂမနကထာ ... | ၂၀၀ |


ဝါကျတွဲမေဒိနီကျမ်းမာတိကာပြီး၏။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **နေတ္တိဟာရတ္ထဒီပနီသစ်** | | |
| | ၁–ဟာရ ၁၆–ပါး | ... | ၂၀၃ |
| ၁။ | ဒေသနာ ဟာရ | .... | ၂၀၅ |
| ၂။ | ဝိစယ ဟာရ | ... | ၂၁၀ |
| ၃။ | ယုတ္တိ ဟာရ | .... | ၂၁၇ |
| ၄။ | ပဒဋ္ဌာန ဟာရ | .... | ၂၁၉ |
| ၅။ | လက္ခဏ ဟာရ | .... | ၂၂၁ |
| ၆။ | စတုဗျူဟ ဟာရ | ... | ၂၂၃ |
| ၇။ | အာဝဋ္ဋ ဟာရ | ... | ၂၂၉ |
| ၈။ | ဝိဘတ္တိ ဟာရ | ... | ၂၃၂ |
| ၉။ | ပရိဝတ္တန ဟာရ | ... | ၂၃၄ |
| ၁၀။ | ဝေဝစန ဟာရ | ... | ၂၃၆ |
| ၁၁။ | ပညတ္တိ ဟာရ | ... | ၂၃၇ |
| ၁၂။ | ဩတရဏ ဟာရ | ... | ၂၃၉ |
| ၁၃။ | သောဓန ဟာရ | ... | ၂၄၁ |
| ၁၄။ | အဓိဋ္ဌာန ဟာရ | .... | ၂၄၂ |
| ၁၅။ | ပရိက္ခာရ ဟာရ | ... | ၂၄၄ |
| ၁၆။ | သမာရောပန ဟာရ | .... | ၂၄၆ |
| | ၂–နည်း ၅–ပါး | .... | ၂၄၉ |
| ၁။ | နန္ဒိယာဝတ္တနည်း | .... | ၂၅၂ |
| ၂။ | တိပုက္ခလနည်း | ... | ၂၅၄ |
| ၁။ | သီဟဝိက္ကီဠိတနည်း | ... | ၂၅၆ |
| ၄–၅။ | ဒိသာလောစန, အင်္ကုသနည်း ၂–ပါး | .... | ၂၅၈ |
| | ၃–သာသနပဋ္ဌာန | .... | ၂၆၀ |
| | **နိဂုံး** | .... | ၂၆၄ |


နေတ္တိဟာရတ္ထဒီပနီသစ် မာတိကာ ပြီး၏။

# ဝါကျတ္ထမေဒိနီကျမ်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဏာမနှင့်ပဋိညာဉ်

ဝိဘဇ္ဇဝါကျ သမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃဥ္စ ဝန္ဒနံ။
ဝါကျတ္ထ ဘေဒ ဉာဏတ္ထံ၊ ကဿံ ဝါကျတ္ထ မေဒိနိံ။ ။

အဟံ၊ငါသည်။ ဝိဘဇ္ဇဝါကျသမ္ဗုဒ္ဓဥ္စ၊ ဝါကျ အပြားတို့ ကို ဝေဘန်ခွဲခြား ကောင်းစွာ သိတော်မူသော မြတ်စွာ ဘုရားကိုဎင်း။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုဎင်း။ သံဃဥ္စ၊ ရှစ်ယောက်အရိယာ မြတ်သံဃာကိုဎင်း။ ဝန္ဒနံ၊ ရှိခိုးခြင်း ကို။ ကရောမိ၊ ပြုပါ၏။ ဝန္ဒနံ၊ ရှိခိုးခြင်းကို။ ကတွာ၊ ပြုပြီး ၍။ ဝါကျတ္ထဘေဒဉာဏတ္ထံ၊ ဝါကျ, ဝါကျ အနက်တို့၏ အပြားတို့၌ သိသောဉာဏ်အကျိုးငှါ။ ဝါကျတ္ထမေဒိနိံ၊ ဝါကျ,ဝါကျအနက်တို့၏ အဆီအနှစ်ကို ထုတ်နှုတ်၍ပြတတ် သောကြောင့် "ဝါကျတ္ထမေဒိနီ"အမည်တင့်ဆန်း ဤသည့် ကျမ်းကို။ ကဿံ၊ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။

ဤကား-ပဏာမနှင့် ပဋိညာဉ်စကားရပ် အပြီးသတ်တည်း။

## ၁—ဝါကျဘေဒဥဒ္ဒေသ

၁။ ဝိတ္ထာရဝါကျ,
၂။ ဝါကျာရမ္ဘဝါကျ,
၃။ ကာရဏဝါကျ,
၄။ ဖလဝါကျ,
၅။ ဝိသေသဝါကျ,
၆။ တပ္ပါကဋိကရဏဝါကျ,
၇။ ဒဠှီကရဏဝါကျ,
၈။ ပဏ္ဏတ္တိရဝါကျ,
၉။ အန္ဒယဝါကျ,
၁၀။ ဗျတိရေကဝါကျ,
၁၁။ သမ္ဘာဝနာဝါကျ,
၁၂။ ဂရဟာဝါကျ,

ဤသို့ အကျဉ်းအားဖြင့် ဝါကျသည် ၁၂-ပါး အပြား ရှိ၏၊ အကျယ်အားဖြင့် အနုသန္ဓိဝါကျ,လဒ္ဓဒေါသဝါကျ, လဒ္ဓဂုဏဝါကျ, အတ္ထုဒ္ဓါရဝါကျ, အတ္ထာဝိပ္ပေတဝါကျ, နိဂမနဝါကျ-စသည်ဖြင့် များစွာပင်ရှိသေး၏။

ဆောင်....၁။ ဝိတ္ထာ-ဝါကျာ၊ကာရဏာ၊ဖလာ-ဝိသေသာ။
၂။ တပ္ပါကဋ္ဌိ၊ဒဠှီ-ပဏ္ဏန်၊ အန္ဒယံ၊မှတ်ရန်ဤသို့လာ။
၃။ ဗျတိ-သမ္ဘာ၊ဂရဟာ၊ဝါကျာဆဲ့နှစ်ဖြာ။
၄။ အနု- လဒ္ဓ၊ ဒေါသ-ဂုဏာ၊ အတ္ထုဒ္ဓါ၊ ပ္ပေတာ-
နိဂမ္မာ။
၅။ ပရိယာချာ၊ စေ့ဒနာ၊ဝါကျာမှားပြားစွာ။

ဝါကျဘေဒဥဒ္ဒေသပြီး၏။

# ၂-ဝါကျဒွယသမ္ဗန္ဓ


၁။ သင်္ခေပနှင့်+ဝိတ္ထာရဝါကျ .... .... စုံ
၂။ အာရဒ္ဓနှင့်+ဝါကျာရမ္ဘဝါကျ .... .... စုံ
၃။ ဖလနှင့်+ကာရဏဝါကျ .... .... စုံ
၄။ ကာရဏနှင့်+ဖလဝါကျ .... .... စုံ
၅။ သာမညနှင့်+ဝိသေသဝါကျ .... .... စုံ
၆။ အပါကင်္ဂနှင့်+တပ္ပါကင်္ဂိကရဏဝါကျ – စုံ
၇။ ဒဋ္ဌိယနှင့်+ဒဋ္ဌိကရဏဝါကျ .... .... စုံ
၈။ ပက္ခနှင့်+ပက္ခန္တရဝါကျ .... .... စုံ
၉။ ဗျတိရေကနှင့်+အနွယဝါကျ .... .... စုံ
၁၀။ အနွယနှင့်+ဗျတိရေကဝါကျ .... .... စုံ
၁၁။ ဂရဟာနှင့်+သမ္ဘာဝနာဝါကျ .... .... စုံ
၁၂။ သမ္ဘာဝနာနှင့်+ဂရဟာဝါကျ .... .... စုံ


ဝါကျဒွယ သမ္ဗန္ဓပြီး၏။

---

# ၃-ဝါကျာဓိပ္ပါယ

## ၁-ဝိတ္ထာရဝါကျ

သင်္ခေပေနေဝ ပုဗ္ဗုတ္တော၊
ပစ္ဆိမေန ဝိတ္ထာရိတော။
ဟိသဒ္ဒေါ ဇောတကော ဝုတ္တော၊
သာခါဘင်္ဂသမော ဟိ သော။

**အနက်။** သင်္ခေပေနေဝ၊ အကျဉ်းအားဖြင့် သာလျှင်။ ပုဗ္ဗုတ္တော၊ ရှေးဝါကျ၌ဆိုပြီးသော အနက်ကို။ ပစ္ဆိမေန၊

နောက်ဝါကျစကားဖြင့်။ ဝိတ္ထာရိတော၊အကျယ်ချဲ့အပ်၏။ ဟိသဒ္ဒေါ၊ဟိသဒ္ဒါကို။ဇောတကော၊ဇောတကဟူ၍။ဝုတ္တော၊ ဆိုအပ်၏။ ဟိ-သစ္စံ၊မှန်၏။ သော၊ ထိုဟိသဒ္ဒါသည်။ သာခါ ဘင်္ဂသမော၊လမ်းနား၌ ချိုးချထားအပ်သော သစ်ခက်နှင့် တူ၏။

[ဤဂါထာ စတုတ္ထပါဒ၌ သာခါဘင်္ဂသမောဟိ သော-ဟူ၍၎င်း, သာခါဘင်္ဂသမာဟိတာဝေဟူ၍၎င်း ပါဌ်နှစ်ထွေရှိ၏၊ နောက်ပါဌ်ကို သာခါဘင်္ဂသမာဟိတော၊ လမ်းနား၌ ချိုးချထားအပ်သော သစ်ခက် နှင့်တူ၏ဟူ၍ပင် အနက်ပေးကြ၏။]

**အဓိပ္ပါယ်။** အကျဉ်း အားဖြင့် ပြဆိုအပ် ပြီးသော သင်္ခေပဝါကျစကားကို အကျယ် ဝေဘန်၍ နောက်ထပ် တဘန်ပြဆိုပြန်၏၊ ထိုနောက်ထပ်ပြဆိုအပ်သော အကျယ် ဖြစ်သောဝါကျစကားကို''ဝိတ္ထာရဝါကျ''ခေါ်သည်။

**ဆောင်။** အကျဉ်းစကား၊ အကျယ်အား၊ ချဲ့ငြားဝိတ္ထာရာ။

**မှတ်ချက်။** ဤဝိတ္ထာရဝါကျ၌ သင်္ခေပဝါကျ,ဝိတ္ထာရ ဝါကျ, ဝိတ္ထာရဇောတက-ဟု သုံးမျိုးခွဲ၍သိရမည်၊ ထိုသုံး မျိုးတို့တွင် ရှေးဝါကျကို သင်္ခေပဝါကျ, နောက်ဝါကျကို ဝိတ္ထာရဝါကျ,နောက်ဝါကျ၌ပါရှိသော ဟိစပန-ဟူသော နိပါတ်ပုဒ်များကို ဝိတ္ထာရဇောတကဟူ၍မှတ်။ ။ကာရ ကနှင့် ဖလဝါကျ, အန္တယနှင့် ဗျတိရေက ဝါကျများကို ထောက်၍၎င်း၊ အမည်းရှိလျှင် အဖြူရှိရမည်, အကြီးရှိ လျှင် အငယ်ရှိရဦးမည်ဟူသကဲ့သို့၎င်း၊ဝိတ္ထာရရှိလျှင်သင်္ခေပ ရရှိမည်, သင်္ခေပရှိလျှင်လည်း ဝိတ္ထာရရှိရဦးမည် ဖြစ်၏၊ ထို့ကြောင့် ရှေးဝါကျကို ဝိတ္ထာရဝါကျ, နောက်ဝါကျကို သင်္ခေပဝါကျဟုခွဲနိုင်သေးသည်၊ နောက်ဝါကျ၌ ပါရှိသော

နိပါတ်ပုဒ်ကို သခေ်ပဇောတက-ဟုသိ၊ ထိုနောက်ဝါကျ၌ ပါရှိသော ဟိ-စသောနိပါတ်ပုဒ်များသည် မိမိ၏ထိုင်ရာ ဝါကျကို ထွန်းပြကာမျှ ဖြစ်သောကြောင့် ဝါကျဇောတက-ဟူ၏။

**အထူး။** မာတိကာ+ပဒဘာဇနီဝါကျ,ဥဒ္ဒေသ+နိဒ္ဒေသဝါကျများလည်း သခေ်ပ+ဝိတ္ထာရဝါကျနှင့် အဓိပ္ပါယ်သွားတူကြ၏။

## ၂—ဝါကျာရမ္ဘဝါကျ

ပုဗ္ဗေ ဝုတ္တဿေဝ တ္ထဿ၊စောဒနာပိ သိယာ ပုန။
ယံပရံဝတ္တုကာမဿ၊ဝါကျာရမ္ဘောတိဘာသိတော။ ။

**အနက်။** ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တဿေဝ၊ ဆိုအပ်ပြီးသည်သာလျှင်ဖြစ်သော။ အတ္ထဿ၊ ဝါကျအနက်ကို။စောဒနာပိ၊ အပြစ်တင်ခြင်းသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ ပုန၊ တဖန်။ ဝတ္တုကာမဿ၊ ဆိုခြင်းငှါ အလိုရှိသော ဆရာ၏။ ပရံ၊ နောက်ဖြစ်သော။ ယံ၊ အကြင်ဝါကျစကားသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုနောက် ဝါကျစကားကို။ ဝါကျာရမ္ဘောတိ၊ ဝါကျာရမ္ဘဟူ၍။ ဘာသိတော၊ ဆိုအပ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျ၌ ဆိုအပ်ပြီးသောစကားသည် မစုံမကုန်သောကြောင့် စောဒကဆရာတို့က အပြစ်တင်ရန်ရှိ၍ ထိုအပြစ်ကို ဖြေလိုရကား- နောက်ဝါကျတခုကိုဆက်လက်၍ ဆိုပြန်၏၊ ထိုဆက်ဆိုသော နောက် ဝါကျကို "ဝါကျာရမ္ဘဝါကျ"ခေါ်သည်။

**ဆောင်။** ဆိုပြီးသည်ကို၊ဆက်၍ဆိုငြား၊နောက်စကား၊ မှတ်သားဝါကျာရမ္ဘတည်း။

**မှတ်ချက်။** ဤဝါကျာရမ္ဘဝါကျ၌အာရဒ္ဓဝါကျ,ဝါကျာရမ္ဘဝါကျ-ဝါကျာ ရမ္ဘဇောတက-ဟု သုံးမျိုးခွဲ၍ သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကိုအာရဒ္ဓဝါကျ, နောက်ဝါကျကို ဝါကျာရမ္ဘဝါကျ,နောက်ဝါကျ၌ပါရှိသောဟိ-စသောနိပါတ်ပုဒ်များကို ဝါကျာရမ္ဘဇောတကတို့ဟူ၍မှတ်။ ။ ဤဝါကျ၌ ဝါကျာရမ္ဘဝါကျ,အာရဒ္ဓဝါကျဟု ရှေးနောက်ပြန်၍ မရဟုသိ။

**အထူး။** ဥပညာသ-ဥပန္យာသဟု ဆိုအပ်သော ဝါကျမျိုးသည်"ဥပညာသောတိစ ဝါကျာရမ္ဘောဝုစ္စတိ"ဟုဋီကာများအဆိုရှိခြင်းကြောင့် ဝါကျာရမ္ဘဝါကျနှင့်တူ၏၊ ၎င်းဝါကျများကား အာဘော်ထားနှင့်တကွ အဓိပ္ပါယ် သဘာဝတူမျှကြသောကြောင့် တူကြသည်ဟု ဆရာကြီးများ ယူဆတော်မူကြ၏။ တနည်း-ရှေးဝါကျစကား အဆက်ပြတ်ပြီးမှ တဝါကျ, နှစ်ဝါကျစသည်ခြား၍ စောဒကဆရာများက အပြစ်တင်ရန် ရှိနေသေးသောကြောင့် နောက်ထပ်တဘန် ဆက်လက်ပြီး ပြဆိုသောဝါကျကို "ဝါကျာရမ္ဘဝါကျ" ခေါ်သည်၊ ရှေးဝါကျ အဆက်မပြတ်မီ နောက်ထပ်တဘန် ဆက်လက်ပြဆိုသော ဝါကျကို "ဥပညာသဝါကျ" ခေါ်သည်၊ ဤကား-နိယာမ်ဆရာများ ပြောဆိုပုံအထူးတည်း။

**နိယာမ်**....၁။ ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ၊ ဝါကျာရမ္ဘပင်။
၂။ မပြတ်စပ်ကာ၊ ဆက်၍လာ၊ ဥပညာသတွင်။
၃။ ပြတ်ကြီးစင်းစင်း၊ စုဒ်ထုတ်လျှင်းမူ၊မှတ်ခြင်း ဝါကျာရမ္ဘပြီ။

၄။ မပြတ်စင်ကာ၊ စုဒ်ထုတ်ရာကား၊ ဥပညာသ၊ မှား
သားကြ၊ ဒွန်းကထုံးမှီ၊ ကျမ်းအညီ။
[တိပိဋကနာဂ။]

## ၃–ကာရဏဝါကျ

ဖလေစ ပထမံ ဝုတ္တေ၊ ကိဒိသံ တဿ ကာရဏံ။
ပုဋ္ဌွတွာ ကထနံ တဿ၊ ပစ္ဆိမံ ကာရဏံ ဘဝေ။

**အနက်။** စ၊ အသို့တပါးကား။ ပထမံ၊ ရှေးဦးစွာ။ ဖလေ၊ အကျိုးဝါကျကို။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ တဿ၊ ထိုအကျိုးဝါကျ၏။ ကာရဏံ၊ အကြောင်းကား။ ကီဒိသံ၊ အဘယ်ပါနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌွတွာ၊ မေးခြင်းကြောင့်။ တဿ၊ ထိုအကြောင်းဝါကျကို။ ကထနံ၊ ဆိုကြောင်းဖြစ်သော။ ပစ္ဆိမံ၊ နောက်ဝါကျသည်။ ကာရဏံ၊ ကာရဏဝါကျမည်သည်။ ဘဝေ၊ ဖြစ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျစကားဖြင့် အကျိုးကို ပြဆို၍ ထိုအကျိုး၏အကြောင်းကား အဘယ်ပါနည်းဟု မေးရန်ရှိသောကြောင့် ၎င်းအကျိုး၏ အကြောင်းကို ပြသော နောက်ဝါကျကို ''ကာရဏဝါကျ''ခေါ်သည်။

**ဆောင်။** အကျိုးဝါကျ၊ အကြောင်းပြ၊ ကာရဏဟုမှတ်။

**မှတ်ချက်။** ဤကာရဏဝါကျ၌ ဖလဝါကျ၊ ကာရဏဝါကျ၊ ကာရဏဇောတက-ဟု သုံးမျိုးခွဲ၍ သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို ဖလဝါကျ၊ နောက်ဝါကျကို ကာရဏဝါကျ၊ နောက်ဝါကျ၌ ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကိုကာရဏဇောတကတို့-ဟူ၍မှတ်။

## ၄—ဖလဝါကျ

ပုဗ္ဗေစ ကာရဏော ဝုတ္တေ၊တေသ္မု ကိံ ဖလံ ဣတိ။
ပုစ္ဆိတ္ဝာ ကထနံ တဿ၊ ပစ္ဆိမံ ဖလဘာသနံ။ ။

**အနက်။** စ၊ အဘို့တပါးကား။ ပုဗ္ဗေ၊ ရှေးမဆွဲ၌။ ကာရဏော၊ အကြောင်းဝါကျကို။ ဝုတ္တေ၊ ဆိုအပ်ပြီးသည်ရှိသော်။ တေသ္မု၊ထိုအကြောင်းဝါကျသည်ကား။ကိံဖလံ၊ အဘယ်အကျိုးရှိသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတ္ဝာ၊ မေးခြင်းကြောင့်။တဿ၊ ထိုအကျိုးဝါကျကို။ ကထနံ၊ ဆိုကြောင်းဖြစ်သော။ ပစ္ဆိမံ၊ နောက်ဝါကျသည်။ ဖလဘာသနံ၊ အကျိုးကို ဆိုကြောင်းဝါကျမည်သည်။ ဘဝေ၊ဖြစ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် အကြောင်းကိုပြပြီး၍ ထိုအကြောင်း၏ အကျိုးကား အဘယ်ပါနည်းဟု မေးရန်ရှိသောကြောင့် ၎င်းအကြောင်း၏ အကျိုးကို ပြဆိုကြောင်းဖြစ်သော နောက်ဝါကျကို "ဖလဝါကျ" ခေါ်သည်။

**ဆောင်။** အကြောင်းဝါကျ၊ အကျိုးပြ၊ဖလဝါကျခေါ်သတည်း။

**မှတ်ချက်။** ဤဖလဝါကျ၌ ကာရဏဝါကျ,ဖလဝါကျ, ဖလဇောတက-ဟု သုံးမျိုးခွဲ၍ သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို ကာရဏဝါကျ, နောက်ဝါကျကို ဖလဝါကျ, နောက်ဝါကျ၌ ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို ဇောတကတို့ဟူ၍မှတ်။

## ၅—ဝိသေသဝါကျ

သာမညေနေဝ ပုဗ္ဗတ္တေ၊ဘေဒနံ ယတ္ထ တဿ ဟိ။
ဝိသေသဝစနံ တံ ဟိ၊ ဇောတကာ၀ နိပါတကာ။ ။

**အနက်။** ဟိ၊ အဘို့တပါးကား။ သာမညေနေဝ၊ သာမညအားဖြင့် သာလျှင်။ ပုဗ္ဗတ္တော၊ ရှေးဝါကျ အနက်ကို။ ဝုတ္တော၊ ဆိုအပ်ပြီးသည်ရှိသော်။ တဿ၊ ထိုသာမညအားဖြင့် ဆိုအပ်ပြီးသော ရှေးဝါကျအနက်ကို။ ယတ္ထ၊ အကြင်ဝါကျ၌။ ယံဘေဒနံ၊ အကြင်ခွဲခြမ်းဝေဘန် ထူးခြားဟန် ပြကြောင်းသည်။ ဝါ၊ အကြင် ခွဲခြမ်းဝေဘန် ထူးခြားဟန်ပြကြောင်း စကားသည်။ အတ္ထိ၊ ရှိ၏။ တံ-ဟိ၊ ထိုခွဲခြမ်းဝေဘန်ထူးခြားဟန်ပြကြောင်း စကားသည်သာလျှင်။ ဝိသေသဝစနံ၊ ထူးသောအနက်ကို ဖွင့်ဆိုကြောင်း ဖြစ်သော စကားသည်။ ဘဝေ၊ ဖြစ်၏။ နိပါတကာ၊ဟိ-စသော နိပါတ်ပုဒ်တို့သည်။ ဇောတကာဝ၊ ရှေးဝါကျစကားမှ ထူးသော အနက်ကို ထွန်းပြတတ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် အများနှင့် ဆက်ဆံသော သာမညစကားကိုပြပြီး၍ ထိုသာမညစကားကို နောက်ဝါကျတခုဖြင့် အထူးပြု၍ဆိုပြန်၏၊ ထိုအထူးပြု၍ ဆိုကြောင်းဖြစ်သော နောက်ဝါကျကို ''ဝိသေသဝါကျ'' ခေါ်သည်။

**ဆောင်။** သာမန်စကား၊အထူးအား၊မိန့်ကြား၊ဝိသေသာ။

**မှတ်ချက်။** ဤဝိသေသဝါကျ၌ သာမညဝါကျ, ဝိသေသဝါကျ,ဝိသေသဇောတက-ဟုသုံးမျိုးခွဲ၍သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို သာမညဝါကျ, နောက်ဝါကျကို ဝိသေသဝါကျ,နောက်ဝါကျ၌ပါရှိသော ဟိ-စသောနိပါတ်ပုဒ်များကိုဝိသေသဇောတကတို့-ဟူ၍မှတ်။

## ၆–တပ္ပါကဋိကရဏဝါကျ

ပုဗ္ဗေ အပါကဋေယေဝ၊ဥပမာဒီဟိ ယံ ပန။
ပါကဋံ ကရဏံ တဿ၊ တပ္ပါကဋိကရနာမကံ။ ။

**အနက်။** ပန၊ အဘို့တပါးကား။ ပုဗ္ဗေ၊ ရှေးဝါကျ၌။ အပါကဋေယေဝ၊ မထင်ရှားသော စကားကို သာလျှင်။ ဝုတ္တေ၊ဆိုအပ်ပြီးသည် ရှိသော်။ တဿ၊ ထိုရှေးဝါကျ၌ ဆိုအပ်သော မထင်ရှားသောစကားကို။ ဥပမာဒီဟိ၊ ဥပမာ စသည်တို့ဖြင့်။ ပါကဋံ၊ထင်ရှားအောင်။ ယံကရဏံ၊အကြောင်းပြုခြင်းသည်။ အတ္ထိ၊ရှိ၏။ တံ-ကရဏံ၊ထိုဥပမာ စသည်တို့ဖြင့် ထင်ရှားအောင်ပြုသော နောက်ဝါကျ စကားသည်။ တပ္ပါကဋိကရနာမကံ၊ တပ္ပါကဋိကရဏ ဝါကျအမည် ရှိသည်။ဘဝေ၊ ဖြစ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျ၌ ဆိုအပ်ပြီးသော စကားရပ်သည် မထင်ရှား မပေါ်လွင်သည်ဖြစ်၍ ဆိုအပ်ပြီးသော ရှေးဝါကျစကားကို ထင်ရှား ပေါ်လွင်စေခြင်း အကျိုးငှါ ဥပမာစသည်တို့ဖြင့် ထင်ရှားအောင် ပြ၍ ဆိုကြောင်းဖြစ်သော နောက်ဝါကျကို "တပ္ပါကဋိကရဏ ဝါကျ" ခေါ်သည်။

**ဆောင်။** ရှေးလာစကား၊မထင်ရှား၍၊ထင်ရှားစေမှု၊
ပမာပြုခါ၊ ပြဆိုပါ၊ တပ္ပါကဋိကရဏတည်း။

**မှတ်ချက်။** ဤတပ္ပါကဋိကရဏ ဝါကျ၌ အပါကဋ ဝါကျ, တပ္ပါကဋိကရဏဝါကျ, တပ္ပါကဋိကရဏ ဇောတက-ဟု သုံးမျိုးခွဲ၍သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျ

ကိုအပါကဋဝါကျ,နောက်ဝါကျကိုတပ္ပါကဋီကရဏဝါကျ, နောက်ဝါကျ၌ ပါရှိသော ဟိ- စသော နိပါတ်ပုဒ်များ ကို တပ္ပါကဋီကရဏ ဇောတကတို့-ဟူ၍မှတ်။

## ၇—ဒဠီကရဏဝါကျ

ဒဠ္ဟယဝစနေ ဝုတ္တေ၊ ဩစိတြာ အာဂမေန စ။
ဒဠီကရဏ မေတဿ၊ ပစ္ဆိမံ ဒဠီကရဏံ။ ။

**အနက်။** ဒဠ္ဟယဝစနေ၊ မြဲမြံစွာပြု၍ ဆိုအပ်သော အနက်ကို။ ဝုတ္တေ၊ ရှေးဝါကျ၌ ဆိုအပ်ပြီးသည် ရှိသော်။ ဧတဿ၊ ထိုမြဲမြံစွာပြု၍ ဆိုအပ်ပြီးသောအနက်ကို။ ဩစိတြာစ၊ အသင့်ယုတ္တိအားဖြင့်ရင်း။ အာဂမေနစ၊ အာဂုမ် ပါဠိအားဖြင့်ရင်း။ ဒဠီကရဏံ၊ မြဲမြံစွာပြုကြောင်း ဖြစ် သော။ ပစ္ဆိမံ၊နောက်ဝါကျ စကားသည်။ ဒဠီကရဏံ၊ ဒဠီကရဏဝါကျမည်သည်။ ဘဝေ၊ ဖြစ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် ပြဆိုအပ်ပြီးသော စကား သည် မြဲမြံ ခိုင်ခံ့ခြင်း မရှိသေးရကား- မြဲမြံ ခိုင်ခံ့အောင် ပြုအပ်သော စကားဖြစ်၏၊ ထိုမြဲမြံခိုင်ခံ့အောင် ပြုအပ် သော ရှေးဝါကျစကားကို အသင့်ယုတ္တိအားဖြင့် ဖြစ်စေ၊ အာဂုမ်ပါဠိ ကိုးကား၍ ဖြစ်စေ မြဲမြံ ခိုင်ခံ့အောင်ပြု ကြောင်းဖြစ်သော နောက်ဝါကျကို "ဒဠီကရဏဝါကျ" ခေါ်သည်။

**ဆောင်။** မြဲမြံစေလို၊ ယုတ္တိကိုပြ၊ အာဂုမ်ပြ၊ ဝါကျ ဒဠီကရဏ ခေါ်သတည်း။

**မှတ်ချက်။** ဤဒင်္ဂီကရဏာဝါကျ၌ ဒင်္ဂီယဝါကျ,ဒင်္ဂီ ကရဏာဝါကျ,ဒင်္ဂီကရဏာဇောတက-ဟု သုံးမျိုးခွဲ၍ သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို ဒင်္ဂီယဝါကျ,နောက်ဝါကျကို ဒင်္ဂီကရဏာဝါကျ, နောက်ဝါကျ၌ ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို ဒင်္ဂီကရဏာဇောတကတို့-ဟူ၍ မှတ်၊ ထိုဒင်္ဂီကရဏာသည် အာဂမ ဒင်္ဂီကရဏာ, ယုတ္တိ ဒင်္ဂီကရဏာအားဖြင့်-နှစ်မျိုးအပြားရှိ၏၊ ချဲ့ဦးအံ့-ထိုနှစ်မျိုးတို့တွင် ပါဠိတော်,အဋ္ဌကထာ,ဋီကာစသည်တို့၌ လာသော ပါဠိအာဂုမ်ဆောင်၍ မြဲမြံအောင်ပြုကြောင်း ဖြစ်သော ဒင်္ဂီကရဏာသည် အာဂမဒင်္ဂီကရဏာ မည်၏၊ ပါဠိတော်, အဋ္ဌကထာ,ဋီကာ စသည်တို့၌ မလာ၊ သင့်လျော်သော အကြောင်းကိုထောက်ဆ၍ မြဲမြံအောင်ပြုကြောင်းဖြစ်သော ဒင်္ဂီကရဏာသည် ယုတ္တိဒင်္ဂီကရဏာမည်၏၊ ထိုနှစ်မျိုးတို့တွင် အာဂမဒင်္ဂီကရဏာသည် သဘာဝ အာဂမ ဒင်္ဂီကရဏာ,ဗျတိရေက အာဂမဒင်္ဂီကရဏာအားဖြင့် ၂-ပါးပြား၏၊ ထို့အတူ ယုတ္တိဒင်္ဂီကရဏာလည်း သဘာဝယုတ္တိဒင်္ဂီကရဏာ, ဗျတိရေကယုတ္တိဒင်္ဂီကရဏာအားဖြင့် ၂-ပါးပင် ပြား၏၊ သဘောအလျောက် နှ-မလှောက်ဘဲဆိုသည်ကို သဘာဝ၊ ဆန့်ကျင်ဘက်ပဋိသေဓ နှ-မြစ်၍ဆိုသည်ကို ဗျတိရေက-ဟုသိ။

**ဆောင်။** ၁။ ဗုဒ္ဓါဒီနံ ဟိ ပါဌေနှ၊
ဝုတ္တံအာဂမဒင်္ဂီယံ။
ကာရဏာ နုဝိရောဓေန၊
ဝုတ္တံ တံ ယုတ္တိနာမကံ။

၂။ သဘာဝ ဗျတိရေကာနံ၊
ဝဿေနာပိ စတုဗ္ဗိဓံ။
ပုဗ္ဗံအတ္ထာနုလောမေန၊
ပရန္တု ဝိပရီတကံ။ ။

**အနက်**

၁။ ဟိ၊ အထူးကား။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိသည်တို့၏။ ပါဌေန၊အာဂုမ်ပါဠိဖြင့်။ ဂုတ္တံ၊ နောက်၌ ပြဆိုအပ်သော ဝါကျသည်။ အာဂမဒဠ္ဌိယံ၊ အာဂမဒဠှိကရဏာ ဝါကျမည်သည်။ ဘဝေ၊ ဖြစ်၏။ ကာရဏာနုဝိရောဓေန၊ အကြောင်းအားလျော်စွာ မဆန့်ကျင်သောအားဖြင့်။ ယံဝါကျံ၊အကြင်ဝါကျကို။ဗုတ္တံ၊ဆိုအပ်၏။ တံ၊ ထိုဝါကျကို။ ယုတ္တိနာမကံ၊ ယုတ္တိဒဠ္ဌိကရဏာဝါကျမည်၏ဟူ၍။ ဂုတ္တံ၊ဆိုအပ်၏။

၂။ သဘာဝဗျတိရေကာနံ၊ သဘာဝ ဗျတိရေကတို့၏။ ဝဿေနာပိ၊ အစွမ်းအားဖြင့်လည်း။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဘဝေ၊ဖြစ်၏။ပုဗ္ဗံ၊ ရှေးဖြစ်သော သဘာဝဒဠ္ဌိကရဏာသည်။အတ္ထာနုလောမေန၊ အနက်အားလျော်သောအားဖြင့်။ ဘဝေ၊ ဖြစ်၏။ ပရန္တု၊ နောက်ဖြစ်သော ဗျတိရေက ဒဠ္ဌိကရဏာသည်ကား။ ဝိပရီတကံ။ ဘောက်ပြန်သောသဘောရှိသော ဒဠ္ဌိကရဏာမည်သည်။ ဘဝေ၊ဖြစ်၏။

**အထူး**။ သာဓု+သာဓကဝါကျ၊ ဥပ္ပ+ဥပကဝါကျ၊ လက္ခ+လက္ခဏာ ဝါကျများလည်း ဤဒဠ္ဌိယ+ဒဠ္ဌိကရဏာဝါကျနှင့် အဓိပ္ပါယ်သွားတူကြ၏။

## ဂ-ပက္ခန္တရဝါကျ

ကိတ္တိပက္ခံ ကထေတွာန၊အညံပိ ဝတ္တုမိစ္ဆိတာ။
ဝုတ္တံ ယံ ပစ္ဆိမဌေ၀၊ တံ ပက္ခန္တရနာမကံ။ ။

**အနက်။** ဧ၊ အဘိုတပါးကား။ ကိတ္တိပက္ခံ၊ တခုခုသော အဘိုအစုကို။ ကထေတွာန၊ဖွင့်ဆိုပြီး၍။အညံ၊ တပါးသော။ ပက္ခံပိ၊အဘိုအစုကိုလည်း။ ဝတ္တုံ၊ဖွင့်ဆိုခြင်းငှါ။ ဣစ္ဆိတာ၊ အလိုရှိသော ဆရာသည်။ ပစ္ဆိမံ၊ နောက်ဖြစ်သော။ ယံ၊ အကြင်ဝါကျကို။ ဝုတ္တံ၊ဆိုအပ်၏။ တံဝေ၊ ထိုနောက်ဝါကျ သည်သာလျှင်။ ပက္ခန္တရနာမကံ၊ ပက္ခန္တရဝါကျမည်သည်။ ဘဝေ၊ ဖြစ်၏။

**အဓိပ္ပါယ်။** အပေါင်းမှ တစိတ်တဒေသဖြစ်သော အဘိုတခုကိုဆိုပြီး၍ ကြွင်းကျန်သော အဘိုတပါးကို ပြဆိုလိုသောကြောင့် နောက်ဝါကျတခုကိုဆိုပြန်၏၊ ထိုကြွင်းသေးသောအဘိုတပါးကို ပြဆိုသောဝါကျကို "ပက္ခန္တရဝါကျ" ခေါ်သည်။

**ဆောင်။** ဆိုပြီးသည်မှ၊နောက်ထပ်ပြငြား၊ ဘိုတပါး၊ မှတ်သား ပက္ခန္တရတည်း။

**မှတ်ချက်။** ဤပက္ခန္တရဝါကျ၌ ပက္ခဝါကျ, ပက္ခန္တရဝါကျ,ပက္ခန္တရဇောတက-ဟု သုံးမျိုးခွဲ၍သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို ပက္ခဝါကျ,နောက်ဝါကျကိုပက္ခန္တရဝါကျ,နောက်ဝါကျ၌ ပါရှိသော ဟိ-စသောနိပါတ်ပုဒ်များကို ပက္ခန္တရဇောတကတို့-ဟူ၍မှတ်။

## ၉–အနွယဝါကျ

ဂုတ္တေ ပစ္စနီယေစေဝ၊ ပတ္တိမံ အနုလောမတော။
အနွယမိတိ ဝိညေယျံ၊ ဝိညုနာ ဝိတြညုကြိနာ။ ။

**အနက်။** စ၊ အဘိုတပါးကား။ ပစ္စနီယေစေဝ၊ မူလဝါကျနှင့် ဆန့်ကျင်ဘက်ဝါကျကိုသာလျှင်။ ဂုတ္တေ၊ ဆိုအပ်ပြီးသည်ရှိသော်။ ပတ္တိမံ၊ နောက်ဖြစ်သော။ ယံ၊ အကြင်ဝါကျကို။ အနုလောမတော၊ အလျော်အားဖြင့်။ ဂုတ္တံ၊ ဆိုအပ်၏။ တံ၊ ထိုအလျော်အားဖြင့် ဆိုကြောင်းဖြစ်သောနောက်ဝါကျကို။ အနွယမိတိ၊ အနွယဝါကျဟူ၍။ ဝိတြညုကြိနာ၊ ဆန်းကြယ်သော ဉာဏ်ရှိသော။ ဝိညုနာ၊ ပညာရှိသည်။ ဝိညေယျံ။ သိအပ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျ၌ ဆန့်ကျင်ဘက်စကားကို ပြဆိုပြီး၍ နောက်ဝါကျဖြင့် အလျော်ဖြစ်သော စကားကို ပြဆိုပြန်၏၊ ထိုအလျော်ဖြစ်သော စကားကို ပြဆိုကြောင်း နောက်ဝါကျစကားကို "အနွယဝါကျ" ခေါ်သည်။

**ဆောင်။** ဆန့်ကျင်ပြပြီး၊တသီးထိုမှ၊အလျော်ပြ၊နွယဝါကျဆို။

**မှတ်ချက်။** ဤအနွယဝါကျ၌ ဗျတိရေကဝါကျ,အနွယဝါကျ,အနွယဇောတက-ဟု သုံးမျိုးခွဲ၍သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကိုဗျတိရေကဝါကျ,နောက်ဝါကျကို အနွယဝါကျ, နောက်ဝါကျ၌ ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို အနွယ ဇောတကတို့-ဟူ၍မှတ်။

## ၁၀–ဗျတိရေကဝါကျ

ပုဗ္ဗေစ အနုလောမေန၊ ဂုတ္တေ တပ္ပဋိပက္ခတော။
ဘာသိတံ ပတ္တိမံ ယဉ္စ၊ဗျတိရေကံ ဝိဘာဝိနာ။

**အနက်။** စ၊ အဘို့တပါးကား။ ပုဗ္ဗ၊ ရှေးမူလဝါကျ၌။ အနုလောမေန၊ လျော်သောအားဖြင့်။ စေဝုတ္တေ၊ အကယ်၍ ဆိုအပ်ပြီးသည်ရှိသော်။ တပ္ပဋိပက္ခတော၊ ထိုရှေးမူလဝါကျနှင့်ဆန့်ကျင်သောအားဖြင့်။ ပစ္ဆိမံ၊ နောက်ဖြစ်သော။ ယံ၊ အကြင်ဝါကျကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ၊ထိုမူလဝါကျနှင့်ဆန့်ကျင်သောအားဖြင့် ဆိုအပ်သော နောက်ဝါကျကို။ ဗျတိရေကံ၊ ဗျတိရေကဝါကျဟူ၍။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဘာသိတံ၊ ဆိုအပ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် အလျော်ဖြစ်သောစကားကို ပြဆိုပြီး၍ နောက်ဝါကျတခုဖြင့် ဆန့်ကျင်ဘက်စကားကိုဆိုပြန်၏၊ ထိုဆန့်ကျင်ဘက်စကားကို ပြဆိုကြောင်းဖြစ်သော နောက်ဝါကျကို "ဗျတိရေကဝါကျ" ခေါ်သည်။

**ဆောင်။** အလျော်ပြပြီး၊တသီးထိုရ်၏၊ဆန့်ကျင်ဘိ၊ဗျတိရေကဆို။

**မှတ်ချက်။** ဤဗျတိရေကဝါကျ၌ အန္ဝယဝါကျ,ဗျတိရေကဝါကျ,ဗျတိရေကဇောတက-ဟုသုံးမျိုးခွဲ၍သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို အန္ဝယ ဝါကျ, နောက်ဝါကျကို ဗျတိရေကဝါကျ, နောက်ဝါကျ၌ ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို ဗျတိရေက ဇောတကတို့-ဟူ၍မှတ်။

## ၁၁–သမ္ဘာဝနာ ဝါကျ

နိန္ဒာယ သဟိတေ စေဝ၊ ပုရိမေ တဿ ကထနံ။
ပသံသိတွာန ယေနေတံ၊ သမ္ဘာဝနန္တိ ဘာသိတံ။ ။

**အနက်။** စ၊ အဘို့တပါးကား။ ပုရိမေ၊ ရှေးမူလဝါကျ၌။ နိဒ္ဒေသယ၊ ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်။ သဟိတေဝေ၊ တကွဖြစ်သောစကားကိုသာလျှင်။ ဝုတ္တေ၊ ဆိုအပ်ပြီးသည် ရှိသော်။ တဿ၊ ထိုကဲ့ရဲ့ခြင်းနှင့်တကွ ဖြစ်သော ရှေးမူလဝါကျကို။ ပသံသိတွာန၊ ချီးမွမ်းမြှောက်ပင့်၍။ ယေန၊ အကြင်နောက်ဝါကျဖြင့်။ ယံကထနံ၊ အကြင်ဆိုခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုချီးမွမ်းမြှောက်ပင့်၍ ဆိုကြောင်းဖြစ်သော နောက်ဝါကျကို။ သမ္ဘာဝနန္တိ၊ သမ္ဘာဝနာ ဝါကျဟူ၍။ ဘာသိတံ၊ ဆိုအပ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် ကဲ့ရဲ့ပြစ်တင်သောစကားကိုဆိုပြီး၍ နောက်ဝါကျဖြင့် ချီးမွမ်း မြှောက်ပင့်သောစကားကိုဆိုပြန်၏၊ ထိုချီးမွမ်း မြှောက်ပင့်သော စကားကိုဆိုကြောင်းဖြစ်သော နောက်ဝါကျကို ''သမ္ဘာဝနာဝါကျ'' ခေါ်သည်။

**ဆောင်။** ချီးမွမ်းစကား၊ ပြဆိုငြား၊ မှတ်သား သမ္ဘာဝနာ။

**မှတ်ချက်။** ဤသမ္ဘာဝနာ ဝါကျ၌ ဂရဟာဝါကျ, သမ္ဘာဝနာဝါကျ, သမ္ဘာဝနာဇောတက-ဟု သုံးမျိုးခွဲ၍ သိရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို ဂရဟာဝါကျ, နောက်ဝါကျကို သမ္ဘာဝနာဝါကျ, နောက်ဝါကျ၌ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို သမ္ဘာဝနာ ဇောတကတို့-ဟူ၍မှတ်။

## ၁၂—ဂရဟာဝါကျ

ပဂ္ဂယှဝစနေ ဝုတ္တေ၊ ဇောဒကေနေဝ စေ ပုရေ။
ယထာဘူတေန နိန္ဒိ တံ၊ ပစ္ဆိမံ ဂရဟတ္တကံ။ ။

**အနက်။** ပုရေ၊ ရှေးမူလဝါကျ၌။ ဓောဒကေနေဝ၊ ဓောဒက ပုဂ္ဂိုလ်ကသာလျှင်။ ပဋ္ဌယဝစနေ၊ ချီးမြှောက်ထောက်ပံ့သောစကားကို။ စေဝုတ္တေ၊ အကယ်၍ဆိုအပ်ပြီးသည်ရှိသော်။ ယထာဘူတေန၊ ဟုတ်မှန်သော အားဖြင့်။ ပစ္ဆိမံ၊နောက်ဖြစ်သော။ ယံနိန္ဒံ၊ အကြင်ကဲ့ရဲ့ပြစ်တင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ထိုကဲ့ရဲ့ပြစ်တင်ကြောင်း ဖြစ်သောနောက်ဝါကျသည်။ ဂရဟတ္တကံ၊ ဂရဟာဝါကျမည်သည်။ ဘဝေ၊ဖြစ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် ချီးမွမ်းသော စကားကို ပြောဆိုပြီး၍ နောက်ဝါကျဖြင့် ကဲ့ရဲ့ပြစ်တင်သော စကားကို ဆိုပြန်၏၊ ထိုကဲ့ရဲ့ပြစ်တင်သောစကားကို ဆိုကြောင်းဖြစ်သော နောက်ဝါကျကို "ဂရဟာဝါကျ" ခေါ်သည်။

**ဆောင်။** ချီးမွမ်းပြီးခါ၊ကဲ့ရဲ့ပါငြား၊ နောက်စကား၊မှတ်သားဂရဟာ။

**မှတ်ချက်။** ဤဂရဟာ ဝါကျ၌ သမ္ဘာဝနာ ဝါကျ, ဂရဟာဝါကျ,ဂရဟာဇောတက-ဟု သုံးမျိုးခွဲ၍မှတ်ရမည်၊ ထိုသုံးမျိုးတို့တွင် ရှေးဝါကျကို သမ္ဘာဝနာဝါကျ, နောက်ဝါကျကိုဂရဟာဝါကျ,နောက်ဝါကျ၌ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို ဂရဟာဇောတကတို့-ဟူ၍မှတ်။

ဝါကျာဓိပ္ပါယပြီး၏။

---

## ၄—ဝါကျဝိသေသ

### ၁—အနုသန္ဓိဝါကျ

**ဝစနတ္ထ။** ဒွိန္နံ ဝါကျာနံ အန္တရံ အဒဿေတွာ သမ္ဗာ ဓိယတီတိ သန္ဓိ၊ အနုရူပေန သန္ဓိ အနုသန္ဓိ။ ။

ဒွိန္နံ ဝါကျာနံ၊ ရှေးနောက် ဖြစ်ကုန်သော စကားနှစ်ရပ်တို့၏။ အန္တရံ၊အကြားကို။ အဒဿေတွာ၊ မမြင်စေမူ၍။ သမ္မာ၊ကောင်းစွာ။ဃိယတိ၊ စပ်တတ်၏။ ဣတိ၊ထို့ကြောင့်။ သန္ဓိ၊ သန္ဓိမည်၏။ အနုရူပေန၊ သင့်လျော်သောအားဖြင့်။ သန္ဓိ၊စပ်တတ်သည်တည်း။အနုသန္ဓိ၊ သင့်လျော်သောအားဖြင့် စပ်တတ်သည်။

**အဓိပ္ပါယ်။** ရှေးစကား, နောက်စကား နှစ်ရပ်တို့၏ အကြားကို မမြင်အောင်သင့်လျော်သောအားဖြင့် ကောင်းစွာ စပ်တတ်သော ဝါကျစကားကို "အနုသန္ဓိ ဝါကျ" ခေါ်သည်။

**ဆောင်။** ရှေးနောက်နှစ်ခု၊သင့်လျော်မှု၊စပ်ပြု နုသန္ဓိ။

**အထူး။** ထိုအနုသန္ဓိဝါကျ၌ ပုဗ္ဗာနုသန္ဓိဝါကျ,ပရာနုသန္ဓိဝါကျ, ပုဗ္ဗပရာနုသန္ဓိ ဝါကျ-ဟု သုံးမျိုးခွဲ၍ သိသင့်၏၊ စောဒနာနုသန္ဓိဝါကျလည်း ရှိသင့်ကြောင်းကို မိန့်တော်မူကြသေး၏။

## ၂–လဒ္ဓဒေါသဝါကျ

**ဝစနတ္ထ။** လဒ္ဓေါ ဒေါသော လဒ္ဓဒေါသော၊ လဒ္ဓ-ဒေါသံ ဒီပကံ ဝါကျံ လဒ္ဓဒေါသဝါကျံ။ ။လဒ္ဓေါ၊ရှေးဝါကျမှ ရအပ်သော။ ဒေါသော၊အပြစ်တည်း။လဒ္ဓဒေါသော၊ ရှေးဝါကျမှ ရအပ်သော အပြစ်။လဒ္ဓဒေါသံ၊ ရှေးဝါကျမှ ရအပ်သောအပြစ်ကို။ဒီပကံ၊ပြတတ်သော။(ဝါ-ပြကြောင်းဖြစ်သော)။ဝါကျံ၊ဝါကျတည်း။ လဒ္ဓဒေါသဝါကျံ၊ရှေးဝါကျမှရအပ်သောအပြစ်ကိုပြတတ်သော ဝါကျ။(ဝါ-ပြကြောင်းဖြစ်သောဝါကျ)။

**အဓိပ္ပါယ်။** စေဝဒကဆရာတို့ဆိုအပ်သော ယုတ္တိမရှိသော ရှေးဝါကျမှ ရအပ်သော အပြစ်ကို ပြကြောင်းဖြစ်သော နောက်ဝါကျကို "လဒ္ဓဒေါသဝါကျ" ခေါ်သည်၊ ရှေးဝါကျ ကိုကား ရအပ်သော အပြစ်ရှိသောကြောင့် လဒ္ဓံ ဒေါသံ ယဿာတိ လဒ္ဓဒေါသိယံ–ဟူသည်နှင့် အညီ "လဒ္ဓဒေါသိယ ဝါကျ"ဟု အမည်ပေးသင့်၏၊ နောက်ဝါကျ၌ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များ ကိုကား-လဒ္ဓဒေါသဇောတကတို့-ဟူ၍မှတ်၊ အချို့ကား- လဒ္ဓဂုဏ,လဒ္ဓဒေါသ ဝါကျ တစုံ-ဟုဆို၏၊ ဆင်ခြင်။

**ဆောင်။** အပြစ်ကိုပြ၊ ထိုဝါကျ၊ လဒ္ဓဒေါသခေါ်သတည်း။

## ၃–လဒ္ဓဂုဏဝါကျ

**ဝစနတ္ထ။** လဘိတဗ္ဗောတိ လဒ္ဓေါ၊ လဒ္ဓေါဂုဏော လဒ္ဓဂုဏော၊လဒ္ဓဂုဏံ ဒီပကံ ဝါကျံ လဒ္ဓဂုဏဝါကျံ။ ။ လဘိတဗ္ဗော၊ရှေးမူလဝါကျမှရအပ်၏။ ဣတိ၊ထို့ကြောင့်။ လဒ္ဓေါ၊ လဒ္ဓမည်၏။လဒ္ဓေါ။ရှေးမူလဝါကျမှ ရအပ်သော။ ဂုဏော၊ အကျိုးဂုဏ်တည်း။ လဒ္ဓဂုဏော၊ရှေးမူလဝါကျမှ ရအပ်သောအကျိုးဂုဏ်။လဒ္ဓဂုဏံ၊ ရှေးမူလဝါကျမှ ရအပ်သော အကျိုးဂုဏ်ကို။ ဒီပကံ၊ ပြတတ်သော။ ဝါကျံ၊ ဝါကျတည်း။ လဒ္ဓဂုဏဝါကျံ၊ ရှေးမူလ ဝါကျမှ ရအပ်အကျိုးဂုဏ်ကိုပြတတ်သော(ပြကြောင်းဖြစ်သော)ဝါကျ။

**အဓိပ္ပါယ်။** ရှေးမူလဝါကျမှရအပ်သော အကျိုးသတ္တိဂုဏ်ကိုပြကြောင်း ဖြစ်သော နောက်ဝါကျကို "လဒ္ဓဂုဏဝါကျ"ခေါ်သည်၊ ရှေးဝါကျကိုရအပ်သောအကျိုးရှိသော

ကြောင့် "လဒ္ဓဂုဏိယဝါကျ" ခေါ်သင့်၏၊ နောက်ဝါကျ၌ ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို လဒ္ဓဂုဏ ဇောတကတို့-ဟူ၍မှတ်။

**ဆောင်။** အကျိုးကိုပြ၊နောက်ဝါကျ၊လဒ္ဓဂုဏခေါ်သတည်း။

## ၄-အတ္ထုဒ္ဓါရဝါကျ

**ဝစနတ္ထ။** အတ္ထံ ဥဒ္ဓရတိ ဧတေနာတိ အတ္ထုဒ္ဓါရံ၊ အတ္ထုဒ္ဓါရမေဝ ဝါကျံ အတ္ထုဒ္ဓါရဝါကျံ။ ။ဧတေန၊ ဤ နောက်စကားဖြင့်။အတ္ထံ၊ ရှေးဝါကျ၏အနက်ကို။ ဥဒ္ဓရတိ၊ ထုတ်ဆောင်ပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ အတ္ထုဒ္ဓါရံ၊ အတ္ထုဒ္ဓါရမည်၏။ အတ္ထုဒ္ဓါရမေဝ၊ ရှေးဝါကျ၏အနက်ကို ထုတ်ဆောင်ပြကြောင်းဖြစ်သော နောက်စကားသည် သာလျှင်။ဝါကျံ၊ဝါကျတည်း။အတ္ထုဒ္ဓါရ ဝါကျံ၊ ရှေး ဝါကျ၏ အနက်ကို ထုတ်ဆောင်ပြကြောင်းဖြစ်သော နောက်စကား သည်သာလျှင် ဝါကျ။(ဝါ၊အတ္ထုဒ္ဓါရဝါကျ)။

**အဓိပ္ပါယ်။** ရှေးဝါကျ၏အနက်ကို ရသင့်သလောက် ထုတ်ဆောင်ပြကြောင်း ဖြစ်သော နောက်ဝါကျ စကားကို "အတ္ထုဒ္ဓါရဝါကျ" ခေါ်သည်၊ နောက်ဝါကျကိုထောက် ၍ ရှေးဝါကျကို "အတ္ထုဒ္ဓါရိယဝါကျ" ခေါ်သင့်၏၊ နောက် ဝါကျ၌ပါရှိသော ဟိ-စသော နိပါတ်ပုဒ်များကို အတ္ထုဒ္ဓါရ ဇောတကတို့-ဟူ၍မှတ်။

**ဆောင်။** အနက်သဘာဝ၊ထုတ်ဆောင်ပြ၊ဝါကျအတ္ထုဒ္ဓါ။

## ၅-အတ္ထာဓိပ္ပေတဝါကျ

**ဝစနတ္ထ။** အဓိပ္ပီယတေ ဣစ္ဆီယတေတိ အဓိပ္ပေတံ၊ အတ္ထံ အဓိပ္ပေတံ အတ္ထာဓိပ္ပေတံ၊ အတ္ထာဓိပ္ပေတံ ဒီပကံ

ဝါကျံ အတ္တာဓိပ္ပေတဝါကျံ။ ။အဓိပ္ပိယတေ ဉာတုံ ဣစ္ဆိယတေ၊ အလိုရှိအပ်၏။ ဥတိ၊ ထို့ကြောင့်။ အဓိပ္ပေတံ၊ အဓိပ္ပေတမည်၏။အဓိပ္ပေတံ၊အလိုရှိအပ်သော။အတ္ထံ၊ အနက်တည်း။ အတ္ထာဓိပ္ပေတံ၊ အလိုရှိအပ်သောအနက်။ အတ္ထာဓိပ္ပေတံ၊ အလိုရှိအပ်သော အနက်ကို။ ဒီပကံ၊ ပြတတ်သော။ ဝါကျံ၊ ဝါကျတည်း။အတ္ထာဓိပ္ပေတဝါကျံ၊အလိုရှိအပ်သောအနက်ကို ပြတတ်သော (ပြကြောင်းဖြစ်သော) ဝါကျ။

**အဓိပ္ပါယ်။** ရှေး ဝါကျဖြင့် ရအပ်သော အနက်အများထည်းမှ အလိုရှိအပ်သော အနက်ကို ထုတ်ပြတတ်သော (ထုတ်ပြကြောင်းဖြစ်သော) ဝါကျကို "အတ္ထာဓိပ္ပေတဝါကျ" ခေါ်သည်၊ ရှေးဝါကျကို ပုဒ်တခု၏အနက်ကို ရသင့်သလောက် ထုတ်ဆောင်၍ပြခြင်းကြောင့် အတ္တုဒ္ဓါရဝါကျ,နောက်ဝါကျကို အတ္ထာဓိပ္ပေတဝါကျ,နောက်ဝါကျ၌ ပါရှိသော ဟိ-စသောနိပါတ်ပုဒ်များကို အတ္ထာဓိပ္ပေတဇောတကတို့-ဟူ၍မှတ်။

**ဆောင်။** လိုရှိအပ်နက်၊ပြသည့်တွက်တာ၊ နောက်ဝါကျာ၊ အတ္ထာဓိပ္ပေတာ။

### ၆—နိဂမနဝါကျ

**ဝစနတ္ထ။** အတ္ထာ နိဂမိယန္တိ အပ္ပိယန္တိ ဧတ္ထာတိ နိဂမနံ၊ နိဂမနမေဝဝါကျံနိဂမနဝါကျံ။ ။ဧတ္ထ၊ဤစကားရပ်၌။ အတ္ထာ၊ရှေးဝါကျတို့၌ပြဆိုအပ်ပြီးသောအနက်တို့ကို။ နိဂမိယန္တိ အပ္ပိယန္တိ၊ပေါင်းသွင်းအပ်ကုန်၏။ ဥတိ၊ထို့ကြောင့်။ နိဂမနံ၊ နိဂုမ်းမည်၏။ နိဂမနမေဝ၊ နိဂုမ်းသည်သာလျှင်။ ဝါကျံ၊ဝါကျတည်း။နိဂမနဝါကျံ၊နိဂုမ်းသည်သာလျှင်ဝါကျ။

**အဓိပ္ပါယ်။** ရှေးဝါကျတို့၌ ဆိုအပ်ပြီးသော စကား အမျိုးမျိုးတို့ကို ရတနာရွဲလုံးကို သီကုံးဘိသကဲ့သို့ တလုံး တစည်း တပေါင်းတည်း စုပေါင်း၍ ဆိုကြောင်းဖြစ်သော ဝါကျကို "နိဂမန ဝါကျ" ခေါ်သည်၊ ရှေး ဝါကျ အပေါင်းကို ဝိဏ္ဍာတ္ထကောက်ယူ၍ဖွင့်ဆိုအပ်သောကြောင့် "နိဂမနိယဝါကျ" ခေါ်သင့်၏၊ နောက်ဝါကျ ကိုကား- ရှေးဝါကျ၌ဆိုအပ်ပြီးသော စကားများကို တပေါင်းတည်း ပေါင်းစု၍ ပြကြောင်း ဖြစ်သောကြောင့် "နိဂမနဝါကျ" ခေါ်သည်၊ ရှေးဝါကျကား အကျယ်သဘော, နောက်ဝါကျ ကား အကျဉ်းသဘောဖြစ်ခြင်းကြောင့် ရှေးဝါကျကို ဝိတ္ထာ ရဝါကျ, နောက်ဝါကျကို သခ်ေပဝါကျသို့လည်း သွင်းယူ ကြ၏။

## ၇—စောဒနာဝါကျ

**ဝစနတ္ထ။** ဒေါသော စောဒီယတေ တောယာတိ စောဒနာ၊စောဒနာ စ သာ ဝါကျဥ္စာတိ စောဒနာဝါကျံ။ ။ တောယ၊ဤစကားဖြင့်။ဒေါသော၊အပြစ်ကို။ စောဒီယတေ၊ တင်အပ်၏။ ဣတိ၊ ထိုသို့ အပြစ်တင်ကြောင်း ဖြစ်သော ကြောင့်။စောဒနာ၊စောဒနာမည်၏။စောဒနာစ၊အပြစ်တင် ကြောင်းဖြစ်သောစကားလည်းဟုတ်၏။သာ၊ ထိုအပြစ်တင် ကြောင်း စကားဟူသည်။ ဝါကျဥ္စ၊ ဝါကျလည်းဟုတ်၏။ ဣတိ၊ထို့ကြောင့်။စောဒနာဝါကျံ၊စောဒနာဝါကျမည်၏။

**အဓိပ္ပါယ်။** ဝစနတ္ထသဘောလက္ခဏာ စသည်တို့ကိုဖွင့် ပြသောအားဖြင့် ဖြေဆိုသော ပရိဟာရပုဂ္ဂိုလ်၏စကား၌ သဒ္ဒါ,အနက်,အကြောင်း,အကျိုး လေးချက်တို့တွင်တချက်

ချက်ကို မနှစ်သက်သောကြောင့် အပြစ်တင် ဆိုသော နောက်ဝါကျကို "စောဒနာဝါကျ" ခေါ်သည်၊ ၎င်းစောဒနာဝါကျ၌ ပရိဟာရဝါကျ, စောဒနာဝါကျ, စောဒနာဇောတက-ဟု သုံးမျိုးခွဲ၍မှတ်ရမည်၊ ထိုစောဒနာဝါကျသည် အယုတ္တစောဒနာဝါကျ,အာဘောဂစောဒနာဝါကျ, ဇုတိရေကစောဒနာဝါကျ,အန္ဒယစောဒနာဝါကျ အားဖြင့် လေးပါးပြား၏၊ ထိုလေးပါးတို့တွင် ကထံ,ကသ္မာ,ကိမတ္ထံ စသောပုဒ်တို့ဖြင့် မှတ်၍ စောဒနာသော ဝါကျမျိုးသည် အယုတ္တစောဒနာဝါကျမည်၏၊နနု,နနုစ-စသော ပုဒ်တို့ဖြင့် မှတ်၍ စောဒနာသော ဝါကျမျိုးသည် အာဘောဂစောဒနာဝါကျမည်၏၊ ယဒိ-စသော ပုဒ်တို့ဖြင့်မှတ်၍ စောဒနာသောဝါကျမျိုးသည် ဇုတိရေက စောဒနာ ဝါကျ မည်၏၊ ကေန, ကသ္မာ-စသော ပုဒ်တို့ဖြင့်မှတ်၍ စောဒနာသော ဝါကျမျိုးသည် အန္ဒယစောဒနာဝါကျမည်၏။

၁။ အယုတ္တာစေဝ အာဘောဂါ၊
ဇုတိရေကာ န္ဒယာ တထာ။
စတုဓာ စောဒနာဘေဒါ၊
နိပါတေဟျု ပလက္ခိတာ။ ။

၂။ ကထံ ကသ္မာ ကိမတ္ထံဟိ၊
လက္ခာ အယုတ္တစောဒနာ။
နနုဟိ လက္ခိတာဘောဂါ၊
ဇုတိရေကာ ယဒျာဒိနာ။
ကေန ကသ္မာ ဟိ လက္ခာဝ၊
အန္ဒယာ စောဒနာ ဘဝေ။ ။

## အနက်

၁။ အယုတ္တာစေဝါ၊ အယုတ္တစောဒနာဂုဏ်း။ အာဘော ဂါ၊ အာဘောဂစောဒနာဂုဏ်း။ ဗျတိရေကာ၊ ဗျတိရေက စောဒနာဂုဏ်း။တထာ၊ ထိုမှတပါး။ အန္တယာ၊ အန္တယစော ဒနာဂုဏ်း။ ဣတိ၊ ဤသို့။ စောဒနာဘေဒါ၊ စောဒနာအပြား တို့သည်။ စတုဓာ၊ လေးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုစောဒနာအပြားတို့ကို။ နိပါတေဟိ၊ နိပါတ်ပုဒ်တို့ဖြင့်။ ဥပလက္ခိတာ၊ မှတ်အပ်ကုန်၏။ ။

၂။ ကထံ ကသ္မာ ကိမတ္ထံဟိ၊ ကထံ,ကသ္မာ, ကိမတ္ထံ- စသော သဒ္ဒါတို့ဖြင့်။လက္ချာ၊မှတ်အပ်သောစောဒနာသည်။ အယုတ္တစောဒနာ၊ အယုတ္တစောဒနာမည်သည်။ ဘဝေ၊ ဖြစ် ၏။ နနုဟိ၊ နနု-စသောသဒ္ဒါတို့ဖြင့်။ လက္ခိတာ၊ မှတ်အပ် သောစောဒနာသည်။ အာဘောဂါ၊ အာဘောဂစောဒနာ မည်သည်။ ဘဝေ၊ ဖြစ်၏။ ယဒ္ဒျာဒိနာ၊ ယဒိ-စသောသဒ္ဒါ ဖြင့်။ လက္ခိတာ၊ မှတ်အပ်သော စောဒနာသည်။ ဗျတိရေ ကာ၊ ဗျတိရေကစောဒနာမည်သည်။ ဘဝေ၊ ဖြစ်၏။ ကေန ကသ္မာဟိ၊ ကေန, ကသ္မာ-စသောသဒ္ဒါတို့ဖြင့်။ လက္ချာဝ၊ မှတ်အပ်သော စောဒနာသည်သာ။ အန္တယာစောဒနာ၊ အန္တယစောဒနာမည်သည်။ ဘဝေ၊ ဖြစ်၏။

**ဆောင်**⋯၁။ ကထံ-ကသ္မာကိမတ္ထံဖြင့်၊မှတ်၍ဖွင့်၊မှတ်သင့်အယုတ္တာ။

၂။ နနု-နနုစ၊ ယင်းနှစ်ဝဖြင့်၊ မှတ်၍ဖွင့်၊မှတ်သင့် အာဘောဂါ။

၃။ ယဒိ-စသား၊ စောဒနာငြား၊ မှတ်သား တိရေကာ။

၄။ ကေန-ကသ္မာ၊ စောဒနာ၊ မှတ်ပါအန္တယာ။

## ၈—ပရိဟာရဝါကျ

**ဝစနတ္ထ။** ဒေါသံ ပရိဟရန္တိ ဧတေနာတိ ပရိဟာရော၊ ပရိဟာရော စ သော ဝါကျဉ္စာတိ ပရိဟာရဝါကျံ။ ။ ဧတေန၊ ဤစကားဖြင့်။ ဒေါသံ၊ စောဒကဆရာတင်သော အပြစ်ကို။ ပရိဟရန္တိ၊ ဖြေကြားကုန်၏။ ဣတိ၊ ယိုသို့ ဖြေကြားကြောင်း စကားဖြစ်သောကြောင့်။ ပရိဟာရော၊ ပရိဟာရမည်၏။ ပရိဟာရောစ၊ စောဒကဆရာ တင်သော အပြစ်ကို ဖြေကြားကြောင်းစကားလည်း ဟုတ်၏။ သော၊ ထိုဖြေကြားကြောင်းစကားဟူသည်။ ဝါကျဉ္စ၊ ဝါကျလည်း ဟုတ်၏။ ဣတိ၊ ထို့ကြောင့်။ ပရိဟာရဝါကျံ၊ပရိဟာရဝါကျ မည်၏။

**အဓိပ္ပါယ်။** စောဒကဆရာက တင်လိုက်သော အပြစ်ကို ပပျောက်စေလို၍ ဖြေဆိုကြောင်းစကားကို "ပရိဟာရဝါကျ" ခေါ်သည်၊ ၎င်းပရိဟာရဝါကျ၌ စောဒနာဝါကျ, ပရိဟာရဝါကျ, ပရိဟာရဇောတက-ဟု သုံးမျိုးခွဲ၍ သိရမည်၊ ထို ပရိဟာရဝါကျ သည်လည်း ယုတ္တပရိဟာရဝါကျ, အာဘောဂပရိဟာရဝါကျ, ဇုတိရေကပရိဟာရဝါကျ, အန္ဓယပရိဟာရဝါကျ အားဖြင့် လေးပါးအပြားရှိ၏၊ထိုလေးပါးတို့တွင် ယုတ္တံ,နော-စသောပုဒ်တို့ဖြင့် မှတ်၍ဖြေဆိုသော ပရိဟာရဝါကျမျိုးသည် ယုတ္တပရိဟာရဝါကျမည်၏၊ဟိ-စသော ပုဒ်တို့ဖြင့်မှတ်၍ ဖြေဆိုသော ပရိဟာရဝါကျမျိုးသည် အာဘောဂပရိဟာရဝါကျမည်၏၊ပန-စသော ပုဒ်တို့ဖြင့်မှတ်၍ ဖြေဆိုသော ပရိဟာရဝါကျမျိုးသည် ဇုတိရေကပရိဟာရဝါကျမည်၏၊ တေန, တသ္မာ-

စသော ပုဒ်တို့ဖြင့်မှတ်၍ ဖြေဆိုသော ပရိဟာရဝါကျမျိုး
သည် အန္ဓယပရိဟာရဝါကျမည်၏။

၁။ ယုတ္တော စေဝ အာဘောဂေါ စ၊
ဇုတိရေကာန္ဓယာပိ စ။
စတုခါ နိက္ခန္တဘေဒါ၊
နိပါတေ ဟျုပလက္ခိတာ။

၂။ တေသု ယုတ္တပရိဟာရေ
ယုတ္တံနော စ္စာဒိ လက္ခိတော။
ဟိစလက္ခော ပိ အာဘောဂေါ၊
ဇုတိရေကော ပနာဒိနာ။
တေန တသ္မာဒိနာ လက္ခော၊
ပရိဟာရော န္ဓယော ဘဝေ။ ။

**အနက်**

၁။ ယုတ္တော စေဝ၊ ယုတ္တပရိဟာရလည်းကောင်း။ အာဘော
ဂေါ စ၊ အာဘောဂ ပရိဟာရလည်းကောင်း။ ဇုတိရေကာန္ဓယာပိ စ၊
ဇုတိရေကပရိဟာရ, အန္ဓယပရိဟာရတို့လည်းကောင်း။ ဣတိ၊ ဤသို့။
နိက္ခန္တဘေဒါ၊ ပရိဟာရအပြားတို့သည်။ စတုခါ၊ လေး
ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာ၊ ထို ပရိ
ဟာရအပြားတို့ကို။ နိပါတေဟိ၊ နိပါတ်ပုဒ်တို့ဖြင့်။ ဥပ
လက္ခိတာ၊ မှတ်အပ်ကုန်၏။

၂။ တေသု၊ ထိုလေးပါးသော အပြားရှိကုန်သော ပရိ
ဟာရတို့တွင်။ ယုတ္တံနော စ္စာဒိလက္ခိတော၊ ယုတ္တံ,နော-အစ
ရှိသောသဒ္ဒါတို့ဖြင့် မှတ်အပ်သော ပရိဟာရသည်။ ယုတ္တ
ပရိဟာရော၊ ယုတ္တပရိဟာရမည်သည်။ ဘဝေ၊ ဖြစ်၏။ ဟိစ
လက္ခော ပိ၊ ဟိသဒ္ဒါ,စသဒ္ဒါတို့ဖြင့် မှတ်အပ်သောပရိဟာရ

သည်။ အာဘောဂေါ၊ အာဘောဂပရိဟာရ မည်သည်။ ဘဝေါ၊ ဖြစ်၏။ ပနာဒိနာ၊ ပန-အစရှိသော သဒ္ဒါဖြင့်။ လဗ္ဘော၊ မှတ်အပ်သော ပရိဟာရသည်။ ဗျတိရေကော၊ ဗျတိရေကပရိဟာရမည်သည်။ ဘဝေါ၊ ဖြစ်၏။တေနတသ္မာဒိနာ၊တေန,တသ္မာ-အစရှိသောသဒ္ဒါဖြင့်။ လဗ္ဘော၊ မှတ်အပ်သောပရိဟာရသည်။ အန္ဒယော၊ အန္ဒယဖြစ်သော။ ပရိဟာရော၊ ပရိဟာရမည်သည်။ ဘဝေါ၊ ဖြစ်၏။

**ဆောင်**…၁။ ယုတ္တံ-နောစ၊ဖြေဆိုက၊ယုတ္တပရိဟာ။
၂။ ဟိ-စ စသား၊ဖြေဆိုငြား၊မှတ်သား အာဘောဂါ။
၃။ ပန-စသား၊ဖြေဆိုငြား၊မှတ်သား တိရေကာ။
၄။ တေန-တသ္မာ၊ဖြေဆိုရာ၊မှတ်ပါ အန္ဒယာ။

ဝါကျဝိသေသပြီး၏။

---

## ၅–ဝါကျဇောတကနိပါတဿဘေဒ

### ၁–ဟိသဒ္ဒါ

၁။ ချဲ့ခြင်း–ဝိတ္ထာရအနက်။
၂။ ဆက်လက်ခြင်း--ဝါကျာရမ္ဘအနက်။
၃။ အကြောင်း–ကာရဏအနက်။
၄။ အကျိုး–ဖလအနက်။
၅။ အထူး–ဝိသေသအနက်။
၆။ ထင်ရှားစေခြင်း--တပ္ပါကဋီကရဏအနက်။
၇။ မြဲစေခြင်း–ဒဠှီကရဏအနက်။
၈။ အလျော်ဖြစ်သော–အန္ဒယအနက်။
၉။ ဆန့်ကျင်ဘက်–ဗျတိရေကအနက်။
ဤ ၉-ပါးသောအနက်တို့၌ဖြစ်၏။

ဝါကျာရမ္ဘေ ဝိတ္ထာရေစ၊ ဒဠှီယံ ဖလ ဟေတုကေ။
တပ္ပါကဋိကရေစေဝ၊ ဝိသေသေ အန္တယေပိစ။
ဗျတိရေကေစ ဟိသဒ္ဒေါ၊ နဝတ္ထေသု ပကာသိတော။ ။

**အနက်။** ဟိသဒ္ဒေါ၊ဟိသဒ္ဒါကို။ဝါကျာရမ္ဘေ၊ ဝါကျတို့ကို တဘန်အားထုတ်ခြင်းအနက်၌၎င်း။ ဝိတ္ထာရေစ၊ အကျယ်ချဲ့ခြင်းအနက်၎င်း။ ဒဠှီယံစ၊ မြဲမြံစွာပြုကြောင်း အနက်၌၎င်း။ဖလ ဟေတုကေစ၊အကျိုးဟူသောအနက်,အကြောင်းဟူသောအနက်၌၎င်း။ တပ္ပါကဋိကရေစေဝ၊ ရှေးဝါကျကို ထင်စွာပြုခြင်း အနက်၌၎င်း။ ဝိသေသေစ၊အထူးပြုသောအနက်၌၎င်း။ အန္တယေပိစ၊ အလျော်ဟူသော အနက်၌၎င်း။ ဗျတိရေကေစ၊ ဆန့်ကျင်ဘက်ဟူသောအနက်၌၎င်း။ဣတိ၊ ဤသို့၊ နဝတ္ထေသု၊ ကိုးပါးသော အနက်တို့၌။ ပကာသိတော၊ ပြအပ်၏။

**ဆောင်။** ချဲ့-ဆက်-ကြောင်း-ကျိုး၊ထူးမျိုး-ထင်မြဲ၊လျော်စွဲ-
ဆန့်ကျင်၊နက်ကိုးအင်၊ဖြစ်လျှင်ဟိနက်တည်း။

**မှတ်ချက်။** ဟိနှင့်ချိတက်သော ဝါကျဖြစ်လျှင် ယင်းကိုးပါးသောအနက်တို့တွင် မည်သည့်အနက် ဖြစ်သင့်သည်ဟု ဝါကျ အဓိပ္ပါယ် လက္ခဏာသဘောသွားကို ထောက်ထားနှိုင်းဆ၍ ကြံစည်ဆုံးဖြတ်နိုင်စေရမည်။

**ဝါဒန္တရ။** ဟိသဒ္ဒါ ထွန်းပြနိုင်သော အနက်များကို ပြဆိုရာ၌ ဂန္ထာဘရဏ ဆရာအလို ယင်း ၉-နက်တို့သို့ သင်္ခေပ,သာမည,ပက္ခန္တရ ၃-နက်ကို ထည့်သွင်း၍ ၁၂-နက်ဖြစ်သင့်ကြောင်း မိန့်ဆို၏။

## ၂–စသဒ္ဒါ

၁။ ဆက်လက်ခြင်း-ဝါကျာရမ္ဘအနက်။
၂။ အကြောင်း-ကာရဏအနက်။
၃။ အကျိုး-ဖလအနက်။
၄။ အထူး-ဝိသေသအနက်။
၅။ ထင်ရှားစေခြင်း-တပ္ပါကဋီကရဏအနက်။
၆။ မြဲစေခြင်း-ဒဠှီကရဏအနက်။
၇။ အဘို့တပါး-ပက္ခန္တရအနက်။
၈။ အလျော်-အန္ဝယအနက်။
၉။ ဆန့်ကျင်ဘက်-ဗျတိရေကအနက်။
ဤ ၉-ပါးသောအနက်တို့၌ဖြစ်၏။

ဝါကျာရမ္ဘေဖလေစေဝ၊ကာရဏေစဝိသေသကေ။
တပ္ပါကဋီကရေစေဝ၊ ဒဠှီယံပိ ပက္ခန္တရေ။
အန္ဝယေ ဗျတိရေကေစ၊ စသဒ္ဒေါပိ ပဝတ္တတေ။

**အနက်။** စသဒ္ဒေါ၊စသဒ္ဒါသည်။ဝါကျာရမ္ဘေ စ၊—၌၎င်း။ ဖလေစေဝ၊—၌၎င်း။ ကာရဏေစ၊—၌၎င်း။ ဝိသေသကေစ—၌၎င်း။ တပ္ပါကဋီကရေစေဝ၊—၌၎င်း။ ဒဠှီယံပိစ၊ —၌၎င်း။ ပက္ခန္တရေစ၊ အဘို့တပါးဟူသော အနက်၌၎င်း။ အန္ဝယေစ၊—၌၎င်း။ ဗျတိရေကေစ၊—၌၎င်း။ ဣတိ၊ ဤသို့၊ နဝတ္တေသု၊ကိုးပါးသောအနက်တို့၌။ ပဝတ္တတေ၊ ဖြစ်၏။

**ဆောင်။** ထူး-ဆက်- ကြောင်း-ကျိုး၊ လျော်မျိုး- ဆန့်ကျင်၊
ဘို့-ထင်-မြဲစွက်၊ စအနက်၊မှတ်ချက် ကိုးမျိုးတည်း။

**မှတ်ချက်။** စနှင့်ချိတက်သော ဝါကျ ဖြစ်လျှင် ယင်း ကိုးပါးသော အနက်တို့တွင် မည်သည့်အနက် ဖြစ်သင့်

သည်ဟု ဝါကျ အဓိပ္ပါယ် လက္ခဏာ သဘောသွားကို ထောက်ထား၍ ကြံစည်ဆုံးဖြတ်နိုင်စေရမည်။

**ဝါဒန္တရ။** စသဒ္ဒါ ထွန်းပြနိုင်သော အနက်များကို ပြဆိုရာ၌ ဂန္ထာဘရဏ ဆရာအလို ၉-နက်တို့သို့ သမ္ဘေ၊ သာမည,ဝိတ္ထာရ ၃-နက်ကိုထည့်စွက်၍ ၁၂-နက်ဖြစ်သင့်ကြောင်း မိန့်ဆို၏။

**၃—ပနသဒ္ဒါ**

၁။ ဆက်လက်ခြင်း-ဝါကျာရမ္ဘအနက်။
၂။ အကြောင်း-ကာရဏအနက်။
၃။ အကျိုး-ဖလအနက်။
။၄ အထူး-ဝိသေသအနက်။
၅။ ထင်ရှားစေခြင်း-တပ္ပါကဋီကရဏအနက်။
၆။ မြဲစေခြင်း-ဒဠှီကရဏအနက်။
၇။ အဘို့တပါး-ပက္ခန္တရအနက်။
၈။ အလျော်-အန္ဝယအနက်။
၉။ ဆန့်ကျင်ဘက်-ဗျတိရေကအနက်။
၁၀။ ချီးမွမ်းခြင်း-သမ္ဘာဝနာအနက်။
၁၁။ ကဲ့ရဲ့ခြင်း-ဂရဟာအနက်။
ဤ ၁၁-ပါးသောအနက်တို့၌ဖြစ်၏။

ဝါကျာရမ္ဘေ ဝိသေသေစ၊ ဟေတု ဖလေသု အန္ဝယေ။
ဒဠှီ တပ္ပါကဋီကရေ၊ ဗျတိရေကေ ပက္ခန္တရေ။
သမ္ဘာဝနေ ဂရဟေစ၊ ပနသဒ္ဒေါ ပကာသိတော။

**အနက်။** ပနသဒ္ဒေါ၊ပနသဒ္ဒါကို။ ဝါကျာရမ္ဘေစ၊—၌ ၎င်း။ ဝိသေသေစ၊—၌၎င်း။ ဟေတု ဖလေသု၊ ကာရဏ

ဝါကျအနက်, ဖလဝါကျအနက်တို့၌ဒုင်း။ ဒဗ္ဗိ တပ္ပါကဋိက ရေစ၊ ဒဗ္ဗိကရဏဝါကျအနက်, တပ္ပါကဋိကရဏဝါကျ အနက်၌ဒုင်း။ ဗျတိရေကေစ၊—၌ဒုင်း။ ပက္ခန္တရေစ၊—၌ ဒုင်း။ သမ္မာဝနေစ၊—၌ဒုင်း။ ဂရဟေစ၊ ကဲ့ရဲ့ခြင်းအနက်၌ ဒုင်း။ ဣတိ၊ ဤသို့။ ကောဒသသု၊ တဆဲ့တပါးသော အနက် တို့၌၊ ပကာသိတော၊ ပြအပ်၏။

**ဆောင်။** ဝိတ္ထာရမျှ၊ပနမဖြစ်၊ကြွင်းဆဲ့တစ်၊ဖြစ်၏အကုန်တည်း။

**မှတ်ချက်။** ပနနှင့် ချိတက်သောဝါကျဖြစ်လျှင် ယင်း တဆဲ့တပါးသောအနက်တို့တွင် မည်သည့်အနက် ဖြစ်သင့် သည်ဟု ဝါကျအဓိပ္ပါယ်လက္ခဏာသဘောသွားကိုထောက် ထား၍ ကြံစည်ဆုံးဖြတ်နိုင်စေရမည်။

**ဝါဒန္တရ။** ။ပနသဒ္ဒါ ထွန်းပြနိုင်သော အနက်များကို ပြဆိုရာ၌ ဂန္ထာဘရဏဆရာအလို ၁၁-ပါးသော အနက် တို့သို့ သင်္ခေပ,သာမည,ဝိတ္ထာရအနက် ၃-နက်ကို ထည့် စွက်၍ ၁၄-နက်ဖြစ်သင့်ကြောင်းမိန့်ဆို၏။

ဝါကျဇောတကနိပါတတ္ထဘေဒပြီး၏။

---

## ၆-ဝါကျဇောတကနိပါတတ္ထယောဇနာပုံ

### ၁-ဝိတ္ထာရဝါကျ ဇောတကနိပါတတ္ထယောဇနာပုံ

(က) ဂုဠ္ဟတ္ထ ဝိတ္ထာရတ္ထ။

(ခ) သင်္ခေပတ္ထ ဝိတ္ထာရတ္ထ။

(ဂ) ဂုဠ္ဟသင်္ခေပတ္ထ ဝိတ္ထာရတ္ထ။

ဤဝိတ္ထာရတ္ထ ၃-မျိုးခွဲ၍ သိထားနှင့်ရမည်။

**နိယာမ်။** ဒုတ်-ကျဉ်း မခိုင်၊ မပေါ်-ယှိုင်၊ မြှုပ်မြှုပ်ချွဲယူမြဲ။

**အမိပ္ပါယ်။** ၎ပ်ခြင်း ဂုဋ္ဌတ္တဖြစ်၍ မပေါ်လွင်ရကား မြှင်မြှင်ဆိုင်ဆိုင် စုံစုံလင်လင် ပေါ်လွင်အောင် ချဲ့ခြင်း တမျိုး၊ အကျဉ်းသင်္ခေပတ္တဖြစ်၍ မပေါ်လွင်ရကား ပေါ်လွင်အောင် ချဲ့ခြင်းတမျိုး၊ ၎ပ်ခြင်း ဂုဋ္ဌတ္တ,အကျဉ်းသင်္ခေပတ္တ နှစ်မျိုးစလုံး ဖြစ်၍ မပေါ်လွင်ရကား ပေါ်လွင်အောင် ချဲ့ခြင်းတမျိုး၊ ဤ ၃-မျိုးခွဲ၍မှတ်ရမည်၊ ထို့ကြောင့် ဝိတ္ထာရဝါကျကို ၃-မျိုးခွဲလိုက်သည်။

(က) ဟိ၊ ဂုဋ္ဌတ္တပြ၊ ရှေးဝါကျကို၊ ချဲ့၍ဆိုအံ့။

**တနည်း။** တံ၊ ထိုမူလဝါကျ ဂုဋ္ဌတ္တကို။ ဣမိနာ၊ ဤဆိုလတ္တံ့သော ဝိတ္ထာရေတဗ္ဗ သဘာဝဖြင့်။ အဟံ၊ငါသည်။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ (ဝါ-ပေါ်လွင်စေဦးအံ့။) ကိန္တိ၊ အသို့လျှင်။ ဝိတ္ထာရော၊ အကျယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ။ဣတိ၊ဤသို့။ဝိတ္ထာရော၊အကျယ်သည်။ဟောတိ၊ ဖြစ်၏။

[ဤကား-ဂုဋ္ဌတ္တဝိတ္ထာရအနက်တည်း။]

(ခ) ဟိ၊ သင်္ခေပပြ၊ ရှေးဝါကျကို၊ ချဲ့၍ဆိုအံ့။

**တနည်း။** တံ၊ ထိုမူလဝါကျ သင်္ခေပကို။ ဣမိနာ၊ ဤဆိုလတ္တံ့သော ဝိတ္ထာရေတဗ္ဗ သဘာဝဖြင့်။အဟံ၊ ငါသည်။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ (ဝါ-ကျယ်စေဦးအံ့။) ကိန္တိ၊ အသို့လျှင်။ ဝိတ္ထာရော၊ အကျယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ။ဣတိ၊ဤသို့။ ဝိတ္ထာရော၊အကျယ်သည်။ ဟောတိ၊ ဖြစ်၏။

[ဤကား—သင်္ခေပတ္တ ဝိတ္ထာရအနက်တည်း။]

**မှတ်ချက်။** ပထမက္ခရာ၊ ကာရိုက်ပါ၊ ဒုမှာငင်းငုပ်၊ ထိုထိုအရာ၊နည်းတူစွာ၊မှတ်ပါမြန်မာယုဂ်-ဟူသောနိယာမ်နှင့်အညီ- ချွဦးအံ့ကို ကျယ်စေဦးအံ့-ဟု ဆိုလိုက်သည်၊ ထင်ရှားစေဦးအံ့"ပထမက္ခရာ၊ ကာရိုက်ပါ"ဟူသည်-ကျယ်ဟူသော ပထမ"က"အက္ခရာ၌"စေ"ဟူသောကာရိုက် ပါနေသည်ကိုဆို၏၊ "ဒု-မှာငင်းငုပ်"ဟူသည်-ကျယ်ကို"ချွဲ"ဟု ဒုတိယအက္ခရာနှင့် အသုံးပြုမူ ငင်းကာ ိုက် "စေ" မပါတော့၊ ငုပ်သွားပြီဟူ၏။

(ဂ) တံ၊ လိုရူလဝါကျဂုဠ္ဌတ္တနှင့် သဒ်ပကို။ ဇာမိနာ၊ ဖြင့်။ အဟံ၊ ငါသည်။ ဟိ-ဝိတ္တာရေမိ၊ ပေါ်လွင်စေဦး-ချွဦးအံ့။ကိန္တိ၊ အသို့လျှင်။ ဝိတ္ထာရော၊- သည်။ ဟောတိ၊ နည်း။ ။ဇာတိ၊ဤသို့။ဝိတ္ထာရော၊-သည်။ဟောတိ၊-၏။

[ဤကား-ဂုဠ္ဌ-သဒ်ပဋ္ဌ ဝိတ္ထာရ အနက်တည်း။]

နိယာမ်....၁။ နောက်ဝါကျ၌၊ တတ္ထချီလျက်၊စကားတက်မူ၊ မှတ်ယူဝိတ္ထာရာ။ [ဘုရားကြီး။]

၂။ ကထံ-တဋ္ဌ၊ ပဒိတ်ပြနောက်မှာ၊ ဟိ-ရောက်လာ၊ချွဲကာယူကြမင်း။

ဆိုင်ရာနိယာမ်⋯၁။ တထာဟိမှာ၊ ဉာပကာ၊ရန်ခါချွဲ-မြဲ။(၃)။

၂။ ဗျူပွတ်ဖွင့်ပြ၊ ရှေးဟိ-စ၊ချွဲထ-ဟိတ်-ဆက်-မြဲ။(၄)။

၃။ အမိပ္ပါယော၊အတ္ထောနောက်တွင်၊နိပါတ်မြင်၊ ချွဲ-ထင်ဟိဘ်-ဆက်-မြဲ။(၅)။

၄။ အဓိဝစနံနောက်၊ ဟိလျှင်ရောက်၊နက်ကောက် ချွဲ-ထင်-မြဲ။ (၃)။

**မှတ်ချက်။** ဤနိယာမ်များအရ- ဝိဘတ္တာရ ဇောတက နိပါတ်အနက်ပေးပုံတို့ကိုလည်းနည်းတူမှတ်၊ ထိုထိုနိယာမ်တို့၏ အဖြေကား-မိမိတို့၏ အဖြေကျမ်းများ၌ပါရှိလေပြီ။

**သခေ်ပဇောတက နိပါတဏ္ဍယောဇနာပုံ**

စ၊ ကျယ်ဝန်းစွာလှ၊ ရှေးဝါကျကို၊ အကျဉ်းဆိုအံ့။

**တနည်း။** စ၊ ကျယ်ဝန်းစွာလှ၊ ရှေးဝါကျကို၊ တိကျွမှတ်ရန်၊ အကျဉ်းဖန်လျက်၊သဘောနက်ကို၊ မိန့်မြွက်ဆိုအံ့။

**နိယာမ်။** ဟောတိစေတ္တ၊စ-နက်ရ၊သခေ်ပ-ဟုစွဲ။

**၂—ဝါကျာရမ္ဘဇောတကနိပါတဏ္ဍယောဇနာပုံ**

ဟိ၊ပြတ်ပြီးခဲ့ရာ၊ ဂုဋ္ဌတ္ထာကို၊ ထင်စွာမပျက်၊ စဉ်ကာဆက်အံ့။ (ဝါကျာရမ္ဘဘို့။)

ဟိ၊ မပြတ်စပ်ခါ၊ ဂုဋ္ဌတ္ထာကို၊ ထင်စွာမပျက်၊ စဉ်ကာဆက်အံ့။ (ဥပန္ယာသဘို့။)

ဟိ၊ ရှေးဝါကျထံ၊ စကားကျန်ကို၊ ဆက်၍ဆိုအံ့။ (သာမညနက်)။

ဟိ၊ ရှေးလာစကား၊မကုန်ပြေား၍၊ (ဝါ-မစုံပြေား၍)၊ ယုံမှား ဒွိဟ၊ မရှိရအောင်၊ သူကကပ်ရန်၊ လင်းပါးဟန်ကို၊ ဘော်လှန်ထုတ်ကာ၊ ဆက်ပြပါအံ့။ (သာမညနက်။)

[စ-ပန နိပါတ်များကိုလည်း နည်းတူယောဇနာ။]

**၃—ကာရဏဇောတကနိပါတဏ္ဍယောဇနာပုံ**

ဟိ၊ ရှေးလာဝက်၊ ကျိုးဝါကျကို၊ အကြောင်းဆိုအံ့။

**တနည်း။** တံ၊ထိုရှေးလာစကား၊ မလိုပြေား၍၊ နောက်စကားပြန်၊ အာဘော်လှန်လျက်၊ ရှေးထံပယ်ရှား၊ သူ့

စကားသည်။ နယုတ္တံ၊မသင့်။ ကသ္မာ! အဘယ့်ကြောင့်။ နယုတ္တံ၊ မသင့်သနည်း။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ (ဟိ-ထိုင်သောဝါကျဆုံးအောင်အနက်ပေးပြီးက) တသ္မာ၊ ထို့ကြောင့်။ နယုတ္တံ၊ မသင့်-ဟု အနက်ပေး။

**မှတ်ချက်။** ဤ၌ ကာရဏဆိုသည်နှင့် ဟေတုဆိုသည် ကား အတူတူပင်၊ ထို့ကြောင့် ကာရဏ ဝါကျသည် သာမညအားဖြင့် တပါးတည်းပင် ဖြစ်သော်လည်း ထိုထို သဘောယုတ္တိကို ထောက်ဆ၍ သဘာဝဉာပကဟိတ်, ဗျတိရေက ဉာပကဟိတ်, ကာရိယဉာပကဟိတ်ဟု ၃-မျိုးပြား၏-ဟူ၍မှတ်။

**နိယာမ်**….၁။ ဝက်တ္တနောက်၊ ဟိလျှင်ရောက်၊ နက်ထောက်သုံးပါးလင်း။

၂။ ကျိုးကောက်,မနိုင်၊ ဟိတ်လို-ယှိုင်၊ မြစ်ကိုင်-ဟိတ်ပေးမြဲ။ (၂)။

၃။ နဟိ-တက်ရာ၊ဟိ-နက်မှာ၊ဟိတ်ပါ-ဒဠ္ဍီစွဲ။ (၂)။

**အဓိပ္ပါယ်။** ရှေးကူရာမူလ အကျိုးဝါကျ၌ ကောက်သောအနက်ရှိသည်ဖြစ်၍ ဝက်တ္တဖြစ်လတ်သော် နောက်အကူမူလိဝါကျ၌ရောက်သော (ပါရှိသော)ဟိနိပါတ်သည် ဟိတ် ၃-ပါးတို့တွင် ယုတ္တိရှိရာတပါးပါးကို ထွန်းပြသည်။

## ၄—ဖလဇောတကနိပါတဏ္ဍယောဇနာပုံ

ဟိ၊ ရှေးလာဝက်၊ ကြောင်းဝါကျကို၊ အကျိုးဆိုအံ့။

**တနည်း။** ဟိ၊ ရှေးလာဝက်၊ သူပယ်ချ၍၊ ရှင်းပြပြီး ဝယ်၊ တစွန်းတွယ်လျက်၊ သူမပယ်နိုင်၊ ကိုယ့်ဘက်ပိုင်ရေး၊ ဆင့်၍မေးက၊ အကျိုးပြအံ့။

**တနည်း။** ဟိ၊ သုကကပ်ရန်၊ မသင့်ဟန်ကို၊ ပယ်လှန်ထုတ်လျက်၊ အကျိုးဆက်အံ့။

**နိယာမ်။** အပြစ်ထုတ်ဆို၊ပယ်လိုတုံဘိ၊ ယုတ္တိပြကာ၊ ကျိုးဖလာ၊ ထောက်ဆလျော်စွာခွဲ။

**အဓိပ္ပါယ်။** ရှေးမူလဝါကျ ဝက်ဂုစ်ဖြစ်၍ စောဒကပုဂ္ဂိုလ်များက ပယ်ချလိုသည်ရှိသော် ကျမ်းဆရာကမပယ်ချနိုင်စေခြင်းငှါ ယုတ္တိ, အာဂုမ်တို့ဖြင့် ထိုက်သည် အလျောက် ပြဆို၍ စောဒကပုဂ္ဂိုလ်များက မပယ်နိုင်သောကြောင့် ကျမ်းဆရာက အနိုင်ရ၍ စောဒကပုဂ္ဂိုလ်များက ယုတ္တိအကျိုးကိုမေး၍ ယုတ္တိကျိုးဝါကျကို ပြရာ၌ ပါရှိသော ဟိ-စသော နိပါဒ်များ အကျိုးအနက်ပေးရမည်-ဟူ၏။

## ၅–ဝိသေသဇောတကနိပါတဏ္ဍယောဇနာပုံ

ဟိ၊ သာမန်စကား၊ လင်းပါးရန်ကို၊ အထူးဆိုအံ့။

**တနည်း။** ဟိ၊ တစွန်းငြိရန်၊ အာသက်ကြောင့်၊ သာမန်စကား၊ လင်းပါးမျှရာ၊ စွန့်ခွာအထူး၊ ပြဆိုဦးအံ့။

**တနည်း။** အပြစ်တင်ရန်၊ ရှိတုံပြန်၍၊ ပယ်လှန်ခဲယင်း၊ ပြစ်ကင်းစေလို၊ အထူးဆိုအံ့။

**တနည်း။** ဟိ၊ သုကကပ်ရန်၊ စကားကျန်ကို၊ ပယ်လှန်အထူး၊ ပြဆိုဦးအံ့။

**တနည်း။** ဟိ၊ သုကကပ်ရန်၊ ဖြစ်သင့်ဟန်ကို၊ ပယ်လှန်အထူး၊ ပြဆိုဦးအံ့။

စ၊ လီနတ္ထ ရ၊ သမ္ဘဝကြောင့်၊ အတ္တဝိသေ၊ ထုတ်ဆိုပေအံ့။

**နိယာမ်။** အပြစ်တင်ဘွယ်၊ပယ်၍ခဲခက်၊တချက်သာမန်၊စုဒ်ထုတ်ပြန်၊မိန့်ဟန်အထူးပင်။

စ-ပန၊ ဆက်၍အထူး၊ ပြဆိုဦးအံ့။ ။(စနှင့်တွဲနေသော ပနကို ဤသို့အနက်ပေး။)

**နိယာမ....စ-ပနဟု၊တကွတက်ရာ၊စ-နက်မှာဆက်၊ပန-နက်၊ထူးချက်မိပ္ပါယ်စွဲ။**

''စ''ကား-ဝါကျာရမ္ဘ၊''ပန''ကား-ဝိသေသဇောတက ဟုမှတ်။

## သာမညဇောတကနိပါတတ္ထယောဇနာပုံ

ဟိ၊ ရှေးလာစကား၊ ထူးဆန်းပြေား၍၊ ယုံမှားသင့်ရာ၊ ဒုမေးလာက၊ သာမညကို၊ ပြဆိုပါအံ့။

## ၆–တပ္ပါကဋီကရဏဇောတကနိပါတတ္ထယောဇနာပုံ

ဟိ၊ တပ္ပါကဋီကရောမိ၊ ထိုမူလဝါကျ၊ လီနတ္ထကို၊ ဒြိဟမကင်း၊ ဗျတ်လင်းရာ၊ လီနတ္ထာကို၊ထင်စွာခွဲဝေ၊ပြဆိုပေအံ့။

**တနည်း။** ဟိ-တပ္ပါကဋီကရောမိ၊ ထိုမူလဝါကျ၊ လီနတ္ထကို၊ သမ္ဘဝရှိ၊ သူမသိ၍၊ ဗျတ်လင်းရာ၊ လီနတ္ထာကို၊ ထင်စွာခွဲဝေ၊ ပြဆိုပေအံ့။

**တနည်း။** ဟိ၊ ရှေးလာစကား၊ မထင်ရှား၍၊ထင်ရှားစေမှု၊ ပမာပြုကာ၊ ပြဆိုပါအံ့။

**တနည်း။** ဟိ-ဘိန္ဒာမိ၊ အဘိန္နတ္ထ၊ သာမညကို၊ ဘိန္နဝိသေ၊ ပြဆိုပေအံ့။

ပန၊ ရှေးဝါကျဟော၊ သဘောနက်လှ၊ လီနတ္ထကို၊ သိရအောင်သာ၊ ဥပမာဆောင်၍၊ ထင်အောင်ပြအံ့။ (ယထာ ပနဘို့။)

ပန၊ အာဘော်ဇုက်လှ၊ လီနတ္ထကို၊ သိရအောင်သာ၊ ကြောင်းကျိုးဖြာလျက်၊ထင်စွာမြွက်အံ့။ (ယသ္မာပနဘို့။)

**တနည်း။** ပန-တပ္ပါကဒ္ဒိုကရောမိ၊ ထို မူလဝါကျ၊ လီနတ္ထကို၊ ပါကဋဖြစ်အောင်၊ ကြောင်းကျိုးဆောင်လျက်၊ ထင်စွာမြွက်အံ့။ (ယည္ဗာပနတ္ထို။)

**တနည်း။** ပန၊ မူလဝါကျ၊ လီနတ္ထကြောင့်၊ ဒွိဟမကင်း၊ ဗျာဘိလင်းရာ၊ လီနတ္ထာကို၊ ကြောင်းကျိုးဖြာလျက်၊ ထင်စွာမြွက်အံ့။

**တနည်း။** ပန၊ မူလဝါကျ၊ အာသက်ကြောင့်၊ ဒွိဟမကင်း၊ ဗျာဘိလင်းရာ၊ လီနတ္ထာကို၊ ကြောင်းကျိုးဖြာလျက်၊ ထင်စွာမြွက်အံ့။

**တနည်း။** ပန၊ မူလဝါကျ၊ လီနသက်ာ၊ ယင်းနှစ်ဖြာကြောင့်၊ ဒွိဟမကင်း၊ ဗျာဘိလင်းရာ၊ လီနတ္ထာကို၊ ကြောင်းကျိုးဖြာလျက်၊ ထင်စွာမြွက်အံ့။

စ၊ တနည်းယူကြ၊ လီနတ္ထကို၊ သိရအောင်သာ၊ ဥပမာဆောင်လျက်၊ထင်စွာမြွက်အံ့။ (ယထာစတ္ထို။)

နိယာမ....၁။ လီနတ်တဖြာ၊ ဥပမာနောက်၊ ဟိလျှင်ရောက်၊ နက်ကောက်ထင်ရှားခြင်း။

၂ လီနတ်သက်ာ၊ ဗျာဘိစာကြောင့်၊ ယည္ဗာနောက်၊ ပနရောက်၊ နက်ကောက်ထင်ရှားသွဲ့။

## ၇—ဒဋ္ဌိကရဏာဇောတကနိပါတဏ္ဍယောဇနာပုံ

ဟိ၊ ဒဋ္ဌိကရဏာ၊ စကားကျဉ်ငြင့်၊မှန်လှပေ၏။

**တနည်း။** တံ၊ တိုဟူးဆန်းရကား၊ သူယုံမှားချ၍၊ ပယ်ရှားလိုရာ၊ မပယ်သာပေ၊ မြဲခိုင်စေအောင်သော၊ ရှေးဦးယစကားသည်။ ဋ္ဌမိနော၊ ဤမှိုလတ္တံ့သော ဒဋ္ဌိကရဏာ

စကားကျဖြင့်။ဟိ-သစ္စံ၊မှန်၏။(ဟိ-ယုတ္တံ၊ သင့်၏။)ကိန္တိ၊အသို့လျှင်။ သစ္စံ၊မှန်သနည်း။(ယုတ္တံ၊ သင့်သနည်း။) တနည်း-ကသ္မာ၊ အဘယ်ကြောင့်။ သစ္စံ။ မှန်သနည်း။ ။ဣတိ၊ ဤသို့။ သစ္စံ၊ မှန်၏။ (ယုတ္တံ၊ သင့်၏။) တနည်း-တသ္မာ၊ ထို့ကြောင့်။ သစ္စံ၊ မှန်၏။ ဣတိ၊ ဤသို့။ တံ၊ ထိုမူလဝါကျ ဒွိဠ်ယပြ သဘာဝကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နိယာမ်…၁၊ ထူးဆန်းရကား၊နှစ်ဆူပြား၍၊လှုပ်ရှားမခိုင်၊ရှေးနက်ယိုင်၊မြဲနိုင်ဒဠှိခင်း။
၂။ ကိန္တိကသ္မာ၊ထိုက်သင့်စွာ၊ထည့်ကာအနက်သွင်း။
၃။ သူကပယ်နိုင်၊ဟိတ်သာကိုင်၊မနိုင်ဒဠှိခင်း။
၄။ ဝေကေဝလံ၊နှစ်တန်နောက်ရှိ၊နိပါတ်ဟိ၊ယုတ္တိဒဠှိစွဲ၊

ဂ–ပက္ခန္တရဇောတကနိပါတဣယောဇနာပုံ

ပနာ၊ အဘိုတပါး၊ ဆိုပြီးငြား၍၊တပါးဘိုကို၊ပြဲဆိုပေအံ့။

**တနည်း။** ပနာ၊ ပေါင်းပြီးစိတ်ဖြာ၊မကုန်ပါ၍၊ စုဒ်လာရှိငြား၊ သူ့စကားကြောင့်၊ တပါးပက္ခ၊ထုတ်၍ပြအံ့။

နိယာမ်…၁။ ပေါင်းပြီးစိတ်ပြ၊ နောက်ပက္ခ၊ ယူကြပက္ခန္တာ။
၂။ တတောပရံနောက်၊ နိပါတ်ရောက်၊ နက်ကောက်အဘိုစွဲ။

ဃ–အန္တယဇောတကနိပါတဣယောဇနာပုံ

ဟိ၊မူလဝါကျ၊ဆန့်ကျင်လှ၍၊ နွယ်ထောက်ချင့်၊ အသင့်ပြအံ့။

**တနည်း။** ဟိ၊ မူလဝါကျ၊ ဆန့်ကျင်လှ၍၊ ယူရနက်သင့်၊အလျော်ချင့်လျက်၊အသင့်ပြအံ့။

**တနည်း။** သူ့အာဘောင်ပြ၊ သန့်ကျင် လှ၍၊ ဦးယ ထောက်ချင့်၊ အသင့်ပြအံ့။

**နိယာမ်။** အနက် ရောက်လျော်၊ နွယ်ခေါ်၊ ပြန်သော်ဗျတိတင်။

## ၁၀-ဗျတိရေကဇောတကနိပါတဏ္ဏယောဇနာပုံ

ဟိ၊ မူလစကား၊ မှန်တုံပြောလည်း၊ တပါးယူရန်၊ မသင့် ဟန်ကို၊ ဘောင်သုန်လုတ်ကာ၊ ပြဆိုပါအံ့။

**တနည်း။** ဟိ၊ မူလစကား၊ မှန်တုံပြောလည်း၊ စကား ကောင်ရန်၊ မသင့်ဟန်ကို၊ ဘောင်လှန်ထုတ်ကာ၊ ပြဆိုပါအံ့။

## ၁၁-သမ္ဘာဝနာဇောတကနိပါတဏ္ဏယောဇနာပုံ

ပန၊ ပြင်တင်စကား၊ ဆိုပြီးပြောခဲ့၊ တပါးအဏ္ဏ၊ ချီးမွမ်း ပြအံ့။

**တနည်း။** ပန၊ ရှေးလာအဏ္ဏ၊ သင့်မြတ်လှ၍၊ ယူရတူ စွာ၊ နောက်အဏ္ဏာကို၊ ချီးမွမ်းဆိုအံ့။

**နိယာမ်။** ယင်းသို့စပ်ရာ၊ မှူးမြတ်ပါ၊ သမ္ဘာဝနာသာ။

**အဓိပ္ပါယ်။** ယင်းနိပါတ်၏ စပ်ရာကြိယာ၌ ယုတ္တိရှိ မရှိထောက်ချင့်၍ ရှေးနောက် ညှိပြီးလျှင် အဏ္ဏာပန္နနည်း အားဖြင့်ကြည့်လတ်သော် ယုတ္တိရှိသည်ဖြစ်၍များ၏,မြတ်၏ သမ္ဘာဝနာ ဝါကျ-ဟူ၏။

## ၁၂-ဂရဟာဇောတကနိပါတဏ္ဏယောဇနာပုံ

ပန၊ ချီးမွမ်းစကား၊ ဆိုပြီးပြောကာ၊ ဂရဟာကို၊ ပြဆို ပါအံ့။

**တနည်း။** ပန၊ ရှေးလာအတ္တ၊ မသင့်လှ၍၊ ပယ်ချယူ ရာ၊ ဂရုဟာကို၊ ထင်စွာရှင်းခါ၊ ပြဆိုပါအံ့။

**နိယာမ်။** ပန-စပ်ရာ၊ယုတ်,နည်းပါ၊ဂရုဟာမှတ်ယူရာ။

**အမိပ္ပါယ်။** ပန-နိပါတ်စပ်ရာ ကြိယာ၌ ယုတ္တိရှိ မရှိ ထောက်ချင့်၍ ရှေးနောက် ညှိပြီးလျှင် အတ္တာပန္န နည်း အားဖြင့်ကြည့်လတ်သော် ယုတ္တိ မရှိသည်ဖြစ်၍ ယုတ်မှု, နည်းမှု ဂရုဟာဝါကျ-ဟူ၏။

ဝါကျဇောတကနိပါတထွေယောဇနာပုံပြီး၏။

## ၇—ဝိသေသနိပါတထွေယောဇနာပုံ

**ကေစိပန** ပန၊ ကျမ်းလာစကား၊ "အယူပြား၍" သူတပါး၏၊ အာဘော်ရှိကို၊ သိရအောင်သာ၊ ပြဆိုပါအံ့။

**မှတ်ချက်။** မမှန်၍ပယ်သောအရာဖြစ်မှု "အယူမှား ၍"ဟု ပြင်ပြီးအနက်ပေး၊ အပရေပန ကေစ္စပန, ကေ ပန-စသည်တို့၌လည်း ယင်းအနက်ပင် ပေးလေ။ ။ဤ ဝါကျမျိုးကို ပက္ခန္တရဝါကျသို့လည်း သွင်းယူကြ၏။

**တနည်း။** ပန၊ ဝါဒအထူး၊ပြဆိုဦးအံ့။

**ကသ္မာပန** ပန၊ အာဘော်မဓိ၊ ဝေမတိကြောင့်၊ မသိ ခြင်းရာ၊ ရှင်းရှင်းကွာအောင်၊ စောဒနာပုဒ်၊ ဆောင်ကာ ထုတ်အံ့။ ။ဋီကာ၊ ဤကား၊ စောဒနာ၊ စောဒနာခြင်း တည်း-ဟုထည့်စွက်၍အနက်ပေး။ ။စောဒနာဝါကျ။

**နနုစ** စ-စောဒေမိ၊ စောဒနာဦးအံ့။

**တနည်း။** ဝါ၊ ရှေးလာအချက်၊ မနှစ်သက်လှ၊ အာဘော်ပြလျက်၊ စောဒနာတက်အံ့။

**တနည်း။** ဝါ၊ ကျမ်းလာစကား၊ မလိုငြား၍၊ ယုံမှားဒွိဟ၊ မနှံ့ရအောင်၊ အာဘော်ဆောင်လျက်၊ စောဒနာတက်အံ့။ ။ဉတိ၊ ဤကား။စောဒနာ၊စောဒနာခြင်းတည်း။ စောဒနာဝါကျ။

**ဝါ** = ဝါ။မူလစကား၊ မှန်တုံငြားလည်း၊ တပါးယူရန်၊ မသင့်ဟန်ကို၊ ပယ်လှန်လုတ်လှစ်၊ နည်းသစ်ပြအံ့။

**အထဝါ** = အထဝါ၊ ဤဆိုလတ္တံ့ သည်ကား နည်းတပါးတည်း။

**တနည်း။** အထ-သော ပုဗ္ဗနယော၊ ဤရှေးနည်းသည်။ ယုတ္တော၊ သင့်သည်။ ဟောတု၊ ဖြစ်စေ။ ဝါ-အပရော နယော၊ နည်းတပါးကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။(ဝါ-ဆိုဦးအံ့)၊ဝါသဒ္ဒါအနက်တိုင်းလည်းပေး။

**အပရော** = အပရော၊ တပါးသော၊ နယော၊ နည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ (ဝါ- ဆိုဦးအံ့။) ပက္ခန္တာရှုသို့သွင်းကြသည်။

နိယာမ်…၁။ ကြောင်းကျိုးနှစ်ခု၊တခုခုလည်းမှုဝါ-ထဝါ
၂။ ကြောင်းကျိုး နှစ်ပါး၊ လည်းလိုငြား၊ ထားကြ အပရောသာ။
၃။ အကြောင်းမလည်း၊အကျိုးသည်း၊ ထားနည်း ကောင်း ဝါ-ထဝါ
၄။ ရှေးမှတစ်ဘ်၊ ထူးရိပ်မှတ်နေ အပရေ

**အပိစ** = အပိစ၊ ရှေးနည်း စွန့်ပစ်၊ စကားသစ်ကို၊ ဖွင့်လှစ်ထုတ်ကာ၊ ပြဆိုပါအံ့။

**တနည်း။** အပိစ၊ တနည်းသော်ကား။

**တနည်း။** အပိစ-အပရော နယော၊နည်းတပါးကို၊ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ။ပက္ခန္တရဝါကျ။

**ကိဠာပိ** = ကိဠာပိဟောတိ၊ အကယ်၍သော်၊ သူ့ အာဘော်ထား၊ "အဖြောင့်သွားဖြင့်"၊ မမှားပုံသော၊ ဖြစ်သင့်ပေ၏။ (အာဘော်ကောက်လျှင် "အကောက်သွားဖြင့်"ဟုဆို။)ပန-တထာပိ၊ သူ့ အာဘော်ထား၊ အဖြောင့်သွားဖြင့် (အကောက်သွားဖြင့်) ရှေးစကားကို ပယ်သင့်ငြားသော်လည်း။ ။ကာမဥ္စ, ကာမံတို့၌လည်း နည်းတူအနက်ပေး။

**သစေပိ** = သစေပိ-ဟောတိ၊ အကယ်၍ပင်၊ ဟုတ်လိမ့်ထင်၍၊ သူ့ အမြင်ဖြင့်၊ ဖြစ်လင့်စေဦးတော့။ ဝေံပိ၊အကယ်၍ပင်၊ ဟုတ်လိမ့်ထင်၍၊ သူ့ အမြင်အား၊ ဖြစ်သင့်ငြား၍၊ ရှေးစကားကို၊ပယ်ရှားသင့်သော်လည်း။ ။ယဒိပိ-သစေပိတို့၌လည်း နည်းတူအနက်ပေး။

**အထာပိ** = အထာပိ-ဘဝေယျ၊ အကယ်၍ပင်၊ ဟုတ်လိမ့်ထင်နိုး၊ ညာဏ်မြင်ကိုး၍၊ တချိုးကပ်ခွင့်၊ ရတုံလင့်သဖြင့်၊ ဖြစ်သင့်ငြားအံ့။ ဝေံပိ၊ ဤသို့ ဟုတ်လိမ့်ထင်နိုး၊ ညာဏ်မြင်ကိုး၍၊ တချိုးကပ်ခွင့်၊ ရတုံလင့်သဖြင့်၊ ဖြစ်သင့်ငြားသော်လည်း။

**သစေ** = သစေ ဟောတိ၊ စွန့်ရာဘက်မှ၊ ယူနက်ဆက်သွယ်၊ သူမေးဘွယ်ကြောင့်၊ တကယ်ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့စွန့်ရာဘက်မှ၊ ယူနက်ဆက်သွယ်၊ သူမေးဘွယ်ကြောင့်၊ တကယ်ဖြစ်လတ်သော်။ ။ယဒိ,စေ, အထ တို့၌လည်း နည်းတူအနက်ပေး။

**ဧတ္ထသိယာ** = ဧတ္ထ၊ ဤအရာ၌၊ ဌတွာ၊ တန့်ရပ်၍။ ကသ္မိ၊ တစုံတယောက်သော။ စောဒကဿ၊ စောဒကပုဂ္ဂိုလ်၏။ စောဒနာဝစနံ၊ စောဒနာသော စကားသည်။ သိယာ၊ ဖြစ်ရာ၏။ ကိံ သိယာ၊ အဘယ်သို့ဖြစ်ရာသနည်း။ ။ဣတိ၊ ဤသို့။ သိယာ၊ ဖြစ်ရာ၏။

**ဧတ္ထာဟ** = ဧတ္ထ၊ ဤအရာ၌။ ကောစိ၊ တစုံတယောက်သော။ စောဒကော၊ စောဒကဆရာသည်။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ဆိုသနည်း။ ။ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

**ယထာဟ** = မယာ၊ ငါသည်။ ဝုတ္တံ ယထာ၊ ဖြောင့်မှန်ပါလျက်၊ မယုံချက်ကြောင့်၊ အနက်ကောက်ဟုဆိုအပ် သကဲ့သို့။ တထာ၊ ထို့အတူ၊ သာဓကံ၊ သက်သေဖြစ်သော။ ကိံ ဝစနံ၊ အဘယ်သို့သောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပါသနည်း။

**ကိဉ္စေတ္ထ** = ဧတ္ထ၊ ဤအမေး၌။ ကိဉ္စိ၊ စိုးစဉ်းသောအမေးသက်သက်ကို။ ဝတ္တဗ္ဗံ၊ မေးသင့်၏။ တော၊ သင်စောဒက၏။ စောဒနာ၊ စောဒနာသည်။ အသမတ္တာ၊ အာဘော်မဘက်သက်သက်သော စောဒနာဖြစ်၍ မပြည့်စုံသေး။ တာဝ၊ ငါတိုက်တွန်း၏။ အဝသိဋ္ဌံ၊ အာဘော်သို့ဂှက်၊ အပြစ်ထွက်

အံ့သော ကြွင်းသောစကားကို။ ပရိပုဏ္ဏံ၊ ပြည့်စုံအောင်။ ကတွာ၊ ပြု၍။ တွံ၊ သင်စောဒကသည်။ ဗြူဟိ၊ ဆိုဦးလော့။

**တေနဝုတ္တံ** = မယာ၊ ငါသည်။ ယေနပကာရေန၊ အကြင်သို့သောအပြားအားဖြင့်။ ဝုတ္တံ၊ ဝက်ဝစ်အားဖြင့် ဆိုအပ်၏။ တေနပကာရေန၊ ထိုသို့သော အပြားအားဖြင့်။ သာဓကံ၊ သက်သေဖြစ်သော၊ ကိံ ဝစနံ၊ အဘယ်သို့သောစကားကို။ အာစရိယေန၊ ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်ပါသနည်း။

ဝိသေသနိပါတတ္ထယောဇနာပုံ ပြီး၏။

---

## ၈—ဝါကျဘေဒနိဒ္ဒေသ

### ၁-ဝိတ္ထာရဝါကျ

ဤဝိတ္ထာရဝါကျသည် ၁-ဂူဠှတ္ထ ဝိတ္ထာရဝါကျ၊ ၂-သင်္ခေပတ္ထဝိတ္ထာရဝါကျ၊ ၃-ဂူဠှသင်္ခေပတ္ထဝိတ္ထာရဝါကျဟု ၃-မျိုးပြား၏၊ ထို ၃-မျိုးတို့တွင် တမျိုးတမျိုး၌ သဒ္ဒ,အတ္ထ, ကာရဏ,ဖလ ၄—ပါးစီပြားရကား ၁၂-ပါးဖြစ်၏။

၁။ သဒ္ဒါငှတ်၍ဖော်သော—သဒ္ဒဂူဠှတ္ထ ဝိတ္ထာရဝါကျ။

၂။ အနက်ငှတ်၍ဖော်သော - အတ္ထ ဂူဠှတ္ထ ဝိတ္ထာရ ဝါကျ။

၃။ အကြောင်းငှတ်၍ဖော်သော- ကာရဏ ဂူဠှတ္ထ ဝိတ္ထာရဝါကျ။

၄။ အကျိုးငှတ်၍ဖော်သော-ဖလဂူဠှတ္ထဝိတ္ထာရဝါကျ။

[ဤကား—ဂူဠှတ္ထဝိတ္ထာရ ၄-ဝါကျ။]

၁။ သဒ္ဒါကျဉ်း၍ ချဲ့သော- အတ္ထ သင်္ခေပတ္ထ ဝိတ္ထာရ ဝါကျ။

၂။ အနက်ကျဉ်း၍ချဲ့သော- အတ္ထသင်္ခေပတ္တ ဝိတ္ထာရ ဝါကျ။

၃။ အကြောင်းကျဉ်း၍ချဲ့သော- ကာရဏ သင်္ခေပတ္တ ဝိတ္ထာရ ဝါကျ။

၄။ အကျိုးကျဉ်း၍ချဲ့သော- ဖလ သင်္ခေပတ္တ ဝိတ္ထာရ ဝါကျ။

[ဤကား-သင်္ခေပတ္တဝိတ္ထာရ ၄-ဝါကျ။]

၁။ သဒ္ဒါငုပ်-ကျဉ်း၍ ချဲ့သော- သဒ္ဒဂုဠ္ဟ သင်္ခေပတ္တ ဝိတ္ထာရဝါကျ။

၂။ အနက်ငုပ်-ကျဉ်း၍ ချဲ့သော- အတ္ထဂုဠ္ဟ သင်္ခေပတ္တ ဝိတ္ထာရ ဝါကျ။

၃။ အကြောင်းငုပ် - ကျဉ်း၍ချဲ့သော— ကာရဏဂုဠ္ဟ သင်္ခေပတ္တဝိတ္ထာရဝါကျ။

၄။ အကျိုးငုပ်- ကျဉ်း၍ချဲ့သော— ဖလဂုဠ္ဟသင်္ခေပတ္တ ဝိတ္ထာရဝါကျ။

[ဤကား—ဂုဠ္ဟသင်္ခေပတ္တဝိတ္ထာရ ၄-ဝါကျ။]

ဤအခွဲကား—ငုပ် ကျဉ်းကားချဲ့—ဟူ၍ငင်း၊ သဒ္ဒါတ ချိုး၊ ကြောင်းကျိုးအနက်-ဟူ၍ငင်း စပ်ဆိုသောစံကျောင်း နိယာမ်အတိုင်း ခွဲလိုက်သည်။

## ၂—သင်္ခေပဝါကျ

ဤသင်္ခေပဝါကျလည်း- သဒ္ဒ, အတ္ထ, ကာရဏ, ဖလ သင်္ခေပဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါကို အကျဉ်းချုံးသော—သဒ္ဒသင်္ခေပဝါကျ။
၂။ အနက်ကို အကျဉ်းချုံးသော—အတ္ထသင်္ခေပဝါကျ။
၃။ အကြောင်းကို အကျဉ်း ချုံးသော— ကာရဏ သင်္ခေပဝါကျ။
၄။ အကျိုးကိုအကျဉ်းချုံးသော—ဖလသင်္ခေပဝါကျ။

[ဤကား-သင်္ခေပ ၄-ဝါကျ။]

## ၃—ဝါကျာရမ္ဘဝါကျ

ဤဝါကျာရမ္ဘဝါကျလည်း—သဒ္ဒ,အတ္ထ,ကာရဏ,ဖလ ဝါကျာရမ္ဘဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါပြတ်ပြီးမှဆက်သော-သဒ္ဒဝါကျာရမ္ဘဝါကျ။
၂။ အနက် ပြတ်ပြီးမှ ဆက်သော — အတ္ထ .... ။
၃။ အကြောင်းပြတ်ပြီးမှဆက်သော—ကာရဏ .... ။
၄။ အကျိုးပြတ်ပြီးမှ ဆက်သော— ဖလဝါကျာရမ္ဘဝါကျ။

[ဤကား—ဝါကျာရမ္ဘ ၄-ဝါကျ။]

## ၄—ကာရဏဝါကျ

ဤကာရဏဝါကျသည်- သဘောကို ထောက်ဆ၍သိသောသဘာဝ ဉာပကဟိတ်၊ ဆန့်ကျင်ဘက်ဖြစ်၍ သိစေသော ဗျတိရေကဉာပကဟိတ်၊ အကျိုးသဘော ဖြစ်၍သိစေသော ကာရိယဉာပကဟိတ်ဟု ၃-မျိုးပြား၏၊ ထို ၃-မျိုးတို့တွင်တမျိုးတမျိုး၌ သဒ္ဒ,အတ္ထ,ကာရဏ,ဖလ ၄ ပါးစီ ပြားရကား ၁၂-ပါးဖြစ်၏။

၁။ သဒ္ဒါဖြင့် သဘောအတိုင်းသိသော- သဒ္ဒသဘာဝ ဉာပကဟိတ်။

၂။ အနက်ဖြင့် ········ အတ္တ ························။
၃။ အကြောင်းဖြင့် ····ကာရဏ ····················။
၄။ အကျိုးဖြင့် ········ ဖလ ······· ········ ········။
[ဤကား—သဘာဝဉာပကဟိတ် ၄-ဝါကျ။]

၁။ သဒ္ဒါဖြင့် ဆန့်ကျင်ဘက်ဖြစ်၍ သိစေသော- သဒ္ဒဗျတိရေကဟိတ်။
၂။ အနက်ဖြင့် ···········အတ္တ ········ ············။
၃။ အကြောင်းဖြင့်·······ကာရဏ···· ··············။
၄။ အကျိုးဖြင့် ···········ဖလ························။
[ဤကား-ဗျတိရေက ဉာပကဟိတ် ၄-ဝါကျ။]

၁။ သဒ္ဒါအားဖြင့် အကျိုးသဘောဖြစ်၍သိစေသော- သဒ္ဒကာရိယဉာပကဟိတ်။
၂။ အနက်···············အတ္တ ··· ················။
၃။ အကြောင်း···········ကာရဏ ···· ···· ···· ····။
၄။ အကျိုး···············ဖလ························။
[ဤကား—ကာရိယဉာပကဟိတ် ၄—ဝါကျ။]

## ၅-ဖလဝါကျ

ဤဖလဝါကျလည်း-သဒ္ဒ, အတ္တ, ကာရဏ, ဖလဖလဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့် ရအပ်သော အကျိုး— သဒ္ဒဖလဝါကျ။
၂။ အနက်··············အတ္တ ······················။
၃။ အကြောင်း··· ······ကာရဏ ··················။
၄။ အကျိုး·············· ဖလ························။
[ဤကား-ဖလ ၄—ဝါကျ။]

## ၆-ဝိသေသဝါကျ

ဤဝိသေသဝါကျသည်-ဒေါသာရောပန ပဋိက္ခေပဝိသေသ ဝါကျ, သာမညဝိသေသဝါကျ ဟု ၂-မျိုးပြား၏၊ ထို ၂-မျိုးတို့တွင် တမျိုးတမျိုး၌ သဒ္ဒ, အတ္ထ, ကာရဏ, ဖလ ဝိသေသဝါကျဟု ၄-ပါးစီပြားသင့်၏။

၁။ သဒ္ဒါကို အပြစ်တင်ရန်ရှိ၍ပယ်သော-သဒ္ဒဒေါသာရောပန ပဋိက္ခေပ။
၂။ အနက်ကို··············အတ္ထ······· ············။
၃။ အကြောင်းကို··········ကာရဏ················။
၄။ အကျိုးကို······· ·······ဖလ···· ······· ········။

[ဤကား-ဒေါသာရောပနပဋိက္ခေပဝိသေသ ၄-ဝါကျ။]

၁။ သဒ္ဒါသာမညဖြစ်၍ သဒ္ဒါကို အထူးဆိုသော-သဒ္ဒသာမညဝိသေသ။
၂။ အနက်သာမည··········· အတ္ထ···· ············။
၃။ အကြောင်းသာမည········ ကာရဏ············။
၄။ အကျိုးသာမည ··········· ဖလ ················။

[ဤကား-သာမညဝိသေသ ၄-ဝါကျ။]

## ၇-တပ္ပါကဋီကရဏဝါကျ

ဤတပ္ပါကဋီ ကရဏဝါကျသည်လည်း- လိနဗျတိစာရ တပ္ပါကဋီ ကရဏဝါကျ, အာသက်ဗျတိစာရ တပ္ပါကဋီ ကရဏဝါကျ,လိနာသက်ဗျတိစာရတပ္ပါကဋီကရဏ ဝါကျ ဟု ၃-မျိုးပြား၏၊ ထိုသုံးမျိုးတို့တွင် တမျိုးတမျိုး၌ သဒ္ဒ, အတ္ထ,ကာရဏ,ဖလ ဟု ၄-ပါးစီဖြစ်သင့်၏။

၁။ သဒ္ဒါ ကွယ်ဝှက်၍ လျှဉ်းပါးရန် ရှိသောကြောင့် ထင်ရှားအောင်ပြုသော–သဒ္ဒလီနဗျာဘိစာရ။
၂။ အနက်ကွယ်ဝှက်၍ လျှဉ်းပါးရန် ရှိသောကြောင့် ထင်ရှားအောင်ပြုသော-အတ္ထလီနဗျာဘိစာရ။
၃။ အကြောင်း ကွယ်ဝှက်၍ လျှဉ်းပါးရန် ရှိသောကြောင့်........သော-ကာရဏလီနဗျာဘိစာရ။
၄။ အကျိုးကွယ် ........သော–ဖလလီနဗျာဘိစာရ။
[ဤကား–လီနဗျာဘိစာရတပ္ပါကဋီကရဏ ၄–ဝါကျ။]
၁။ သဒ္ဒါ၌ယုံမှားခြင်းရှိ၍ လျှဉ်းပါးရန်ရှိသောကြောင့် ထင်ရှားအောင်ပြုသော–သဒ္ဒါသက်ဗျာဘိစာရ။
၂။ အနက်၌ ........ ........ အတ္ထာသက်ဗျာဘိစာရ။
၃။ အကြောင်း၌ .... .... ကာရဏာသက်ဗျာဘိစာရ။
၄။ အကျိုး၌..................ဖလာသက်ဗျာဘိစာရ။
[ဤကား-အာသက်ဗျာဘိစာရတပ္ပါကဋီကရဏ ၄–ဝါကျ။]
၁။ သဒ္ဒါကွယ်ဝှက်၍ ယုံမှားခြင်း၌ လျှဉ်းပါးရန် ရှိသောကြောင့် ........သော–သဒ္ဒလီနာသက် ဗျာဘိစာရ။
၂။ အနက် ...............အတ္ထလီနာသက်ဗျာဘိစာရ။
၃။ အကြောင်း..............ကာရဏလီနာသက်ဗျာဘိစာရ။
၄။ အကျိုး ............... ဖလလီနာသက်ဗျာဘိစာရ။
[ဤကား–လီနာသက်ဗျာဘိစာရ တပ္ပါကဋီကရဏ ၄–ဝါကျ။]

## ၈–ဒဋ္ဌီကရဏဝါကျ

ဤဒဋ္ဌီကရဏဝါကျလည်း–ယုတ္တိဒဋ္ဌီကရဏဝါကျ, အာဂမဒဋ္ဌီကရဏဝါကျ-ဟု ၂-မျိုးပြား၏၊ထို ၂-မျိုးတို့တွင် တ

မျိုးတမျိုး၌ သဒ္ဒ, အတ္ထ, ကာရဏ, ဖလဟု ၄-ပါးစီ ဖြစ်သင့်၏။

၁။ သဒ္ဒါမခိုင်၍ ယုတ္တိ ဆောင်ပြသော– သဒ္ဒယုတ္တိဒဠှီကရဏ။
၂။ အနက် ······················ အတ္ထ ··················။
၃။ အကြောင်း···· ············ ကာရဏ···· ········။
၄။ အကျိုး···· ···· ···· ········ ဖလ ················။
[ဤကား-ယုတ္တိဒဠှီကရဏ ၄-ဝါကျ။]

၁။ သဒ္ဒါမခိုင်၍ အာဂုမ်ဆောင်ပြအပ်သော– သဒ္ဒ အာဂမဒဠှီကရဏ။
၂။ အနက် ····················အတ္ထ ···· ············။
၃။ အကြောင်း ················ကာရဏ ···· ········။
၄။ အကျိုး ····················ဖလ····················။
[ဤကား-အာဂမဒဠှီကရဏ ၄-ဝါကျ။]

## ၉–ပက္ခန္တရဝါကျ

ဤပက္ခန္တရဝါကျလည်း- သဒ္ဒ, အတ္တ, ကာရဏ, ဖလ ပက္ခန္တရဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါ အားဖြင့် အဘို့ တပါးကို ပြသော- သဒ္ဒ ပက္ခန္တရ။
၂။ အနက် ···················· ···· အတ္ထ ············။
၃။ အကြောင်း ···················· ကာရဏ········။
၄။ အကျိုး···· ···· ··············· ဖလ ···· ········။
[ဤကား-ပက္ခန္တရ ၄-ဝါကျ။]

## ၁၀—အနွယဝါကျ

ဤအနွယဝါကျလည်း- သဒ္ဒ, အတ္ထ, ကာရဏ, ဖလ အနွယဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့်အလျော်ကိုဆိုသော—သဒ္ဒအနွယ။
၂။ အနက် ···· ···· ···· ················အတ္ထ········။
၃။ အကြောင်း ···· ···· ················ကာရဏ ····။
၄။ အကျိုး···· ···· ···· ················ ဖလ···· ····။

[ဤကား အနွယ ၄-ဝါကျ။]

## ၁၁—ဗျတိရေကဝါကျ

ဤဗျတိရေကဝါကျလည်း သဒ္ဒ,အတ္ထ, ကာရဏ, ဖလ ဗျတိရေကဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့် ဆန့်ကျင်ဘက်ဟု ပြသော— သဒ္ဒ ဗျတိရေက။
၂။ အနက် ········ ···· ···· ········အတ္ထ············။
၃။ အကြောင်း ···· ···· ···· ········ကာရဏ········။
၄။ အကျိုး ········ ···· ········ ···· ဖလ········ ····။

[ဤကား-ဗျတိရေက ၄-ဝါကျ။]

## ၁၂-သမ္ဘာဝနာဝါကျ

ဤသမ္ဘာဝနာဝါကျလည်း သဒ္ဒ,အတ္ထ, ကာရဏ, ဖလ သမ္ဘာဝနာ ဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့် ချီးမွမ်းသော—သဒ္ဒသမ္ဘာဝနာ။
၂။ အနက်········ ···· ········ ····အတ္ထ···· ···· ····။

၃။ အကြောင်း·······················ကာရဏ ···· ····။
၄။ အကျိုး ·······················ဖလ···· ··········။
[ဤကား–သမ္ဗန္ဓဝနာ ၄–ဝါကျ။]

**၁၃–ဂရဟာဝါကျ**

ဤဂရဟာဝါကျလည်း သဒ္ဒ,အတ္ထ,ကာရဏ,ဖလ ဂရဟာ ဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့် ကဲ့ရဲ့ပြောဆိုသော–သဒ္ဒဂရဟာ။
၂။ အနက်··········· ···············အတ္ထ··········။
၃။ အကြောင်း······· ···· ···········ကာရဏ ····။
၄။ အကျိုး············· ··· ···· ···· ဖလ ········။
[ဤကား-ဂရဟာ ၄-ဝါကျ။]

**၁၄–လဒ္ဓဂုဏဝါကျ**

ဤလဒ္ဓဂုဏ ဝါကျလည်း သဒ္ဒ,အတ္ထ,ကာရဏ, ဖလ လဒ္ဓဂုဏဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့် ရအပ်သော အကျိုးရှိသော- သဒ္ဒ လဒ္ဓဂုဏ။
၂။ အနက်·····················အတ္ထ ···· ···· ····။
၃။ အကြောင်း ···· ···········ကာရဏ···········။
၄။ အကျိုး···················ဖလ······· ········။
[ဤကား-လဒ္ဓဂုဏ ၄-ဝါကျ။]

**၁၅–လဒ္ဓဒေါသဝါကျ**

ဤလဒ္ဓဒေါသဝါကျလည်း သဒ္ဒ, အတ္ထ, ကာရဏ, ဖလ လဒ္ဓဒေါသဝါကျဟု ၄-ပါးဖြစ်သင့်၏။

၁။ သဒ္ဒါအားဖြင့် ရအပ်သော အပြစ်ရှိသော– သဒ္ဒလက္ခဒေါသ။
၂။ အနက် ························ အတ္တ ··· ··········။
၃။ အကြောင်း························ကာရဏ·············။
၄။ အကျိုး ···· ···· ·············ဖလ··················။

[ဤကား–လက္ခဒေါသ ၄–ဝါကျ။]

ဝါကျဘေဒနိဒ္ဒေသ ပြီး၏။

---

## ၉-မူလ,မူလီဝါကျာဓိပ္ပါယဏ္ဍတု,စပ်,နွယ်ပုံ

### ၁-အဓိပ္ပါယ်တု ၄–ဝါကျ

နိယာမ်···၁။ ဟိနက် မှတ်သား၊ထင်ရှား-ခွဲ-မြဲ၊ နက်စွဲသုံးအင်၊ ရှေးစကားနှင့်အတုပင်။

**အဓိပ္ပါယ်။** ဤနိယာမ်အရ-ဟိနိပါတ်ဖြင့် ထွန်းပြရာ ဝါကျကို ဥပလက္ခဏာနည်းအားဖြင့် မှတ်၍ဆိုသည်။ စ-ပန နိပါတ်များလည်း နည်းတူမှတ်ယူရာ၏။

၁။ ထင်ရှားဟူသည်-တပ္ပါကဋကရဏ။
၂။ ခွဲဟူသည်-ဝိတ္ထာရ။
၃။ မြဲဟူသည်ဒဠှ- ဟုမှတ်။

ဟိ-ဟူသောနိပါတ်ပုဒ်ပါရှိသော နောက် ဝါကျစကားသည်၊ ရှေးဝါကျစကားမခိုင်လုံသည်ဖြစ်၍ခိုင်မာလုံလောက်အောင် ကူမရသောစကား ဖြစ်ခြင်းကြောင့် ''အကူမူလီဝါကျ''ဟုခေါ်သည်၊ ရှေးဝါကျစကားသည် နောက်ဝါကျစကား၏ ခိုင်မာလုံလောက်အောင် ထောက်ပံ့ရာ ဖြစ်ခြင်း

ကြောင့်“ကူရာမူလဝါကျ”ဟု ခေါ်သည် ဟူ၍ မှတ်သား ထားလေဦး။

ကူရာမူလဝါကျနှင့် အကူမူလီဝါကျ နှစ်ရပ် တို့သည် စကားအဆိုပိုမိုထူးထွေ ပုဒ်နေ ပုဒ်ထား ကွဲပြားခြားသော်လည်း အဓိပ္ပါယတ္တစကားကျအရ သဘောမထူးခြား မကွဲပြားဘဲ အတူတူပင် ဖြစ်သည်၊ မူလီ-မူလ ဝါကျနှစ်ရပ်တို့သည် သဘောအရ စကားကျတူခဲ့ပါလျှင် စကားတူထပ်ခြင်းကြောင့် ပုနရုတ္တိဒေါသ ရောက်သင့်သည် မဟုတ်ပါလောဟု မေးခြားအံ့၊ မရောက်သင့်ဟုဖြေ။

ထိုသို့ပင်စကားနှစ်ရပ်သဘောသွားခြင်း ထပ်ခြားသော်လည်း စေဒက အာဘောဂ-အာသက်ရှိသည့်အလျောက် ရှေးမူလ ဝါကျ၌ လီနတ္တစသည်ဖြစ်၍ သမ္ဘဝဗျာတိ စာရစသည်ရှိမူ နောက်အကူမူလီဝါကျ၌ပါရှိသော ဟိနိပါတ်ဖြင့် လီနတ္တကို ပါကဋတ္တဖြစ်အောင်၊ ရှေးမူလ ဝါကျ၌ရှိသော သခေ်ပတ္တကို ဝိတ္ထာရတ္တဖြစ်အောင်၊ရှေးမူလဝါကျ၌ရှိသော ဝေမတိကတ္တကို နိဗ္ဗေမတိကဖြစ်အောင် စေဒက အာဘောဂရှိသည် အားလျော်စွာ ထွန်းပြသောကြောင့် ပုနရုတ္တိဒေါသ မရောက်သင့်၊ ထိုသို့ထွန်းပြရာ၌ အနက်တပါးနှင့်တပါး မတူ ထူးခြား ကွဲပြား သော်လည်း အဓိပ္ပါယ် စကားကျအားဖြင့် အတူတူပင်ဟုမှတ်။

| | |
|---|---|
| ၁။ အပါကဋနှင့်-တပ္ပါကဋိကရဏ။<br>၂။ သခေ်ပနှင့်-ဝိတ္ထာရ။<br>၃။ ဒွိဗ္ဗိယနှင့်-ဒွိဗ္ဗိကရဏ။<br>၄။ ဝိတ္ထာရနှင့်-သခေ်ပ ပါထည့်။ | အဓိပ္ပါယ်တူ ၄-ဝါကျ။ |

၁။ လီနတ္ထကို ပါကဋ ဖြစ်အောင် ပြဆိုသောကြောင့် အပါကဋနှင့် တပ္ပါကဋီ ကရဏတူသည်။

၂။ သင်္ခေပတ္ထကို ဝိတ္ထာရတ္ထ ဖြစ်အောင် ပြဆိုသောကြောင့် သင်္ခေပနှင့် ဝိတ္ထာရတူသည်။

၃။ ဝေမတိကတ္ထကိုနိဗ္ဗေမတိက ဖြစ်အောင် ပြဆိုသောကြောင့် ဒဠှီယနှင့် ဒဠှီကရဏတူသည်။

၄။ ဝိတ္ထာရတ္ထကို သင်္ခေပတ္ထ ဖြစ်အောင် ပြဆိုသောကြောင့် ဝိတ္ထာရနှင့်သင်္ခေပဝါကျတူသည်။

## ၂–အစပ်တူ ၄–ဝါကျ

**နိယာမ်....၂။** ကြောင်း–ကျိုး–ပြစ်လျှင်၊ဤသုံးအင်၊ ရှေးစကားနှင့်စပ်ရုံပင်။

**အဓိပ္ပါယ်။** ဟိ-စသော နိပါတ်သည် အကြောင်းကာရဏဝါကျ,အကျိုးဖလဝါကျ, အပြစ်လဒ္ဓဒေါသဝါကျ ဤသုံးဝါကျတို့သည် ရှေးကူရာမူလဝါကျနှင့် ထိုက်သည့် အလျောက် စပ်ရုံသာစပ်ကြသည်၊ အရမတူကြဟု ထွန်းပြ၏။

၁။ ဖလနှင့်-ကာရဏဝါကျ။
၂။ ကာရဏနှင့်-ဖလဝါကျ။
၃။ လဒ္ဓဒေါသိယနှင့်-လဒ္ဓဒေါသဝါကျ။
၄။ လဒ္ဓဒေါသနှင့်- လဒ္ဓဒေါသိယဝါကျ။
} အစပ်တူ ၄-ဝါကျ။

၁။ ဝက်တ္ထဖြစ်သော ရှေးဖလဝါကျနှင့် နောက်ကာရဏဝါကျသည် အကြောင်းအကျိုး အဖြစ်ဖြင့်စပ်ရုံသာ၊ အရမတူ။

၂။ အကြောင်း ဖြစ်သော ရှေးကာရဏ ဝါကျနှင့် နောက်ဖလ ဝါကျသည် စကားကျ အားဖြင့်သာ စပ်သည်၊ အရမတူ။

၃။ လဒ္ဓဒေါသိယ ဖြစ်သော ရှေးဝါကျနှင့် နောက် လဒ္ဓဒေါသ ဝါကျသည် စကားကျ အားဖြင့်သာ စပ်သည်၊ အရမတူ။

[စတုတ္ထဝါကျနည်းတူမှတ်။]

## ၃–အနွယ် ၉-ဝါကျ

**နိယာမ်....၃။** ဆက်နက်နှစ်ဘော်၊ထူး-လျော်-ဆန့်ကျင်၊ ဤငါး အင်၊ရှေးစကားနှင့်နွယ်ရုံပင်။

**အဓိပ္ပါယ်။** ဟိ-စ-ပန နိပါတ်ပုဒ်တို့သည် ဆက်လက် ခြင်းအနက်ဖြစ်ကြသော ဥပန္ဍာသဝါကျ,ဝါကျာရမ္ဘဝါကျ, ထူး-ဝိသေသဝါကျ,လျော်-အနွယဝါကျ,ဆန့်ကျင်ဘက်-ဗျ တိ ရေကဝါကျ၊ ဤငါးဝါကျတို့သည် ကူရာမူလဝါကျနှင့် ထိုက်သည်အလျောက် နွယ်ရုံသာနွယ်ကြသည်၊ တူလည်း မတူ၊ စပ်လည်းမစပ်ကြ၊ သာမညဝါကျ, ပက္ခန္တရဝါကျ, ဂရဟာဝါကျ, သမ္ဘာဝနာဝါကျ၊ ဤလေးဝါကျတို့လည်း ရှေးမူလဝါကျစကားနှင့် နွယ်ရုံပင်ဟုယူလေဦး။

၎င်းဝါကျ များသည် ရှေးဝါကျစကား၌ အလိုရှိအပ် သော အနက် အဓိပ္ပါယ်မစုံလင်၍ စောဒကများက မေး ရန်ရှိသောကြောင့် စုံလင်စွာ ဖြေဆိုရကား—ရှေးဝါကျနှင့် နွယ်ရုံသာဟူ၍ဆိုသည်ဟုမှတ်။

၁။ အာရဒ္ဓနှင့် ဥပန္ဍာသဝါကျ။

၂။ ၎င်းနှင့် ဝါကျာရမ္ဘဝါကျ။

၃။ သာမညနှင့် ဝိသေသဝါကျ။
၄။ ဗျတိရေကနှင့် အန္ဝယဝါကျ။
၅။ အန္ဝယနှင့် ဗျတိရေကဝါကျ။
၆။ ဝိသေသနှင့် သာမညဝါကျ။
၇။ ပက္ခနှင့် ပက္ခန္တရဝါကျ။
၈။ သမ္ဘာဝနာနှင့် ဂရဟာဝါကျ။
၉။ ဂရဟာနှင့် သမ္ဘာဝနာဝါကျ။

(၃-၉ = အန္ဝယ် ၉–ဝါကျ။)

မူလမူလီဝါကျာဓိပ္ပါယတ္ထ တူ-စပ်-နွယ် ပုံပြီး၏။

---

## ၁၀–သဥဒ္ဒါဟရဏဝါကျဘောဒ နိဒ္ဒေသ

### ၁-ဝိတ္ထာရဝါကျဥဒါဟရဏ

၁။ ဂုဠှတ္ထဝိတ္ထာရဝါကျဥဒါဟရဏ--

ပကရဏမိဒမာရဘန္တော၊ ပ။ဒဿေတုံ သမ္ဗာသမ္ဗုဒ္ဓံ တျာဒိမာဟ။ တတ္ထဟိ သမ္ဗာသမ္ဗုဒ္ဓံ။ ပ။ အဘိဝါဒိယာတိ ဣမိနာ ရတနတ္တယ ပဏာမော ဝုတ္တော။

[ဋီကာကျော်။]

**အနက်။** ပကရဏမိဒမာရဘန္တော၊ ပ။ သမ္ဗာသမ္ဗုဒ္ဓံ တျာဒိံ၊ သမ္ဗာသမ္ဗုဒ္ဓံ-ဤသို့အစရှိသောစကားကို။အာဟ၊ ဆိုပြီ။ တံ၊ ထိုမူလဝါကျဂုဠှတ္ထကို။ ဣမိနာ၊ ဤဆိုလတ္တံ့သော ဝိတ္ထာရေတဗ္ဗ သဘာဝဖြင့်။ အဟံ၊ ငါသည်။ ဟိ–ဝိတ္ထာရေမိ၊ ပေါ်လွင်စေဦးအံ့။ (ဝါ-ချဲ့ဦးအံ့။) ကိန္တိ၊ အသို့လျှင်။ဝိတ္ထာရော၊ အကျယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဒဿနကြိယာယ၊ ဒဿေတုံ၌ ဒဿနကြိယာ၏။ ကရဏ

ဘူတော၊ ကရိုဏ်းဖြစ်၍ ဖြစ်သော။ တွေ၊ ဤသမ္ဗာသမ္ဗန္ဓံ အစရှိသောစကားရပ်၌။ တနည်း—ဖြုံခာတုယာ၊ အာဟ ၌ဖြုံခာတ်၏။ ကမ္မဘူတော၊ ကံဖြစ်၍ဖြစ်သော။ တွေ၊ ဤ သမ္ဗာသမ္ဗန္ဓံ-အစရှိသော စကားရပ်၌။ သမ္ဗာသမ္ဗန္ဓံ။ ပ။ အဘိဝါဒိယာတိဣမိနာ၊ သမ္ဗာသမ္ဗန္ဓံ။ ပ။ အဘိဝါဒိယ— ဟူသောဤပါဌ်ဖြင့်။ ရတနတ္တယပဏာမော၊ ရတနတ္တယ ပဏာမကို။ ဝုတ္တော၊ ဆိုအပ်၏။ ဝါ၊ ဝုတ္တော-ဒဿိတော၊ ပြအပ်၏။ ဣတိ၊ ဤသို့။ ဝိတ္ထာရော၊ တစိတ်အကျယ်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်။** ဤပါဌ်တို့၌ ပကရဏမှစ၍ အာဟတိုင်ရှိ သော ရှေးကူရာမူလဝါကျသည် အဓိပ္ပါယ် ငုပ်သော ကြောင့် ဂုဠ္ဟတ္ထဝါကျ, တွေဟိ—စသော နောက်အကူ မူလီ ဝါကျသည် ထိုအဓိပ္ပါယ်ငုပ်သော ရှေးကူရာမူလဝါကျ၏ ငုပ်နေသောအဓိပ္ပါယ်ကို ဖော်ပြသောကြောင့်ဂုဠ္ဟတ္ထဝိတ္ထာ ရဝါကျ မည်၏၊ နောက် အကူမူလီ ဝါကျ၌ပါရှိသော ဟိ- နိပါတ်ပုဒ်ကား-ဝိတ္ထာရဇောတကမည်၏-ဟုမှတ်။

**အမှာ။** ရှေးဝါကျကို ကူရာမူလဝါကျ, နောက်ဝါကျ ကိုအကူမူလီဝါကျဟု ဂန္ထိရတ္ထနိယာမဝိဿဇ္ဇနာကျမ်း၌အ သုံးပြုတော်မူသည်။

၂။ သင်္ခေပတ္ထဝိတ္ထာရ ဉဒါဟရဏ—

ဝိဝိစ္စ ဝိသေသ နယတ္တာ၊ ဝိဝိဓာ ဟိ တွေ ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ ပါရာဇိကာဒိသတ္တ- အာပတ္တိက္ခန္ဓမာတိကာဝိဘင်္ဂါဒိပ္ပဘေဒါ နယာ။

ဝိသေသဘူတာစ ဒဠှီကမ္မသိထိလပ္ပယောဇနာ အ-
နုပညတ္တိနယာ။

[အဋ္ဌသာလိနီစသည်။]

**အနက်။** ဝိဝိဓ ဝိသေသ နယတ္တာ၊ များသောအပြားရှိသောနည်း, ထူးသောနည်းရှိသည်၏အဖြစ်ကြောင့်။ တံ၊ ထိုမူလဝါကျ-သင်္ခေပကို။ ဣမိနာ၊ ဤဆိုလတ္တံ့သော ဝိတ္ထာရေ-တဗ္ဗသဘာဝဖြင့်။ အဟံ၊ငါသည်။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ကိန္တိ၊ အသို့လျှင်။ ဝိတ္ထာရော၊ အကျယ်သည်။ ဟောတိ၊ဖြစ်သနည်း။ဣတ္ထ၊ဤဝိနည်း၌။ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာ-ဇိကာဒိသတ္တအာပတ္တိက္ခန္ဓ မာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ၊ ငါးပါးအပြားရှိသောပါတိမောက်ဥဒ္ဒေသ,ပါရာဇိက-အစရှိသော ခုနစ်ပါးသောအာပတ်အစု,မာတိကာ,ဝိဘင်းအစရှိသည် အပြားရှိကုန်သော။ နယာ၊ နည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ စ၊ အဘို့တပါးကား။ ဝိသေသဘူတာ၊ထူးသည်ဖြစ်၍ ဖြစ်ကုန်သော။ဒဠှီကမ္မသိထိလပ္ပယောဇနာ၊ မြဲမြံစွာပြုခြင်း,လျော့လျော့ပြုခြင်းအကျိုးရှိကုန်သော။အနုပညတ္တိနယာ၊အနုပညတ်နည်းတို့သည်။သန္တိ၊ရှိကုန်၏။

**အဓိပ္ပါယ်။** ဤပါဌ်တို့၌ ဝိဝိဓ ဝိသေသ နယတ္တာ—ဟူသော ရှေးကူရာမူလဝါကျသည် အဓိပ္ပါယ်ချုံး၍ အကျဉ်းချုပ်ကိုပြသောကြောင့် သင်္ခေပဝါကျ, ဝိဝိဓာဒိ-စသော နောက် အကူမူလီဝါကျသည်၊ ထိုအဓိပ္ပါယ်ကို အကျဉ်းချုံးထားသော ရှေးကူရာမူလဝါကျ၏အကျဉ်းအဓိပ္ပါယ်ကို အကျယ်ချဲ့သောကြောင့် သင်္ခေပတ္ထ ဝိတ္ထာရဝါကျ မည်၏၊ နောက်အကူမူလီဝါကျ၌ ပါရှိသော ဟိ-နိပါတ်ပုဒ်ကား-ဝိတ္ထာရဇောတကမည်၏-ဟုမှတ်။

၃။ ဂုဋ္ဌသခ်ေပတ္တဝိတ္တာရဥဒါဟရဏာ-

သောမနဿာဒိနမေဝ အသာဓာရဏာ ဘာဝ-
တော၊ ဖဿာဒယော ဟိ ကေစိ သဗ္ဗစိတ္တသာဓာ-
ရဏာ၊ ကေစိ ကုသလာဒိသာဓာရဏာ၊မောဟာ-
ဒယော စ သဗ္ဗာကုသလသာဓာရဏာတိ န တေဟိ
သက္ကာ စိတ္တံ ဝိသေသေတုံ၊သောမနဿာဒယောပန
ကတ္ထစိ စိတ္တေ ဟောန္တိ ကတ္ထစိ စိတ္တေ န ဟောန္တီတိ
ပါကဋ္ဌေဝ တံဝသေန စိတ္တဿ ဝိသေသော။

[ဋီကာကျော်။]

**အနက်။** သောမနဿာ ဒိနမေဝ၊ သောမနဿ အစရှိ
သည်တို့၏သာလျှင်။ အသာဓာရဏာဘာဝတော၊ အလုံးစုံ
တို့နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့်။ သောမနဿာဒိ
ဘာဝေါဝ၊ သောမနဿ အစရှိသည်၏အဖြစ်ကို သာလျှင်။
ဝါ၊သောမနဿအစရှိသည်၏ အမည်ကိုသာလျှင်။ ဝုတ္တော၊
ဝက်ဝုစ်အားဖြင့်ဆိုအပ်၏။ ဣတိ၊ ဤကား။ ပရိဟာရော၊
ဝေမတိကင်း အာဘော်ရှင်းအောင် ထင်လင်းစွာဖြေဆို
ခြင်းတည်း။ တံ၊ ထိုမူလဝါကျ ဂုဋ္ဌတ္တ နှင့် သခ်ေပကို။
ဣမိနာ၊ဤဆိုလတ္တံ့သောဝိတ္ထာရေတဗ္ဗ သဘာဝဖြင့်။အဟံ၊
ငါသည်။ ဟိ-ဝိတ္ထာရေမိ၊ဖော်ပြချဲ့ဦးအံ့။ကိန္တိ၊ အသို့လျှင်။
ဝိတ္ထာရော၊အကျယ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဖဿာ
ဒယော၊ ဖဿ အစရှိကုန်သော။ ကေစိ၊ အချို့ကုန်သော
စေတသိက်တို့သည်။ သဗ္ဗစိတ္တသာဓာရဏာ၊ အလုံးစုံသော
စိတ်တို့နှင့် ဆက်ဆံကုန်၏။ ကေစိ၊ အချို့ကုန်သော ဝိတက်
စသော စေတသိက်တို့သည်။ ကုသလာဒိသာဓာရဏာ၊
ကုသိုလ်အစရှိသည်တို့နှင့် ဆက်ဆံကုန်၏။မောဟာဒယော

စ၊ မောဟ အစရှိကုန်သော စေတသိက်တို့ သည်လည်း။
သဗ္ဗာကုသလသာဓာရဏာ၊ အလုံးစုံသော အကုသိုလ်
စိတ်တို့နှင့် ဆက်ဆံကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေဟိ၊
ထိုဖဿ, ဝိတက်, မောဟ-စသော စေတသိတ် တို့ဖြင့်။
စိတ္တံ၊ စိတ်ကို။ ဝိသေသေတုံ၊ အထူးပြုခြင်းငှါ။ နသက္ကာ၊
မတတ်ကောင်း။ ပန၊ သူ့အာဘော်ပြ ဆန့်ကျင်လှ၍ နွယ
ထောက်ချင့် အသင့်ပြအံ့။ သောမနဿာဒယော၊-တို့သည်။
ကတ္ထစိ စိတ္တေ၊ အချို့သောစိတ်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။
ကတ္ထစိ စိတ္တေ၊-၌။နဟောန္တိ၊မဖြစ်ကုန်။ဣတိ၊-ထို့ကြောင့်။
တံဝသေန၊ ထိုသောမနဿစသည်တို့၏ အစွမ်းဖြင့်။ ဝါ၊
အမည်ဖြင့်။ စိတ္တဿ၊ စိတ်၏။ ဝိသေသော၊ အထူးသည်။
ပါကဋော၊ ထင်ရှားသည်သာလျှင်တည်း။ ဣတိ၊ဤကား။
ဝိတ္ထာရော၊အကျယ်တည်း။

**အဓိပ္ပါယ်။** ဤပါဠိတို့၌ သောမနဿာ ။ပ။ ဘာဝ
တော-ဟူသော ရှေးကူရာမူလဝါကျသည် အဓိပ္ပါယ်လည်း
ငုပ်-စကားလည်းကျဉ်းသောကြောင့် ဂူဠှသင်္ခေပတ္တဝါကျ,
ဖဿာဒယောဟိ- စသော နောက်အကူမူလိ ဝါကျသည်
အဓိပ္ပါယ်ငုပ်၍ စကားကျဉ်းသော ရှေးဂူဠှတ္ထသင်္ခေပတ္တဝါ
ကျကိုဖော်ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျမည်၏၊နောက်
အကူမူလိဝါကျ၌ ပါရှိသော ဟိ-နိပါတ်ပုဒ်ကား ဝိတ္ထာရ
ဇောတက မည်၏-ဟုမှတ်။

၄။ သဒ္ဒဂူဠှတ္ထဝိတ္ထာရ ဥဒါဟရဏ-

အတုလံတိ ဧတ္ထ တုလာယသမ္မိတောတုလျော၊
သောယေဝ ယကာရလောပဝသေန၊ န တုလော
အတုလော။ [ဋီကာကျော်။]

**အနက်။** အတုလံတိတ္တေ၊ အတုလံဟူသော ဤပုဒ်၌။ ဝိဂ္ဂဟော၊ ဝိဂြိုဟ်ကို။ ဝေံ၊ ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။ တုလာယ၊ ချိန်ခွင်ပမာ ဉာဏ်ပညာဖြင့်။ သမ္မိတော၊ နှိုင်း ချိန်အပ်သည်တည်း။ တုလျော၊ ချိန်ခွင် ။ပ။ အပ်သည်။ သောယေဝ၊ ထိုတုလျသည်သာလျှင်။ ယကာရလောပ ဝသေန၊ ယအက္ခရာကျေသည်၏အစွမ်းဖြင့်။ တုလော၊ တုလ ဖြစ်၏။ တုလော၊ ချိန်ခွင်ပမာဉာဏ်ပညာဖြင့် နှိုင်းချိန်အပ် သည်။ န၊ မဟုတ်။ အတုလော၊ ချိန်ခွင် ။ပ။ မဟုတ်။

**အဓိပ္ပါယ်။** ဤပါဠိတို့၌ အတုလံတိ တ္တေ– ဟူသော ရှေးကူရာမူလဝါကျသည် တုလဟူသော ဝိဂြိုဟ်ဝစနတ်နှင့် ပြယုဂ်ပြီးပုံ သဒ္ဒါငုပ်နေသောကြောင့် သဒ္ဒဂုဠ္ဟတ္ထဝါကျ, တုလာယစသောနောက် အကူမူလိဝါကျသည် သဒ္ဒါငုပ် သော သဒ္ဒဂုဠ္ဟတ္ထကိုဖော်ပြသောကြောင့် သဒ္ဒဂုဠ္ဟတ္ထဝိတ္ထာရ ဝါကျမည်၏။

**မှတ်ချက်။** ဤဝါကျတို့၌ ဟိ-စသော နိပါတ်ပုဒ်ကား မပါသောကြောင့် ဝိတ္ထာရဇောတကအဖြစ် အဘယ်သို့သိနိုင်ပါ အံ့နည်းဟု မေးငြားအံ့၊ ဝိတ္ထာရဇောတက ဟိ-စသည်မပါ သော်လည်း ဝါကျ၏သဘောလက္ခဏာကိုထောက်ဆသော အားဖြင့် သိနိုင်၏-ဟု အဖြေကိုမှတ်လေ။

၅။ အတ္ထဂုဠ္ဟတ္ထဝိတ္ထာရ ဥဒါဟရဏ–
ရတနတ္တယ ပဏာမော ဝုတ္တောတိ ရတနတ္တယ-
ပဏာမော ဟိ အတ္တတော ပဏာမကြိယာဘိနိပ္ဖါ-
ဒိကာ ကုသလစေတနာ။ [ဋီကာကျော်။]

**အနက်။** ရတနတ္တယပဏာမောဝုတ္တောတိ၊ — ဝုတ္တော ဟူသောပုဒ်၌။ အဝ္တော၊-ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တံ၊ ထိုမူလဝါကျဂုဠှတ္ထကို။ ဣမိနာ၊-ဖြင့်။ အဟံ၊-သည်။ ဟိ-ဝိတ္ထာရေမိ၊ ဖော်ဦးအံ့။ ကိန္တိ၊-လျှင်။ ဝိတ္ထာရော၊-သည်၊ ဟောတိ၊-နည်း။ အတ္ထတော၊ အနက်အားဖြင့်။ ပဏာမကြိယာဘိနိပ္ဖါဒိကာ၊ ရှိခိုးခြင်း ကြိယာကိုပြီးစေတတ်သော။ ကုသလစေတနာ၊ ကုသိုလ်စေတနာသည်။ ရတနတ္တယပဏာမော၊ ရတနတ္တယပဏာမမည်၏။

**အဓိပ္ပါယ်။** ဤပါဠိတို့၌ ရတနတ္တယပဏာမော- ဟူသော ရှေးကူရာမူလဝါကျသည် ရတနတ္တယပဏာမ၏ အရ အနက်မထင်ရှားမသိသာဘဲ ငုပ်လျှိုးနေသောကြောင့် အတ္ထဂုဠှတ္ထဝါကျ,ရတနတ္တယပဏာမောဟိ-စသောနောက် အကူမူလိဝါကျသည် ရတနတ္တယပဏာမော၏အရအနက် မထင်ရှားသည်ကို ထင်ရှားအောင် ဖော်ပြသောကြောင့် အတ္တဂုဠှတ္ထဝိတ္ထာရဝါကျမည်၏၊ နောက်ဝါကျ၌ပါရှိသော ဟိနိပါတ်ပုဒ်ကား- အတ္ထဂုဠှတ္ထဝိတ္ထာရ ဝါကျ ဇောတက မည်၏၊ ဂုဠှတ္ထဝိတ္ထာရ ဥဒါဟရဏ်ကိုလည်း အတ္ထဂုဠှတ္ထ ဝိတ္ထာရဝါကျသို့ သွင်းယူနိုင်၏ဟုမှတ်၊ ဤကဲ့သို့ သွင်းယူခြင်းမျိုးကို သိရှိနားလည်အောင် ဝါကျသဘောကို အားထုတ်ကြံစည်ရမည်။

**အမှာစကား။** ရှေးအကြောင်းပြ ဝါကျကို ချဲ့သည်ကား-ကာရဏဝိတ္ထာရဝါကျ,ရှေးအကျိုးဝါကျကို ချဲ့သည်ကား—ဖလဝိတ္ထာရဝါကျဟုမှတ်၊ ဂုဠှတ္ထသဒ္ဒါပတ္တဖြစ်ပုံကို ဆိုအပ်ပြီးသောနည်းကို မှီး၍သိကြကုန်။

## သခေ်ပဥဒါဟရဏ

ဟောန္တိစေတ္ထ။
သဗ္ဗာကုသလယုတ္တံပိ၊ ဥဒ္ဒစ္စံ အန္တိမာနသေ။
ဗလပ႑တိတံယေဝ၊ ဝုတ္တာမုဒ္ဒစ္စယောဂတော တိ။

**အနက်။** ဧ၊ ကျယ်ဝန်းလှစွာ ရှေးဝါကျကို တိက္ခမှတ်ရန် အကျဉ်းဖန်လျက် သဘောနက်ကို မိန့်မြွက်ဆိုအံ့။ ဧတ္ထ၊ ဤဥဒ္ဒစ္စသဟဂုတ်စိတ်၌။ သင်္ဂဟဂါထာယော၊ သင်္ဂဟဂါထာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကိံ ဟောန္တိ၊ အဘယ်သို့ဖြစ်ကုန်သနည်း။ သဗ္ဗာ။ ပ။ ယောဂတောတိ၊-ဟူကုန်သော။ သင်္ဂဟဂါထာယော၊-တို့သည်။ ဟောန္တိ၊-ကုန်၏။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စစေတသိက်သည်။ သဗ္ဗာကုသလယုတ္တံပိ၊ အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ငြားသော်လည်း။ အန္တိမာနသေ၊ နောက်ဆုံးစိတ်၌။ ဗလဝံ၊ အားရှိ၏။ ဣတိ၊ ထို့ကြောင့်။ တံယေဝ၊ ထိုနောက်ဆုံး စိတ်ကိုသာလျှင်။ ဥဒ္ဒစ္စယောဂတော၊ ဥဒ္ဒစ္စစေတသိက်နှင့်ယှဉ်သောအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

**အဓိပ္ပါယ်။** ဥဒ္ဒစ္စသဏ္ဍ သဗ္ဗာကုသလသာဓာရဏ ဘာဝေပိ။ ပ။ ဣဒမေဝတေန ဝိသေသေတွာဝုတ္တံ—ဟူသောရှေးဝါကျကား-ဝိတ္ထာရဝါကျ, ဟောန္တိစေတ္ထသဗ္ဗာ။ ပ။ယောဂတော—ဟူသော ဤနောက်ဝါကျကား-ရှေးအကျယ်ပြခဲ့ပြီးသော ဝိတ္ထာရဝါကျကို အကျဉ်းချုံးသောကြောင့် သခေ်ပဝါကျမည်၏၊ဟောန္တိစေတ္ထ၌ စ-ကားသခေ်ပဝါကျဇောတကဟုမှတ်။

## ၂—ဝါကျာရမ္ဘဝါကျဥဒါဟရဏ

ရတနတ္တယပဏာမော ဟိ။ ပ။ ကုသလစေတနာ၊
သာ စ ဝန္ဒနေယျဝန္ဒကာနံ ခေတ္တဇ္ဈာသယသမ္ပဒါ
ဟိ။ ပ။ ရောဂါဒိအန္တရာယာနံ အပ္ပဝတ္တိံ သာဓေတိ။
[ဋီကာကျော်။]

**အနက်။** ဟိ၊ ချဲဦးအံ့။ ရတနတ္တယပဏာမော၊- ပဏာမဟူသည်။ ပ။ ကုသလစေတနာ၊ ကုသိုလ် စေတနာသည်။ ဟောတိ၊-၏။ စ၊ ရှေးလာစကား မကုန်ခြား၍ ယုံမှားဒွိဟ မရှိရအောင် သုကကပ်ရန် လျဉ်းပါးဟန်ကို ဖော်လှန် ထုတ်ကာ ဆက်ပြပါအံ့။ သာ၊ ထိုကုသိုလ်စေတနာသည်။ ဝန္ဒနေယျဝန္ဒကာနံ၊ ရှိခိုးအပ်သော ရတနာသုံးပါး, ရှိခိုး တတ်သော ကျမ်းပြုဆရာတို့၏။ ခေတ္တဇ္ဈာသယသမ္ပဒါဟိ၊ ခေတ္တသမ္ပဒါ, အဇ္ဈာသယသမ္ပဒါတို့ဖြင့်။ ပ။ ရောဂါဒိအန္တရာယာနံ၊ ရောဂါအစရှိသော အန္တရာယ်တို့၏။ အပ္ပဝတ္တိံ၊ မဖြစ်ခြင်းကို။ သာဓေတိ၊ ပြီးစေ၏။

**အဓိပ္ပါယ်။** ရှေး၌ဆိုအပ်ပြီးသော-ရတနတ္တယပဏာမ ပယောဇနံ-ဟူသော အကျဉ်းစကားကို ရတနတ္တယပဏာ မောဟိ။ ပ။ ကုသလစေတနာ-ဟူသော ဝါကျဖြင့် အကျယ် ချဲပြ၏၊ ပယောဇနံ-ဟူသော စကားတစိတ်တဒေသ ကြွင်း ကျန်၍ မကုန်သေးရကား- ၎င်းစကားကို ကုန်စေခြင်းငှါ သာစ-စသော ဝါကျဖြင့် ဆက်လက်၍ ပြသောကြောင့် ၎င်းသာစ-စသော ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏၊ စ-ကား ဝါကျာရမ္ဘဇောတက-ဟုမှတ်၊ ဝါကျကို မပြတ် ခင်ဆက်၍လာသောကြောင့် ဥပဇ္ဈာသဝါကျဟူ၍လည်း ဆို

နိုင်၏၊ သဒ္ဒ,အတ္ထ,ကာရဏ,ဖလဝါကျာရမ္ဘ ၄-မျိုးတို့တွင် ပယောဇနံဟူသော အကြွင်းအဓိပ္ပါယတ္ထကိုဆက်လက်၍ ပြသောကြောင့် အတ္ထဝါကျာရမ္ဘဟုမှတ်။

### ၃—ကာရဏ် ဝါကျဥဒါဟရဏ

၁။ သဘာဝဥပကဟေတုဝါကျဥဒါဟရဏ—

မိစ္ဆာပဿတီတိ ဒိဋ္ဌိ၊ သာမညဝစနဿပိ ဟိ
အတ္ထပ္ပကရဏာဒိနာ ဝိသေသဝိသယတာဟောတီ
တိ ဣဓ မိစ္ဆာဒဿနမေဝ ဒိဋ္ဌီတိ ဝုစ္စတိ။
[ဋီကာကျော်။]

**အနက်။** ယာ၊ အကြင် သဘောတရားသည်။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သာ၊ ထိုသဘောတရားသည်။ ဒိဋ္ဌိ၊ ဒိဋ္ဌိမည်၏။တံ၊ ထိုရှေးလာစကား မလိုငြား၍ နောက်စကားပြန် အာဘော်လှန်လျက် ရှေးထံပယ်ရှား သူ့စကားသည်။နယုတ္တံ၊ မသင့်။ ကသ္မာ၊ အဘယ့်ကြောင့်။ နယုတ္တံ၊ မသင့်သနည်း။ ဟိ-ယသ္မာ၊အကြင့်ကြောင့်။ သာမညဝစနဿပိ၊ "ဒိဋ္ဌိ"ဟူသော သာမည စကား၏ လည်း။ အတ္ထပ္ပကရဏာ ဒိနာ၊ အနက်အရာ အစရှိသည်ဖြင့်။ဝိသေသဝိသယတာ၊ထူးသော အရာရှိသည်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ဣဓ၊ဤအကုသိုလ်အရာ၌။ မိစ္ဆာဒဿနမေဝ၊ မှားသောမြင်ခြင်းကိုသာလျှင်၊ ဒိဋ္ဌီတိ၊ဒိဋ္ဌိဟူ၍။ဝုစ္စတိ၊ဆိုသင့်၏။

**အဓိပ္ပါယ်။** ဤပါဠိတို့၌ မိစ္ဆာပဿတီတိဒိဋ္ဌိ-ဟူသော ရှေး ကူရာမူလ ဝါကျသည် မိစ္ဆာ သဒ္ဒါထည့်ခြင်း၏ အ

ကြောင်းဝါကျကိုထောက်ဆ၍ ဖလဝါကျမည်၏၊ သာမည ဝစနသဿပိဟိ-စသော နောက်အကူမူလီ ဝါကျသည် ရှေး ဖလဝါကျ၌ မိစ္ဆာသဒ္ဒါထည့်ခြင်း၏အကြောင်းကို ပြသော ကြောင့် ကာရဏဝါကျမည်၏၊ နောက်ကာရဏဝါကျ၌ ပါ ရှိသော ဟိနိပါတ်ပုဒ်ကား-ကာရဏဇောတကဟုမှတ်။

ဤဟိတ်ကား-ဗျတိရေကမဘက် သဘာဝသက်သက်ဖြင့် သိစေသောကြောင့် သဘာဝဉာပကဟိတ်တည်း၊သဒ္ဒသဘာ ဝ ဉာပကဟိတ်စသော ၄-ပါးတို့တွင် သမ္မာဒဿန,မိစ္ဆာ ဒဿန ၂-မျိုးရှိသည့်အနက် အရာအားလျော်စွာ မိစ္ဆာ ဒဿနသာဖြစ်သင့်သည်ဟု မိစ္ဆာအနက်ကို ဖော်ပြသော ကြောင့် အတ္ထသဘာဝ ဉာပကဟိတ် ဟူ၍သိ၊ ကြွင်းသော ဟိတ်တို့၏ ဥဒါဟရဏ်ကိုရှာ၍ထုတ်လေ။

**မှတ်ချက်။** ‘‘ရှေးလာစကား၊ မလိုငြား၍၊ နောက်စ ကားပြန်၊အာဘော်လှန်လျက်၊ရှေးထံပယ်ရှား၊သူ့စကား သည်’’ဟူသော ယောဇနာပုံနည်း၌ ရှင်းပြဦးအံ့၊ မိစ္ဆာ ပဿတီတိဒိဋ္ဌိ-ဟူသော ရှေးကူရာမူလဝါကျ၌ မိစ္ဆာ ဟူ သော ရှေးစကား,ပဿတီတိ ဒိဋ္ဌိ ဟူသော နောက်စကား ၂—ရပ်ကို ခွဲခြား၍ ရှေးဦးစွာသိနှင့် ထားရမည်၊ မိစ္ဆာ ဟူသော ရှေးစကားကို မနှစ်သက် အလိုမရှိသောကြောင့် ‘ရှေးစကားကိုမလိုငြား၍’ဟုဆိုသည်၊သဂြိုဟ်ကျမ်း၌ဒိဋ္ဌိဟူ သာမန်စကားသာလာသည် ဖြစ်၍ ‘‘ပဿတီတိဒိဋ္ဌိ’’ဟူ၍ သာဆိုသင့်၏ဟု အာဘော်ထားခြင်းကို ‘‘နောက်စကား ပြန် အာဘော်လှန်လျက်’’ဟုဆိုသည်၊ မိစ္ဆာသဒ္ဒါထည့်ခြင်း ကိုမကြိုက် မနှစ်သက်၍ မထည့်သင့်သည်ကို ‘‘ရှေးထံပယ်

ရှား”ဆိုသည်၊ စေ့ဒကစကား ဖြစ်၍ “သူ့စကား” ဟု ဆိုသည်-ဟူ၍မှတ်။

၂။ ဗျတိရေက ဉာပကဟေတုဥဒါဟရဏ-

သဗ္ဗဝစနာနမတ္ထော အက္ခရေဟေဝ သညာယတေ၊ အက္ခရဝိပ္ပတ္တိယံ ဟိ အတ္တဿ ဒုန္နယတာ ဟောတိ။ [ကစ္စည်းသဒ္ဒါကျမ်း။]

**အနက်။** သဗ္ဗဝစနာနံ၊ ခပ်သိမ်းသော ပါဠိတော်တို့၏။ အတ္ထော၊အနက်ကို။အက္ခရေဟေဝ၊အက္ခရာတို့ဖြင့်သာလျှင်။ သညာယတေ၊ကောင်းစွာသိအပ်၏။တံ၊ ထိုရှေးလာစကား မလိုငြား၍ နောက်စကားပြန် အာဘော်လှန်လျက် ရှေးထံ ပယ်ရှား သူ့စကားသည်။ နယုတ္တံ၊ မသင့်။ကသ္မာ၊အဘယ့် ကြောင့်။ နယုတ္တံ၊—နည်း။တသ္မိံ၊ ထို ရှေးလာထောက်ချင့် သူမြော်လင့်၍ ပယ်သင့်သောစကားသည်။ သတိပိ၊ ရှိငြား သော်လည်း။ ဟိ-ယသ္မာ၊အကြင့်ကြောင့်။ အက္ခရဝိပ္ပတ္တိယံ၊ အက္ခရာတို့၏ ဘောက်ပြန်ချွတ်ယွင်း ပျက်စီးခြင်းသည်။ သတိ၊ ရှိလတ်သော်။ အတ္တဿ၊ အနက်၏။ ဒုန္နယတာ၊ သိနိုင်ခဲသည်၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။တသ္မာ၊ ထို့ ကြောင့်။ နယုတ္တံ၊ မသင့်။

[ဤကား-ဗျတိရေကဉာပကဟိတ်ဥဒါဟရဏ်တည်း။]

တနည်း—

သဗ္ဗဝစနာနမတ္ထော အက္ခရေဟေဝ သညာယတေ၊ အက္ခရသမ္ပတ္တိယံ ဟိ အတ္တဿ သုနယတာ ဟောတိ။

[ဤကား-အတိရေက၊ ဟိနှင့်ပြ၊ ဝက်ဥဇုရှင်း-ဟူသော နိယာမ်နှင့်အညီ အန္ဝယဥဇုဝုစ် ဥဒါဟရဏ်တည်း။]

**အနက်။** သဗ္ဗဝစနာနံ-တို့၏။ အတ္ထော-ကို။ အက္ခရေ ဟေဝ-တို့ဖြင့်သာလျှင်။ သညာယတေ- အပ်၏။ တံ၊ ထို ရှေးလာစကား ။ပ။ သူ့စကားသည်။ နယုတ္တံ၊ မသင့်။ ကသ္မာ-ကြောင့်။ နယုတ္တံ-နည်း။ တသ္မိံ-သည်။ သတိပိ၊ ရှိငြားသော်လည်း။ ဟိ-ယသ္မာ- ကြောင့်။ အက္ခရသမူဟတ္တိ ယံ၊ အက္ခရာတို့၏ မဘောက်မပြန် မချွတ်မယွင်း ပြည့်စုံ ခြင်းသည်။ သတိ-သော်။ အတ္ထဿ-၏။ သုနယတာ၊ ကောင်းစွာ သိအပ်သည်၏ အဖြစ်သည်။ ဟောတိ-၏။ တသ္မာ-ကြောင့်။ နယုတ္တံ၊ မသင့်။

**မှတ်ချက်။** ဤသို့ ဗျတိရေက-ဟိနှင့်ပြရာ၌ ဝက်ဝစ်အ ကြောင်း, ဥဇုဝုစ် အကြောင်း ၂-ပါးခွဲ၍ ရှင်းယူရာ၏၊ ဗျတိရေကဟိတ်ကို ဥဇုဝုစ်ပြန်လိုက်သည် ရှိသော်-ဋင်း ဥဇု ဝုစ်ဟိတ်သည် သဘာဝဉာပကဟိတ်ဖြစ်၏၊ အန္ဓယဟိတ်ဟူ၍ လည်း ဆိုနိုင်၏။

၃။ ကာရိယဉာပကဟေတုဥဒ္ဒါဟရဏ—

သမေတာ ယသ္မာသံဃေန၊ သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသုဝိဟရတီတိ။

[ပါဠိမောက်။]

**အနက်။** အာယသ္မာ၊ အရှင် ဘုရားသည်။ သံဃေန၊ သံဃာတော်နှင့်။ သမေတု၊ **အယူသီလ** တူမျှပါလေ့။ တံ၊ ထိုရှေးလာစကား ။ပ။ သူ့စကားသည်။ နယုတ္တံ၊ မသင့်။ ကသ္မာ- ကြောင့်။ နယုတ္တံ-နည်း။ တသ္မိံ-သည်။ သတိပိ- သော်လည်း။ ဟိ-ယသ္မာ-ကြောင့်။ သမဂ္ဂေါ၊ ညီညွတ်သော။ သမ္မောဒမာနော၊ ဝမ်းမြောက် ဝမ်းသာ ပြောဆိုသော။

အဝိဝဒမာနော၊ ငြင်းခုံခြင်းမရှိသော။ ကေုဒ္ဒေသော။ တူသော ပါတိမောက်ပြခြင်းရှိသော။ သံဃော၊ သံဃာသည်။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ တသ္မာ၊ ထိုသို့ ချမ်းသာစွာ နေရခြင်း အကျိုးရှိ သည်၏ အဖြစ်ကြောင့်။ နယုတ္တံ၊ မသင့်။

[ဤကား-ကာရိယ ဉာပကဟေတု ဥဒါဟရဏ်တည်း။]

**မှတ်ချက်။** "ရှေးလာစကား မလိုငြား၍" ဟူသည်-ညီညွတ်ပါဟု တိုက်တွန်းခြင်းကိုစောဒကတို့က အလိုမရှိသည်ကို ဆို၏၊ "နောက်စကားပြန် အာဘော်လှန်လျက် ရှေးထံပယ်ရှား သူ့စကားသည်မသင့်"ဟူသည်-သံဃာတော်သည် မညီမညွတ် ဝမ်းမြောက်ဝမ်းသာ မပြောဆို ငြင်းခုံနေ၏၊ အတူတကွ ပါတိမောက် မပြသော်လည်း တစုံတခုအကျိုးအပြစ်မရှိသောကြောင့် သမေတ-ဟု ရဟန်းများက တိုက်တွန်းသော စကားသည် မသင့်-ဟု စောဒကများက ဖယ်ရှားသည်၊ ထိုသို့ဖယ်ရှားသော စောဒက စကားသည် မသင့်ဟူ၍ဆိုလိုသည်၊ သဒ္ဒ,အတ္ထ,ကာရဏ,ဖလကာရိယ ဉာပကဟိတ် ၄-မျိုးတို့တွင် အဘယ်၌ဝင်သည်ကို နည်းမှီး၍ ကြံလေ။

## ၄—ဖလဝါကျ ဥဒါဟရဏ

ကတ္တုကရဏဝသေန နိဗ္ဗစနံ ပရိယာယကထာ တိ ဒဋ္ဌဗ္ဗံ။ ပ။ ပရိယာယတောဝလဗ္ဘတိ၊ တထာနိဒဿနံ ပန ဓမ္မသဘာဝ ဝိနိမုတ္တဿ ကတ္တာဒိနော အဘာဝပရိဒီပနတ္ထန္တိ ဝေဒိတဗ္ဗံ။

[ဋီကာကျော်။]

**အနက်**။ ကတ္တုကရဏဝသေန၊ ကတ္တား ကရိုဏ်းတို့၏ သတ္တိအစွမ်းဖြင့်။ နိဗ္ဗစနံ၊ ဝိဂြိုဟ်ကို။ ပရိယာယကထာတိ၊ ပရိယာယ်စကားဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပ။ ကတ္တုဘာဝေါစ၊ ကတ္တုသတ္တိကို၎င်း။ ကရဏတ္တဉ္စ၊ ကရိုဏ်းသတ္တိကို၎င်း။ ပရိယာယတော၀၊ ပရိယာယ်အားဖြင့်သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ပန၊ ရှေးလာဝက် သူပယ်ချ၍ ရှင်းပြပြီးဝယ် တစွန်းတွယ်လျက် သူမပယ်နိုင် ကိုယ့်ဘက်ပိုင်ရေး ဆင့်၍ မေးက အကျိုးပြအံ့။ တထာနိဒဿနံ၊ ထိုသို့ကတ္တုသာဓန, ကရဏသာဓန နှစ်ပါးကို ပြခြင်းသည်။ ဓမ္မသဘာဝဝိနိမုတ္တဿ၊ ပရမတ္ထဓမ္မသဘောမှလွတ်သော။ ကတ္တာဒိနော၊ ကတ္တားအစရှိသည်၏။ အဘာဝပရိဒီပနတ္ထံ၊ မရှိခြင်းကိုပြခြင်းအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဉာတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**မှတ်ချက်**။ “ရှေးလာဝက်သူပယ်ချ၍။ ပ။ အကျိုးပြအံ့” ဟူသော ယောဇနာပုံနည်း၌ရှင်းပြဦးအံ့။ စိန္တေတီတိစိတ္တံ-စသောပါဠိများကို ပရိယာယ် ဥပစာဖြစ်၍ “ရှေးလာဝက်”ဟုဆိုသည်၊ ဝက်ဝံ့ဖြစ်၍ စောဒကများက မနှစ်သက်နိုင်ခြင်းကို “သူပယ်ချ၍”ဟု ဆိုသည်၊ ကတ္တုကရဏဝသေန။ ပ။ လဗ္ဘတိ-ဖြင့် ရှင်းပြခြင်းကို “ရှင်းပြပြီးဝယ်” ဟုဆိုသည်၊ ထိုသို့ရှင်းပြသည့်အတွက် စောဒကများက မပယ်နိုင်ခြင်းကို “သူမပယ်နိုင်” ဆိုသည်၊ အကြောင်းစုံလင်စွာ ရှင်းပြသော်လည်း အကျိုးကိုမပြသေး၍ အကျိုးကိုပြရန်လိုခြင်းကို “တစွန်းတွယ်လျက်” ဆိုသည်၊ ပရိဟာရဆရာက အကြောင်း ယုတ္တိပြ၍ ဖြေဆိုခြင်းကြောင့် ပိုင်နိုင် ရကား “ကိုယ့်ဘက်ပိုင်ရေး”ဆိုသည်၊ အကျိုးကိုထပ်ဆင့်၍ စော

ဒကဆရာများက မေးရန်ရှိသည်ကို "ဆင့်၍မေးက"ဟုဆို သည်၊ တထာနိဒဿနံပန-စသောဝါကျကား- အကျိုးကိုပြ သော ဖလဝါကျဖြစ်၏၊ ဤဖလဝါကျကို သဒ္ဒဖလဝါကျဟု ဆိုသင့်၏၊အတ္ထဖလဝါကျစသည်များကို ရှာကြံ၍ထုတ်လေ။

## ၅—ဝိသေသဝါကျဥဒါဟရဏ

တတ္ထ ရတနတ္တယပဏာမပ္ပယောဇနံ တာဝ ဗဟုဓာ ပပ္ပဉ္စေန္တိ အာစရိယာ၊ ဝိသေသတော ပန အန္တရာယနိဝါရဏံ ပစ္စာသီသန္တိ။
[ဋီကာကျော်။]

**အနက်။** တတ္ထ၊ ထိုသမ္ဗာသမ္ဗုဒ္ဓမတုလံ-အစရှိသော ကျမ်း၏အစ၌။ ရတနတ္တယပဏာမပ္ပယောဇနံ၊ ရတနာ တို့၏ သုံးပါးတို့၏ အပေါင်းအား ရှိခိုးခြင်း၏ အကျိုးကို။ အာစရိယာ၊ ဋီကာဆရာတို့သည်။ တာဝ၊ ရှေးဦးစွာ။ ဗဟု ဓာ၊ များသောအပြားတို့ဖြင့်။ ပပ္ပဉ္စေန္တိ၊အကျယ်ချဲ့ကုန်၏။ ပန၊ တစွန်းငြိရန် အာသင်္ကာကြောင့် သာမန်စကားလျဉ်း ပါးရှိရာ စွန့်ခွာအထူး ပြဆိုဦးအံ့။ ဝိသေသတော၊ အထူး အားဖြင့်။အန္တရာယနိဝါရဏံ၊ အန္တရာယ်ကိုတားမြစ်ခြင်း ကို။ အာစရိယာ၊ အဋ္ဌကထာဆရာတို့သည်။ ပစ္စာသီသန္တိ၊ တောင့်တတော်မူကြကုန်၏။

**မှတ်ချက်။** "တစွန်းငြိရန် အာသင်္ကာကြောင့် သာမန် စကား လျဉ်းပါးရှိရာ စွန့်ခွာအထူး ပြဆိုဦးအံ့"-ဟူသော ယောဇနာပုံနည်း၌ ရှင်းပြ ဦးအံ့။ တတ္ထ- စသော ရှေး ကူရာမူလဝါကျသည် သာမညဝိသေသ အစွန်း နှစ်ပါးတို့

တွင် သာမညဖြစ်၍ ဝိသေသအစွန်းမပါရကား "တစွန်းငြိရန်"ဟုဆိုသည်၊ ၎င်းသာမညဖြစ်သော၊ စကားအတိုင်းပင်ယူရမည်လောဟု ယုံမှားရှိခြင်းကို "အာသင်္ကာကြောင့်"ဟုဆိုသည်၊ ၎င်းကူရာမူလ ရှေးဝါကျသည် ဝိသေသ အစွန်းမပါသောကြောင့် "သာမန်စကား"ဟုဆိုသည်၊ သာမန်စကားဖြစ်၍ ဝိသေသအစွန်းကို မေးရန် ရှိသောကြောင့် "လျှဦးပါးရှိရာ"ဟု ဆိုသည်။

[ဤဥဒါဟရဏ်-မည်သည့်ဝိသေသဝါကျ ဖြစ်ကြောင်းကြံလေ။]

## ၆–တပ္ပါကဋ္ဌိကရဏဝါကျဥဒါဟရဏ

၁။ လီနဗျတိစာရတပ္ပါကဋ္ဌိကရဏ ဥဒါဟရဏ—

သော သဟဇာတာနံ အာရမဏာဘိနိရောပနလက္ခဏော၊ ယထာဟိကောစိ ဂါမဝါသီပုရိသော ရာဇဝလ္လဘံ သမ္ဗန္ဓိနံ မိတ္တံ ဝါ နိဿာယ ရာဇဂေဟံ အနုပဝိသတိ၊ ဧဝံ ဝိတက္ကံ နိဿာယ စိတ္တံ အာရမဏံ အာရောဟတိ။ [ဋီကာကျော်။]

**အနက်။** သော၊ ထိုဝိတက်သည်။ သဟဇာတာနံ၊ အတူတကွဖြစ်ကြသောတရားတို့ကို။ အာရမဏာဘိ နိရောပန လက္ခဏော၊ အာရုံသို့ ရှေးရှုတင်ပေးခြင်း လက္ခဏာရှိ၏။ ဟိ၊ မူလဝါကျ လီနတ္ထကြောင့် ဒိဋ္ဌဟမကောင်း ဗျတိလင်းရာ လီနတ္ထာကို ပမာဆောင်ကာ ထင်စွာခွဲဝေပြဆိုပေအံ့။ ကောစိ၊ တစုံတယောက်သော။ ဂါမဝါသီ၊ ရွာ၌နေလေ့ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ရာဇဝလ္လဘံ၊

မင်းကျွမ်းဝင်သော သူကိုဌင်း။ သမ္ဗန္ဓိနံ၊ မင်းနှင့်စပ်သော။ မိတ္တံဝါ၊ အဆွေခင်ပွန်းကိုဌင်း။ နိဿာယ၊ မှီ၍။ ရာဇဂေဟံ၊ မင်းအိမ်သို့။ အနုပဝိသတိယထာ၊ ဝင်၏သို့။ ဧဝံ၊ ဤအတူ။ ဝိတက္ကံ၊ ဝိတက်ကို။ နိဿာယ၊ မှီ၍။စိတ္တံ၊စိတ်သည်။ အာရမဏံ၊ အာရုံသို့။ အာရောဟတိ၊ တက်၏။

**မှတ်ချက်။** "မူလဝါကျ လီနတ္တကြောင့် ဒွိဟမကင်း ဗျတ်လင်းရာ လီနတ္တာကို ပမာဆောင်ကာ ထင်စွာ ခွဲဝေ ပြဆိုပေအံ့" ဟူသော ယောဇနာပုံနည်း၌ ရှင်းပြ ဦးအံ့။ သောသဟဇာတာနံ–စသော ရှေး ကူရာမူလဝါကျ စကားသည်ကွယ်ဝှက်သောစကားဖြစ်၍ စောဒကများ ဉာဏ်၌ မရှင်းလင်းသောကြောင့်ယထာဘူတဟုတ်မှန်ရာကျအောင် အဓိပ္ပါယ်သဘာဝကို မသိနိုင်ရကား "မူလဝါကျ လီနတ္တကို" ဟုဆိုသည်၊ဌင်းမူလဝါကျသည်လီနတ္တဖြစ်ခြင်းကြောင့် သမ္ဘဝ သာမညဖြစ်ရကား "ဒွိဟမကင်း" ဟု ဆိုသည်၊ သမ္ဘဝ သာမညဖြစ်၍ ဧကန္တကတထစ်ချ မယူနိုင်သောကြောင့် "ဗျတ်လင်းရာ" ဟု ဆိုသည်။

၂။ အာသက်ဗျတ်စာရတပ္ပါကဋီကရဏာဥဒါဟရဏာ-
စတ္တာရော ဝိဓာ ပကာရာ အဿာတိ စတုဗ္ဗိဓံ၊
ယသ္မာပနေတေစတုဘမ္မကာဓမ္မာ အနုပုဗ္ဗပဏီတာ
တသ္မာ ဟိ နက္ကဋ္ဌုက္ကဋ္ဌတရတမာနက္ကမေန တေသံ
နိဒ္ဒေသောကတော။ [ဋီကာကျော်။]

**အနက်။** အဿ၊ ထိုစိတ်အား။ စတ္တာရော၊ လေးပါးကုန်သော။ ဝိဓာပကာရာ၊ အပြားတို့သည်။သန္တိ၊ရှိကုန်၏။ ဣတိ၊ထို့ကြောင့်။ စတုဗ္ဗိဓံ၊-မည်၏။ ပန၊ အာဘော်ဝှက်

လှ အာသက်ကို ကင်းပအောင်သာ ကြောင်းကျိုးဖြာလျက် ထင်စွာမြွက်အံ့။ ယသ္မာ၊ အကြင့်ကြောင့်။ စတုဘုမ္မကာ၊ ဘုံလေးပါး၌ဖြစ်ကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ အနုပုဗ္ဗပဏ္ဏတ္တာ၊ အစဉ်အတိုင်းမြတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဟိ နုက္ကဋ္ဌုက္ကဋ္ဌတရတမာ နုက္ကမေန၊ အယုတ်, အမြတ်,အထူးသဖြင့် အမြတ်,အလွန်အထူးသဖြင့် အမြတ်တို့၏ အစဉ်အားဖြင့်။ တေသံ၊ ထိုဘုံလေးပါး၌ ဖြစ်ကုန်သောတရား တို့၏။ နိဒ္ဒေသော၊ ညွှန်ခြင်းကို။ ကတော၊ ပြုအပ်၏။

[လိနာသက် ဇျာတိစာရ တပ္ပါက ဋ္ဌီကရဏာဉဒ္ဒါဟရဏ်ကို ကြံ၍ ထုတ်လေ။]

## ၇-ဒဋ္ဌီကရဏဝါကျဉဒ္ဒါဟရဏ

၁။ သဘာဝယုတ္တိဒဠှီကရဏ ဉဒ္ဒါဟရဏ-

အထဝါ စက္ခတိ ရူပံ အဿာဒေန္တိဝိယ ဟောတီတိ စက္ခု၊စက္ခတီတိ ဟိ အယံသဒ္ဒေါ မဓုံစက္ခတိ ဗျဉ္ဇနံ စက္ခတီတျာ ဒိသုဝိယ အဿာ ဒနတ္ထော ဟောတိ။ [ဋ္ဌီကာကျော်။]

**အနက်။** အထဝါ၊ ဤဆိုလတ္တံ့သည်ကား နည်းတပါးတည်း။ ယံ၊အကြင်တရားသဘောသည်။ ရူပံ၊ ရူပါရုံကို။ စက္ခတိအဿာဒေန္တိဝိယ ဟောတိ၊ သာယာသကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုတရားသဘောသည်။ စက္ခု၊ စက္ခုမည်၏။ တံ၊ ထိုထူးဆန်းရကား သူယုံမှား၍ ပယ်ရှားလိုရာ'မပယ်သာပေ မြဲနိုင်စေအပ်သော ရှေးဒဠှီယစကားသည်။ ဣမိနာ။ ဤဆိုလတ္တံ့သော ဒဠှီကရဏစကား

ကြောင့်။ဟိ-သစ္စံ၊မှန်၏။ ဝါ၊ ဟိ-ယုတ္တံ။သင့်၏။ ကိန္တု၊ အသို လျှင်။သစ္စံ၊မှန်သနည်း။ကသ္မာ၊အဘယ့်ကြောင့်။သစ္စံ၊ မှန်သနည်း။ စက္ခုတီတိ အယံသဒ္ဒေါ၊ စက္ခတိဟူသော ဤသဒ္ဒါသည်။ ဝါ၊ စက္ခုဓါတ်သည်။ မဓုံ၊ ပျားအရသာကို။စက္ခတိ၊ သာယာ၏။ ဗျဉ္ဇနံ၊ ဟင်းလျာကို။ စက္ခုတိ၊ သာယာ၏။ ဣတျာဒိသုဝိယ၊ဤသို့အစရှိသော ပါဠိတို့၌ ကဲ့သို့။အဿာဒနတ္ထော၊သာယာခြင်းအနက်ရှိသည်။ဟောတိ၊ဖြစ်၏။ဣတိ၊-သို့။ သစ္စံ၊မှန်၏။ တနည်း-တသ္မာ၊ထို့ကြောင့်။သစ္စံ၊မှန်၏။ ဣတိ၊ဤသို့။တံ၊ထိုမူလဝါကျ ဒဠှိယပြသဘာဝကို။ဝေဒိတဗ္ဗံ၊ သိအပ်၏။

**မှတ်ချက်။** "ထူးဆန်းရကား သူယုံမှား၍ ပယ်ရှားလိုရာ မပယ်သာပေ မြဲခိုင်စေအပ်သော ရှေးဒဠှိယစကားသည်" ဟူရာ၌ ရှင်းပြဦးအံ့၊ စောဒကဆရာ၏ အာဘော်ထားကား-စက္ခ-အာစိက္ခဏေဟု ဓါတ်နက်ရှိခြင်းကြောင့် ဟောကြားခြင်းအနက်ကို သာယူသင့်၏၊ ဟောကြားခြင်းအနက်မှ တပါးသောသာယာခြင်းအစရှိသော အနက်ကို ဟောခြင်းသည် မကြားစဘူးအလွန်ထူးသည်၊ ထို့ကြောင့် အထဝါ-စသော ရှေးဖြစ်သော မူလဝါကျသည် "ထူးဆန်း" သည်ဟုဆိုသည်၊ ထူးဆန်းသောကြောင့် သင့်မသင့် ယုံမှားခြင်းဖြစ်ရကား "သူယုံမှား၍" ဟုဆိုသည်၊ မသင့်ဟုပယ်ခြင်းကို "ပယ်ရှားလိုရာ" ဟုဆိုသည်၊ စောဒကများက ပယ်ချင်သောဝါကျဖြစ်၍ မခိုင်မြဲသည် ဖြစ်ရကား ခိုင်မြဲစေအပ်သောကြောင့် ရှေးဝါကျသည် ဒဠှိယဝါကျဖြစ်သည်၊ နောက် ဝါကျကား-နု-မဖြစ်ဘဲ အသင့်ယုတ္တိကိုပြသောကြောင့် သဘာဝယုတ္တိ ဒဠှီကရဏ-ဟုမှတ်။

၂။ ဗျတိရေကယုတ္တိဒင်္ဂီကရဏဥဒါဟရဏ—

န ကုသလဝိနာသနတော၊ န ဟိ ကုသလာ အကုသလေဟိပဟာတဗ္ဗာ၊ မဟာဗလဝတာယ ပန ကုသလာယေဝ ပယောဂနိပ္ဖာဒိတာ သဒါနုသယိတော အကုသလေ တဒင်္ဂဝိက္ခမ္ဘန သမုစ္ဆေဒ ဝသေန ပဇဟန္တီတိ။

[မူလဋီကာ။]

**အနက်။** ကုသလဝိနာသနတော၊ ကုသိုလ်ကို ဖျက်ဆီးတတ်သောကြောင့်။ တပ္ပဋိပက္ခဘာဝေါ၊ ထိုကုသိုလ်၏ဆန့်ကျင်ဘက်၏အဖြစ်ကို။ နဝေဒိတဗ္ဗော၊ မသိအပ်။ တံ၊ ထိုထူးဆန်းရကား သူယုံမှား၍ ပယ်ရှားလိုရာ မဖယ်သာပေ မြဲခိုင်စေအပ်သော ရှေးဒင်္ဂီယစကားသည်။ ဣမိနာ၊ ဤဆိုလတ္တံ့သော ဒင်္ဂီကရဏ စကားကြဖြင့်။ ဟိ-သစ္စံ၊ မှန်၏။ ကိန္တိ၊ အသို့လျှင်။ သစ္စံ၊ မှန်သနည်း။ (ကသ္မာ၊ သစ္စံ)။ အကုသလေဟိ၊ အကုသိုလ်တို့သည်။ ကုသလာ၊ ကုသိုလ်တို့ကို။ နပဟာတဗ္ဗာ၊ မပယ်အပ်ကုန်။ ပန၊ မူလဝါကျ ဆန့်ကျင်လှ၍ နှယထောက်ချင့် အသင့်ပြအံ့။ မဟာဗလဝတာယ၊ ကြီးသော အားရှိသည်၏အဖြစ်ကြောင့်။ ကုသလာယေဝ၊ ကုသိုလ်တို့သည်သာလျှင်။ ပယောဂနိပ္ဖာဒိတာ၊ လုလ္လဖြင့်ပြီးစေအပ်ကုန်သည်။ဟုတ္တာ၊ ဖြစ်ကုန်၍။ သဒါနုသယိတော၊ အချင်းခပ်သိမ်း အနုသယသည် ကိန်းအပ်ကုန်သော။ အကုသလေ၊ အကုသိုလ်တို့ကို။ တဒင်္ဂဝိက္ခမ္ဘန သမုစ္ဆေဒဝသေန၊ တဒင်ပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့၏အစွမ်းဖြင့်။ ပဇဟန္တိ၊ ပယ်စွန့်ကုန်၏။ ဣတိ၊ ဤသို့။

သစ္စံ၊ မှန်၏။ ဣတိ၊ သို့။ တံ၊ ထိုဒဋ္ဌိယပြသဘာဝကို။ ဝေဒိ-တဗ္ဗံ၊ သိအပ်၏။

၃။ အာဂမဒဠ္ဌိကရဏာဥဒါဟရဏာ—

သစေဘိက္ခုနုပဿယတော အမုယောဇနဗ္ဘန္တ-ရေ ဩဝါဒဒါယကာ ဘိက္ခူနဝသန္တိ။ အယံအ-ဘိက္ခုကော အာဝါသောနာမ၊ တတ္ထ ဝဿံ နဝသိ-တဗ္ဗံ၊ဝုတ္တဥ္စေတံ အဘိက္ခုကောနာမ အာဝါသော န သက္ကာ ဟောတိ ဩဝါဒါယ ဝါ သံဝါသာယဝါ-ဂန္တုန္တိ။

[ပါစိတျာဒိအဋ္ဌကထာ။]

**အနက်။** ဘိက္ခုနုပဿယတော၊ ရဟန်းယောကျ်ား တို့၏ကျောင်းမှ။ အမုယောဇနဗ္ဘန္တရေ၊ ယူဇနာခွဲ၏ အ တွင်း၌။ဩဝါဒဒါယကာ၊အဆုံးအမကိုပေးတတ်ကုန်သော။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့သည်။ သစေနဝသန္တိ၊ အကယ် ၍ မနေကုန်သည်ဖြစ်အံ့။ ဝေသတိ၊ ဤသို့မနေသည်ရှိသော်။ အယံ၊ ဤအရပ်သည်။ အဘိက္ခုကော၊ ရဟန်းယောကျ်ား မရှိသော။ အာဝါသောနာမ၊ နေရာမည်၏။ တတ္ထ၊ ဤအရပ် ၌။ ဝဿံ၊ ဝါဆို၍နေရခြင်းကို။ နဝသိတဗ္ဗံ၊ မနေအပ်။ တံ၊ ထို ထူးဆန်းရကား။ပ။ရှေးဒဋ္ဌိယ စကားသည်။ ဣဓိနာ၊ အာဂမဖြင့်။ ဟိ-သစ္စံ၊ မှန်၏။ ကိန္တိ၊-လျှင်၊ သစ္စံ၊- နည်း။ (ကသ္မာ၊ သစ္စံ)။ အဘိက္ခုကောနာမအာဝါသော ။ပ။ ဂန္တုန္တိ၊-ဂန္တုံဟူသော။ တော်၊ ဤစကားကို။ ဝုတ္တံ၊ ဟော တော်မူအပ်ပြီ။ ဣတိ၊-သို့။ သစ္စံ၊-၏။(တသ္မာ၊သစ္စံ)။ဣတိ၊-သို့။ တံ၊ ထိုဒဋ္ဌိယပြ သဘာဝကို။ ဝေဒိတဗ္ဗံ၊-၏။

## ၈—ပကၡန္တရဝါကျဥဒ္ဒါဟရဏာ

ပကရဏာမိဒမာရဘန္တော။ပ။ဒဿေတုံ သမ္မာ-သမ္ဗုဒ္ဓံတျာဒိမာဟ၊ ထွေ။ပ။ ဝုတ္တော၊ အဘိဓမ္မတ္ထသင်္ဂဟန္တိဧတေန။ ပ။ ပရိဒီပနတော၀။ ပယောဇနံ ပန သင်္ဂဟပဒေန သာမတ္ထိယတော ဒဿိ-တမေဝ။

[ဋီကာကျော်။]

**အနက်။** ဣဒံပကရဏံ၊-ကို။ အာရဘန္တော၊-သည်။ ။ပ။ ဒဿေတုံ၊-ငှာ။ သမ္မာသမ္ဗုဒ္ဓံတျာဒိံ၊-ကို။ အာဟ၊-ပြီ။ ဟိ၊ ချဲ့ဦးအံ့။ ထွေ၊-၌။ ။ပ။ ဝုတ္တော၊-အပ်၏။ အဘိဓမ္မတ္ထသင်္ဂဟန္တိဧတေန၊-ဖြင့်။ပ။ အတ္ထာနုဂတသမညာပရိဒီပနတော၀၊ အနက်သို့ အစဉ်လိုက်သော အမည်ကို ပြခြင်းကြောင့်ရင်း။ ပန၊ ပေါင်းပြီးစိတ်ဖြာ မကုန်ပါ၍ စုဒ်လာရှိငြား သူ့စကားကြောင့် တပါးပက္ခ ထုတ်၍ပြအံ့။ ပယောဇနံ၊ ကျမ်း၏အကျိုးကို။ သင်္ဂဟပဒေန၊ သင်္ဂဟဟူသော ပုဒ်ဖြင့်။ သာမတ္ထိယတော၊ စွမ်းနိုင်သော သတ္တိအားဖြင့်။ ဒဿိတမေဝ၊ ပြအပ်သည်သာလျှင်တည်း။

**မှတ်ချက်။** "ပေါင်းပြီးစိတ်ဖြာ မကုန်ပါ၍ စုဒ်လာရှိငြား သူ့စကားကြောင့် တပါးပက္ခ ထုတ်၍ပြအံ့" ဟူရာ၌ရှင်းပြဦးအံ့ ပကရဏာမိဒမာရဘန္တော။ ပ။ မာဟတိုင်အောင်သော ဝါကျသည် ရတနတ္တယပဏာမ, အဘိဓေယျ, ကရဏပ္ပကာရ, ပကရဏာဘိဓာန, ပယောဇန ငါးပါး အပေါင်းကို ပြဆိုသော ဝါကျဖြစ်သည်။ ထွေဟိ။ပ။ ဝုတ္တော ဟူသော ဝါကျသည် ရတနတ္တယပဏာမ တည်းဟူသော တစိတ်ကိုပြသည်၊ အဘိဓမ္မတ္ထသင်္ဂဟန္တိ။ပ။ ပရိဒီပနတော

စ-ဟူသောဝါကျသည် အဘိဓေယျ, ကရဏပ္ပကာရ, ပကရဏာဘိဓာန သုံးပါး တည်းဟူသော အင်္ဂါတစိတ်ကို ပြသည်၊ သို့သော်မကုန်သေး ပယောဇန တည်းဟူသော တစိတ် အင်္ဂါတပါး ကျန်သေး၏၊ ထိုသို့မကုန် သေးသည့် . အတွက် ပယောဇန တည်းဟူသော အင်္ဂါတပါးကား အဘယ်ပါနည်း-ဟု မေးရန်ရှိနေ သေးသောကြောင့် "ပေါင်းပြီးစိတ်ဖြာ မကုန်ပါ၍ စုဒိလာရှိငြား သူ့စကားကြောင့်" ဟူ၍ဆိုလိုက်သည်။

## ၉—အနွယဝါကျဥဒါဟရဏ

သမ္ဗယောဂါဘိဓာနာစ၊န တံ ရူပန္တိ နိစ္ဆယော။
အရူပိနံ ဟိ ခန္ဓာနံ၊ သမ္ဗယောဂေါ ပဝုစ္စတိ။
[ဋီကာကျော်။]

**အနက်။** သမ္ဗယောဂါဘိဓာနာစ၊ သမ္ဗယုတ်ကို ဟောတော်မူခြင်းကြောင့်လည်း။ တံ၊ ထိုမိဒ္ဓသည်။ ရူပံ၊ ရုပ်သည်။နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ နိစ္ဆယော၊ ဆုံးဖြတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ။ဟိ၊ မူလဝါကျ ဆန့်ကျင်လှ၍ ယူရနက်သင့် အလျော်ချင့်လျက် အသင့်ပြအံ့။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ခန္ဓာနံ၊ခန္ဓာတို့၏။သမ္ဗယော-ဂေါ၊ သမ္ဗယုတ်ကို။ ပဝုစ္စတိ၊ အပြားအားဖြင့်ဆိုအပ်၏။

**အဓိပ္ပါယ်။** ရှေးဝါကျဖြင့် မိဒ္ဓသည် ရုပ်မဟုတ်-ဟု ဗျတိရေကအားဖြင့် ဆုံးဖြတ်ပြီး၍ နောက်ဝါကျသည် ရှေးစကားနှင့်စပ်နွယ်လျဉ်းပါးသင့်၍ အသင့်အလျော်ကို ထွန်းပြသောကြောင့် အနွယဝါကျ မည်၏-ဟုသိ၊ မဏိသာရ

မဉ္ဇူသာကျမ်း၌ကား- တပ္ပါကဋိ ကရဏဝါကျ ကြံတော်မူ၏၊ ဆင်ခြင်၍ယူ။

## ၁၀–ဗျတိရေကဝါကျဥဒါဟရဏ

အဩေန အသမ္ဘိဿန္တိ အသမ္ပယုတ္တေန အသမ္ဘိဿန္တိအတ္ထော၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာပဒါနိပိ ဟိ သမ္ပယုတ္တေဟိ သမ္ဘိဿဝိညာဏဒီပကာနိ ဧဝ ဂဟိတာနီတိ၊
[မူလဋီကာ။]

**အနက်။** အဩေန အသမ္ဘိဿန္တိ၊–ဟူသည်။ အသမ္ပယုတ္တေန၊ သမ္ပယုတ်မဟုတ်သော ရုပ်နိဗ္ဗာန်နှင့်။အသမ္ဘိဿံ၊ မရောသော စိတ်စေတသိက်တရားကို။ ဣတိ၊ ဤကား။ အတ္ထော!-တည်း။ ။ဟိ၊ မူလစကား မှန်တုံ့ငြား၍ တပါးယူရန် မသင့်ဟန်ကို ပြန်လှန်ဆက်ကာ ပြဆိုပါအံ့။ ဧဝ၊ ဤသမ္ပယုတ္တ ဝိပ္ပယုတ္တ ပဒနိဒ္ဒေသ၌၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာပဒါနိပိ၊-ပုဒ်တို့ကိုလည်း။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်ဖြစ်ကုန်သောဝေဒနာတို့နှင့်။သမ္ဘိဿဝိညာဏဒီပကာနီတိ၊ရောနှောသောဝိညာဏ်ကိုပြတတ်ကုန်၏ဟူ၍။ ဂဟိတာနိ၊ ယူအပ်ကုန်၏။ ဣတိ၊ ဤသည်သာလျှင် မူလစကား မပယ်ရှားရန် ဗျတိလှန်လျက် ဖြေဆိုချက်တည်း။

## ၁၁–သမ္ဘာဝနာဝါကျဥဒါဟရဏ

ဒယာပန္နောတိ ပန ကာရုဏိကော အဝိဟိံသဇ္ဈာသယတ္တာ ပရေသံ ဝိဟေသမတ္တံ ပိ န ကရောတိ၊ ကော ပန ဝါဒေါ ပါဏာတိပါတနေတိ

နိဋ္ဌုရဏာတာယ ပါဏာတိပါတာ ဒသိတာတိ ဝေဒိ တဗ္ဗာ။

[အနုဋီကာ။]

**အနက်။** ဒယာပန္နောတိ ဧတ္ထပန- ၌ကား။ ကာရုဏိ ကော၊သနားခြင်းရှိသောသူသည်။ အဝိဟိံသဇ္ဈာသယတ္တာ၊ မညှဉ်းဆဲခြင်းအလိုဆန္ဒရှိသည်၏ အဖြစ်ကြောင့်။ ပရေသံ၊ သူတပါးတို့အား။ဝိဟေသမတ္တံပိ၊ ညှဉ်းဆဲခြင်းမျှကိုလည်း။ နကရောတိ၊မပြု။ပန၊ ရှေးလာအတ္ထ သင့်မြတ်လှ၍ ယူရတူ စွာ နောက်အတ္ထာကို ချီးမွမ်းဆိုအံ့။ ပါဏာတိပါတနေ၊ သူ တပါး၏ အသက်ကို လျင်စွာချခြင်း၌။ ကောပနဝါဒေါ၊အ ဘယ်မှာဆိုဘွယ်ရှိအံ့နည်း။ ဣတိ၊ ထို့ကြောင့်။ နိဋ္ဌုရဏာ တာယ၊ သနားခြင်းမရှိသည်၏ အဖြစ်ဖြင့်။ ပါဏာတိပါ တာ၊-ကို။ ဒသိတာ၊ပြအပ်၏။ ဣတိ၊-ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၁၂—ဂရဟာဝါကျဥဒါဟရဏ

ပါဋိဟာရိယပဒဿ ဝစနတ္ထံ ပဋိပက္ခဟရ- ဏတော ရာဂါဒိကိလေသာပနယနတော ပါဋိ ဟာရိယန္တိ ဝဒန္တိ၊ ဘဂဝတော ပန ပဋိပက္ခာ ရာဂါဒယော န သန္တိ ယေ ဟရိတဗ္ဗာ။

[မူလဋီကာ။]

**အနက်။** ပါဋိဟာရိယပဒဿ၊ပါဋိဟာရိယ ဟူသော ပုဒ်၏။ဝစနတ္ထံ၊ ဝိဂြိုဟ်ကို။ ပဋိပက္ခဟရဏတော၊ ဆန့်ကျင် ဘက် ကိလေသာတို့ကို ပယ်ရှားခြင်းကြောင့်ရင်း။ ရာဂါဒိ ကိလေသာပနယနတော၊ ရာဂ စသော ကိလေသာတို့ကို

ပယ်ဖျောက်ခြင်းကြောင့်ဝင်း။ ပါဠိုဟာရိယန္တိ၊ ပြာဠိုဟာ ဟူ၍။ ဝဒန္တိ၊ဆိုကြကုန်၏။ ပန၊ထိုသို့ပင်ဆိုကုန်သော်လည်း။ ဝါ-ပန၊ ရှေးလာအတ္ထမသင့်လှ၍ ပယ်ချယူရာ ဂရုဟာကို ထင်စွာရှင်းကာ ပြဆိုပါအံ့။ ဟရိတဗ္ဗာ၊ ပယ်အပ် ပယ် ထိုက်ကုန်သော။ ယေကိလေသာ၊ အကြင်ကိလေသာတို့ သည်။ သန္တိ၊ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာ ဘုရားအား။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက် ဖြစ်ကုန်သော။ ရာဂါဒယော၊- ကုန်သော။ တေကိလေသာ၊ထိုကိလေသာတို့သည်။ နသန္တိ၊ မရှိကုန်။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုဆရာတို့၏ဝါဒသည်။ နယုတ္တံ၊ မသင့်။

သဥဒါဟရဏ ဝါကျဘေဒနိဒ္ဒေသပြီး၏။

---

## ၁၁—ဝါကျဝိသေသ-သဥဒါဟရဏနိဒ္ဒေသ

### ၁—အနုသန္ဓိဝါကျဥဒါဟရဏ

ဧဝံ တာဝ ယထာဓိပ္ပေတပယောဇနံ နိမိတ္တံ ရတနတ္တယ ပဏာမာဒိကံ ဝိဓာယ၊ ဣဒါနိ ယေသံ အဘိဓမ္မတ္ထာနံ သင်္ဂဟဝသေန ဣဒံ ပကရဏံ ပဋ္ဌပီ- ယတိ၊ တေ တာဝ သင်္ခေပတော ဥဒ္ဒိသန္တော အာဟ "တတ္ထဝုတ္တာ"တျာဒိ။ [ဋီကာကျော်။]

**အနက်။** ဧဝံ၊ ဤဆိုအပ်ပြီးသော ပထမဂါထာဖြင့်။ တာဝ၊ရှေးဦးစွာ။ ယထာဓိပ္ပေတ ပယောဇန နိမိတ္တံ၊အကြင် အကြင် အလိုရှိအပ်သော အကျိုး၏ အကြောင်းဖြစ်သော။ ရတနတ္တယ ပဏာမာဒိကံ၊ ရတနတ္တယ ပဏာမ အစရှိ

သည်ကို။ ဝိဓာယ၊ စီရင်ပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ယေသံ အဘိဓမ္မတ္ထာနံ၊ အကြင်အဘိဓမ္မတ္ထ တရားတို့ကို။ သင်္ဂဟ ဝသေန၊ အကျဉ်းပေါင်းယူသည်၏ အစွမ်းဖြင့်။ ဣဒံ ပက ရဏံ၊ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို။ ပဋ္ဌပီယတိ၊ တည်ထား အပ်၏။ တေ၊ ထိုအဘိဓမ္မတ္ထတရားတို့ကို။ တာဝ၊–စွာ။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ဥဒ္ဒိသန္တော၊ ပြတော်မူ လိုသော အရှင်အနုရုဒ္ဓါ ဆရာသည်။ အာဟ၊ မိန့်တော် မူ၏။ ကိံ အာဟ၊ အဘယ်သို့ မိန့်တော်မူသနည်း။ တတ္ထ ဝုတ္တာတျာဒိ၊ တတ္ထဝုတ္တာ-ဤသို့အစရှိသည်တည်း။

## ၂-လဒ္ဓဒေါသဝါကျ ဥဒါဟရဏ

ဣတရထာ ဟိ ရူပတိတိ အဝိသေသ ဝစနေနေဝ
ပရိယတ္တန္တိ ကိံ သီတာဒိဂ္ဂဟဏေန။
[ဋီကာကျော်။]

**အနက်။** ဟိ၊ ရှေးလာဝက်သူပယ်ချ၍ ရှင်းပြပြီးဝယ် တစွန်းတွယ်လျက် သူပယ်နိုင်သော် မြဲခိုင်စေရန် အပြစ် လှန်အံ့။ ဣတရထာ၊ ဝိဘူတတရသာလျှင်ဖြစ်သော ရူပ္ပနမှ တပါးသောအခြင်းအရာအားဖြင့်။ အတ္ထော၊ အဝိဘူတတရ ရူပ္ပန သာမညအနက်ကို။ ဂယှမာနေ၊ ယူအပ်သည်။ သတိ၊ ရှိသော်။ ရူပ္ပတီတိ အဝိသေသဝစနေနေဝ၊ ရူပ္ပတိ-ဟူသော သာမညစကားဖြင့်သာလျှင်။ ပရိယတ္တံ၊ပြည့်စုံသည်။ဟော တိ၊ဖြစ်၏။ဣတိ၊ထို့ကြောင့်။ သီတာဒိဂ္ဂဟဏေန၊သီတအစ ရှိသောသဒ္ဒါဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။

### ၃-လဒ္ဓဂုဏဝါကျဥဒါဟရဏ

ဝေဠု သတိ ပဋိသန်ါယ ပနေတ မဒ္ဒုဝန္တိတ္တေ
သဗ္ဗေသမေဝ တေသဒ္ဒေန ပရာမသနံ သုဋ္ဌု ဥပ-
ပန္နံ ဟောတိ။ [ဋီကာကျော်။]

**အနက်။** ဟိ၊ ရှေးလာဝက် သူပယ်ချ၍ ရှင်းပြုပြီးဝယ် သူမပယ်နိုင် ကိုယ့်ဘက်ပိုင်က မြဲခိုင်စေလို အကျိုး ဆိုအံ့။ ဝေဠ၊ ဤသို့နိဂုမ်းအုပ်ခြင်းသည်။ သတိ၊ရှိသော်။ပဋိသန်ါယ ပနေတမန္တုဝံတိတ္တေ၊ - ဟူသော ဤပါဠိ၌၊ အဘိနိဝိဋ္ဌေန၊ အတွင်းဝင်သော။ တေသဒ္ဒေန၊-ဖြင့်။ သဗ္ဗေသမေဝ၊အလုံးစုံသော ပဋိသန္ဓိ,ဘဝင်,ဝိထိ,စုတိစိတ်တို့ကိုသာလျှင်။ပရာမသနံ၊ သုံးသပ်ခြင်း,စွဲခြင်းသည်။ သုဋ္ဌု၊ကောင်းစွာ။ ဥပပန္နံ၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤကား-ရအပ်သော အကျိုးတည်း။

### ၄-အဏ္ဏုဒ္ဓါရဝါကျ ဥဒါဟရဏ

ကုသလသဒ္ဒေါ တာဝ အာရောဂျ အနဝဇ္ဇ
ဆေက သုခဝိပါကေသု ဒိဿတိ။ [အဋ္ဌသာလိနီ။]

**အနက်။** ကုသလသဒ္ဒေါ၊ကုသလသဒ္ဒါသည်။ တာဝ၊ ရှေးဦးစွာ။ အာရောဂျ အနဝဇ္ဇဆေက သုခဝိပါကေသု၊ အနာကင်းသူ၏ အဖြစ်, အပြစ်မရှိသည်၏ အဖြစ်, လိမ္မာသောသူ၏ အဖြစ်, ကောင်းသော အကျိုးပေးခြင်း အနက်တို့၌။ ဒိဿတိ၊ ထင်၏။

### ၅-အဏ္ဏာဝိပ္ပေတဝါကျ ဥဒါဟရဏ

သွာယမိမ အာရောဂျေပိ အနဝဇ္ဇေပိ သုခဝိပါ
ကေ ပိ ဝဋ္ဋတိ။ [အဋ္ဌသာလိနီ။]

**အနက်။** ဣဓ၊ ဤကုသလာ ဓမ္မာဟူသောပုဒ်၌။သွာ ယံ-သောအယံ၊ ထိုကုသလ သဒ္ဒါသည်။ အာရောဂျေပိ၊ အနာကင်းသည်၏ အဖြစ်တည်းဟူသော အနက်၌ငင်း။အနဝဇ္ဇေပိ၊ အပြစ်မရှိသည်၏ အဖြစ်တည်း ဟူသော အနက်၌ ငင်း။ သုခဝိပါကေပိ၊ ကောင်းသော အကျိုးပေးခြင်း ဟူသော အနက်၌ငင်း။ ဝဋ္ဋတိ၊ သင့်၏။

## ၆—နိဂမနဝါကျဥဒါဟရဏ

ဣစ္စေဝံ သဗ္ဗထာပိ ဋ္ဌါဒသာ ကုသလစိတ္တာနိ သမတ္တာနိ။
[သင်္ဂြိုဟ်။]

**အနက်။** ဣစ္စေဝံ ဣတိဧဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော သမ္ပယောဂ စသောအခြင်းအရာအားဖြင့်လည်း။ဋ္ဌါဒသ၊ တဆဲ့နှစ်ပါးကုန်သော။ အကုသလစိတ္တာနိ၊ အကုသိုလ်စိတ်တို့သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။

## ၇—စောဒနာဝါကျဥဒါဟရဏ

၁။ အယုတ္တစောဒနာ—

ကသ္မာ ပနေတေ ကတ္တစိ ဟောန္တိ ကတ္တစိ န ဟောန္တီတိ။ [ဋီကာကျော်။]

**အနက်။** ပန- စောဒေမိ- အှံ့။ ကသ္မာ၊ အဘယ်ကြောင့်။ ဧတေ၊ ဤသောမနသ္သ စသည်တို့သည်။ ကတ္တစိ၊ အချို့သောစိတ်၌။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ကတ္တစိ၊-၌။ နဟောန္တိ၊ မဖြစ်ကုန်သနည်း။ ဣတိ၊ ဤကား စောဒနာတည်း။

[ဤစောဒနာကား-အာဘော်ဟိတ်စသည်မဘက်သက်သက်သော အယုတ္တစောဒနာ။]

**ပါဠိ။** ကသ္မာ ပနေတ္ထ အညေသုပိ ဖဿာဒီသု သမ္ပယုတ္တဓမ္မေသု ဝိဇ္ဇမာနေသု စေတနာယ သဟဂတာဒိဘာဝေါ ဝုတ္တောတိ။ [ဋီကာကျော်။]

**အနက်။** ပန- စောဒေမိ၊....အံ့။ ကသ္မာ၊- ကြောင့်။ ဧတ္ထ၊ ဤလောဘမူစိတ်၌။ အညေသု၊ တပါးကုန်သော။ ဖဿာဒီသု၊ ဖဿ အစရှိကုန်သော။ သမ္ပယုတ္တဓမ္မေသု၊ သမ္ပယုတ်တရား တို့သည်။ ဝိဇ္ဇမာနေသုပိ၊ ထင်ရှားရှိကုန်သော်လည်း။ စေတနာယ သဟဂတာဒိဘာဝေါ၊ စေတနာသဟဂုတ်အစရှိသည်၏ အဖြစ်ကိုသာလျှင်။ ဝုတ္တော၊ ဆိုအပ်သနည်း။ ဣတိ၊ ဤကား စောဒနာတည်း။

[ဤစောဒနာကား- အညေသုပိ-ပ-ဝိဇ္ဇမာနေသု-ဟူသော အာဘော်နှင့်တကွ စောဒနာသော သအာဘောဂအယုတ္တစောဒနာ။]

**ပါဠိ။** ကသ္မာ ပန ယထာ အကုသလဝိပါကသန္တီ-ရဏံ ကေဝလံ ဝုတ္တံ၊ ဧဝံ အဝတွာ ကုသလဝိပါကသန္တီ-ရဏံ ဒွိဓာ ဝုတ္တန္တိ။ [ဋီကာကျော်။]

**အနက်။** ပန-စောဒေမိ—အံ့။ ကသ္မာ၊-ကြောင့်။အကုသလဝိပါကသန္တီရဏံ၊-ကို။ ကေဝလံ၊ တခုတည်းကိုသာလျှင်။ ဝုတ္တံယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူတခုတည်း။ အဝတွာ၊မဆိုမူ၍။ ကုသလဝိပါကသန္တီရဏံ၊-ကို။ ဒွိဓာ၊ နှစ်ပါးအပြားတို့ဖြင့်။ ဝုတ္တံ၊ ဆိုအပ်သနည်း။ ဣတိ၊ ဤကား စောဒနာတည်း။

[ဤစောဒနာကား—ယထာ။ ပ။ ကေဝလံဝုတ္တံ— ဟူသောဥပမာနှင့်တကွ စောဒနာသောသ ဥပမာအယုတ္တစောဒနာ။]

**တနည်း။** ကထံ ပန ကရုဏာ ဒယာတိ ဉာတဗ္ဗာ၊နနု ဝုတ္တံ ဒယာပန္နောတိဧတေသု အဋ္ဌကထာယံ မေတ္တာ စိတ္တတံ အာပန္နောတိ၊ တသ္မာ ဒယာ မေတ္တာတိ ယုဇ္ဇေယျ၊ န ကရုဏာတိ။ [မူလဋီကာ။]

**အနက်။** ပန-စောဒေမိ-အံ့။ ကထံ၊ အဘယ်သို့လျှင်။ ကရုဏာ၊ ကရုဏာကို။ ဒယာတိ၊-ဟူ၍။ ဉာတဗ္ဗာ၊ သိအပ်သနည်း။ ဒယာပန္နောတိဧတေသု၊ ဒယာပန္နော-ဟူသော ဤပါဠိတော်၏။ အဋ္ဌကထာယံ၊-၌။ မေတ္တာစိတ္တတံအာပန္နောတိ၊ အာပန္နော-ဟူ၍။ ဝုတ္တံနနု၊ ဆိုအပ်သည်မဟုတ်ပါလော။ တသ္မာ၊ ကြောင့်။ မေတ္တာ၊-သည်-။ဒယာ၊- ဒယာမည်၏။ ဣတိ၊ ဤသို့သောစကားသည်။ ယုဇ္ဇေယျ၊ သင့်ရာ၏။ ကရုဏာ၊-သည်။ ဒယာ၊-မည်၏။ ဣတိ၊ ဤသို့သောစကားသည်။ နယုဇ္ဇေယျ၊ မသင့်ရာ။ ဣတိ၊ဤကား-စောဒနာတည်း။

[ဤစောဒနာကား-နနုဝုတ္တံ-စသောအာဘော်, တသ္မာစသောဟိတ်တို့နှင့် တကွ စောဒနာသော သအာဘောဂ ဟေတု အယုတ္တစောဒနာ။]

၂။ အာဘောဂစောဒနာ—

နနု စ တေသံပိ ပဋိသန္ဓိဂေါစရော ကမ္မဘဝေ ကေနစိ ဒွါရေန ဇဝနဂ္ဂ ဟိတော သမ္ဘဝတီတိ။
[ဋီကာကျော်။]

**အနက်။** စ-စောဒေမိ။- အံ့။ တေသံပိ၊ ထိုအသညီဘဝမှ စုတိကြကုန်သော သတ္တဝါတို့၏လည်း။ ပဋိသန္ဓိဂေါစရော၊ ပဋိသန္ဓေစိတ်၏ အာရုံသည်။ ကမ္မဘဝေ၊ ကံ၏

ဖြစ်ရာ ဘုံဘဝ၌။ ကေနစိ၊-သော။ ဒွါရေန၊-ဖြင့်။ ဇဝနဂ္ဂဟိတော၊ မရဏာသန္နဇောသည် ယူအပ်သည်။ သမ္ဘဝတိ နနု၊ ဖြစ်သင့်သည်မဟုတ်ပါလော။ ဣတိ၊ ဤကား စောဒနာ တည်း။

[ဤစောဒနာကား–အာဘောဂ်, ဟိတ် စသည်မဘက် သက်သက်သော အာဘောဂစောဒနာ။]

**တနည်း။** နနုစ ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာတိ ဝစနတော ဒွေဧဝ ဝေဒနာတိ။

[ဋီကာကျော်။]

**အနက်။** စ-စောဒေမိ၊- အံ့။ ဘိက္ခဝေ၊- တို့။ ဝေဒနာ၊ ဝေဒနာတို့သည်။ သုခါ၊ သုခဝေဒနာရင်း။ ဒုက္ခာ၊ ဒုက္ခဝေဒနာရင်း။ ဣမာဒွေ၊ ဤနှစ်ပါးတို့တည်း။ ဣတိ၊-သို့။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ဝေဒနာ၊-တို့သည်။ ဒွေဧဝ-နနု၊ နှစ်ပါးတို့သာလျှင် မဟုတ်ကုန်လော။ ဣတိ၊ ကား စောဒနာတည်း။

[ဤ စောဒနာကား–ဒွေမာ။ပ။ဝစနတော ဟူသော ဟိတ်နှင့်တကွဖြစ်သော သဟေတွာဘောဂစောဒနာ။]

**တနည်း။** နနုစ ပညတ္တာဒိအာရမဏမ္ဘိ ကာမာဝစရ ကုသလံ ဟောတီတိ တဿ ဝိပါကေနာပိ ကုသလ သဒိသာရမဏေန ဘဝိတဗ္ဗံ ယထာတံ မဟဂ္ဂတလောကုတ္တရဝိပါကေ- ဟီတိ။

[ဋီကာကျော်။]

**အနက်။** စ-စောဒေမိ- အံ့။ ကာမာဝစရကုသလံ၊- သည်။ ပညတ္တာဒိအာရမဏမ္ပိ၊ ပညတ်အစရှိသော အာရုံ ရှိသည်လည်း။ ဟောတိ၊-၏။ ဣတိ၊-ကြောင့်။ တဿ၊ ထို ကာမာဝစရကုသိုလ်၏။ဝိပါကေနာပိ၊-သည်လည်း။ ကုသ- လသဒိသာရမဏေန၊ ကုသိုလ်နှင့် တူသော အာရုံရှိသည်။ ဘဝိတဗ္ဗံနနု၊ ဖြစ်ရာသည်မဟုတ်ပါလော။ ကိမိဝ၊ အဘယ် ကဲ့သို့နည်း။ မဟဂ္ဂတလောကုတ္တရဝိပါကေဟိ၊- တို့သည်။ ကုသလသဒိသာရမဏေဟိ၊ ကုသိုလ်နှင့် တူသော အာရုံ ရှိကုန်သည်။ ဘဝိတဗ္ဗယထာ၊ ဖြစ်ရာသကဲ့သို့တည်း။ ဣတိ၊ ကား စောဒနာ တည်း။

[ဤစောဒနာကား-ပညတ္တာဒိ-ပ-ဟောတိတိ ဟူသော ဟိဘ်, ယထာတံ-စသော ဥပမာတို့နှင့်တကွ စောဒနာ သော သဟေတောပမာဘောဂစောဒနာ။]

၃။ ဗျတိရေက စောဒနာ—

ယဒိဝေ ကထံ အဝိတက္ကံ စိတ္တံ အာရမဏံ အာရောဟတီတိ။

[ဋီကာကျော်။]

**အနက်။** ဝိတက္ကံ၊ ဝိတက်ကို။ နိဿာယ၊ မှီ၍။ စိတ္တံ- သည်။ အာရမဏံ၊ အာရုံသို့။ ယဒိအာရောဟတိ၊ အကယ် ၍တက်သည်ဖြစ်အံ့။ ဧဝံသတိ၊-သော်။ အဝိတက္ကံ၊ ဝိတက် မရှိသော။ စိတ္တံ၊-သည်။ အာရမဏံ၊-သို့။ ကထံအာရော ဟတိ၊ အဘယ်သို့တက်သနည်း။ ဣတိ၊-ဤကား စောဒနာ တည်း။

[ဤစောဒနာကား-အာဘော် ဟိတ် စသည် မဘာက် သက်သက်သော ဗျတိရေကစောဒနာ။]

**တနည်း။** ယဒိဒံ အာဝဇ္ဇနဒွယဿ ဥပေက္ခာသမ္ပ-
ယောဂံ ကသ္မာ ဝက္ခတိ၊ နနု တံပိ သမာန-
နိဿယာနန္တရံ ပဝတ္တတီတိ။
[ဋီကာကျော်။]

**အနက်။** ကုသလဝိပါကသန္တီရဏာံ၊-သည်။ ဝုတ္တဝိပရိယာယတော၊ ဆိုအပ်ပြီးသည်မှ ပြန်သော အားဖြင့်။ သုခေါပေက္ခာသဟဂတံ၊ သုခဥပေက္ခာတို့နှင့်တကွဖြစ်သည်။ ယဒိသိယာ၊-အံ့။ ဧဝံသတိ၊-သော်။ အာဝဇ္ဇနဒွယဿ၊ အာဝဇ္ဇန်းနှစ်ခု၏။ ဥပေက္ခာ သမ္ပယောဂံ၊ ဥပေက္ခာနှင့် ယှဉ်ခြင်းကို။ ကသ္မာ၊-ကြောင့်။ ဝက္ခတိ၊ ဆိုလတ္တံ့နည်း။ တံပိ၊ ထိုအာဝဇ္ဇန်း ၂ပါးသည်လည်း။ သမာန နိဿယာနန္တရံ၊ မိမိနှင့်တူသော မှီရာရှိသော ဘဝင်သန္တီရဏ စိတ်တို့၏ အခြားမဲ့၌။ ပဝတ္တတိနနု၊ ဖြစ်သည်မဟုတ်ပါလော။ ဣတိ၊ ဤကား စောဒနာ တည်း။

[ဤစောဒနာကား-အာဘော်နှင့်တကွ စောဒနာသော သအာဘောဂဗျတိရေက စောဒနာ။]

**တနည်း။** ယဒိဒံ ကထံ ဖြဟ္မလောကေ ရူပဝေါဟာ-
ရောနု ဟိ တတ္ထ ဥပဃာတကာ သီတာ-
ဒယော အတ္ထိတိ။
[ဋီကာကျော်။]

**အနက်။** ဝိဘူတတာရံ၊ အထူးသဖြင့် ထင်ရှားသော။ ရုပ္ပနံ၊ ဖောက်ပြန်ခြင်းကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဣတိ၊-သို့။ ဉာပနတ္ထံ၊ သိစေခြင်းအကျိုးငှါ။ တံသီတာဒိဂ္ဂဟာဏံ၊ ထိုသီတအစရှိသောသဒ္ဒါကို။ ယဒိကတံ၊ အကယ်၍ပြုအပ်

သည်ဖြစ်အံ့။ ဧဝံသတိ၊-သော်။ ဗြဟ္မလောကေ၊ ရူပဘုံ၌။ ရူပဝေါဟာရော၊ ရုပ်ဟုခေါ်ဝေါ်ခြင်းသည်။ ကထံသိယာ၊ အဘယ်သို့ ဖြစ်နိုင်ရာအံ့နည်း။ ကသ္မာ၊-ကြောင့်နည်း။ ဟိ-ယသ္မာ၊-ကြောင့်။ တတ္ထ၊ ထိုရူပဘုံ၌။ (ဝိရောဓိပစ္စယာဘာဝတော၊ ဆန့်ကျင်ဘက် အကြောင်းတို့၏ မရှိခြင်းကြောင့်)-ဥပဃာတကာ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော။ သီတာဒယော၊ ဗဟိဒ္ဓဥတု ဖြစ်သော သီတ အစရှိသည်တို့သည်။ နအတ္ထိ၊မရှိကုန်။ တသ္မာ၊-ကြောင့်။ ရူပဝေါဟာရော၊-သည်။ နသိယာ၊ မဖြစ်ရာ။ ဣတိ၊ဤကား စောဒနာတည်း။

[ဤစောဒနာကား- နဟိတတ္ထ ။ပ။ အတ္ထိ—ဟုသော ဟိတ်နှင့်တကွ စောဒနာသော သဟေတုဇျတိရေက စောဒနာ။]

၇။ အနုယစောဒနာ

ကိံ ပနေတ္ထ ကာရဏံ၊ယထာ ဣဓေဝံ အကုသ-
လဝိပါကနိဂမနေ အဟေတုကဂ္ဂဟဏံ န ကတန္တိ။
[ဋီကာကျော်။]

**အနက်**။ ပန-စောဒေမိ၊-အံ့။ ဣဓ၊ ဤကုသလဝိပါက် အဟိတ်စိတ်တို့၏ နိဂုမ်း၌။ အဟေတုကဂ္ဂဟဏံ၊ အဟေတုကသဒ္ဒါကို။ ကတံယထာ၊ ပြုအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အကုသလဝိပါကနိဂမနေ၊ အကုသလ ဝိပါက်စိတ်တို့၏ နိဂုမ်း၌။ အဟေတုကဂ္ဂဟဏံ၊-ကို။ နကတံ၊ မပြုအပ်။ တတ္ထ၊ ဤအဟေတုက သဒ္ဒါကိုမပြုခြင်း၌။ ကာရဏံ၊

အကြောင်းသည်။ ကိံ၊အဘယ်နည်း။ ဣတိ၊-ဤကား စောဒနာတည်း။

[ဤ စောဒနာကား– ယထာ-စသော ဥပမာနှင့် တကွသော သဉပမာန္တယစောဒနာ။]

## ဂ–ပရိဟာရဝါကျ

၁။ ယုတ္တပရိဟာရ–

နာပဇ္ဇတိ၊ သီတာ ဒိဂ္ဂဟဏာသာမတ္ထိယတော
ဝိဘူတတရဿေဝ ရူပ္ပနဿ အဓိပ္ပေတတ္တာ။
[ဋီကာကျော်။]

**အနက်။** သီတာဒိဂ္ဂဟဏာသာမတ္ထိယတော၊ သီတအစရှိသော သဒ္ဒါ၏ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ဝိဘူတတရဿေဝ၊ အထူးသဖြင့် ထင်ရှားသည်သာလျှင်ဖြစ်သော။ ရူပ္ပနဿ၊ ဖောက်ပြန်ခြင်းကို။အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်။ နာပဇ္ဇတိ၊ မဖြစ်နိုင်။ ဣတိ၊ ဤကား အဖြေတည်း။

[ဤအဖြေကား–ယုတ္တပရိဟာရအဖြေ။]

၂။ အာဘောဂပရိဟာရ–

ဝုစ္စတေ၊ သဘာဝတော ဝါ ပရိကပ္ပတော ဝါ
ဟိ ဣဋ္ဌာရမဏံ သောမနဿ ပဋိသန္ဓိကတာ
အဂ္ဂမ္ဘီရသဘာဝတာ စ ဣဓ သောမနဿဿ ကာ-
ရဏန္တိ။ [ဋီကာကျော်။]

**အနက်။** ပရိဟာရော၊-ကို။ မယာ၊-သည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဟိ၊ အဖြေကား။ သဘာဝတော ဝါ၊ မိမိသဘော

အားဖြင့်ဝှင်း။ ပရိကပ္ပတောဝါ၊ ကြံဆသောအားဖြင့်ဝှင်း။ ဏှဋ္ဌာရမဏာဥ္စ၊ ဏှဋ္ဌာရုံသည်ဝှင်း။ သောမနဿ ပဋိသန္ဓိကတာစ၊ သောမနဿနှင့်ယှဉ်သော ပဋိသန္ဓေရှိသောသူ၏ အဖြစ်သည်ဝှင်း။ အဂမ္ဘီရသဘာဝတာစ၊ မနက်နဲသော သဘောရှိသောသူ၏အဖြစ်သည်ဝှင်း။ ဣမေ၊ ဤလောဘမူစိတ်၌။ သောမနဿဿ၊-၏။ ကာရဏာ၊ အကြောင်းတည်း။ ဣတိ၊ ဤကားအဖြေတည်း။

[ဤအဖြေကား-အာဘောဂပရိဟာရအဖြေ။]

၃။ ဗျတိရေကပရိဟာရ—

သစ္စံ၊ တတ္ထ ပန ပုရိမံ ပုဗ္ဗေ ကေနစိ အဂ္ဂ-
ဟိတေဃေဝ အာရမဏေ ကေဝါရမေဝ ပဝတ္တတိ
။ပ။န သဗ္ဗထာပိ ဝိသယရသံ အနုဘဝိတုံ သက္ကော-
တိ၊ တသ္မာ မဇ္ဈတ္တဝေဒနာသမ္ပယုတ္တမေဝါတိ။

[ဋီကာကျော်။]

**အနက်။** သစ္စံ၊ မှန်၏။ ပန၊ ထိုသို့ပင် မှန်သော်လည်း။ တတ္ထ၊ ထိုအာဝဇ္ဇန်းဒွေတို့တွင်။ ပုရိမံ၊ ရှေးဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းသည်။ ပုဗ္ဗေ၊-၌။ ကေနစိ၊-စိတ်သည်။ အဂ္ဂဟိတေဃေဝ၊-သော။ အာရမဏေ၊-၌။ ကေဝါရမေဝ၊-လျှင်။ ပဝတ္တတိ၊-၏။ ပ။ ဣတိ၊-ကြောင့်။ သဗ္ဗထာပိ၊-ဖြင့်လည်း။ ဝိသယရသံ၊-ကို။ အနုဘဝိတုံ၊-ငှါ။ နသက္ကောတိ၊- နိုင်။ တသ္မာ၊-ကြောင့်။ မဇ္ဈတ္တဝေဒနာသမ္ပယုတ္တမေဝ၊-သည်သာလျှင်။ ဟောတိ၊-၏။ ဣတိ၊ ဤကားအဖြေတည်း။

[ဤအဖြေကား—ဗျတိရေကပရိဟာရအဖြေ။]

၄။ အန္ဝယပရိဟာရ—

တသ္မာ ဉာဏသင်္ခါရကတော ဘေဒေါ ဉာဏ
သင်္ခါရဘေဒေါတိ န ဧတ္တ ကောစိ ဝိရောဓောတိ။
[ဋီကာကျော်။]

**အနက်။** တသ္မာ၊ ထိုသို့ ဉာဏ်သင်္ခါရတို့၏ ရှိ-မရှိပြား ခြင်းကို ပြုအပ်သောအပြားကို ဉာဏ်သင်္ခါရတို့သာ ပြုအပ် သည်၏အဖြစ်ကြောင့်။ ဉာဏသင်္ခါရကတော၊-သော။ ဘေ ဒေါ၊-သည်။ ဉာဏသင်္ခါရဘေဒေါ၊-မည်၏။ ဣတိ၊-ကြောင့်။ ဧတ္တ၊ ဤဉာဏ်သင်္ခါရကိုပြားရာ၌။ ကောစိ၊- သော။ ဝိရော ဓော၊-သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤကား အဖြေတည်း။
[ဤအဖြေကား-အန္ဝယပရိဟာရအဖြေ။]

**အမှာ။** စောဒနာ၏ အမည်အားလျော်စွာ ပရိဟာရ ၏အမည်ကို မှည့်ဆိုလျှင်လည်း သင့်လောက်စရာရှိသည်။

ဝိသေသဂါကျ သဥဒါဟရဏနိဒ္ဒေသပြီး၏။

---

## ၁၂—တက်နည်း,ထွက်နည်းဆိုင်ရာ အကျဉ်းချုပ်

"ပုဒ်သွင်း,ပုဒ်ထုတ်၊ စုဒ် စောဒနာ၊ အတက်,အထွက်၊ ဤငါးချက်၊ ဆက်ဆက် သိအပ်စွာ"— ဟူသည်နှင့် အညီ၊ ဤငါးချက်ကို ရှေးဦးစွာသိမှတ်ရမည်။

၁-၂။ ပုဒ်သွင်း,ပုဒ်ထုတ်ဆိုသည်မှာ—စောဒက ဆရာ က ပုဒ်ကိုသွင်းလျှင်—ပရိဟာရဆရာက ၎င်းပုဒ်ကိုပယ်ထုတ် ခြင်းကိုဆိုသည်၊ ပရိဟာရဆရာက ပုဒ်ကိုသွင်းလျှင် စော ဒကဆရာက ၎င်းပုဒ်ကိုပယ်ထုတ်ခြင်းကိုဆိုသည်။

၃။ စုဒ်စောဒနာဆိုသည်မှာ—ပုဒ်သွင်းပုဒ်ထုတ်ပြုလုပ်ခြင်း, မေးမြန်းခြင်း,အပြစ်တင်ခြင်းကိုဆိုသည်။

၄။ အတက်ဆိုသည်မှာ—ရှေးဝါကျမှ နောက်ဝါကျသို့ ဆက်သွယ်ခြင်းကိုဆိုသည်။

၅။ အထွက် ဆိုသည်မှာ— နောက်ဝါကျ၌ ပဓာန ကြိယာကိုကောက်၍မေးခြင်း,ဖြေခြင်းကိုဆိုသည်။

## ၁—တက်နည်းဆိုင်ရာအကျဉ်းချုပ်

ပုဒ်သွင်း,ပုဒ်ထုတ်,စုဒ်စောဒနာမည်သည်—တက်ခြင်း, ထွက်ခြင်းပြုသောအရာ၌ သဘောတူပြီဖြစ်၍အတက်, အထွက် နှစ်မျိုးကိုသာပြပေအံ့၊ ထိုနှစ်မျိုးတို့တွင် အတက်,အထွက်၊ ဤနှစ်ချက်၊ အတက်ရှေးဦးနေ— ဟူသည်နှင့်အညီ၊ အတက်ကိုရှေးဦးစွာပြပေအံ့။

အတက်သည်—အနုသန္ဓေတက်,ပုစ္ဆာတက်, စောဒနာတက်,အဘိယာစကတက် အားဖြင့် ၄-မျိုးပြား၏။

၁။ အနုသန္ဓေတက်သည်- သာမညာ နုသန္ဓေတက်, ဝိသေသာနုသန္ဓေတက်အားဖြင့် ၂-ပါးပြား၏၊ ထိုနှစ်ပါးတို့တွင်ဘပါးတပါး၌ ပုဗ္ဗာနုသန္ဓေ,ပရာနုသန္ဓေဟု ၂-မျိုးစီခွဲ၍မှတ်။

**ဆောင်။** ဤ—မှာပုဗ္ဗ၊ လို-ပရ၊ နှစ်ဝနုသန္ဓေ။

**အဓိပ္ပါယ်။** ဤ မည်သောအရာကို ပြပြီး၍ (ဤကား-ပုဗ္ဗာနုသန္ဓေ)၊ ဤမည်သောအရာကိုပြလိုသော(ဤကား-ပရာနုသန္ဓေ)၊တခုသောအနုသန္ဓေစကားရပ်၌ ဤနှစ်ပါး

ပြည့်စုံအောင် တက်ရသည်၊ အပွကအားဖြင့် မပြည့်စုံ သည်လည်းရှိသေး၏—ဟုမှတ်။

[သာမညာနုသန္ဓေတက်, ဝိသေသာနုသန္ဓေတက် နှစ်ပါး ကိုနောက်မှပြပေအံ့။]

၂။ ပုစ္ဆာတက်သည်—အာလုပ်,ထပနာ, အာဘောဂ, ပုစ္ဆာတက်ဟု ၄-ပါးပြား၏။

**ဆောင်။** ခေါ်—လပနာ၊ထပနာ-၏၊လော-ဘောသိ၊နည်း—သိပုစ္ဆာယူ။

ငင်းပုစ္ဆာတက်၌-ဆရာ(အာလုပ်)၊ဆိုတော်မူ၏(ထပနာ)၊ ဤသို့ဆိုကောင်းအံ့လော(အာဘောဂ)၊ အဘယ်သို့မှတ်ရပါမည်နည်း(ပုစ္ဆာ)၊ဤသို့ ၄-ချက်စုံအောင်တက်။

၃။ စောဒနာတက်သည်လည်း— အာလုပ်, ထပနာ, အာဘောဂ,စောဒနာတက်ဟု ၄—ပါးပြား၏။

**ဆောင်။** ခေါ်—လပနာ၊ ထပနာ-၏၊လော-ဘောသိ၊နည်း-သိ စောဒနာ။

ငင်းစောဒနာတက်၌လည်း ၄—ပါး စုံအောင်တက်၊ ပုစ္ဆာတက်နှင့် မထူးလှပြီ၊ ပုစ္ဆာတက်ဖြစ်လျှင် မေးလိုသော အာဘောဂထားရသည်၊ စောဒနာတက်ဖြစ်လျှင် အပြစ်တင်လိုသော အာဘောဂထားရသည်၊ ဤမျှသာထူး၏။

၄။ အဘိယာစကတက်သည်လည်း— အာလုပ်, ထပနာ,အာဘောဂ,အဘိယာစကတက်ဟု ၄—ပါးပြား၏။

**ဆောင်။** ခေါ်—လပနာ၊ ထပနာ-၏၊ ပါ-ဘောသိ၊လော-သိယာစနာ။

ငင်းအဘိယာစက တက်၍ ဆရာ(အာလုပ်)၊ ဆိုတော်မူ၏(ထပနာ)၊မသိနိုင်ပါ(တောင်းပန်သူ၏ အာဘောဂ)၊ ဆိုတော်မူပါဦးလော(အဘိယာစက)၊ ဤသို့ ၄-ချက် စုံအောင်တက်။

နည်းမှီရန်ပုံစံ

ဝိဋ္ဋာရဝါကျ–

ပကရဏာဒိမာရ ဘန္တေ၊ပ။ ဒသောတုံ သမ္မာသမ္ဗုဒ္ဓံ တျာဒိမာဟ။ ဧတ္တ ဟိ သမ္မာသမ္ဗုဒ္ဓံ ။ပ။ အဘိဝါဒိယာတိ ဣဒိနာ ရတနတ္တယ ပဏာမေဝ ဝုတ္တော။

ဤနိုကာကျော်ပါဌ်၌ ဧတ္တ ဟိ-စသော နောက်ဝါကျသည် ဝိဋ္ဋာရ ဝါကျမည်၏၊နောက်ဝါကျ ဝိဋ္ဋာရဖြစ်လျှင် "ပကရဏာ ဒိ မာရဘန္တော၊ပ။ အာဒိမာဟ"ဟူသော ရှေးဝါကျသည် သင်္ခေပဝါကျမည်၏၊ နောက်ဝါကျ၌ ပါရှိသော ဟိ–နိပါတ်ကား-ဝိဋ္ဋာရ ဇောတကမည်၏၊ ဤသို့ ဝါကျအမည်ပေးတတ် ဇွဲတတ်မှ အတက် အထွက်ကို တတ်ကျွမ်းနားလည်မည်။

သာမညာ နုသန္ဓေတက်ပုံ။ ဤသို့ ပကရဏာဒိ၊ပ။အာဒိမာဟ–တိုင်အောင်သောပါဌ်ဖြင့် သင်္ခေပကို ပြငြီး၍(ဤကား–ပုစ္ဆာနုသန္ဓေ)၊ ယခုအခါ အကျယ်ဝိဋ္ဋာရကို ပြတော်မူလိုသောဋီကာဆရာသည် (ဤကား-ပရာနုသန္ဓေ)၊ ဧတ္တ ဟိစသည်ကို မိန့်တော်မူသတည်း။

ဝိသေသာနုသန္ဓေတက်ပုံ။ ဤသို့ ပကရဏာဒိ၊ပ။အာဒိမာဟ–တိုင်အောင်သော ပါဌ်ဖြင့် ရတနတ္တယ ပဏာမ

အဘိဓေယျ ကရဏပ္ပကာရ ပကရဏာဘိဓာန ပယောဇဉ် ဟု ဆိုအပ်သော ငါးပါးသောအနက်တို့ကို "သမ္ဗာသမ္ဗန္ဓံ" စသော ဂါထာဖြင့် ပြနိုင်သည်၏အဖြစ် ဟူသော အကျဉ်း သခ်ေပဝါကျကိုပြပြီး၍(ဤကား-ပုစ္ဆာနုသန္ဓေ)၊ ယခုအခါ ထိုအကျဉ်း သခ်ေပစကား ကိုပင် ဤပါဠိဖြင့် ဤအနက်ကို ပြ၏ဟု အကျယ်အားဖြင့် ပြတော်မူလိုသော ဋီကာ ဆရာ သည်(ဤကား—ပရာနုသန္ဓေ)၊တွေ့ဟိ-စသည်ကို မိန့်တော် မူသတည်း။

**ပုစ္ဆာတက်-တက်ပုံ။** အရှင်ဋီကာဆရာ(အာလုပ်)၊ပက ရဏမိဒ ။ပ။ အာဒိမာဟ-ဟူသောသခ်ေပစကား ကိုဆရာ ဆိုတော်မူ၏(ထပနာ)၊ထိုသခ်ေပ စကား၏အကျယ် ဝိတ္ထာ ရကို ဆရာမပြပြီလော (အာဘောဂ)၊ အကျယ် ဝိတ္ထာရ ကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ မေးရန် ရှိသော ကြောင့် "တွေ့ဟိ"စသည်ကိုမိန့်၊ ဤတွေ့ဟိ-စသည်ကား— အကျယ်ဝိတ္ထာရဖြစ်ဘိသော်။

**စောဒနာတက်-တက်ပုံ။** အရှင်ဋီကာဆရာ(အာလုပ်)၊ ဆရာသည် ပကရဏ မိဒမာရဘန္တော ။ပ။ အာဒိမာဟ— ဟူသော သခ်ေပစကားကိုဆိုတော်မူ၏ (ထပနာ)၊အကျယ် ဝိတ္ထာရကို မဆိုမူ၍ အကျဉ်းသခ်ေပ ကိုသာ ဆိုချေသော် သင့်နိုင်ပါမည်နည်း(အာဘောဂ)၊ ဝိတ္ထာရ စကားကို အ ဘယ်သို့မှတ်ရပါမည်နည်း(စောဒနာ)၊ဤသို့သော စောဒ နာရန်ရှိသောကြောင့်"တွေ့ဟိ"စသည်ကိုမိန့်၊ဤတွေ့ ဟိစ သည်ကား-အကျယ်ဝိတ္ထာရဖြစ်ဘိသော်။

**အဘိယာစကတက်-တက်ပုံ။** အရှင် ငိုကာဆရာ (အာလုပ်)၊ဆရာသည် ပကရဏာမိဒ ။ပ။ အာဒိမာဟ- ဟူသော အကျဥ်းသခေ်ပစကားကို ဆိုတော်မူ၏ (ထပနာ)၊ ဤ အကျဥ်းစကားဖြင့် အဘယ်ပါဠိဖြင့် အဘယ်အနက်ကိုပြသည် ဟု အဓိပ္ပါယ်သဘောကို ကောင်းစွာ မသိနိုင်ပါ (အာဘောဂ)၊ကောင်းစွာ သိနိုင်ရာဖြစ်သော အကျယ်ဝိတ္ထာရကို ပြတော်မူပါဦးလော့(အဘိယာစက)၊ဤသို့တောင်းပန်ရန် ရှိသောကြောင့် "တွေဟိ"စသည်ကိုမိန့်၊ ဤတွေဟိစသည် ကား-ကောင်းစွာ သိနိုင်ရာ ဖြစ်သော အကျယ် ဝိတ္ထာရ ဖြစ်ဘိသော်။

**မှတ်ချက်။** အနုသန္ဓေ တက်၌ သာမညာ နုသန္ဓေ, ဝိသေသာနုသန္ဓေနှစ်ပါး ရစကောင်းသကဲ့သို့ ပုစ္ဆာတက်, စောဒနာတက်, အဘိယာစကတက် သုံးပါးတို့၌လည်း သာပညာ,ဝိသေသနှစ်ပါးရစကောင်းသည်-ဟု မှတ်။

[ဤကား တက်နည်းဆိုင်ရာ အကျဥ်းချုပ်တည်း။]

## ၂-ထွက်နည်းဆိုင်ရာအကျဥ်းချုပ်

ထွက်နည်းသည်- သဒ္ဒါထွက်, ပဒတ်ထွက်, ပရမတ် ထွက်အားဖြင့် ၃-မျိုး ပြား၏၊ ထို ၃-မျိုးတို့တွင် တမျိုး တမျိုး၌ သာမညထွက်နည်း,ဝိနကထွက်နည်း, အညထွက် နည်း,အဓိကထွက်နည်းအားဖြင့် ၄-ပါးစီပြား၏၊ တနည်း အနုသန္ဓေ ထွက်နည်း, ပုစ္ဆာထွက်နည်း, စောဒနာထွက် နည်း,အဘိယာစကထွက်နည်းအားဖြင့် ၄-ပါးစီ ပြား၏၊ ထို့ကြောင့် ထွက်နည်းသည် ၁၂-ပါးပြား၏၊ ထို ၁၂-

ပါးတို့တွင် တပါးပါး၌ ဥပမာလင်္ကာရ ထွက်နည်း, ဟေတာလင်္ကာရထွက်နည်း,ဥပမာ ဟေတာလင်္ကာရ ထွက်နည်းအားဖြင့် ၃-ပါးစီပြားပြန်ရကား ထွက်နည်းပေါင်း ၃၆-ပါးဖြစ်သတည်း။

၁။ သဒ္ဒါထွက်နည်းဟူသည်-ကတ္တားကံ စသည်တို့ကို မေး၍ ထွက်ခြင်းကို ဆိုသည်။

၂။ ပညတ်ထွက်နည်းဟူသည်- ပုဂ္ဂိုလ်သတ္တဝါစသော လောကဝေါဟာရအလျောက် မေး၍ ထွက်ခြင်းကိုဆိုသည်။

၃။ ပရမတ်ထွက်နည်းဟူသည်— အာရုံ အာရမဏိက, အကြောင်းအကျိုး စသည်ဖြင့် မေး၍ ထွက်ခြင်းကို ဆိုသည်။

၁။ သာမညထွက်နည်းဟူသည်— အကူးမထုတ်ဆိုမူ၍ သာမညအားဖြင့် မေး၍ ထွက်ခြင်းကိုဆိုသည်။

၂။ ဦနကထွက်နည်းဟူသည်-အဖြေပုဒ်အရ အောက် ယုတ်လျော့သည်ကိုပြုလျက် မေး၍ ထွက်ခြင်းကို ဆိုသည်။

၃။ အညထွက်နည်းဟူသည်-အဖြေပုဒ်အရမှတပါးကို မေး၍ ထွက်ခြင်းကိုဆိုသည်။

၄။ အဓိကထွက်နည်းဟူသည်-အဖြေပုဒ် အရနှင့်တကွ အပိုအလွန်ကို ထည့်လျက် မေး၍ ထွက်ခြင်းကို ဆိုသည်။

၁။ စကား စပ်၍ ထွက်ခြင်းသည် အနုသန္ဓေထွက် မည်၏။

၂။ အမေးပြု၍ထွက်ခြင်းသည် ပုစ္ဆာထွက်မည်၏။
၃။ စောဒနာတက်၍ ထွက်ခြင်းသည် စောဒနာထွက်မည်၏။
၄။ တောင်းပန်၍ထွက်ခြင်းသည် အဘိယာစက ထွက်မည်၏။
၁။ ဥပမာဖြင့် တန်ဆာဆင်၍ ထွက်ခြင်းသည် ဥပမာလင်္ကာရထွက်နည်းမည်၏။
၂။ ဟိတ်ဖြင့် တန်ဆာဆင်၍ ထွက်ခြင်းသည် ဟေတာလင်္ကာရထွက်နည်းမည်၏။
၃။ ဥပမာဟိတ် နှစ်ပါးတွဲ၍ ထွက်ခြင်းသည် ဥပမာဟေတာလင်္ကာရထွက်နည်းမည်၏။

ထို ၃၆-ပါးသော ထွက်နည်း တို့တွင် 'သဒ္ဒါထွက်, ပညတ်ထွက်,ပရမတ်ထွက် ၃-မျိုးမျှကိုသာ သင်္ဂြိုဟ်ပကာသမဂါထာကို ဥဒါဟရဏ်ထုတ်၍ပြလိုပေအံ့။

**သဒ္ဒါထွက်။** အာဒေါ ကြိယာ တတော ကတ္တာ၊
တတော ကမ္မာဒိကာရကံ။
တဗ္ဗိသေသနမညဉ္စ၊
ယောဇေယျ မတိမာ ကမာ။

"ခပ်သိမ်းဝါကျ၊ ဟူသမျှမှာ၊ ပဓာနကြိယာ၊ ကောက်မြဲသာ"—ဟူသည်နှင့်အညီ—ထိုသမ္ဗာသမ္ဗန္ဓ- စသောပါဌ်အပေါင်းတို့တွင် လိုရင်းပါဌ်ကား-အဘိဝါဒိယာဘာသိဿံ-ဟူသည်တည်း၊ အဓိပ္ပါယ်ကား—ရှိခိုးပြီး၍ ဆိုပေအံ့ဟူလို။····အရှင်အနုရုဒ္ဓါဆရာ (အာလုပ်)၊ဆရာသည် အဘိ

ဝါဒိယဟူသောပါဠ်ကိုဆိုတော်မူ၏ (ထပနာ)၊ ထိုအဘိဝါဒိယဟူသောပါဠ်၌ အဘိရှေးရှိသော ဝဒိဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ကံနှင့်မကင်းကောင်းသည် မဟုတ်ပါလော (အာဘောဂ)၊ ထိုအဘိရှေးရှိသော ဝဒိဓာတ်၏ ကံကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ မေးရန် ရှိသောကြောင့် "သမ္မာသမ္ဗုဒ္ဓံ"-ဟူသောပါဠ်ကိုမိန့်၊ ထိုပါဠ်၏ အဓိပ္ပါယ်ကား-အဘိရှေးရှိသော ဝဒိဓာတ်၏ကံကား- သမ္မာသမ္ဗုဒ္ဓံဖြစ်ဘိသော်၊ ...ဤသို့စသည်ဖြင့် ကုန်အောင်ထွက်လေ။....

[ဤကား-သင္ဂါထွက်နည်းအမြွက်တည်း။]

**ပညတ်ထွက်။** အရှင်အနုရုဒ္ဓါဆရာ (အာလုပ်)၊ဆရာသည်ရှိခိုး၏ဟုဆိုတော်မူ၏ (ထပနာ)၊ ပရမိသွာ မဟာပိန္ဒကတဲစန္ဒီ ကျစ်ဆန္ဒီ စသော နတ်တို့ကို ရှိခိုးလေသလော (အာဘောဂ)၊အဘယ်သူကို ရှိခိုးပါသနည်း(ပုစ္ဆာ)၊ဤသို့မေးရန်ရှိသောကြောင့်"သမ္မာသမ္ဗုဒ္ဓံ"ဟူသောပါဠ်ကိုမိန့်၊ ထိုပါဠ်၏အဓိပ္ပါယ်ကား-ပရမိသွာ စသော နတ်တို့ကို ရှိခိုးသည်မဟုတ်၊ သမ္မာသမ္ဗုဒ္ဓဖြစ်သော ဘုရားကိုရှိခိုး၏ဟူလိုသော်။

[ဤကား-ပညတ်ထွက်နည်းအမြွက်တည်း။]

**ပရမတ်ထွက်။** အရှင်အနုရုဒ္ဓါဆရာ (အာလုပ်)၊ဆရာသည် အဘိဝါဒိယဟူသောပါဠ်ကိုဆိုတော်မူ၏ (ထပနာ)၊ ထိုအဘိဝါဒိယ ဟူသောပါဠ်၌ အဘိရှေးရှိသော ဝဒိဓာတ်၏အရ သဒ္ဒါ,သတိ စသည် ပြဓာန်းသော မဟာ ကုသိုလ်စိတ္တုပ္ပါဒ်ဟူသော အကျိုး,အာရမဏိက,ပစ္စယုပ္ပန် တရားသည် အကြောင်း,အာရုံ,ပစ္စည်းတရားနှင့် မကင်းကောင်း

သည်မဟုတ်ပါလော (အာဘောဂ)၊ထိုအကျိုးအာရမဏ်ကို ကပစ္စယုပ္ပန်တရား၏ အကြောင်း,အာရုံ,ပစ္စည်းတရားကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ မေးရန် ရှိသောကြောင့် "သမ္မာသမ္ဗုဒ္ဓ" ဟူသော ပါဌ်ကိုမိန့်၊ ထိုပါဌ်၏အဓိပ္ပါယ်ကား-အဘိပုဗ္ဗဝဒိဓာတ်၏ အရအကျိုး,အာရမဏ်က,ပစ္စယုပ္ပန်တရား၏ အကြောင်း, အာရုံ,ပစ္စည်း တရားကား—သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်ဘိသော်။

[ဤကား-ပရမတ် ထွက်နည်းအမြွက်တည်း။]

**စကားချပ်။** ဤထွက်နည်း ၃-မျိုးသည်—ပုစ္ဆာတက်နှင့်စပ်လျက်ထွက်ခြင်းဖြစ်သည်၊ စောဒနာတက်,အဘိယာစကတက်တို့နှင့် ဆက်စပ်၍သော်လည်း ထွက်လေဦး။····ကြွင်းသော ပါဌ်တို့ကိုလည်း နည်းယူ၍ "ထွက်ရာမှာစပ်၊ စပ်ရာမှထွက်"ဟူသောလင်္ကာကို သတိမူလျက်ထွက်တတ်အောင်ကြံကြလေကုန်။

**အထူးမှတ်ချက်။** ကိဋ္ဌာပဒိငုံ သော ဝါကျ ဟူသရွေ့၌ ကိဋ္ဌာ ပဒ်-ငုံ,ပန်-ငုံ နှစ်ပါးစုံကိုတွဲဘက်၍ လိုရင်းကောက်သော်လည်း ထွက်သောအခါ ကိဋ္ဌာ ပဒ်-ငုံ ကို ရှေးဦးစွာထွက်ပြီးမှ,ပန်-ငုံကိုနောက်မှထွက်ရသည်၊လိုရင်းကောက်ပုံကားကိဋ္ဌာပဒ်ကတာ၊ပန နသက္ကာ—အကယ်၍ကား ပြုအပ်ကုန်၏၊ထိုသို့ပင် ပြုအပ်ကုန်သော်လည်း မတတ်ကောင်းဟုဆိုလိုသည်။····ယဒိပိ, ကာမဋ္ဌ-စသော ဝါကျများ၌လည်း အဘက်အထွက်တို့ကို နည်းယူ၍သိလေ၊ယဒိဧဝံ,နနု,နနုစ, ကထံ,ကသ္မာ,ကိမင်္ဂ-စသော ဝါကျများဖြစ်လျှင် ပုစ္ဆာ, ဝိဿဇ္ဇနာနှစ်ရပ်တွဲ၍ ထွက်ရသည်များကို သတိပြု၍ ကြံကြလေကုန်။

ဥပမာ ဥသျှောင်ကိုင် ထွက်နည်း, ဝါးခွဲ ထွက်နည်း, ရဟတ်ထွက်နည်း, မဒီကညာရင်ဆီးထွက်နည်း, ဥဒေါင်းသွားထွက်နည်းအားဖြင့် ၅-မျိုးပြားသေး၏။

၁။ လိုရင်းကြိယာကိုကောက်၍ ကတ္တားကံ စသည်ကိုထွက်သော နည်းသည် ဥသျှောင်ကိုင်ထွက်နည်းမည်၏။

၂။ အရင်းကစ၍ အဆုံးပုဒ်သို့ ရောက်အောင် ထွက်သောနည်းသည် ဝါးခွဲ ထွက်နည်းမည်၏။

၃။ အလယ်ပုဒ်ကိုလိုရင်းကောက်၍ ရှေးပုဒ် နောက်ပုဒ်တို့ကို လှည့်၍ ထွက်သောနည်းသည် ရဟတ်ထွက်နည်းမည်၏။

၄။ ရှေးနောက်၌ရှိသော ကတ္တားကံပုဒ်တို့ကို အလယ်ကြိယာပုဒ်သို့ ကိုင်၍ ထွက်သောနည်းသည် မဒီကညာ ရင်ဆီး ထွက်နည်းမည်၏။

၅။ ရှေးနောက်ပြန်လှန်၍အနုလုံ,ပဋိလုံအားဖြင့်ထွက်သော နည်းသည် ဥဒေါင်းသွားထွက်နည်းမည်၏။

**တနည်း။** ဥပမာဟိတ် တို့ဖြင့် တန်ဆာဆင်၍ ထွက်သောနည်းကို မဒီကညာရင်ဆီးထွက်နည်း, ပဌာန်းနည်း-စသည်တို့ဖြင့် ဆန်းကြယ်စွာ ထွက်သောနည်းကို ဥဒေါင်းသွားထွက်နည်း—ဟူ၍လည်း ဆရာကြီးများ မိန့်တော်မူကြ၏။

ဥပမာ-ချိန်ခွင်ညှာ ထွက်နည်း, မန်ကျည်းရွက်သတ်ထွက်နည်းများ ရှိသေး၏၊ ဝါးခွဲနှင့် မန်ကျည်းရွက်သတ်, ရဟတ်နှင့်ချိန်ခွင်ညှာတူကြ၏။

## ၃—ဝိဂ္ဂြိုဟ်ဝါကျ၌ထွက်နည်းအမြွက်

"သမ္မာ သာမဉ္စ သမ္ဗုဓမ္မေ အဘိသမ္ဗုဒ္ဓေါတိ သမ္မာ သမ္ဗုဒ္ဓေါ"-ဟူသော ဝိဂ္ဂြိုဟ်ဝါကျ၌ ထွက်ပုံကား—

အရှင် ဋီကာဆရာ (အာလုပ်)၊ ဆရာသည် သမ္မာသမ္ဗုဒ္ဓေါ,ဟု ဆိုတော်မူ၏(ထပနာ)၊ ၎င်းသမ္မာသမ္ဗုဒ္ဓေါသည် အနိပ္ဖန္နပါဋိပဒိကလော, သို့မဟုတ်-နိပ္ဖန္နပါဋိပဒိကလော (အာဘောဂ)၊အဘယ်သို့မှတ်ရပါမည်နည်း (စောဒနာ)၊ ဤသို့ မေးရန် ရှိသောကြောင့် သမ္မာသာမဉ္စ။ ပ။ သမ္မာသမ္ဗုဒ္ဓေါ-ကိုမိန့်တော်မူသတည်း၊ထိုပါဌ်၏အဓိပ္ပါယ်ကား-သမ္မာသမ္ဗုဒ္ဓသည် နိပ္ဖန္နပါဋိပဒိက ဖြစ်ဘိသော်၊.... ထိုပါဌ်ဘို့တွင် ထိုရင်းပါဌ်ကား- သမ္မာသမ္ဗုဒ္ဓေါ- ဟူသည်တည်း၊ အဓိပ္ပါယ်ကား-မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓမည်၏ဟု ဆိုလိုသည်၊.... အဘယ်ဗျုပ္ပတ်ကြောင့် သမ္မာသမ္ဗုဒ္ဓ မည်ပါသနည်းဟု မေးရန်ရှိ၍ သမ္မာသာမဉ္စသမ္ဗုဓမ္မေအဘိသမ္ဗုဒ္ဓေါ-ကိုမိန့်သည်၊.. ဗျုပ္ပတ္တိဇောတကကား- အဘယ်ပါနည်းဟု မေးရန်ရှိ၍ ဣတိ ကိုမိန့်သည်။

[ဤကားအကျဉ်းတည်း၊ အကျယ်ကိုချဲ၍သိလေ။]

## ၄—ထပနာပဉ္စကထွက်နည်းအမြွက်

ပထနာပဉ္စက ဟူသည်- ထပနာ, ဒေါသာပေက္ခလက္ခဏာ,အာဘောဂ,အာဘောဂဟိတ်,ပုစ္ဆာ၊ ဤငါးပါးဖြင့် ထွက်ခြင်းကိုဆိုသည်။

ဆောင်။ ထပနာပြု၊ဒေါသလက္ခဏာ၊အာဘောဂနှင့်၊ ဟိတ်
ဖြာရှေးပယ်၊နွယဆွယ်။မေးဘွယ်ပဉ္စက။

ဤလက်ဘ၌ "ရှေးပယ်" ဟူသော ပဋိက္ခေပ စောဒနာ၊ "နွယဆွယ်" ဟူသော အနုညာတ စောဒနာ နှစ်ရပ်ကို ပုစ္ဆာသို့သွင်း၍ယူရမည်၊ သို့မှ ထပနာ ပဥ္စက ဖြစ်နိုင်မည်ကိုသိ။

**ထွက်ပုံ။** အရှင်အနုရုဒ္ဓါဆရာ၊ ဆရာသည် "အဘိဝါဒိယ"ဟုဆိုတော်မူ၏ (ထပနာ)၊ ထိုသို့ အဘိဝါဒိယ-ဟု ဝစ္စမဘက် ဝါစကကြိယာသက်သက်ကို ဆိုအပ်သည်ရှိသော် (ဒေါသာပေက္ခလက္ခဏာ)၊ဤအဘိဝါဒိယဟူသော ကြိယာပုဒ်သည် ကတ္တားဟောဖြစ်၍ ကတ္တားနှင့် မကင်းကောင်းရာသည် မဟုတ်ပါလော (အာဘောဂ)၊ ထိုသို့ မကင်းကောင်းရာသောကြောင့် (အာဘောဂဟိတ်)၊အဘိဝါဒိယကြိယာ သက်သက်ကိုသာ မဆိုသင့် (ပဋိက္ခေပစောဒနာ)၊ အဘိဝါဒိယ ကြိယာသည် ဟောအပ်သော ကတ္တားကိုလည်းပြဆိုသင့်သေး၏(အနုညာတ စောဒနာ)၊ ၎င်းအဘိဝါဒိယကြိယာသည် ဟောအပ်သော ကတ္တားကား အဘယ်ပါနည်း(ပုစ္ဆာ)၊ဤသို့မေးရန်ရှိသောကြောင့် "အဟံ"ဟူသောပါဌ်သေသကိုမိန့်၊.... အဓိပ္ပါယ်ကား- အဘိဝါဒိယကြိယာ၏ ကတ္တားသည် အဟံ ဖြစ်ဘိသော်။

## ၅–ကျမ်းရိုး ငါးချက်ထွက်နည်းအမြွက်

"ထ-အနုပါ၊ပဋိပါ၊ နု-ဋ္ဌိရောပနာ"ဟူသည်နှင့်အညီ၊ ထပနာ, အနုလောမပါပနာ, ပဋိလောမပါပနာ, အနုလောမ ရောပနာ, ပဋိလောမ ရောပနာ၊ ဤငါးချက်ဖြင့် တက်ခြင်း,ထွက်ခြင်းကို ကျမ်းရိုးငါးချက် ထွက်ခြင်းဟု ဆိုသည်၊ ထိုငါးပါးတို့တွင် ထပနာ ဟူသည်–ကျမ်းဆရာ၏

စကားကို တိုင်တန်းတည်ထားခြင်း,ဘမ်း၍ ချုပ်ထားခြင်း ကိုဆိုသည်၊ အနုလောမပါပနာ ဟူသည်— အစဉ်သဖြင့် ရောက်သောအပြစ်ကိုဆိုသည်၊ ပဋိလောမပါပနာဟူသည်- အပြန်အားဖြင့် ရောက်သော အပြစ်ကိုဆိုသည်၊အနုလောမ ရောပနာဟူသည်-အစဉ်သဖြင့်တင်သော အပြစ်ကိုဆိုသည်၊ ပဋိလောမ ရောပနာ ဟူသည်—အပြန်အားဖြင့် တင်သော အပြစ်ကိုဆိုသည်-ဟုမှတ်။

**ဆောင်။** ၏-ထပနာ၊ လဲ—နုပါနှင့်၊ ပဋိပါ-သေး၊ မြော်တွေး ဟုတ် မဟုဘ်,၊အာဘော်ထုတ်၍၊ ကြောင့်- ထုတ် ဟိတ်နှောင့်၊ ဆိုသင့် ကောက်က၊ နုလောပြ၏၊ မသင့်ပြမူ၊ ပဋိ ဟုသည်…ငါးဆူ ပဥ္စက ကျမ်းရိုး တည်း။

**အဓိပ္ပါယ်ချုပ်။** ၏-ဆိုလျှင်(ထပနာ)ဟုမှတ်၊ လည်း, လဲ-ဆိုလျှင် (အနုလောမ ပါပနာ)၊ မဟုတ်သေး ဆိုလျှင် (ပဋိလောမပါပနာ)၊ ဤသည်ကားဟုတ်၏၊ ဤသည်ကား မဟုတ်ဟုဆိုလျှင် (စောဒကာဘောဂ)၊ထိုသို့ မဟုတ်သော ကြောင့် (စောဒကဟိတ်)၊….ဤအာဘောဂနှင့် ဟိတ် နှစ် ပါးကား-ရောပနာ၏ အခြေမူလ-ဟုမှတ်၊ ဤစကားကိုသာ ဆိုသင့်၏၊(အနုလောမရောပနာ)၊ ဤစကားကို မဆိုသင့် (ပဋိလောမရောပနာ)၊ တို့နှောင် ပုစ္ဆာဆက်၍ တက်ရ သည်။

## ဋီကာကျော် ပဏ္ဏာမဂါထာ၌ တက်ထွက်ပုံ

အရှင်ဋီကာဆရာ- ဝိသုဒ္ဓကရုဏာ ဉာဏံ- စသော ဂါ ထာကို အဘယ် အကျိုးငှါဆိုပါသနည်း (စောဒက၏ အ

မေး)၊အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့် ဋီကာကို စီရင်ခြင်း
အကျိုးငှါဆိုသည် (ဋီကာဆရာ၏ အဖြေ)၊.... ဤအမေး
အဖြေနှစ်ရပ်ကား-ကျမ်းရိုးငါးချက်မှ အလွတ်ပြင်ပ စော
ဒက၏ အဖြေပါဒရန်စတည်း၊ အရှင်ဋီကာဆရာ- ဆရာ
သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာကို စီရင်ခြင်း
အကျိုးငှါ ဝိသုဒ္ဓကရုဏာဉာဏံ-စသောဂါထာကို ဆိုသည်
ဟု ဆရာ ဆို၏ (ထပနာ)၊အကယ်၍ ဤသို့ ဆိုချေသော်-
(ဒေါသာ ပေက္ခ လက္ခဏာ)၊ ဝိသုဒ္ဓ ကရုဏာ ဉာဏံ
စသော ဂါထာ သည်လည်း ဋီကာ ဟုတ်၏- ဟူသော
အဓိပ္ပါယ်သည်ရောက်၏(အနုလောမပါပနာ)၊ပရမဝိစိတ္တ
နယသမန္နာဂတံ-စသော အဖွင့်သည်သာ ဋီကာမဟုတ်
သေး-ဟူသော အဓိပ္ပါယ်ရောက်၏ (ပဋိလောမပါပနာ)၊
စင်စစ်သော်ကား-ပရမဝိစိတ္တနယ သမန္နာဂတံ-စသော အ
ဖွင့်သည်သာ ဋီကာဟုတ်၏၊ ဝိသုဒ္ဓကရုဏာဉာဏံ-စသော
ဂါထာသည် ဋီကာမဟုတ် (အာဘောဂ)၊ ထိုသို့ မဟုတ်
သောကြောင့် (ရောပနာ၏ဟိတ်)၊အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း
၏အဖွင့်ဋီကာကို စီရင်ခြင်းအကျိုးငှါ ပရမဝိစိတ္တနယ
သမန္နာဂတံစသော စကားကို ဆိုသည်ဟူ၍ သာဆိုသင့်၏
(အနုလောမရောပနာ)၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့်
ကို စီရင်ခြင်းအကျိုးငှါ ဝိသုဒ္ဓကရုဏာဉာဏံ စသော ဂါ
ထာကို ဆိုသည်ဟူ၍ကား မဆိုသင့် (ပဋိလောမရောပနာ)၊
ဆိုသင့်သည်ကိုမဆို-မဆိုသင့်သည်ကိုဆိုသည်ရှိသော်(ဒေါ
သာရောပနလက္ခဏာ)၊ဆရာ၌ ပဋိညာတဗ္ဗ, ပဋိညာကရ
ဏာ ဆန့်ကျင်သော ဝိရောဓိဒေါသမရောက်ပြီလော(စောဒ
နာ)၊....ငါ့ရှင်စောဒက....ဝိသုဒ္ဓကရုဏာဉာဏံ စသော

ဂါထာကို အဖွင့်ဋီကာ ဟုတ်သောကြောင့် ဆိုသည်မဟုတ်၊ ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ ဘွယ်ရာလက်သုံး ထုံးတမ်းဓမ္မတာအားလျော်စွာ အန္တရာယဝိသောဿန စသော အကျိုးတို့ကို မြော်ကိုး၍သာ ငါဆိုသတည်း၊ သို့အတွက်ကြောင့် သင်စောဒကတင်သော အပြစ်ဒေါသသည် ငါ့၌ မရောက်နိုင်။

**အဓူး**။ ကတ္တားကံ စသည်တို့ကို တက်ထွက်ရာ၌စောဒနာ၏အဆုံးတွင် အဘယ်သို့ မှတ်ရပါမည်နည်း- စသည်ဖြင့် ပုစ္ဆာဆက်၍တက်၏၊ ထိုကဲ့သို့ တက်ခြင်းကို ထပနာဆက္ကာဟူ၍ခေါ်သည်။

**ဆောင်**။ ထပနာပြ၊လက္ခဏာရှု၊နက်ရောက်စုံပုံ၊ အနုလုံမှာ၊ပါပနာတည့်၊ပြန်ကာယူကုန်၊ ပဋိလုံမှာ၊ ပါပနာဟု၊ ဟိတ်ခတ်ပြု၍၊ တင်မှုရောပန၊ အနုပြလော့၊ပြန်ကာပဋိ၊ထုတ်လေဘိ၍၊ ပြစ်ရှိလက္ခဏာ၊ ဒေါသပြကာ၊ စောဒနာ၊ပုစ္ဆာဆက္ကပြ။

ဤလက်ာ၌ ထပနာ,အနုလောမပါပနာ,ပဋိလောမပါပနာ, အနုလောမရောပနာ, ပဋိလောမရောပနာ,ဒေါသ-ဟု ယင်းခြောက်ခုကို ယူရမည်၊သို့မှ ဆက္ကဖြစ်မည်။

[ဤကား ထွက်နည်းဆိုင်ရာအကျဉ်းချုပ်တည်း။]

တက်နည်း,ထွက်နည်းဆိုင်ရာအကျဉ်းချုပ်ပြီး၏။

---

## ၁၃-ဥဒါသ်ကောက်နည်းဆိုင်ရာအကျဉ်းချုပ်

ဝိဂြိုဟ်သည်-သမာသ်မျိုး, တဒ္ဓိတ်မျိုး,ကိတ်မျိုးဟူ၍ အကျဉ်းအားဖြင့် ၃-မျိုးပြား၏၊ အသီးအသီးအားဖြင့်ကား-သမာသ် ၆-မျိုး,တဒ္ဓိတ် ၃-မျိုး,ကိတ် ၇ မျိုးဖြစ်သတည်း။

## (က) သမာသ် ၆-မျိုးကောက်ရန်စည်းကမ်း

သမာသ်ဝိဂြိုဟ်ဟူသရွေ့၌-ပဓာန,အပဓာနကိုမှတ်သား ပြီးလျှင်ပဓာနကိုရှေးဦးစွာ-ပုဒ်ရင်းအနက်ဖြစ်သောမုချတ္ထ, သမ္ဗန်အနက်ဖြစ်သော ဥပစာရတ္ထဟု ၂-မျိုးခွဲ၍ ကောက် ရမည်၊ ၎င်းနောက်ပဓာနကို ပုဒ်လုံးအရပြု၍ ကောက်ရ မည်။

**ဆောင်**…၁။ ပုဒ်ရင်းမုချ၊သမ္ဗန္ဓ၊ဥပစာရ ကောက်။
၂။ ယင်း၏နောက်မှ၊ ပဓာန၊ပုဒ်လုံးအရကောက်။
[ဤကားသာမညစည်းကမ်းတည်း။]

### ၁-အဗျယီဘာဝ၌ ကောက်ရန်စည်းကမ်း

အဗျယီဘာဝသမာသ်သည်-ရှေးပုဒ်ပြဓာန်းသော်လည်း ရှေးပုဒ်ချည်းသက်သက်ခွဲ၍ မကောက်ရ၊နောက်ပုဒ်ကိုမုချ ကောက်,သမ္ဗန်ကောက် ခွဲကောက်ပြီးမှ ရှေးပဓာနပုဒ်ကို ပုဒ်လုံးအရပြု၍ကောက်ရမည်။

**ကောက်ပုံ**။ ဥပ နဂရံ-ဟူသော အဗျယီဘာဝသမာသ်၌ နဂရ-ဟူသောနောက်ပုဒ်အရ မြို့ဒြပ်ကို မုချအားဖြင့်ရ၏၊ မြို့ဒြပ်၏ ဥပအရဖြစ်သော အနီးစကားဒြပ်နှင့် သမီပိ- သမီပအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဌာနူပစာရ အားဖြင့် ရ၏၊ ဥပ နဂရံ-ဟူသော ပုဒ်လုံး၏ အရကား-ဌာနူပစာ အားဖြင့်မှတ်အပ်သော မြို့ဒြပ်၏အနီးဖြစ်သော စကားဒြပ် ကို ရ၏။

**မှတ်ချက်**။ ပဓာနဖြစ်သော ဥပပုဒ်သည် မြို့၏အနီး ဖြစ်သော စကားဒြပ် ဟူသော အနက်ကို နဂရဟူသော နောက်ပုဒ်နှင့်ကင်း၍ မဟောနိုင် သောကြောင့် သီးခြား မကောက်ရဟု မှတ်။

## ၂—နောက်ပုဒ်ပြဓာန်းသော ကမ္မဓာရည်းသမာသ်၌ ကောက်ရန်စည်းကမ်း

နောက်ပုဒ်ပြဓာန်းသော ကမ္မဓာရည်းသမာသ်၌ ရှေးပုဒ်ကောက်,ပုဒ်လုံးကောက်အားဖြင့် ၂-ပါးပြား၏၊ထို ၂-ပါးတို့တွင် ရှေးပုဒ်ကို မုချ,ဥပစာ နှစ်မျိုးခွဲကောက်ရသည်။

**ဆောင်…၁။** မုချော ပစာ၊ ရှေးပုဒ်မှာ၊ ခွဲကာကောက်ရမြဲ။
၂။ ပုဒ်လုံးအရ၊ထိုနှစ်ဝ၊ယူထကောက်ရမြဲ။

**ကောက်ပုံ။** မဟာ ပုရိသော— ဟူသော ကမ္မဓာရည်းသမာသ်၌ မဟန္တ ဟူသော ရှေးပုဒ်အရကား— မြတ်ခြင်းမဟန္တဘောဂုဏ်ကို မုချအားဖြင့် ရ၏၊ ၎င်းမဟန္တဘောဂုဏ်၏ နောက်ပုဒ်အရ ဖြစ်သော ယောကျ်ားဒြပ်တည်းဟူသောဂုဏောဒြပ်နှင့်ဂုဏ်, ဂုဏောအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်ကို ဥာနူပစာအားဖြင့် ရ၏၊မဟာ ပုရိသော-ဟူသောပုဒ်လုံးအရကား ဥာနူပစာအားဖြင့်မှတ်အပ်သော၊ဝါ-မြတ်သောဘောဂုဏ်နှင့် စပ်သောယောကျ်ားဒြပ်ကိုရ၏။

## ၃—ရှေးပုဒ်ပြဓာန်းသောကမ္မဓာရည်းသမာသ်၌ ကောက်ရန်စည်းကမ်း

ရှေးပုဒ်ပြဓာန်းသော ကမ္မဓာရည်းသမာသ်၌ နောက်ပုဒ်ကောက်,ပုဒ်လုံးကောက်အားဖြင့် ၂-မျိုးပြား၏၊ ထိုတွင်—နောက်ပုဒ်ကောက်မှာ ပုဒ်နက်ကောက်, သမ္ဗန်ကောက် ၂-မျိုး၊ပုဒ်နက်ကောက်ကိုမုချ,သမ္ဗန်ကောက်ကို ဥပစာဟုမှတ်၍ကောက်ရမည်။

**ဆောင်…၁။** နောက်ပုဒ်စာရ၊ ပုဒ်နက်မျှ၊ ခွဲထသမ္ဗန်ကောက်။
၂။ ပုဒ်နက်မုချ၊သမ္ဗန္ဓ၊ဥပစာရ ကောက်။

**ကောက်ပုံ။** ဂဏှု တ္တမော–ဟူသော ကမ္မဓာရည်း သမာသ်၌ ဥတ္တမ–ဟူသော နောက်ပုဒ်၏ အရကား– မြတ်သော သီလ,သမာဓိ,ပညာစသော ဥတ္တမဘောဂဏ်ကို မုချအားဖြင့်ရ၏၊ ၎င်းဂုဏ်၏ ရှေးပုဒ်အနက်ဖြစ်သော အရိယာသံဃာရှစ်ပါးအပေါင်းဟု ဆိုအပ်သော ဂဏောဒြဗ်နှင့်ဂုဏ်, ဂဏောအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်ကို ဌာနူပစာရ,သာဝကပါရမီဉာဏ်, ဝိပဿနာဉာဏ် စသော ရှေးရှေးသော ဉာဏ်ကိုဖလူပစာအားဖြင့်ရ၏၊ဂဏှုတ္တမော-ဟူသောပုဒ်လုံး၏ အရကား-ဌာနူပစာ,ဖလူပစာတို့ဖြင့်မှတ်အပ်သောအရိယာသံဃာရှစ်ပါးအပေါင်းကိုရ၏။

## ၄–နှစ်ပုဒ်ပြဓာန်းသောကမ္မဓာရည်းသမာသ်၌ ကောက်ရန်နည်းကမ်း

၎နှစ်ပုဒ် ပြဓာန်းသော ကမ္မဓာရည်းသမာသ်၌ ရှေးပုဒ်ကောက်, နောက်ပုဒ်ကောက်, ဒဗ္ဗဝါစကတဒ္ဓါကောက်အားဖြင့် ၃-မျိုးတို့တွင် ရှေးပုဒ်ကောက်, နောက်ပုဒ်ကောက်မှာ–မုချ,သမ္ဗန် ၂-မျိုးခွဲကောက်၊ တဒ္ဓါမှာလိုရင်းကို ကောက်ရသည်၊···· တနည်း- ရှေးပုဒ် ကောက်, နောက်ပုဒ်ကောက်, ပုဒ်လုံးကောက်ဟူ၍လည်း ၃-မျိုးခွဲကောက်နိုင်သည်။

**ဆောင်**··· ၁။ ဒွိပဓာန၊ရှေးနောက်-တ၊ ခွဲသုံးမျိုးကောက်။
၂။ ရှေးနောက်ပဒ၊ နှစ်ပါးရ၊ မုချ–သမ္ဗန်ကောက်။
၃။ တဒ္ဓါမှာ၊လိုရင်းသာ၊မှန်စွာမြဲမြဲကောက်။

**ကောက်ပုံ။** သဏ္ဍာသုခုမောဟူသောကမ္မဓာရည်းသမာသ်၌ သဏှ-ဟူသော ရှေးပုဒ်အရကား- သိမ်မွေ့ခြင်း သဏှ

ဘောဂဟာကို မုချအားဖြင့်ရ၏၊ ၎င်းဂဟာ၏ တရားဒြဗ် တည်းဟူသော ဂုဏောနှင့်ဂဟာ,ဂုဏောအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊ သုခုမ-ဟူသော နောက် ပုဒ်၏အရကား- နူးညံ့ခြင်း သုခုမဘောဂဟာကိုမုချ၊ ၎င်း ဂဟာ၏တရားဒြဗ်တည်းဟူသော ဂုဏောနှင့် ဂဟာ,ဂုဏီ အ ဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်ကိုဌာနူပစာအားဖြင့်ရ၏၊တ သဒ္ဒါ၏ အရကား-ရှေးပုဒ်,နောက်ပုဒ်အနက်ဟုဆိုအပ်သော ဌာနူ ပစာအားဖြင့် မှတ်အပ်သော တရားဒြဗ်ကိုရ၏။

## ၅-တပ္ပုရိသ်သမာသ်၌ကောက်ရန်စည်းကမ်း

တပ္ပုရိသ်သမာသ်၌ ရှေးပုဒ်ကောက်, ပုဒ်လုံးကောက် အားဖြင့် ၂-မျိုး၊ ထို ၂-မျိုးတို့တွင် ရှေးပုဒ်ကောက်မှာ- မုချကောက်,ဥပစာကောက် ၂-မျိုး၊ ပုဒ်လုံးကောက်မှာ လိုရင်းကို ကောက်ရသည်။

**ဆောင်။** မုချော-ပစာ၊ရှေးပုဒ်မှာ၊ လိုရာပုဒ်လုံးကောက်။

**ကောက်ပုံ။** ဘူမိ ဂတော-ဟူသောတပ္ပုရိသ်သမာသ်၌ ဘူမိ ဟူသော ရှေးပုဒ်၏အရကား-ဘူမိသဒ္ဒါ၏အနက်ရင်း ဖြစ်သောမြေဒြဗ်ကို မုချအားဖြင့်ရ၏၊ ၎င်းမြေဒြဗ်ဟူသော ဌာန၏-ဂတောဟူသော နောက်ပုဒ် အရဖြစ်သော သွား တတ်သောသူဟုဆိုအပ်သော ဌာနီနှင့် ဌာန,ဌာနီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊ ဘူမိ ဂတော-ဟူ သော ပုဒ်လုံး၏အရကား- ဌာနူပစာအားဖြင့် မှတ်အပ် သော သွားတတ်သော သူဒြဗ်ကိုရ၏။

**ဥဘောတပ္ပုရိသ်သမာသ်၌ကောက်ပုံ။** အမြာဟ္မဏော-ဟူ သော တပ္ပုရိသ်သမာသ်၌ န-ဟူသော ရှေးပုဒ်၏အရကား-

ပုဏ္ဏားမဟုတ်သည်၏ အဖြစ်တည်း ဟူသော အ ဗြာဟ္မဏာ ဘောဂုဏ်ကို မုချအားဖြင့်ရ၏၊ ၎င်းဂုဏ်၏ ဗြာဟ္မဏ ဟူသောနောက်ပုဒ်၏အရ-ပုဏ္ဏားတုဟူသောဂုဏောနှင့်ဂုဏ်, ဂုဏောအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်ကို ဥာနူပစာအားဖြင့် ရ၏၊ အ ဗြာဟ္မဏော-ဟူသော ပုဒ်လုံး၏အရကား-ဥာနူပစာအားဖြင့်မှတ်အပ်သော ပုဏ္ဏားတုဒြဗ်ကိုရ၏။

## ၆–ဒိဂုသမာသ်၌ ကောက်ရန် စည်းကမ်း

ဒိဂုသမာသ်၌ ရှေးပုဒ်ကောက်, ပုဒ်လုံးကောက်အားဖြင့် ၂-မျိုး၊ ထိုတွင် ရှေးပုဒ်ကောက်မှာ သင်္ချာကို မုချ, သမ္ဗန်ကို ဥပစာအားဖြင့်ကောက်၊ ပုဒ်လုံးအရ လိုရင်းကို ကောက်ရသည်။

**ဆောင်**....၁။ ဒိဂု-ပုဗ္ဗာ၊ သင်္ချာမုချ၊ သမ္ဗန္ဓ၊ ဥပစာရကောက်။
၂။ ပုဒ်လုံးအရ၊ လိုရင်းမျှ၊ တွေးဆညာဏ်ဖြင့်ကောက်။

**ကောက်ပုံ**။ ဒိဂု-ဟူသော ဒိဂုသမာသ်၌ ဒွိ-ဟူသော ရှေးပုဒ်အရကား-နှစ်ခုဟူသော အရေ အတွက်သင်္ချာကို မုချအားဖြင့်ရ၏၊၎င်းသင်္ချာ၏ဂေါ-ဟူသောနောက်ပုဒ်အရ နွားဒြဗ်ဟူသော သင်္ချေယျနှင့်သင်္ချာ,သင်္ချေယျအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်ကို ဥာနူပစာအားဖြင့်ရ၏၊ဒိဂု-ဟူသောပုဒ်လုံး အရကား-ဥာနူပစာအားဖြင့် မှတ်အပ်သော နှစ်ကောင်သော နွားဒြဗ်ကိုရ၏။

## ၇–ဗဟုဗ္ဗီဟိ သမာသ်၌ ကောက်ရန်စည်းကမ်း

ဗဟုဗ္ဗီဟိ သမာသ်၌ သမာသ်ပုဒ်ကောက်, အညပုဒ်ကောက်အားဖြင့် ၂-မျိုး၊ ထိုတွင် သမာသ်ပုဒ်ကောက်မှာ

မုချကောက်, ဥပစာကောက် ၂-မျိုးခွဲကောက်၊ အညပုဒ်အရ လိုရင်းကိုကောက်ရသည်။

**ဆောင်**…၁။ သမာသ်ပုဒ်မှာ၊ ရှေးဦးစွာ၊ မုချော့ပစာကောက်။
၂။ အညပုဒ်မှာ၊ လိုရင်းသာ၊ မြဲစွာမှတ်၍ကောက်။

**ကောက်ပုံ။** ဇိတိန္ဒြိယော- ဟူသောသမာသ်၌ ဇိတ-ဣန္ဒြိယဟူသော သမာသ်ပုဒ်၏အရကား- အောင်အပ်ပြီးသော ဣန္ဒြေကို မုချအားဖြင့်ရ၏၊ (၎င်းဣန္ဒြေတော်သည် ဂုဏ်ပင်ဖြစ်၏၊) ထိုဂုဏ်သည် ယ-ဟူသော အညပုဒ်အရ ဘုရားဒြဗ်တည်းဟူသော ဂုဏောနှင့်ဂုဏ်, ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဥာနုပစာအားဖြင့်ရ၏၊ ယ-ဟူသောအညပုဒ်၏အရကား-ဥာနုပစာအားဖြင့် မှတ်အပ်သော ဘုရားဒြဗ်တော်ကိုရ၏။

## ၈-ဒွန်သမာသ်၌ ကောက်ရန်စည်းကမ်း

ဒွန်သမာသ်၌ ရှေးပုဒ်ကောက်, ပုဒ်လုံးကောက် အားဖြင့် ၂-မျိုး၊ ထိုတွင် ရှေးပုဒ်ကောက်မှာမုချကောက်, ဥပစာကောက်ဟု ၂-မျိုးခွဲကောက်၊ ပုဒ်လုံးကောက်မှာ လိုရင်းကိုကောက်ရသည်။

**ဆောင်** …. ၁။ မုချော့ပစာ၊ ရှေးပုဒ်သာ၊ ဒွန်မှာခွဲ၍ကောက်။
၂။ ပုဒ်လုံးအရ၊ လိုရင်းမျှ၊ ကောက်ရ ကျမ်းလာထောက်။

**ကောက်ပုံ။** ဘဝေါစ အဘဝေါစ ဘဝါဘဝံ-ဟူသော ဒွန်သမာသ်၌ ဘဝ-ဟူသော ရှေးပုဒ်၏အရကား- သုဂတိဘဝဟု ဆိုအပ်သော ကြီးသောဘဝကို မုချအားဖြင့် ရ၏၊ ၎င်းကြီးသောဘဝ၏ နောက်ပုဒ်အရဖြစ်သော ဘဝငယ်နှင့်

သမုစ္စယ,သမုစ္စေတဗ္ဗအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊ ဘဝါဘဝံ-ဟူသော ပုဒ်လုံး၏အရကား-ဌာနူပစာအားဖြင့်မှတ်အပ်သော ဘဝကြီးဘဝငယ် နှစ်ပါးကိုရ၏။

**အတူး။** စသဒ္ဒါအရ ကောက်လိုလျှင် ရှေးစအရ-ဘဝကြီး၏ သမုစ္စယဘောဂုဏ်, ဘဝငယ်၏ သမုစ္စေတဗ္ဗဘောဂုဏ်ကိုကောက်၊ နောက်စအရ—ဘဝငယ်၏သမုစ္စယဘောဂုဏ်,ဘဝကြီး၏ သမုစ္စေတဗ္ဗဘောဂုဏ်ကိုကောက်ရသည်။

သမာသ် ၆-မျိုးကောက်ရန်စည်းကမ်းပြီး၏။

---

## (ခ) တဒ္ဓိတ် ၃-မျိုးကောက်ရန်စည်းကမ်း

တဒ္ဓိတ်သည် ပုဒ်နှင့်ပစ္စည်းတွဲသော သဘောဖြစ်၍ ပုဒ်ကောက်,ပစ္စည်းကောက်အားဖြင့် ၂-မျိုးပြား၏၊ထို ၂-မျိုးတို့တွင် ပုဒ်ကောက်မှာ ပုဒ်ရင်းအနက်မှချ, ပစ္စည်းအနက်နှင့်စပ်ခြင်းသမ္ဗန်ကို ဥပစာကောက်ရသည်၊ ပစ္စည်းအရလိုရင်းကိုကောက်ရသည်။

**ဆောင်**....၁။ တဒ္ဓိတ်ဟူက၊ ပုဒ်အရ၊ မှချဌာနူကောက်။
၂။ ပစ္စည်းအတွက်၊ လိုရင်းနက်၊ ဆက်ဆက် အရကောက်။

### ၁-သာမညတဒ္ဓိတ်ကောက်ပုံ

နာဝိကော—ဟူသော တဒ္ဓိတ်၌ နာဝါ-ဟူသော ပုဒ်၏ အရကား-လှေဒြပ်ကို မှချအားဖြင့် ရ၏၊ ၎င်းလှေဒြပ်၏ ကူးတတ်သောသူဒြပ်နှင့် ကာရဏ,ကာရဏီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊ ဏိကပစ္စည်း၏

အရကား- ဌာနူပစာအားဖြင့် မှတ်အပ်သော ကူးတတ်သော သူဒြဗ်ကိုရ၏။

## ၂—အဗျယတဒ္ဓိတ်ကောက်ပုံ

ကထံ-ဟူသော အဗျယတဒ္ဓိတ်၌ ကိံ—ဟူသော ပုဒ်၏ အရကား-မေးခြင်းပုစ္ဆနဘောဂုဏ်ကို မုချအားဖြင့် ရ၏၊ ထိုပုစ္ဆနဘောဂုဏ်၏ ထံပစ္စည်း၏အရဖြစ်သော ပကာရဘောဂုဏ်ဟုဆိုအပ်သောဂုဏောနှင့်ဂုဏ်, ဂုဏောအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဌာနူပစာအားဖြင့် ရ၏၊ ထံပစ္စည်း၏ အရကား-ပကာရဘောဂုဏ်ကိုရ၏။

## ၃—ဘာဝတဒ္ဓိတ်၌ကောက်ရန်စည်းကမ်း

ဘာဝတဒ္ဓိတ်၌ပုဒ်ကောက်, ပစ္စည်းကောက် အားဖြင့် ၂-မျိုး၊ထိုတွင်ပုဒ်ကောက်မှာ မုချကောက်,ဥပစာကောက် ၂—မျိုး၊ပစ္စည်းကောက်မှာ ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမ်-ဟု ဆိုအပ်သော ပဝတ္တိနိမိတ်ကိုကောက်ရသည်။

**ဆောင်။** တဒ္ဓိတ်ဘာဝ၊ပစ္စယ၊ ပဝတ္တိနိမိတ်ကောက်။

**ကောက်ပုံ။** ဒဠှတ္တံ-ဟူသော ဘာဝတဒ္ဓိတ်၌ဒဠှီပုဒ်၏ အရကား-တောင့်တင်းကိုင်စွဲသော သူဒြဗ်ကို မုချအားဖြင့်ရ၏၊ ၎င်းသူဒြဗ်တည်းဟူသော ဌာန၏ တောင့်တင်းဒြဗ်တည်းဟူသော ဌာနီနှင့် ဌာန,ဌာနီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊တ္တပစ္စည်း၏ အရကား—တောင့်တင်းဒြဗ်ဟုဆိုအပ်သော ပဝတ္တိနိမိတ်ကိုရ၏။

**အထူး။** သောတ္တတဒ္ဓိတ်သည် ပုဒ်အရ, ပစ္စည်းအရ မထူးကြ၍ ပုဒ်ပစ္စည်းအရ အတူတူပင်ကောက်ရသည်။

**ဆောင်။** အရမကွဲ၊ပုဒ်ပစ္စွဲ၊ကောက်မြဲသောတ္တ-တဒ္ဓိတ။

**ကောက်ပုံ။** ဒေဝတာ-ဟူသော သောတ္တတဒ္ဓိတ်၌ ဒေဝ-ဟူသောပုဒ်၏အရကား-နတ်ကိုရ၏၊ တာပစ္စည်း၏ အရလည်း နတ်ကိုပင်ရ၏။

တဒ္ဓိတ် ၃-မျိုးကောက်ရန်စည်းကမ်းပြီး၏။

---

## (ဂ) ကိတ်ဝိဂြိုဟ် ၇-မျိုး ကောက်ရန်စည်းကမ်း

### ၁-သာမညကောက်ရန်စည်းကမ်း

ကိတ်ဝိဂြိုဟ်ကောက်လိုလျှင် ဝိဇ္ဇမာနသဒ္ဒါ,အဝိဇ္ဇမာနသဒ္ဒါ ၂-မျိုးကို ရှေးဦးစွာသိနှင့်ရမည်၊ပရမတ္ထသဘာဝဓမ္မကို လိုရင်းရထိုက်သော ပုဒ်မျိုးဖြစ်လျှင် ဝိဇ္ဇမာန သဒ္ဒါဟုမှတ်၊ပုဂ္ဂိုလ်,သတ္တဝါ-စသောပညတ်ကိုရထိုက်သောပုဒ်မျိုးဖြစ်လျှင် အဝိဇ္ဇမာနသဒ္ဒါဟုမှတ်၊ ဝိဇ္ဇမာနသဒ္ဒါဟူသမျှမှာ ဓာတ်အရ-သတ္တိ-လက္ခဏာ-သဘာဝကိုကောက်၊ ပစ္စည်းအရ-သတ္တိမန္တ-လက္ခဏာဝန္တ-သဘာဝဝန္တကို ကောက်ရသည်၊အဝိဇ္ဇမာနသဒ္ဒါ ဟူသမျှမှာ ဓာတ်အရ-ပရမတ္ထကိုကောက်၊ ပစ္စည်းအရ-ပညတ်ကိုကောက်ရသည်။

[ဤကား-သာမညကောက်ရန်စည်းကမ်းတည်း။]

**ဆောင်**... ၁။ သဒ္ဒါဝိဇ္ဇမာန၊ ဝိဂြိုဟ်ပြုက၊ ဓာတ်အရမှာ၊
သတ္တိ-လက္ခဏာ၊ သဘာဝကို၊ ကောက်ရမချို၊ ပစ္စည်းဘို့မှာ၊ လက္ခဏာဝန်၊ သဘာဝန်ကို၊ ကေန်အရ ညွှန်းသတည်း။

၂။ အဝိဇ္ဇမာနသဒ္ဒါ၊ ဝိဂ္ဂြိဟ်မှာကား၊ ကောက်ပြောဖွားပရမတ်၊ ခတ်ဘို့မှတ်၊ ပည္တိပစ္စည်း၊ ယူလေစည်း။

## ၂-ဝိသေသကောက်ရန်စည်းကမ်း

၁။ ကတ္တုသာဓနဖြစ်အံ့-ဓာတ်အရ-ကတ္တု၌ကြိယာကို၊ပစ္စည်းအရ-ကတ္တားကိုကောက်ရသည်။

၂။ ကမ္မသာဓနဖြစ်အံ့- ဓာတ်အရ-ကတ္တု၌၊ ကမ္မ၌ကြိယာကို၊ပစ္စည်းအရ-ကံကို ကောက်ရသည်။

၃။ ကရဏသာဓနဖြစ်အံ့-ဓာတ်အရ- ကတ္တု၌, ကရဏ၌ကြိယာကို၊ ပစ္စည်းအရ-ကရဏကို ကောက်ရသည်။

၄။ သမ္ပဒါနသာဓနဖြစ်အံ့-ဓာတ်အရ-ကတ္တု၌, သမ္ပဒါန၌ကြိယာကို၊ ပစ္စည်းအရ-သမ္ပဒါနကိုကောက်ရသည်။

၅။ အပါဒါနသာဓနဖြစ်အံ့-ဓာတ်အရ-ကတ္တု၌, အပါဒါန၌ ကြိယာကို၊ ပစ္စည်းအရ- အပါဒါနကို ကောက်ရသည်။

၆။ အဓိကရဏသာဓနဖြစ်အံ့- ဓာတ်အရ- ကတ္တု၌, အဓိကရဏ၌ကြိယာကို၊ ပစ္စည်းအရ-အဓိကရဏကိုကောက်ရသည်။

၇။ ဘာဝသာဓနဖြစ်အံ့-ဓာတ်အရ-ပစ္စည်းအရ မကွဲ၊ ကြိယာကိုချည်းသာကောက် ရသည်။

[ဤကား ဝိသေသကောက်ရန်စည်းကမ်းတည်း။]

**ဆောင်။** ဓာတ်ပစ္စည်းရ၊ မထူးကြ၍၊ ဌာနတည်ရာ၊ မငဲ့သာ၊ ကောက်ပါဘာဝဋ္ဌ။

**မှတ်ချက်။** ကတ္တာရှ ကြိယာအရမှာ-အရာကို ချင့်ထောက်၍ ဥပစာကောက်လိုလျှင် ကောက်ရသည်၊ မုချကောက်မှာ အမြဲပင် ကောက်ရသည်၊ ကမ္မရှစသည်မှာ ဥပစာချည်းသာကောက်ရသည်-ဟုမှတ်။

### ၁—ကတ္တုသာဓနကောက်ပုံ

ဗုဇ္ဈတီတိ-ဗုဒ္ဓေါ-ဟူသောကိတ်ပိုဒ်၌ ဗုဓဓာတ်အရကား—သစ္စာဉာဏ်ကို မုချအားဖြင့်ရ၏၊ အကြောင်းဖြစ်သောပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည်ကို ဖလူပစာအားဖြင့်ရ၏၊အကျိုးဖြစ်သောဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ် စသည်ကို ကာရဏူပစာအားဖြင့်ရ၏၊တ-ပစ္စည်း၏အရကား-ထိုမုချ ဖလူ ကာရဏူပစာတို့ဖြင့် မှတ်အပ်သော ဘုရားဒြဗ်တော်ကိုရ၏။

### ၂—ဟေတုကတ္တုသာဓန၌ ကောက်ရန်စည်းကမ်း

ဟေတု ကတ္တုသာဓန ဖြစ်အံ့-ဓာတ်အရ သုဒ္ဓကတ္တုရှ, ဟေတုကတ္တုရှ ၂-မျိုး ခွဲကောက်ရသည်၊ သုဒ္ဓကတ္တုရှ ကြိယာမှာ မုချကောက်, ဟေတု ကတ္တုရှကြိယာမှာ ဥပစာကောက်ရသည်။

**ကောက်ပုံ။** ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ၌ ဗုဓဓာတ်သုဒ္ဓကတ္တုရှကြိယာ၏ အရကား- သတ္တဝါတို့၏ သစ္စာဉာဏ်ကို မုချအားဖြင့်ရ၏၊ ဟေတုကတ္တုရှကြိယာ၏ အရကား-ငင်းသစ္စာဉာဏ်ကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သော အာသယာနုသယဉာဏ်, ဒေသနာဉာဏ်စသည်ကို ဖလူပစာအားဖြင့်ရ၏၊တ-ပစ္စည်း၏ အရကား-ဖလူပစာအားဖြင့် မှတ်အပ်သော ဘုရားဒြဗ်တော်ကိုရ၏။

## ၃–အဝုတ္တကတ္တုသာဓနဥ္ဒကောက်ပုံ

ဗျဉ္ဇိယတိ အတ္တော ဧတေဟီတိ ဗျဉ္ဇနာ-ဟူသော အဝုတ္တကတ္တုသာဓန ကိတ်ဝိဂြိုဟ်ဥ္ဒ(ဝိသဒ္ဒါအရကိုခေါ်တွတ္တာနုဝတ္တကဖြစ်၍ သီးခြားမကောက်ရ)၊ အဉ္ဇုဓာတ် ကတ္တုဋ္ဌကြိယာ၏အရ ဗျည်းတို့၏ ဝါစကသတ္တိကို မှုချအားဖြင့်ရ၏၊ ကမ္မဋ္ဌကြိယာ၏အရကား-ဝဒန္တဖြစ်အံ့-ဗျည်းဖြင့် မှတ်အပ်သောအနက်ကို ဖလူပစာအားဖြင့်ရ၏၊ သုဏန္တဖြစ်အံ့–ကာရဏူပစာအားဖြင့်ရ၏၊ ယု-ပစ္စည်း၏အရကား-သတ္တိမန္တဖြစ်သော ဗျည်းကိုရ၏။

## ၄–အဝိဇ္ဇမာနသဒ္ဒါဥ္ဒကောက်ပုံ

စိန္တေတီတိစိတ္တံဥ္ဒ စိန္တဓာတ်၏အရကား- စိန္တကသတ္တိ၊ ဝါ-စိန္တနလက္ခဏာ၊ ဝါ-စိန္တနသဘောကိုရ၏၊ တပစ္စည်း၏အရကား- သတ္တိမန္တ၊ ဝါ-လက္ခဏာဝန္တ၊ ဝါ-သဘာဝဝန္တဖြစ်သော စိတ်ဒြပ်ကိုရ၏။

## ၅–ကမ္မသာဓနဥ္ဒကောက်ပုံ

သတ္တေဟိနာထိယတိ အာသီသီယတီတိ နာထော-ဟူသောကမ္မသာဓနဥ္ဒ နာထဓာတ် ကတ္တုဋ္ဌကြိယာ၏ အရကား-သဒ္ဒါစေတနာ မွတ်သိပ်ခြင်းကို မှုချအားဖြင့်ရ၏၊ ကမ္မဋ္ဌကြိယာ၏အရကား-သတ္တဝါတို့၏ အာသာဆန္ဒကို မပယ်ဖျောက် နိုင်သော ရူပ-ဝါစာ-ဉာဏ-ဇာတိ္တအစိန္တေယျဂုဏ်အပေါင်းဟု ဆိုအပ်သော အာရုံကို ဖလူပစာ အားဖြင့်ရ၏၊အ-ပစ္စည်း၏အရကား-ထိုဖလူပစာအားဖြင့် မှတ်အပ်သောဘုရားဒြပ်တော်ကိုရ၏။

## ၆–ဟေတုကမ္မသာဓနနှင့် ကောက်ပုံ

ဗောဓာပိယတေတိ ဗုဒ္ဓိ-ဟူသော ဟေတုကမ္မသာ-ဓနနှင့် ဗုဓဓာတ် ကတ္တုဥ္စကြိယာ၏ အရကား-ဒေသနာဉာဏ်စသည်ကို မှုချအားဖြင့် ရ၏၊ ဟေတုကမ္မဥ္စကြိယာ၏ အရကား-ဒေသနာဉာဏ်အား ကျေးဇူးပြုတတ်သော ထိုသစ္စာလေးပါး၏ အာရမ္မဏပစ္စယသတ္တိကို ဖလူပစာအားဖြင့်ရ၏၊ တ-ပစ္စည်း၏အရကား-ထိုဖလူပစာအားဖြင့်မှတ်အပ်သော သစ္စာလေးပါးကိုရ၏။

## ၇–ကရဏသာဓနနှင့် ကောက်ပုံ

ပဇာ ဗုဇ္ဈတိ ဧတေနာတိ ဗုဒ္ဓေါ-ဟူသောကရဏသာဓနနှင့် ဗုဓဓာတ်ကတ္တုဥ္စကြိယာ၏အရကား-သတ္တဝါတို့၏ သစ္စဉာဏ်ကို မှုချအားဖြင့်ရ၏၊ ကရဏဥ္စကြိယာ၏ အရကား-၎င်းသစ္စဉာဏ်ကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သော အာသယာနုသယဉာဏ်, ဒေသနာဉာဏ် စသည်ကို ဖလူပစာအားဖြင့် ရ၏၊ တ-ပစ္စည်း၏ အရကား-ထိုဖလူပစာအားဖြင့်မှတ်အပ်သော သိကြောင်းကရိယာဖြစ်သော ဘုရားဒြပ်တော်ကိုရ၏။

## ၈–သမ္ပဒါနသာဓနနှင့် ကောက်ပုံ

ဒါတဗ္ဗော အဿာတိ ဒါနီယော-ဟူသော သမ္ပဒါနသာဓနဝိဂ္ဂြိုဟ်၌ ဒါဓာတ်ကတ္တုဥ္စကြိယာ၏ အရကား-ပေးလှူသော သဒ္ဓါမေတ္တာပြဓာန်းသော စေတနာကို မှုချအားဖြင့်ရ၏၊ သမ္ပဒါနဥ္စကြိယာ၏အရကား-ပေးလှူ အပ်သော ရဟန်းဒြပ်၏ အာရမဏပစ္စယသတ္တိကို ဖလူပစာအားဖြင့်

ရ၏၊အနိယ•ပစ္စည်း၏အရကား-ထိုဖလူပစာအားဖြင့် မှတ်အပ်သော ရဟန်းဒြဗ်ကိုရ၏။

## ၉–အပါဒါနသာခနေ၌ ကောက်ပုံ

ဟိနောတိပဝတ္တတိဖလံ တေသွာတိ ဟေတု- ဟူသော အပါဒါနသာခနေဝိဂြိုဟ်၌ ဟိဓာတ်ကတ္တု၌ ကြိယာ၏ အရကား-အကျိုးပစ္စုပ္ပန်ဓမ္မ၏ ဥပါဒ်ကို မုချအားဖြင့် ရ၏၊ အပါဒါန၌ကြိယာ၏ အရကား-အလောဘစသော ဟိတ်တရားတို့၏ ဟေတုပစ္စယသတ္တိစသည်ကို ဖလူပစာအားဖြင့် ရ၏၊တု-ပစ္စည်း၏အရကား-ထိုဖလူပစာအားဖြင့် မှတ်အပ်သော ဟိတ်ခြောက်ပါးရ၏။

## ၁၀–အဓိကရဏသာခနေ၌ ကောက်ပုံ

သုဇ္ဈတိဧတ္ထာတိ သုဒ္ဓိ-ဟူသော အဓိကရဏသာခနေဝိဂြိုဟ်၌ သုဓာတ်ကတ္တု၌ကြိယာ၏ အရကား-ဝေနေယျတို့၏ မဂ်ဉာဏ်ကို မုချအားဖြင့်ရ၏၊ အဓိကရဏ၌ကြိယာ၏ အရကား-ထိုမဂ်ဉာဏ်၏ အာရုံဖြစ်သော နိဗ္ဗာန်၏ အာရမဏသတ္တိကို ဖလူပစာအားဖြင့်ရ၏၊ တိ-ပစ္စည်း၏ အရကား-သာတ္တိမန္တဖြစ်သောနိဗ္ဗာန်ကိုရ၏။

## ၁၁–ဘာဝသာခနေ၌ကောက်ပုံ

ဗုဇ္ဈနံ ဗုဒ္ဓိ-ဟူသော ဘာဝသာခနေကိတ် ဝိဂြိုဟ်၌ ဗုဓဓာတ်၏အရကား-သိခြင်းကြိယာကိုရ၏၊ ဝါ-သိခြင်းဉာဏ်ကိုရ၏၊ တ-ပစ္စည်း၏အရကား-ငင်းဉာဏ်ကိုပင်ရ၏။

ကိတ်ဝိဂြိုဟ်ကောက်ရန်စည်းကမ်း ၇-မျိုး ပြီး၏။

## (ဃ) အာချာတ်၌ ကောက်ရန်စည်းကမ်း

ကြိယံအာချာယတီတိ အာချာတံ-ဟူသည်နှင့် အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သောကြောင့် အာချာတ်မည်၏၊ ထိုအာချာတ် ကြိယာဟူသည် ပရမတ္ထသဘောတရားပင်ဖြစ်သည်၊ ထို့ကြောင့် အာချာတ်ပုဒ်အရကောက်လိုလျှင် ပရမတ္ထသဘောတရားများကို သိနှင့်ထားရမည်။

### ၁—ကတ္တားဟောအာချာတ်၌ကောက်ရန်စည်းကမ်း

ကတ္တားဟောအာချာတ်ပုဒ်ကိုကောက်လိုလျှင် ဓာတ်, ပစ္စည်း, ဝိဘတ် ၃-မျိုးခွဲကောက်ရသည်၊ ထိုတွင်—ကတ္တားဟောအာချာတ်၌ မုချ,ဥပစာ ၂-မျိုး၊ ထိုတွင် ပစ္စုပ္ပန်ကြိယာဟုဆိုအပ်သော စိတ္တုပ္ပါဒ်ကိုမုချ, ထိုမုချဖြစ်သော ပစ္စုပ္ပန်ကြိယာ စိတ္တုပ္ပါဒ်၏ ရှေးရှေးဖြစ်သော စိတ္တုပ္ပါဒ်ကို ဖလူပစာ,နောက်နောက်ဖြစ်သော စိတ္တုပ္ပါဒ်ကို ကာရဏူပစာကောက်၊ ပစ္စည်းအရ—ရူပသိဒ္ဓိမတ္တ ပဒသိလိင်္ဂတာဘောဂဏ်ကိုကောက်၊ ဝိဘတ်အရ ကတ္တားကိုကောက်ရမည်။

**ဆောင်**....၁။ ပစ္စုပ်ကြိယာ၊မုချာမှတ်ယူ၊ရှေးဖလူ၊ နောက်မူ ကာရဏူ။
၂။ ပစ္စည်းအရ၊ သိလိင်္ဂ၊ ဘာဝဂုဏ်ကိုယူ။
၃။ ကတ္တားကိုသာ၊ဝိဘတ်မှာ၊ ကောက်ပါအရယူ။

**ကောက်ပုံ။** ဂစ္ဆတိ-ဟူသော ကတ္တားဟော အာချာတ်၌ ဂမုဓာတ်၏အရကား—ထိုထိုအရပ်သို့သွားခြင်းငှါ အလိုရှိသောသူ၏ သတိ,ဝီရိယ,ပညာ ပြဓာန်းသော စိတ္တုပ္ပါဒ်

ကိုရ၏၊ ယောနိသောမနသိကာရစသောရှေးရှေးဖြစ်သော စိတ္တုပ္ပါဒ်ကို ဖလူပစာအားဖြင့်ရ၏၊ သွားခြင်းကြိယာ ပြီးဆုံးသဖြင့် အဆင့်ဆင့်သော အကျိုးကို ပြီးစေတတ်သော နောက်နောက် ဖြစ်သော စိတ္တုပ္ပါဒ်ကို ကာရကရူပစာအားဖြင့်ရ၏၊ အပစ္စည်း၏ အရကား-ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာဟုဆိုအပ်သော ဘောဂဏ်ကိုရ၏၊ တိ-ဝိဘတ်၏ အရကား- သွားခြင်း ကြိယာကို ပြီးစေ တတ်သော ယောက်ျားစသော ကတ္တားဒြပ်ကို အပဓာနအားဖြင့်ရ၏၊ ၎င်းကတ္တားဒြပ်၌ တည်သော ကတ္တုဠ္ဌကြိယာကို ပဓာနအားဖြင့်ရ၏။

[ကြိယံအာချာယတီတိအာချာတံကိုထောက်၍ ကတ္တုဠ္ဌကြိယာကို ပဓာနထား၍ ကောက်ရသည်။]

## ၂-ကံဟောအာချာတ်၌ ကောက်ရန်စည်းကမ်း

ကံဟောအာချာတ်ပုဒ်ကို ကောက်လိုလျှင် ဓာတ်အရ ကတ္တုဠ္ဌကြိယာ, ကမ္မဋ္ဌကြိယာ ၂-မျိုး၊ ထိုတွင် ကတ္တုဠ္ဌကြိယာ၏အရကို မုချ၊ ကမ္မဋ္ဌကြိယာ၏အရကို ဖလူပစာအားဖြင့်ကောက်၊ ပစ္စည်းအရ-ရှေးအတိုင်း ဘောဂဏ်ကိုကောက်၊ ဝိဘတ်အရ-ကံကိုကောက်ရသည်။

ဆောင်....၁။ ကတ္တုကမ္မဋ္ဌ၊ ကြိယနှစ်ဖြာ၊ ဓာတ်ရမှာ၊ ခွဲကာကောက်လေဘိ။

၂။ ကတ္တုမုချ၊ ကမ္မဖလူ၊ ပစ္စည်းမူ၊ ရှေးတူကောက်လေဘိ။

၃။ ဝိဘတ်အရ၊ ကံကိုမျှ၊ ကောက်ကြလေကုန်ဘိ။

**ကောက်ပုံ။** ဟာညတေ-ဟူသော ကံဟောအာချာတ်၌ ဟာနခါတ် ကတ္တုဋ္ဌကြိယာ၏ အရကား- သတ်တတ်သော ပုဂ္ဂိုလ်၏ ဝဓကစေတနာပြခါန်းသော ဒေါသမူ စိတ္တုပ္ပါဒ်ကို·မုချအားဖြင့်ရ၏၊ ကမ္မဋ္ဌကြိယာ၏အရကား-သတ်အပ်သော သတ္တဝါ၏ အာရမဏ ပစ္စယသတ္တိကို ဖလူပစာအားဖြင့်ရ၏၊ယ-ပစ္စည်း၏အရကား-ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဟု ဆိုအပ်သော ဘောဂဏ်ကိုရ၏၊တေ-ဝိဘတ်၏ အရကား-ထိုမုချ ဖလူပစာတို့ဖြင့် မှတ်အပ်သော သတ်အပ်သောပုဂ္ဂိုလ်ကို အပခါနအားဖြင့်ရ၏။

[ပခါနကိုကောက်လိုလျှင် ခါတ်အနက်ကိုကောက်။]

**ခ-ဘောဟောအာချာတ်၌ ကောက်ရန်စည်းကမ်း**

ဘောဟော အာချာတ်ပုဒ်ကိုကောက်လိုလျှင်- **ခါတ်** အရ, ဝိဘတ် အရ ဘာဝ ဝါစကချည်း ဖြစ်သောကြောင့် ပရမတ္ထ သဘာဝဖြစ်သော ကြိယာကိုသာကောက်ရသည်။

**ဆောင်။** ခါတ်ဝိဘတ်ရ၊ မထူးကြ၊ကောက်ရ ကြိယာ။

**ကောက်ပုံ။** ဘူယတေ-ဟူသော ဘောဟောအာချာတ်၌ ဘူခါတ်၏အရကား-သတိ,ဝီရိယ,ဉာဏ် ပြခါန်းသော စိတ္တုပ္ပါဒ်ရ၏၊ တေ-ဝိဘတ်၏အရလည်း—ငင်းပင်ရ၏၊ ယ-ပစ္စည်း၏ အရကား-ပဒသိလိဋ္ဌတာဘောဂဏ်ကို ရ၏။

အာချာတ်၌ကောက် ရန်စည်းကမ်းပြီး၏။

---

**(င) ဝါစကတပ်သော နာမ်ဝိဘတ်အရကောက်**

**ဝါစကမတပ်သောဝိဘတ်။** ပထမာ ဝိဘတ်သည် သကတ်-ဒြပ်-လိင်-သင်္ချာ-ပရိမာဏစသော သူတပါးအနက်

ကိုသာ ဟောတတ်သည်ဖြစ်၍ ဝစ္စရှိစ်ပါးဟု ဆိုအပ်သော မိမိ၏အနက်ကို မဟောတတ်သောကြောင့် ဝါစကမတပ်— ဟု သဒ္ဒါကျမ်းဆရာတို့ ဆိုကြ၏။

**ဝါစကတပ်သောဝိဘတ်။** ဒုတိယာ စသော ဝိဘတ် ခြောက်မျိုးကား- မိမိအနက်ဟု ဆိုအပ်သော ကံစသော ကာရကနှင့် သင်္ချာအနက်တို့ကို ဟောတတ်သောကြောင့် ဝါစကတပ်သည်ဟုဆိုကြ၏။

**ဒုတိယာဝိဘတ်ဝါစကတပ်ပုံ။** ပုမံပဿတိ-ဟူသော ပြ ယုဂ်၌ ကံအနက်၌ သက်သော ဒုတိယာ ကေဝုစ်အံဝိဘတ် ၏အရကား- မြင်ခြင်းကြိယာဖြင့် ရောက်အပ်သောကြိယာ ပါပုဏန သတ္တိတည်းဟူသော ကမ္မကာရကနှင့်, တခု တည်း၏အဖြစ်တည်းဟူသော ကေဝုစ်သင်္ချာ ၂-ပါးရ၏။

**တတိယာဝိဘတ်ဝါစကတပ်ပုံ။** ဂရုဠေန ဟတော နာဂေါ- ဟူသောပြယုဂ်၌ ကတ္တားအနက်၌ သက်အပ်သောတတိယာ ကေဝုစ်နာဝိဘတ်၏အရကား- သတ်ခြင်းကြိယာကို ပြီးစေ တတ်သော ဝဓကစေတနာ၏ ကြိယာနိပ္ဖါဒနသတ္တိ တည်း ဟူသော ကတ္တုကာရကနှင့်,တခုတည်း၏အဖြစ် တည်းဟူ သောကေဝုစ်သင်္ချာရ၏။

**တနည်း။** ရုက္ခံ တစ္ဆတိ ဝါသိယာ-ဟူသောပြယုဂ်၌ က ရိုဏ်းအနက်၌ သက်အပ်သော တတိယာ ကေဝုစ်နာဝိဘတ် ၏အရကား-ရွေခြင်းရှိသောသူ ကြိယာကိုပြီးစေခြင်း၏ အ ကြောင်းဖြစ်သော ကြိယာ သာဓကတမ သတ္တိတည်းဟူ သော ကရဏကာရကနှင့်,ကေဝုစ်သင်္ချာရ၏။

**စတုတ္ထီဝိဘတ်ဝါစကတပ်ပုံ။** သံဃဿ ဒါနံ ဒဒါတိ-ဟူသော ပြယုဂ်၌ သမ္ပဒါန်အနက်၌ သက်အပ်သော စတုတ္ထီဧကဝုစ်သဝိဘတ်၏အရကား-ဒါနဝတ္ထုကို ခံယူတတ်သော သံဃာ၏ဝတ္ထု ပဋိဂ္ဂါဟက သတ္တိတည်းဟူသော သမ္ပဒါနကာရကနှင့်,ဧကဝုစ်သင်္ချာရ၏။

**ပဉ္စမီဝိဘတ်ဝါစကတပ်ပုံ။** ဂါမာအပေန္တိမုနယော-ဟူသောပြယုဂ်၌ အပါဒါန်အနက်၌ သက်အပ်သော ပဉ္စမီဧကဝုစ်သ္မာဝိဘတ်၏အရကား-ဖဲလိုသော စိတ္တုပ္ပါဒ်အားတပ်သောရွာဖြစ်၏ အပဂမနသတ္တိဟု ဆိုအပ်သော အပါဒါန ကာရကနှင့်,ဧကဝုစ်သင်္ချာရ၏။

**ဆဋ္ဌီဝိဘတ်ဝါစကတပ်ပုံ။** ဘိက္ခုနော ပတ္တစီဝရံ-ဟူသော ပြယုဂ်၌ သမ္ဗန်အနက်၌ သက်အပ်သော ဆဋ္ဌီ ဧကဝုစ်သဝိဘတ်၏အရကား ရဟန်းဖြစ်၏ သပိတ်သင်္ကန်း ဖြစ်နှင့် သာမိ,သံအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်နှင့်,ဧကဝုစ်သင်္ချာရ၏။

**သတ္တမီဝိဘတ်ဝါစကတပ်ပုံ။** ဥစ္ဆူသု ရသော-ဟူသော ပြယုဂ်၌ ဩကာသအနက်၌ သက်အပ်သော သတ္တမီ ဗဟုဝုစ်ဝိဘတ်၏အရကား- ကြံဖြစ်၌တည်သောကြိယာပတိဋ္ဌာပနသတ္တိဟုဆိုအပ်သောဩကာသကာရကနှင့်,များသည်၏အဖြစ်တည်းဟူသောဗဟုဝုစ်သင်္ချာရ၏။

ဝါစကတပ်သောနာမ်ဝိဘတ်အရကောက်ပြီး၏။

---

## (စ) သမ္ဗန္ဓာမ်ပုဒ်အရကောက်

**ကောက်ပုံစည်းကမ်း။** သမ္ဗန္ဓာမ်ပုဒ် တို့၏ အရကို ကောက်လိုလျှင် ဒြပ်ကို အပဓာန,ဂုဏ်ကို ပဓာနအားဖြင့် ကောက်ရသည်။

**ဆောင်။** ၁။ အပဓာန၊ ဒြပ်ရ၊ ဂုဏ်ပဓာန။
၂။ သမ္ဗန္ဓာမ်ပုဒ်၊အရထုတ်၊မယုတ်ကောက်လေပါ။

**ကောက်ပုံ။** ယောဘဂဝါ-ဟူသော ပြယုဂ်၌ ''ယ''ဟူသော သမ္ဗန္ဓာမ်ပုဒ်၏ အရကား-ဘုရားဒြပ်ကို အပဓာန၊ ဘုရားဒြပ်၏ အနိယမသာမညဂုဏ်ကို ပဓာနအားဖြင့် ရ၏။

သော ဘဂဝါ-ဟူသောပြယုဂ်၌''တ''ဟူသောသမ္ဗန္ဓာမ် ပုဒ်၏အရကား-ဘုရားဒြပ်ကို အပဓာန၊ဘုရားဒြပ်၏ နိယမ သာမညဂုဏ်ကို ပဓာနအားဖြင့်ရ၏။

တေသ ဘဂဝတော-ဟူသော ပြယုဂ်၌''တေ''ဟူသော သမ္ဗန္ဓာမ်ပုဒ်၏ အရကား-ဘုရားဒြပ်ကို အပဓာန၊ ဘုရား ဒြပ်၏ နာတိဒူရနာတိသမီပသာမညာကာရဂုဏ်ကို ပဓာန အားဖြင့်ရ၏။

ဣမဿ ပုရိသဿ-ဟူသော ပြယုဂ်၌ ''ဣမ'' ဟူသော သမ္ဗန္ဓာမ်ပုဒ်၏ အရကား-ယောကျ်ားဒြပ်ကို အပဓာန၊ ယောကျ်ားဒြပ်၏ အစ္စန္တသမီပါကာရ ဂုဏ်ကို ပဓာန အားဖြင့်ရ၏။

အဟံ နတ္ထာ-ဟူသော ပြယုဂ်၌ ''အမှ''ဟူသော သမ္ဗန္ဓာမ်ပုဒ်၏အရကား-ရှိခိုးလိုသောသူဒြပ်ကိုအပဓာန၊ ၎င်း သူဒြပ်၏သာမညာကာရဂုဏ်ကို ပဓာနအားဖြင့်ရ၏။

**အမှာ။** ၎င်းသမ္ဗန္ဓာမ်ပုဒ် တို့၏ အရ ကောက်ရာ၌ ယသဒ္ဒေါ အနိယမတ္ထော-စသော ရူပသိဒ္ဓိလာ စကားကို သတိပြု၍ကောက်။

သမ္ဗန္ဓာမ်ပုဒ်အရကောက်ပြီး၏။

---

## (ဆ) ဥပသာရပုဒ်အရကောက်

**ကောက်ပုံ။** ဝိသုဒ္ဓိ-ဟူသော ပြယုဂ်၌ ဝိသဒ္ဒါ၏အရ ကား-အထူးဟူသော ဘောဂျက်ကိုရ၏။

သမ္မာပကံ-ဟူသော ပြယုဂ်၌ သံသဒ္ဒါ၏ အရကား- ကောင်းသည်၏အဖြစ်တည်းဟူသော ဘောဂျက်ကိုရ၏။

သုဂတ္တံ-ဟူသော ပြယုဂ်၌ သုသဒ္ဒါ၏ အရကား- ကောင်းသည်၏ အဖြစ်တည်းဟူသော ဘောဂျက်ကိုရ၏။ ဤသို့စသည်ဖြင့် ဥပသာရပုဒ်တို့၏ အနက်အားလျော်စွာ ကောက်ရမည်ကိုသိလေ။

ဥပသာရပုဒ်အရကောက်ပြီး၏။

---

## (ဇ) နိပါတ်ပုဒ်အရကောက်

**ကောက်ပုံ။** အသုဒ္ဓိ-ဟူသော ပြယုဂ်၌ အသဒ္ဒါ၏အရ ကား-ဝိရုဒ္ဓဘောဂျက်ကိုရ၏။

ကစ္စာယနဥ္စ-ဟူသော ပြယုဂ်၌ စသဒ္ဒါ၏ အရကား- အရှင်ကစ္စည်းထေရ်ဟူသော သမုစ္စေတဗ္ဗကို ပဓာနဖာ,ဘုရား, တရား,သံဃာဟူသော ပဋိယောဂီဖြစ်သော သမုစ္စေတဗ္ဗကို အပဓာနအားဖြင့်ရ၏။

ဝုတ္တံ ဟောတံ-ဟူသော ပြယုဂ်၌ ဟိသဒ္ဒါ၏အရကား— ဒဋ္ဌိယဖြစ်သော ရှေးဝါကျကိုပဓာန၊ ဒဋ္ဌိကရဏ ဖြစ်သော နောက်ဝါကျကို အပဓာနအားဖြင့်ရ၏။ ။ဤသို့ စသည် ဖြင့် နိပါတ်ပုဒ်တို့၏အရကို အနက်အားလျော်စွာ ကြည့်၍ ကောက်လေ။

နိပါတ်ပုဒ်အရကောက်ပြီး၏။

ဉာသ်ကောက်နည်းဆိုင်ရာအကျဉ်းချုပ်ပြီး၏။

---

## ၁၄-ဝစနာဒိဆတ္တ

ဝစန ဝစနတ္တ ဝစနဟေတု ဝစနဟေတုဇောတက ဝစနီယ ဝစနီယတ္တ ဝသေန ကောကသ္မိံ ဓာတုဝိဂ္ဂဟေ ဆဗ္ဗိဓာ ဘဝန္တိ။

ဟူသော နိရုတ္တိသာရမဉ္ဇူသာ ဋီကာ နှင့် အညီ ကိတ် ဝိဂ္ဂြိုဟ်ဟူသမျှ၌ ဝစန,ဝစနတ္တ, ဝစနဟေတု, ဝစနဟေတု ဇောတက,ဝစနီယ,ဝစနီယတ္တ—ဟူသော၆—ပါးတို့ကို ခွဲ၍ ကောက်အပ်ကုန်၏။

ထို ၆—ပါးတို့တွင်—

၁။ နိပ္ဖန္နပုဒ်သည် အနက်ကို ဟောတတ်သောကြောင့် ဝစနမည်၏။

၂။ ဝိဂ္ဂြိုဟ်ဝါကျသည် နိပ္ဖန္နပုဒ်၏အနက် ဖြစ်သော ကြောင့် ဝစနတ္တမည်၏။

၃။ သကတ္တကြိယာသည် နိပ္ဖန္နပုဒ် ဟူသော ဝစန၏ အကြောင်း ဖြစ်သောကြောင့် ဝစနဟေတု မည်၏။

၄။ ဇာတိ သဒ္ဒါသည် သကတ္တကြိယာဟူသော ဝစန
ဟေတုကို ထွန်းပြတတ်သောကြောင့် ဝစနဟေတု
ဇောတကမည်၏။
၅။ ဒြပ်အနက်သည် ပစ္စည်းအရ ဖြစ်သောကြောင့်
(ဝါ—ပစ္စည်းသည် ဟောအပ်သောကြောင့်)ဝစနီ
ယ မည်၏။
၆။ ပရိယာယ် သဒ္ဒါသည် ဝစနီယ၏ အနက်ဖြစ်သော
ကြောင့် ဝစနီယတ္ထ မည်၏။
**ပုံစံကား**....ဗုဇ္ဈတီတိ ဗုဒ္ဓေါတည်း။

ဤ၌-
၁။ ဗုဒ္ဓေါဟူသော နိပ္ဖန္နပုဒ်သည် ဘုရားဟူသော အ
နက်ကို ဟောတတ်သောကြောင့် ဝစနမည်၏။
၂။ ဗုဇ္ဈတိ ဟူသော ဝိဂ္ဂဟဝါကျသည် ဗုဒ္ဓေါ ဟူ
သော နိပ္ဖန္နပုဒ်၏အနက်ဖြစ်သောကြောင့် ဝစနတ္ထ
မည်၏။
၃။ သိခြင်းဟူသော သကတ္တကြိယာသည် ဗုဒ္ဓေါ ဟူ
သော နိပ္ဖန္နပုဒ်၏ အကြောင်း ဖြစ်သောကြောင့်
ဝစနဟေတု မည်၏။
၄။ ဇာတိ သဒ္ဒါသည် သိခြင်းဟူသော သကတ္တကြိယာ
ကို ထွန်းပြတတ် သောကြောင့် ဝစနဟေတု ဇော
တက မည်၏။
၅။ ဘုရားဒြပ်တော်သည် ‘‘တ’’ ပစ္စည်း၏ အရဖြစ်
သောကြောင့် (ဝါ—တပစ္စည်းသည် ဟောအပ်
သောကြောင့်)ဝစနီယမည်၏။

၆။ ဘဂဝါ–စသော ပရိယာယ် သဒ္ဒါသည် ဝစနီယ၏ အနက်ဖြစ်သောကြောင့် ဝစနီယတ္ထမည်၏။

ဆောင်။ နိပ္ဖန္နကို၊ ဝစနဆိုလော့၊ ဝိဂ္ဂြိုဟ် ဝါကျ၊ ဝစနတ္ထတည်း၊ ထိုမှဟောတု၊ မှတ်ရှုသကတ်၊ နိပါတ်ဇာတိ၊ ဇောတကသိလေ၊ ဒြပ်တွေ့ကို၊ မှတ်လေဝစနီယ၊ ဝေဝစနကို၊ ဝစနီယတ္ထဆိုသည်၊ ဝိဂ္ဂြိုဟ် တွေ့တိုင်း ကောက်နည်းတည်း။

[ဝိသုဒ္ဓါရုံ-ပုဒ်စစ်ဂဏ္ဌိ။]

ဝစနာဒိဆက္ကပြီး၏။

---

## ၁၅ · အဘိဓာန်ဋီကာလာ ဗျုပ္ပတ္တိစတုက္က

ဗျုပ္ပတ္တိ နိမိတ္တံ သဒ္ဒသရူပပဝတ္တိယာ ကာရဏံ။ ပဝတ္တိနိမိတ္တံ ပန သဒ္ဒပယောဇနေသ ကာရဏန္တိ အယမေတေသံ သင်္ခေပတော လက္ခဏဝိသေသော။

ဟူသည်နှင့်အညီ ဗျုပ္ပတ္တိနိမိတ်နှင့် ပဝတ္တိနိမိတ်တို့သည် အကြောင်း ဖြစ်ကြ ပြီးလျှင် ဗျုပ္ပတ္တိနှင့် ပဝတ္တိ တို့သည် (ဗျုပ္ပတ္တိနိမိတ် ပဝတ္တိနိမိတ်တို့ကြောင့် ဖြစ်သော) အကျိုးများ ဖြစ်ကြသည်ဟု ရှေဦးစွာ မှတ်လွယ်စိမ့်သော်ငှါ အကြောင်း,အကျိုး ၂-မျိုးအားဖြင့်ခွဲ၍ ဗျုပ္ပတ္တိနိမိတ်သည်အစိတ်အစိတ် သဒ္ဒသုတိဖြစ်ခြင်း၏ အကြောင်းဖြစ်၏၊ ပဝတ္တိနိမိတ်သည် အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်၏-ဟု အကျဉ်းအားဖြင့် ဗျုပ္ပတ္တိနိမိတ်,ပဝတ္တိနိမိတ် ၂-ပါးတို့၏လက္ခဏာအထူးကိုလည်း ခွဲခြားမှတ်ထားသင့်၏။

၁။ ဝိသေသေဟိ ကြိယာ ပကတိပစ္စယာဒီဟိ ဥပ္ပဇ္ဇတီတိ ဗျုပ္ပတ္တိ၊ဂေါ အာဒိသဒ္ဒသရုပံ–ဟူသည်နှင့်အညီ အထူးထူးသောကြိယာ,ဓာတ်,ပစ္စည်း- စသည်တို့ကြောင့် (ဝါကျအနိုက်၌)ဖြစ်သော အစိတ်အစိတ်တလုံးတလုံး အက္ခရာဟုဆိုအပ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

၂။ တဿာ နိမိတ္တံ ဗျုပ္ပတ္တိနိမိတ္တံ၊ ကြိယာပကတိပစ္စယာဒယော-ဟူသည်နှင့်အညီ ထိုဗျုပ္ပတ္တိဟု ဆိုအပ်သော အစိတ်အစိတ် တလုံးဘလုံးသောအက္ခရာတို့ဖြစ်ပေါ်လာဘို့ရာအကြောင်းဖြစ်သော ကြိယာ,ဓာတ်,ပစ္စည်း စသည်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ပဝတ္တာယတိ တတ္ထ တတ္ထ အတ္ထေ ပယောဇယတီတိ ပဝတ္တိ၊ဂေါအာဒိကော သဒ္ဒေါ-ဟူသည်နှင့်အညီ ထိုထိုအနက်ကို ဟောစွမ်းနိုင်သော ပုဒ်ပြီးပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ တဿ, နိမိတ္တံ ပဝတ္တိ နိမိတ္တံ၊ ဇာတိကြိယာဂုဏ-ဒဗ္ဗနာမာနိ–ဟူသည်နှင့်အညီ ထိုပုဒ်ပြီး ပညတ္တိသဒ္ဒါ ဖြစ်ပေါ်လာဘို့တွအကြောင်းဖြစ်သော ဇာတ်,ဂုဏ်,ကြိယာ,ဒြပ်,နာမ်သည် ပဝတ္တိနိမိတ်မည်၏။

ယခုပြခဲ့သော ခွဲပုံသည် ကိတ်ပုဒ်ဖြင့်ခွဲပြမှ ပို၍ထင်ရှားသိလွယ်မည်ဖြစ်သောကြောင့် ကိတ်ဥဒါဟရုဏ်ဖြင့်သာ ခွဲပြပေအံ့။

၁။ ဂစ္ဆတီတိဂေါ၌ ဂ-ဟူသော,ဩ-ဟူသောအစိတ်အစိတ်တလုံးတလုံးသော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

၂။ သွားခြင်းကြိယာ, ဂမု- ဓာတ်, ကွိ- ပစ္စည်းသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဂေါ–ဟူသော အပေါင်းပည္စတ္တိသဒ္ဒါသည် ပစ္စတ္တိ မည်၏။

၄။ နွားတို့၏ တကောင်သည် တကောင်နှင့် တူသော အခြင်းအရာဟုဆိုအပ်သောဇာတ်သည်၎င်း, နွားဒြပ်သည် ၎င်း,သွားခြင်းကြိယာသည်၎င်း ပစ္စတ္တိနိမိတ်မည်၏။

အဘိဓာန်ဋီကာလာ ဗျုပ္ပတ္တိစတုက္ကပြီး၏။

## ၁၆–ဘေဒစိန္တာမဟာဋီကာလာ ဗျုပ္ပတ္တိစတုက္က

၁။ ဝိဂ္ဂဟဿ ဥပ္ပတ္တိ ဗျုပ္ပတ္တိ– ဟူသည်နှင့်အညီ သမာသ်,တဒ္ဓိတ်,ကိတ် ဝိဂ္ဂြိုဟ် ဝါကျသည် ဗျုပ္ပတ္တိမည်၏။

၂။ တာယ နိမိတ္တံ ဗျုပ္ပတ္တိနိမိတ္တန္တိ ကတ္ဘာ ဂစ္ဆတိ ဒေ့ဘော အသ အတ္ထိ တျာဒိဝိဂ္ဂဟဿ ပဝတ္တိကာရဏဘူ တောကြိယာသမ္ဗန္ဓာချော့ ဗျုပ္ပတ္တိနိမိတ္တံနာမ–ဟူသည် နှင့်အညီ ထိုဗျုပ္ပတ္တိဟု ဆိုအပ်သော ဝိဂ္ဂြိုဟ်ဝါကျ၏ အ ကြောင်းဖြစ်သောကြိယာ, ပေါင်းအပ် ယှဉ်အပ် စပ်အပ် သောသမ္ဗန်-အစရှိသောအနက်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ သဒ္ဒဿ ပဝတ္တိ သဒ္ဒပဝတ္တိ-ဟူသည်နှင့်အညီ ဝိဂ္ဂြိုဟ် ဝစနက် ပြုအပ်ပြီးသော သမာသ်,တဒ္ဓိတ်,ကိတ်ဟု ဆိုအပ် သောသဒ္ဒါဖြစ်ခြင်းသည် ပဝတ္တိမည်၏။

၄။ တာယ နိမိတ္တံ သဒ္ဒပဝတ္တိနိမိတ္တန္တိ ကတ္ဘာ ဂေါ- ဒဏ္ဍီတျာဒိသဒ္ဒဿ ပဝတ္တိကာရဏဘူတော ဇာတိဒဗ္ဗဂုဏ- ကြိယာနာမသင်္ခါတော အတ္ထော သဒ္ဒပဝတ္တိနိမိတ္တံနာမ-ဟူ သည်နှင့်အညီ ထိုသမာသ်,တဒ္ဓိတ်, ကိတ် ဟုဆိုအပ်သော သဒ္ဒါတို့၏ ဖြစ်ခြင်း အကြောင်းဖြစ်သော ဇာတ်, ဂုဏ်,

ကြိယာ, ဒြပ်, နာမ်ဟူသော ငါးပါးသော အနက်သည် ပဝတ္တိနိမိတ်မည်၏။

**မှတ်ချက်။** ကြိယာသည် ဗျုပ္ပတ္တိနိမိတ်, ပဝတ္တိနိမိတ် ၂-ပါးလုံး၌ပါဝင်သော်လည်းဝိဂြိုဟ်ဖြစ်ခြင်း၏အကြောင်းဖြစ်သော ကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏၊ ပုဒ်ပြီးသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြိယာသည် ပဝတ္တိနိမိတ်မည်၏။

**ဤခွဲပုံကား။** ဝါကျဝိဂြိုဟ်၊ဗျုပ္ပတ်ဆိုလေ့၊ထိုထိုနိပ္ဖန်၊သဒ္ဒါမှန်က၊မှတ်ရန်ပဝတ္တိ၊အဆိုရှိ၏၊ ထိုသည့်ကြောင်းချာ၊ကြိယာအတ္ထ၊ ဇာတျတ္ထကို၊ နိမိတ်ဆိုသည်၊ ထဲသိုစိတ်တွင် မြဲစေမင်း-ဟူသည်နှင့်လည်း အညီပင်တည်း။

ဘေဒစိန္တာမဟာဋီကာ၌လာသောဤခွဲပုံသည်သမာသ်, တဒ္ဓိတ်,ကိတ် ၃-မျိုးလုံးနှင့်ဆက်ဆံသည်ဖြစ်၍ ထို ၃-မျိုးလုံးတို့၌ခွဲအပ်၏။

## ၁–သမာသ်ခွဲပုံ

၁။ ရညော ပုတ္တော ရာဇပုတ္တော၌ ရညော ပုတ္တောဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိမည်၏။

၂။ မင်းဒြပ်၏သားဒြပ်နှင့် ဇနက, ဇညအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ တွဲစပ်အပ်ပြီးသော ရာဇပုတ္တောဟူသော သမာသ် ပုဒ်သည် ပဝတ္တိမည်၏။

၄။ မင်းသားတို့၏တယောက်သည် တယောက်နှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည်ဝင်း, မင်းသားဒြပ်သည်ဝင်း ပဝတ္တိနိမိတ်မည်၏။

## ၂–တဒ္ဓိတ်ခွဲပုံ

၁။ ဟတ္ထော အဿ အတ္ထီတိ ဟတ္ထီ၌ ဟတ္ထော အဿ အတ္ထီတိ-ဟူသော ဝိဂ္ဂြိုဟ် ဝါကျသည် ဗျုပ္ပတ္တိ မည်၏။

၂။ လက်ဒြဗ်၏လူဒြဗ်နှင့် အစိတ်အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ တဒ္ဓိတ်ပုဒ်ပြီးဖြစ်သော ဟတ္ထီသဒ္ဒါသည် ပဝတ္တိ မည်၏။

၄။ လက်ရှိသောလူဒြဗ်သည် ပဝတ္တိနိမိတ်မည်၏။

## ၃–ကိတ်ခွဲပုံ

၁။ ဗုဇ္ဈတီတိ ဗုဒ္ဓေါ၌ ဗုဇ္ဈတီတိ-ဟူသောဝိဂ္ဂြိုဟ်ဝါကျ သည် ဗျုပ္ပတ္တိမည်၏။

၂။ ဝိဂ္ဂြိုဟ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သိခြင်း ကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ပုဒ်ပြီးဖြစ်သော ဗုဒ္ဓေါဟူသော သဒ္ဒါသည် ပဝတ္တိ မည်၏။

၄။ မြတ်စွာဘုရားဒြဗ်တော်သည်၎င်း,သစ္စာ ၄–ပါး ကိုပိုင်းခြား၍သိခြင်း ကြိယာသည်၎င်း ပဝတ္တိနိမိတ် မည်၏။

**မှတ်ချက်။** ကမ္မသာဓန ဝစနတ္ထကို ခွဲသော အခါ ကတ္တုတ္ထကြိယာ,ကမ္မတ္ထကြိယာ ၂-ပါးကို ဗျုပ္ပတ္တိနိမိတ် အဖြစ်ဖြင့် ခွဲအပ်၏၊ ကရဏသာဓန, သမ္ပဒါနသာဓန, အပါဒါနသာဓန, အဓိကရဏသာဓန တို့၌လည်း ကမ္မ

သ်ာ့ခနကဲ့သို့ပင် နှစ်ပါး နှစ်ပါးသော ကြိယာတို့ကို ဗျုပ္ပတ္တိနိမိတ်အဖြစ်ဖြင့်ခွဲအပ်ကုန်၏၊ ဤကမ္မသာခနေ စသည်တို့၌ ဗျုပ္ပတ္တိနိမိတ် တချက်မျှသာထူး၏၊ ကြွင်းသုံးချက် ကတ္တုသာခနေနှင့် အတူပင်ခွဲအပ်၏။

ဘေဒစိန္တာ မဟာဋီကာလာ ဗျုပ္ပတ္တိစတုက္ကပြီး၏။

---

## ၁၇–ကြိယာ ၅-တန်ထုတ်နည်း

ကြိယာ၅-တန်ထုတ်နည်းသည်-

၁။ နေတ္တိ ဟာရနည်း, ဉာယ်ကောက်နည်း များနှင့် ဆက်သွယ်လျက် ရှိသော အကျိုး ၃-ချက်, အကြောင်း ၂-ချက်အားဖြင့် ဆက်စပ်၍ထုတ်သောနည်း။

၂။ အကျိုး ၄-ချက်,အကြောင်း ၁-ချက် အားဖြင့် ထုတ်သောနည်း။

၃။ လက္ခဏာဒိ စတုက္ကဖြင့် ဝေဘန်၍ ထုတ်သောနည်း။

၄။ ပဋိစ္စသမုပ္ပါဒ်နည်း အားဖြင့် အကြောင်း,အကျိုး ဆက်သွယ်၍ ထုတ်သောနည်း–

အားဖြင့် လေးနည်းရှိ၏၊ ထိုလေးနည်းကို သမ္ဘယောဂဝသေန-အဝိဇ္ဇာ ဘဇန္တိတိ အဝိဇ္ဇာ ဘာဂိနော ဟူသောဝါကျ၌-ဘဇန္တိကြိယာ၏ ဘဇ-ဓာတ်အရ တရားကိုယ်ကောက်ပုံနှင့်တကွ ထုတ်ပြပေအံ့။

သမ္ဘယောဂဝသေန အဝိဇ္ဇာတို့ကို ထောက်၍–ဘဇန္တိ၌ ဘဇဓာတ်၏ အရကို မောဟနှင့်သမ္ပယုတ်ဖြစ်သော မောဟကြည်သော အကုသိုလ် ဒွါဒသစိတ္တုပ္ပါဒ်ကိုကောက်အပ်၏။

**မှတ်ချက်။** အဝိဇ္ဇာ-အရ မောဟသည် အကုသိုလ် စေတသိက်ဖြစ်၍ ထိုမောဟနှင့် ယှဉ်နိုင်သော အကုသိုလ်စိတ်ဒွါဒသကိုသာကောက်ပြီးလျှင် ၎င်းအကုသိုလ်စိတ်၌ ယှဉ်နိုင်သော စေတသိက်တို့တွင်လည်း မောဟသည် မောဟနှင့် မယှဉ်နိုင်သောကြောင့် မောဟကိုကြဉ်၍ စေတသိက်ဆဗ္ဗိသကိုကောက်အပ်၏။

၁။ ဘဇန္တိအရ-အကုသိုလ်စိတ် ဒွါဒသ မောဟ ကြဉ်သော စေတသိက်ဆဗ္ဗိသတည်းဟူသော မုချကျိုးသည် ဒဿနတ္တ။

၂။ ထိုဒဿနတ္တ၏ နီးသော အကြောင်း ဖြစ်သော အယောနိသော မနသိကာရသည် (ပ-ဖလူပစာအားဖြင့်)ဒိပကတ္တ။

၃။ သာဝဇ္ဇဒုက္ခ ဝိပါကတည်း ဟူသော အကျိုးဖျားသည် (ပ-ကာရဏူပစာအားဖြင့်) ပကာသနတ္တ။

၄။ ထိုဒဿနတ္တ အကုသိုလ်စိတ္တုပ္ပါဒ်၏ ဝေးကြောင်းမူလကြောင်းဖြစ်သော အသဒ္ဓမ္မ သဝန စသည်တို့သည် (ဒု-ဖလူပစာအားဖြင့်)ဝိဘာဝတ္တ။

၅။ အပါယ်ငရဲဝဋ်ဆင်းရဲတို့၌ အဖန်ဖန် ကျင်လည်ရခြင်းစသော အကျိုးအဆက်ဆက်သည်(ဒု-ကာရဏူပစာအားဖြင့်)အနုဘာဝတ္တ။

**ဣကား**…ဆက်ဆက်မုချ၊ဘိုက်ရိုက်ပြကာ၊ဒဿနဆို၊ အကြောင်းကိုပြ၊ ဒိပကမျိုး၊ ကျိုးပကာသန၊ မူလကြောင်းမှာ၊ ဝိဘာဝမှန်၊ ကျိုးပရမ္ပရာ၊ နုဘာဝါ ကြိယာ- ငါးတန်ထုတ်နည်းတည်း။

ဟူသည်နှင့်အညီ အကျိုး ၃-ချက်၊ အကြောင်း ၂-ချက်အားဖြင့် ဆက်စပ်၍ထုတ်သော နည်းတည်း။

**တနည်း။**

၁။ ဘဇန္တိအရေ-အကုသိုလ်စိတ် ဥဒါဒသ-မောဟ ကြဉ်သော စေတသိက်ဆဗ္ဗိသတည်းဟူသော မုချကျိုးသည် ဒဿနတ္တ။

၂။ ထိုဒဿနတ္တ၏ အကြောင်းဖြစ်သော အယောနိသော မနသိကာရ, အသဒ္ဓမ္မသဝနစသည် သည် (ဖလူပစာအားဖြင့်) ဒီပကတ္တ။

၃။ အကုသလ ဝိပါက်စိတ်တည်း ဟူသော အာသန္နအကျိုးသည်(ပ-ကာရဏူပစာအားဖြင့်)ပကာသနတ္တ။

၄။ ထိုအကုသလ ဝိပါက်ဝိညာဉ်ကြောင့် ဖြစ်သော နာမ်ရုပ်တည်းဟူသော အဝိဒူရအကျိုးသည် (ဒု-ကာရဏူပစာအားဖြင့်)ဝိဘာဝတ္တ။

၅။ အပါယ်ငရဲ ဝဋ်ဆင်းရဲတို့၌ အဖန်ဖန် ကျင်လည်ရခြင်းစသော ဒူရ ဖြစ်သော အကျိုးအဆက်ဆက်သည်(တ-ကာရဏူပစာအားဖြင့်) အနုဘာဝတ္တ။

ဤကား···၁။ မုချယူရ၊စကားကျ၊ပြကြဒဿနာ။

၂။ ချင်း၏ကာရဏ၊ ဖလူပြ၊ယူကြဒီပနာ။

၃။ မုချကျိုးယူ၊ကာရဏူ၊ပြမူပကာသာ။

၄။ ကာရဏူက၊ဆယူကြ၊ ဒု-ပြဝိဘာဝါ။

၅။ ဒု-ကာရဏူ၊ဆ၍ယူ၊တ-မူနုဘာဝါ။

ဟူသောရှေးရေးဆောင်နိယာမ်များနှင့်အညီ အကျိုး ၄-ချက်၊အကြောင်း ၁-ချက်အားဖြင့်ထုတ်သောနည်းတည်း။

**တနည်း။**

၁။ ဘဇန္တိအရ-မောဟကြဉ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်၏ သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာသည် ဒသနတ္ထ။

၂။ အယောနိသော မနသိကာရ ပဒဋ္ဌာန်သည် ဒီပကတ္ထ။

၃။ အနတ္တဇနန သမ္ပတ္တိ ရသသည်-ပကာသနတ္ထ။

၄။ ကုသလပဋိပက္ခ ကိစ္စ ရသသည်-ဝိဘာဝတ္ထ။

၅။ ကာလုဿိယ ပစ္စုပဋ္ဌာန် သံကိလေသ ပစ္စုပဋ္ဌာန်သည်-အနုဘာဝတ္ထ။

ဤ**ကား**....လက္ခဏံဒသနႆ၊ ဒီပကပဒဋ္ဌာန်၊ ရသသမ္ပတ္တိ၊ ထုတ်ဘိပကာသံ၊ ကိစ္စရသ၊ ဝိဘာဝတည်း၊ အနုဘာဝ၊ ပဋ္ဌုပဋ္ဌာန်၊ ထုတ်ကြောင်းမှန်သည်၊ ကြိယာ၅-တန် ထုတ်နည်းတည်း။

ဟူသည်နှင့်အညီ လက္ခဏာဒိစတုက္ကဖြင့် ဝေဘန်၍ ထုတ်သောနည်းတည်း။

**တနည်း။**

ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ထုတ်ပြရာ၌ လွယ်ကူစိမ့်သော ၄ါ အကုသိုလ်စိတ်၌ ယှဉ်သော စေတသိက်တို့ကို မယူမူ၍ စိတ်တခုတည်းကိုသာယူ၍ထုတ်ပြအံ့။

၁။ ဘဇန္တိအရ-အကုသိုလ်စိတ် ဒွါဒသ ဟုဆိုအပ်သော ဝိညာဉ်သည် အကျိုးမှချ-ဒသနတ္ထ။

၂။ အကုသိုလ်စိတ် ဒွါဒသ၌ရှိသော စေတနာ စေတသိက်ဟု ဆိုအပ်သော အပုညာဘိသင်္ခါရသည် ဒီပကတ္ထ။

၃။ စေတသိက်သတ္တဝီသ, ရုပ်အဋ္ဌဝီသဟုဆိုအပ်သော နာမ်ရုပ်သည်-ပကာသနတ္ထ။

၄။ အကုသိုလ်စိတ် ဒွါဒသဥ္စရှိသော မောဟဟုဆိုအပ် သော အဝိဇ္ဇာသည် ဝိဘာဝတ္ထ။

၅။ သဠာယတန, ဖဿ, ဝေဒနာ-စသည် တို့သည် အနုဘာဝတ္ထ။

ဤကား....ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝေဘန်၍ ထုတ်သော နည်းတည်း။

**မှတ်ချက်။** ဤသို့ ၄-နည်းလုံး နည်းရစိမ့်သောငှါ ထုတ်ပြလိုက်သော်လည်း စာမေးပွဲဖြေဆိုရာ စသည်တို့၌ ကား မိမိတို့ကြိုက်နှစ်သက်ရာ လျော်ရာနည်းကိုသာ အသုံး ပြုကြပါကုန်၊ ဤကဲ့သို့ ကြိယာကို ကိုင်၍ ထုတ်ခိုင်းခဲ့ပါလျှင် ပဌမနည်းနှင့် ဒုတိယနည်းတို့ကိုသာ ယူ၍ ထုတ်ရိုးပြုကြ သည်၊ တတိယနည်းနှင့် စတုတ္ထနည်းတို့ကိုကား ဖဿော-ဟူသော ပုဒ်ကိုထုတ်ပြပါ စသည်ဖြင့် ပရမတ္ထတရားကိုယ် တိုက်ရိုက်ရကောင်းသော ပုဒ်မျိုးကို ထုတ်ခိုင်းသောအခါ တို့၌သာ များသောအားဖြင့် အသုံးပြုရိုးရှိကြသည်။

ကြိယာ ၅-တန်ထုတ်နည်း ပြီး၏။

---

## ၁၈—ကရဏာန္တ သက်သက်ထားပုံ

၁။ ကတ္တာသတ္တိ၊ယှဉ်ထိုက်၊ကြိယာကြိယာတို့၊ကြိယာတို့သည်။

၂။ သတ္တိလွန်မှု၊ဖြစ်စေတတ်၊ကတ္တာရှိ၊သတ္တိကရိဏ်းဖြာ။

ဟူသောရှေးရေးဆောင်နိယာမ်-အရ ကရိဏ်းကိုငဲ့ခြင်း ရှိသော ကတ္တာသတ္တိ ယှဉ်သော ကြောင့်ဇဝင်း, လွန်ကဲ

သောကြောင့်ပင် ကျမ်းဆရာတို့သည် ထိုထိုအရာ၌ ကရဏာန္တနှင့်ထားကြကုန်၏။

### ကတ္တားသတ္တိညံ့၍ ကရဏာန္တနှင့်ထားပုံ

ဝုဓော ဒဏ္ဍေန အာဂတော၌ ဝုဓောအရ သူအိုဟူသော ကတ္တားသည် အသက်အရွယ်ကြီးပြင်း အိုမင်းခြင်းကြောင့် သွားလာနိုင်ခြင်းတည်းဟူသော အစွမ်းသတ္တိယုတ်ညံ့၏၊ ထို့ကြောင့် ဒဏ္ဍေနဟု ကရဏာန္တ ကူမ၍ထားကြကုန်၏။

### ကတ္တားသတ္တိလွန်ကဲ၍ ကရဏာန္တနှင့်ထားပုံ

တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏာဝသေန ဒွါရပတ္တံ ဟောတိ၌ တမေဝဝါကမ္မံအရ-ကံသည် ပဝတ္တိကျိုးမျှမက ပဋိသန္ဓေကျိုးကိုပင် ပေးစွမ်း နိုင်သောကြောင့် အစွမ်းသတ္တိလွန်ကဲ၏၊ ထိုကံ၏အစွမ်းသတ္တိထူးကို ပြလိုသောကြောင့် အဘိနဝကရဏာဝသေန-ဟု ကရဏာန္တဖြင့် ထပ်ဆင့်၍ပြ၏၊ ထိုအဘိနဝကရဏာ-ဟု ဆိုအပ်သော သတ္တိထူးလည်း ကံ၏သတ္တိထူးပင်ဖြစ်၏၊ ထို့ကြောင့် မူလဖြစ်သောကံနှင့် သတ္တိထူးသည် စေတနာ တည်းဟူသော တည်ရာ ဒြဗ်အားဖြင့် တူရကား-သတ္တိလွန်သော အခါ တည်ရာဒြဗ်တူရမည်၊ သတ္တိကိုကား ကရိုဏ်းအဖြစ်ထား၍ ကျမ်းဆရာများ သုံးစွဲကြသည်။

### ဘာဝေန ဝသေန အာကာရေန-ဟု ကရဏာန္တနှင့်ထားပုံ

အမှတ်မရှိ တခုခုသောကတ္တား၌ပင်း, ကံ၌ပင်း သတ္တိများစွာနှင့် ဆက်ဆံလျက်ရှိ၏၊ ထိုသတ္တိတို့တွင် ဤအရာ၌ အဘယ်သတ္တိထူးကို လိုအပ်၏ဟု လိုရင်း ပဓာနဖြစ်သော

ကတ္တုသတ္တိထူး, ကမ္မသတ္တိထူးကို ပြလိုသောအခါ ကျမ်းဆရာတို့သည် ဘာဝေန ဝသေန အာကာရေန-ဟု ကရဏ္ဍတို့ဖြင့်ထား၍ ပြကြကုန်၏။

### ဘာဝသဒ္ဒါနှင့်ထား၍ ကတ္တုသတ္တိထူးကိုပြပုံ

ဥပါဒါနက္ခန္ဓ သန္တတိလောကတော ဥတ္တရတီတိ အနာသဝဘာဝေနာတိ လောကုတ္တရံ၌ လောကုတ္တရာစိတ် ဟူသော ကတ္တား၏ ဥပါဒါနက္ခန္ဓ သန္တတိလောကမှ လွန်မြောက်ခြင်းသည် နိဗ္ဗာနတရားတို့ ငြိမ်းသည်၏ အဖြစ်ဖြင့် လွန်မြောက်ခြင်းစသည်ဖြင့် များစွာသော သတ္တိတို့နှင့် ဆက်ဆံလျက်ရှိရာ ဤ၌ လောကုတ္တရာစိတ်၏ လွန်မြောက်ခြင်းသည် အာသဝတရားတို့၏ မရှိသည်အဖြစ်ဖြင့် လွန်မြောက်ခြင်းပင်တည်းဟု လွန်မြောက်တတ်သော ကတ္တုသတ္တိထူးကို ပြလိုသောကြောင့် အနာသဝဘာဝေန-ဟု ကရဏ္ဍ-နှင့်ထား၏။

### ဝသ-သဒ္ဒါနှင့်ထား၍ ကမ္မသတ္တိထူးကိုပြပုံ

သဘာဂရာသိဝသေန ပန တံ ခန္ဓေသု ဒေသိတံ၌ တံအရုပ်တရားကို ခန္ဓာတို့၌ ထည့်၍ ဟောတော်မူအပ်သည်၏ အဖြစ်သည် ဇာတိဇရာ မရဏတို့သည် ခံစားအပ်သည်၏ အစွမ်းဖြင့် ထည့်၍ဟောအပ်ခြင်းစသည်ဖြင့် များစွာသော ကမ္မ-သတ္တိတို့နှင့် ဆက်ဆံလျက်ရှိရာ ဤ၌ ဟောအပ်သည်၏အဖြစ်သည် သဘောတူသော အစု၏အစွမ်းဖြင့် ဟောတော်မူအပ်၏ဟု ဟောအပ်သော ကမ္မသတ္တိထူးကို ပြလိုသောကြောင့် သဘာဂရာသိဝသေန-ဟု ကရဏ္ဍနှင့်ထား၏။

## အာကာရ-သဒ္ဒါနှင့်ထား၍ ကမ္မသတ္တိထူးကိုပြပုံ

ပဉ္စက္ခန္ဓာ ကုစ္ဆိတာကာရေန ပဿိတဗ္ဗာ၌ ခန္ဓာငါးပါးကို ရှုအပ်သည်၏အဖြစ်သည် အနိစ္စစသော အခြင်းအရာဖြင့်ပင် ရှုအပ်ခြင်းစသည်ဖြင့် များစွာသော ကမ္မ-သတ္တိတို့နှင့်ဆက်ဆံလျက်ရှိရာ ဤ၌ စက်ဆုတ်အပ်သော အခြင်းအရာအားဖြင့် ရှုအပ်၏ဟု ရှုအပ်သော ကမ္မသတ္တိထူးကို ပြလိုသောကြောင့် ကုစ္ဆိတာကာရေန-ဟု ကရဏန္တနှင့်ထား၏။

## ထိုထိုဝါကျတို့၌ အဘယ်သတ္တိကိုပြသည်ဟုဆုံးဖြတ်ပုံ

ထိုထိုဝါကျတို့၌ ကတ္တုသတ္တိပြသည်, ကမ္မသတ္တိပြသည်ဟု ခွဲခြား၍ သိနိုင်,ဆုံးဖြတ်နိုင်ဘို့ရာမှာ ဘာဝေန,ဝသေန, အာကာရေန-ဟူသော ကရဏန္တပုဒ်တို့၏စပ်ရာ ကြိယာကိုရှာ၍ ၎င်းပုဒ်တို့၏စပ်ရာ ကြိယာသည် ကတ္တားဟောကြိယာဖြစ်အံ့၊ ၎င်းကရဏန္တပုဒ်သည် ကတ္တုသတ္တိကိုပြ၏၊ စပ်ရာကြိယာသည် ကံဟောဖြစ်အံ့၊ ကမ္မသတ္တိကိုပြ၏ဟု ဆုံးဖြတ်ရာ၏။

ဤကား....၁။ ကတ္တုသတ္တိ၊ပြလိုဘိက၊ဘာဝ-ဝသ-အာကာရ၊ ထားကြကရဏန္တာ။

၂။ ချင်းကရဏန္တ၊ ကတ္တု၌မှာ၊ ကြိယာ၊ မ-ကြ ဝိသေသာ။

၃။ ကံသတ္တိမှာ၊ရံတခါ၊ တူစွာထားကြရှာ။

ဟူသောရှေးရေးဆောင်နိယာမ်နှင့်အညီ ကရဏန္တကူပုံတည်း။

ကရဏန္တသက်သက်ထားပုံပြီး၏။

# ၁၉-သံဝဏ္ဏနာဆက္က

သမ္ဗန္ဓော စ ပဒတ္ထော၊ ပဒတ္တော ပဒဝိဂ္ဂဟော။
စောဒနာ ပရိဟာရောတိ၊ ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ။ ။

ဂါထာလာသည်နှင့်အညီ—သမ္ဗန္ဓသံဝဏ္ဏနာ,ပဒစ္ဆေဒ-ပဒစိန္တာ သံဝဏ္ဏနာ,ပဒတ္ထသံဝဏ္ဏနာ,ပဒဝိဂ္ဂဟသံဝဏ္ဏနာ,စောဒနာ သံဝဏ္ဏနာ,ပရိဟာရ သံဝဏ္ဏနာ-အားဖြင့် သံဝဏ္ဏနာနည်းကား ၆-မျိုးပြား၏။

**အစိပ္ပါယ်။** သက်သက် ဆက်စပ်သော စကား, ရှေးနောက်နှစ်ရပ်ဆက်စပ်သော စကားများကို သမ္ဗန္ဓသံဝဏ္ဏနာခေါ်သည်၊ ပုဒ်ကို ပဒစ္ဆေဒပြုသောစကား - ပုဒ်ကိုကြံသော စကားများကို ပဒစ္ဆေဒသံဝဏ္ဏနာခေါ်သည်၊ဝိဘတျန္တပုဒ်တို့ကို အနက်သမ္ဗန်သောစကားကို ပဒတ္ထသံ ဝဏ္ဏနာခေါ်သည်၊ ပုဒ်ကို ဝိဂ္ဂြိုဟ်ဆိုသောစကားကို ပဒဝိဂ္ဂဟသံဝဏ္ဏနာခေါ်သည်၊ အမေးပုစ္ဆာ စကားကို စောဒနာသံဝဏ္ဏနာခေါ်သည်၊ အဖြေဝိဿဇ္ဇနာစကားကို ပရိဟာရသံဝဏ္ဏနာခေါ်သည်။

**အဓွဲ။** ထို ၆-ပါးသော သံဝဏ္ဏနာတို့တွင် သမ္ဗန္ဓသည် ဟေတုဖလသမ္ဗန်-ပုဗ္ဗာပရသမ္ဗန်အားဖြင့် ၂-ပါးပြား၏၊ ထိုတွင် ဟေတုဖလသမ္ဗန်သည်- သုတ္တပက္ခ- ကဏ္ဍပက္ခအားဖြင့် ၂-ပါးပြား၏ဟုမှတ်။

### ကစ္စည်းပဏာမဂါထာကိုဖွင့်ပုံ

**၁—သမ္ဗန္ဓသံဝဏ္ဏနာ။** အက္ခရာပုဒ် အဆုံး အဖြတ်စီရင်ရာ သဒ္ဒါကျမ်းကိုပြုစွန်းပြုပြင်စီရင်လိုသော ကစ္စည်းဆရာ

မဟာထေရ်မြတ်သည် ကျမ်းမပြုမီ ရှေးဦးစွာ ကျမ်းပြုဆရာတို့၏သဘော ဓမ္မတာဘွယ်ရာလက်သုံး ထုံးဥပဒေပုံစံကိုသနှံ၊ ညွှန်ပြသောအားဖြင့် အန္တရာယ် ပျောက်ခြင်း, ကျမ်းပြီးခြင်းအကျိုးရှိသော—ရတနတ္တယ ပဏာမ,ပဏာမမိတ္တ,ပဏာမာရဟဘောဂုဏ်,ပဏာမပ္ပယောဇန်,ပဏာမသမုဋ္ဌာန်-ဟူသော ပဏာမ ပဉ္စကကိုရင်း,

သညာ နိမိတ္တံ ကတ္တာစ၊ ပရိမာဏံ ပယောဇနံ။
သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗံ ဝတ္တုမိစ္ဆိတာ။

ဟူသည်နှင့်အညီ- အမည်ဟူသော သညာ,ကျမ်း ဖြစ်ပေါ်လာခြင်း၏ အကြောင်းဟူသောနိမိတ်,ကျမ်းပြု ပုဂ္ဂိုလ်ဟူသော ကတ္တာ,ကျမ်း၏အတိုင်းအရှည်ဟူသော- ပရိမာဏ,ကျမ်း၏အကျိုးဟူသော -ပယောဇန်-ဟု ဆိုအပ်သော ဂန္ထာရမ္ဘပုဗ္ဗပဉ္စကကိုရင်း,

အဘိဓေယျ, ကရဏပ္ပကာရ, ဥယျောဇန်, ဥယျောဇနပယောဇနဟူသော အတ္တစတုက္ကကိုရင်း ပြခြင်းငှါ-သဗ္ဗ စသော နှစ်ဂါထာကို မိန့်တော်မူသတည်း။

[ဤကား-သုက္ကပက္ခဟေတုဖလသမ္ဗန္ဓသံဝဏ္ဏနာနည်းတည်း။]

**ပဏာမပဉ္စကကိုပြပုံ။** ရှိခိုးခြင်း စေတနာဟူသော ဝန္ဒနာ ပဏာမကို အဘိဝန္ဒိယဝန္ဒနဓာတ်ဖြင့်ပြသည်…… ရှိခိုးအပ်သော ပဏာမိတဗ္ဗကိုကား-ဗုဒ္ဓံ, ဓမ္မံ, ဂဏံ ပုဒ်တို့ဖြင့် ပြသည်……ရှိခိုးထိုက်သော ဂုဏ် ဟူသော ပဏာမဟေတုကို သဗ္ဗ,တိလောကမဟိတံ,အဂ္ဂံ,အမလံ,ဥတ္တမံ ပုဒ်တို့ဖြင့်ပြသည်……ရှိခိုးခြင်း၏အကျိုးဟူသော ပဏာမပ္ပယောဇန်ကို

အဘိဝန္ဒိယဉ် အဘိပုဗ္ဗဝန္ဒမာတ်ဖြင့် ကာရဏ္ဍ ပစာရ, သာမတ္တိယ, ကာရဏာနုမာန နည်းအားဖြင့် ပြသည်.... ရှိခိုးတတ်သော ပုဂ္ဂိုလ်ဟူသော ပဏာမသမုဋ္ဌာန်ကို အဘိဝန္ဒိယဉ် တွာ ပစ္စည်းဖြင့်ပြသည်။

**ပုဗ္ဗပဋ္ဌကကိုပြပုံ။** ပါရာဇိကကဏ်ဟူသောအမည်, ကုသလတိက်စသော အမည်သညာတို့သည် အာဒိလဒ္ဓ အမည်များဖြစ်သကဲ့သို့ သဒ္ဒါရှစ်စောင်လုံး၏ သန္ဓိကျမ်း ဟူသော အမည်သညာကိုသန္ဓိကပ္ပံဟူသောပုဒ်ဖြင့်ပြသည်၊....နိမိတ်သည် အဇ္ဈတ္တိကနိမိတ်,ဗာဟိယ နိမိတ်ဟု ၂-မျိုးပြား၏၊ ထိုတွင်-ကရုဏာဟူသော အဇ္ဈတ္တိက နိမိတ်ကို ဝက္ခာမိဉ် ဝစမာတ်ဖြင့် ဖလူပစာရ,သာမတ္တိယ, ဖလာနုတာနနည်းဖြင့်ပြသည်၊....ကရုဏာ၏အာရုံဖြစ်သော စာသင်သား အပေါင်းဟူသော ဗာဟိယနိမိတ်ကို ဗုဓာပုဒ်ဖြင့် ပြသည်၊.... ကစ္စည်းဆရာဟူသော ကတ္တားကို ဝက္ခာမိဉ် ဿာမိ ဝိဘတ်ဖြင့်ပြသည်၊....ပရိမာဏသည်-ပရိစ္ဆေဒ ပရိမာဏ, သမူဟ ပရိမာဏ ဟု ၂—မျိုးတို့တွင်- သန္ဓိငါးပိုင်း, နာမ်ရှစ်ပိုင်း, အာချာတ် လေးပိုင်း, ကိတ် ခြောက်ပိုင်း ဟူသော ပရိစ္ဆေဒ ပရိမာဏ,

၁။ သန္ဓိမှိ ကေပညာသ၊ နာမမှိ ဒွိသတံ ဘဝေ။
အဋ္ဌာရသာဓိကဥ္စေဝ၊ကာရကေ ပဉ္စတာလီသံ။ ။

၂။ သမာသေ အဋ္ဌဝီသဉ္စ၊ ဒွါသဋ္ဌိ တဒ္ဓိတေ မတံ။
အဋ္ဌာရသသတာချာတေ၊ကိတေသုတ္တသတံဘဝေ။
ဥဏာဒိမှိ စ ပညာသံ၊သုတ္တဘေဒံ ပကာသိတံ။ ။

ဟူသောဂါထာနှင့်အညီ– သန္ဓိသုတ် ၅၁-နာမ်သုတ်-၂၁၀၊ ကာရကသုတ်-၄၅၊ သမာသ်သုတ်–၂၀၊ တဒ္ဓိတ်သုတ်- ၆၂၊ အာချာတ်သုတ်-၁၁၀၊ ကိတ်သုတ်–၁၀၀၊ ဉဏာဒိသုတ်-၅၀၊ပေါင်းသုတ် ၆၇၂-သုတ်ဟူသော သမူဟ ပရိမာဏ နှစ်ပါးကို သုသန္ဓိကပ္ပံ၌ သုန္ဒရတ္ထဝါစီသုသဒ္ဒါဖြင့်ပြသည်၊.... ပယောဇနံသည်-မုချ ပယောဇနံ, အနုသင်္ဂိက ပယောဇနံအားဖြင့် ၂–ပါး၊ ထိုတွင်–

အန္တရာယေ စ နိယျာနေ၊ ဗုဒ္ဓတ္တေ အာသဝက္ခယေ။
စတူသ္ဝေတေသု ဌာနေသု၊ ဝန္ဒေ ဗုဒ္ဓံ ဝိသာရဒံ။

ဟူသည်နှင့်အညီ- လေးပါးသော အရာတို့၌ မြတ်စွာဘုရားသည် ကြောက်ရွံ့ခြင်း ကင်းသကဲ့သို့ နာမ်, အာချာတ်, နိပါတ်,ဥပသာရ ပဒ လေးပါးနှင့်စပ်၍ ဖြစ်လာသော ပရပ္ပဝါဒကိုနှိပ်နင်းလျက် ပရိသတ်ထဲ ရဲရင့်ခြင်းဟူသော မုချပယောဇနံကို တဿဝစနတ္ထဝရံသုဗုဒ္ဓံ-ဖြင့်ပြသည်၊ အက္ခရာပုဒ်တို့၌ မတွေမဝေသဖြင့် ပါဠိတော်၏ အနက်ကို ကောင်းစွာသိ၍ ပါဠိတော်လာတိုင်း ဓမ္မာနု ဓမ္မပဋိပတ်ကို ကျင့်လျက် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အဆက်ဆက်သောအကျိုးဟူသော အနုသင်္ဂိကပယောဇနံကို သေယျံဇိနေရိတနယေန-မှစ၍ အမောဟဘာဝါ- တိုင်အောင်သောပါဌ်တို့ဖြင့်ပြသည်။ ။

**အဆွေစတုက္ကကိုပြပုံ။** သရ,ဗျဉ္ဇန,ဝုတ္တသန္ဓိစသောကျမ်း၏ အနက်အဘိဓေယျကိုအာဒိဒီပကနည်းဖြင့် သုသန္ဓိကပ္ပံ၌ သန္ဓိဟူသောပုဒ်တစိတ်ဖြင့်ပြသည်၊....သန္ဓိ သုံးပါး စသည်

ကို ပေါင်းရုံး စီစဉ်ထားသော ကျမ်းပြုပုံအခြင်း အရာ ကရဏာပွကာရကို သုသန္ဓိကပ္ပံပုဒ်ဖြင့် ပြသည်၊.... ဥယျော ဇန်ကို သေယျတ္ထိကော ပဒ်ဝိဝိမ် သုဏောယျပုဒ် တို့ဖြင့် ပြ သည်၊....ဥယျောဇနဟေတုကို အတောပုဒ်ဖြင့်ပြသည်။

## အကြောင်းအကျိုးဆက်သွယ်ပုံ

**သုတ္တပက္ခ။** ဤသို့သေဌံ့စသည်ဖြင့် ရတနတ္တယပဏာမ စသည်ကို ပြုခြင်းသည်အကြောင်း-အန္တရာယ်ပျောက်ခြင်း စသည်သည်အကျိုး၊ထိုအန္တရာယ်ပျောက်ခြင်းကျမ်းပြီးခြင်း စသည်သည်အကြောင်း- ထိုကျမ်းကို စာသင်သားတို့သင် ကြားလေ့ကျက်ဆောင်ရွက်မှတ်သားအားထုတ်ရခြင်းသည် အကျိုး၊၎င်းသည်အကြောင်း-ပုဒ်အက္ခရာအဆုံး အဖြတ်ကို မတွေမဝေ သိသော ဉာဏ်သည် အကျိုး၊ ၎င်းသည် အ ကြောင်း—ပါဠိတော်၏ အနက်ကို သိရခြင်းသည် အကျိုး၊ ၎င်းသည်အကြောင်း-ဓမ္မာနု ဓမ္မပဋိပတ်ဟူသော ဇိနေရိတ နယကိုသိ၍-မဘောက်မပြန်ဖြောင့်မှန်စွာ ကျင့်သုံး စောင့် စည်းခြင်းသံဝရသည်အကျိုး၊၎င်းသည်အကြောင်း-ငါသည် ဘုရားပယ်မြစ်သည်ကိုရှောင်ကွင်း၍ ပညတ်တော်မူတိုင်းကို ကျင့်ရပေသည်ဟု စိတ်နှလုံးရွှင်ပျခြင်း အဝိပ္ပဋိသာရသည် အကျိုး၊ ၎င်းသည်အကြောင်း-အစဉ်အတိုင်းနုသော ပီတိ ဟူသော ပါမောဇ္ဇသည် အကျိုး၊ ၎င်းသည် အကြောင်း- ရင့်သောပီတိ,ကိုယ်စိတ်၏ငြိမ်းချမ်းခြင်း ပဿဒ္ဓိ, ချမ်းသာ ခြင်းသုခ,တည်ကြည်ခြင်း သမာဓိ, ဟုတ်တိုင်းမှန်စွာ ရုပ် နာမ်ခန္ဓာ အဖြစ်အပျက်ကို ထင်စွာသိမြင်ခြင်း ယထာဘူတ ဉာဏဒဿန,ငြီးငွေ့ခြင်း နိဗ္ဗိဒါ,ရာဂ၏ ချုပ်ငြိမ်းကြောင်း

အရိယာမဂ်ဟူသော ဝိရာဂ, ကိလေသာတို့မှ လွတ်သော ဖိုလ်ဟူသော ဝိမုတ္တိ, ဖိုလ်ကို သိမြင်ဆင်ခြင်ခြင်းဟူသော ဝိမုတ္တိဉာဏ ဒဿနသည်အကျိုး၊ ၎င်းသည် အကြောင်း- အနုပါဒိသေသ နိဗ္ဗာန်ကိုရခြင်းသည် အကျိုး၊....ဤသို့လျှင် ဖြစ်စင်သောအတွဲအားဖြင့် အကြောင်း အကျိုးစပ်၍ ဘွင့်ခြင်းသည် သုက္ကပက္ခဟေတုဖလသမ္ဗန္ဓသံဝဏ္ဏနာမည်၏။

**ကဏှပက္ခ**။ ကျမ်းဦး အစ၌ သေဋ္ဌံ- စသည်ဖြင့် ရတနတ္တယ ပဏာမစသည်ကို မပြုချေသော် အန္တရာယ် ပျောက်ခြင်း, ကျမ်းပြီးခြင်းစသော အကျိုးမဖြစ်ရာ၊ ၎င်း အကျိုး၏မဖြစ်ခြင်းသည် အကြောင်း-ထိုကျမ်းကို စာသင်သားတို့ မသင်ကြားရခြင်းသည် အကျိုး၊ ၎င်းသည် အကြောင်း အက္ခရာပုဒ် တို့၌ တွေဝေခြင်း အဝိဇ္ဇာသည် အကျိုး၊ ၎င်းသည် အကြောင်း-ပါဠိတော်၏အနက်ကို မသိခြင်းသည် အကျိုး၊ ၎င်းသည် အကြောင်း-ဓမ္မာနု ဓမ္မပဋိပတ်ဟူသော ဇိနေရိတနယကိုမသိ၍ ပဋိပတ် ချွတ်ယွင်း ဘောက်ပြန် မမှန်ကျင့်မိခြင်းသည် အကျိုး၊ ၎င်းသည်အကြောင်း-စိတ်နှလုံးမသာ ဝိပ္ပဋိသာရ နောင်တ ပူပန်ခြင်းသည်အကျိုး၊ ၎င်းသည် အကြောင်း-ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏဒဿန, နိဗ္ဗိဒါ, ဝိရာဂ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်သော စီးပွားချမ်းသာမှ ဆုံးရှုံး ကင်းကွယ်၍ အပါယ်လေးပါး၌ ဝဲ့ဆင်းရဲ၍ ကျင်လည်ရခြင်းသည်အကျိုး၊ဤသို့ လျှင် မည်းညစ်သောအတွဲအားဖြင့် အကြောင်း အကျိုးစပ်၍ ဘွင့်ခြင်းသည်-ကဏှပက္ခဟေတုဖလသမ္ဗန္ဓ သံဝဏ္ဏနာမည်၏။

**ပုဗ္ဗာပရသမ္ဗန်။** အဟံကား-ငါသည်ဟူ၍ အနက်ပေးသောကြောင့် အဘိဝန္ဒိယ၌ ဇင်္ဂးငယ်ဆိုက်၍ ဝန္ဒာမိ၌ဝစမာတ်,ဿာမိဝိဘတ်ဟူသော အာချာတ်ကြိယာ ဝါစကသည် ဟောအပ်သောအပေါင်း-သဟဇာတပစ္စည်း, နိမိတ်နိဿယ, ဝုတ္တသယံကတ္တား၊ ဝန္ဒာမိကား- ထိုကတ္တားကိုဟောသော အစိတ် သဟဇာတပစ္စယုပ္ပန်, နိမိတ္တဝန်,နိဿိတ,အာချာတ် ကြိယာဝါစက အဖြစ်ဖြင့် စပ်အပ်၏၊ သေဋ္ဌံကား-အထူးသဖြင့် ချီးမွမ်းအပ်သော ဟူ၍ အနက်ပေးသောကြောင့် ဗုဒ္ဓံ၌ ဂုဏ်, အာဓေယ်, နိဿိတ, သတ္တိ, တုလျာဓိကရဏဝိသေသန၊ ဗုဒ္ဓံကား-ဂုဏေ, အာဓာရ, နိဿယ, သတ္တိမန္တ, တုလျာဓိကရဏဝိသေသယအဖြစ်ဖြင့်စပ်အပ်၏။

[တိလောကမဟိတံ အင်္ဂ-အမလံ-ဥတ္တမံ တို့ကိုလည်း နည်းတူစပ်။]

အဘိဝန္ဒိယကား-ဝန္ဒာမိ၌အကြောင်း-ပကတူပနိဿယပစ္စည်း, နိမိတ်,ပုဗ္ဗကာလကြိယာဝိသေသန၊ဝန္ဒာမိကား-အကျိုး-ပကတူပနိဿယပစ္စယုပ္ပန်, နိမိတ္တဝန်, အပရကာလကြိယာဝိသေသယအဖြစ်ဖြင့် စပ်အပ်၏၊ ဗုဒ္ဓံကား-အဘိဝန္ဒိယ၌ အဘိပုဗ္ဗဝဒိဓာတ် (ဝန္ဒဓာတ်) တွာပစ္စည်းဟူသော ကိတ်ကြိယာ ဝါစကသည် မဟောအပ်သောအာရုံ, အကြောင်း, ပစ္စည်း, နိမိတ်, အဝုတ္တကံ၊ အဘိဝန္ဒိယကား-အာရမဏိက, အကျိုး, ပစ္စယုပ္ပန်, နိမိတ္တဝန်, ကံ၏ကြိယာအဖြစ်ဖြင့်စပ်အပ်၏၊ တနည်း-ကာရကတ္တာကြိယာယေဝ၊ သတ္တိမုချေနကာရကံ-စသော ဂါထာနှင့်

အညီ-ဗုဒ္ဓ၏ အရဖြစ်သော ကြိယာပါပုဏ္ဏနသတ္တိသည် ဝန္တဓာတ်၏ အရ ဖြစ်သော ရှိခိုးခြင်းကြိယာ၌ ကာရက-ကြိယာ,သာဓန-သာဓေတဗ္ဗ, အကြောင်း- အကျိုး အဖြစ်ဖြင့်စပ်၊ ဤကား-မုချသတ္တိစပ်တည်း။

**အမှာ။** သတ္တိ၏တည်ရာ ဘုရားဒြဗ်လည်း-ထိုရှိခိုးခြင်းကြိယာဒြဗ်၌ရင်း,ကြိယာ၏တည်ရာဆရာဒြဗ်၌ရင်း နည်းတူစပ်၊ဤကား-ဥာနျူပစာဒြဗ်စပ်တည်း။....ထိုဒြဗ်အနက်ကိုဟောသော ဗုဒ္ဓသဒ္ဒါလည်း-ရှိခိုးခြင်း ကြိယာကို ဟောသော အဘိဝန္ဒိယသဒ္ဒါ၌ နည်းတူစပ်၊ ဤကား-ကာရကရူပစာရသဒ္ဒါစပ်တည်း၊....စာစပ်ဟူသမျှ ဤနည်းချည်း စပ်လေ၊....ဓမ္မံ-ဂဏံတို့လည်း နည်းတူစပ်လေကုန်။

ဗုဒ္ဓံနောင်ထိုင်သော စသဒ္ဒါကား-မိမိ၏ ထိုင်ရာ ဗုဒ္ဓံ၌ သမုစ္စယဇောတက၊ ဗုဒ္ဓံကား—သမုစ္စယဝါစက အဖြစ်ဖြင့်စပ်အပ်၏၊....တနည်း- အပဓာနအားဖြင့် စသဒ္ဒါကား—ဓမ္မံ,ဂဏံတို့၌ သမုစ္စေတဗ္ဗဇောတက၊ ဓမ္မံ,ဂဏံ တို့ကား-သမုစ္စေတဗ္ဗဝါစကအဖြစ်ဖြင့်စပ်၊....စ- ထိုင်ရာဗုဒ္ဓံလည်း ဓမ္မံ,ဂဏံတို့၌ သမုစ္စယ၊ ဓမ္မံ,ဂဏံ တို့ကား- သမုစ္စေတဗ္ဗ အဖြစ်ဖြင့်စပ်။

[ဓမ္မံ, ဂဏံတို့ နောင်ထိုင်သော စသဒ္ဒါကိုလည်း နည်းတူစပ်လေကုန်။]

ယန္တိ်သုတ္တာ တန္တိ်ပဒံ၊ တန္တိ်သုတ္တာ နယန္တိ်စ။
ယောဇေယျ ယ-တသဒ္ဒါနံ၊ နိစ္စံသမ္ဗန္ဓဘာဝတော။

ဟူသည်နှင့်အညီ-နောက်ဝါကျ၌ တဿဟုမြင်သောကြောင့် ဤရှေးဝါကျ၌ ဗုဒ္ဓံ၏ ဝိသေသန အလို့ငှါ ယံ-ဟု အနိယတ်

ထည့်အပ်၏၊ ထိုယံကား-တဿ၌အနိယတ်၊ တဿကား-နိယတ်အဖြစ်ဖြင့်စပ်၊ ယသဒ္ဒါထိုင်သော ရှေးဝါကျကိုလည်း တသဒ္ဒါထိုင်သော နောက်ဝါကျ၌ အနိယမဝိတ္ထာရဝါကျ၊ နောက်ဝါကျကား-နိယမ သဒ်ေပဝါကျ အဖြစ်ဖြင့်စပ်၊.... သတ္တုဿတဿ တို့ကား— သောဟူ၍ အနက်ပေးသော ကြောင့်-ရှေးဝါကျမှလိုက်သော ဗုဒ္ဓဿ၌ တုလျာဓိကရဏ ဝိသေသနစပ်၊ ....ဗုဒ္ဓဿကား- ၏ဟူ၍ အနက်ပေးသော ကြောင့်- ဝစနတ္ထဝရံဝယ် ဝစနပုဒ်တစ်ိတ်၌ အကြောင်း, ဇနက,သာမိသမ္ဗန်၊ ဝစနကား- အကျိုး,ဇည,သမ္ဗန္ဓီစပ်၊.. ဝစနတ္ထဝရံကား-ကိုဟူ၍ အနက်ပေးသောကြောင့်-သုဗုဒ္ဓံ၊ ၌ သုပုဗ္ဗ-ဗုဓဓာတ်- တုံပစ္စည်းသည် မဟောအပ်သော အာရုံ, အကြောင်း, ပစ္စည်း, နိမိတ်, အဝုတ္တကံ၊ သုဗုဒ္ဓံ၊ ကား-အာရမဏိက, အကျိုး, ပစ္စယုပ္ပန်, နိမိတ္တဝန်, ကံ၏ ကြိယာအဖြစ်ဖြင့်စပ်အပ်၏။

[ဗုဒ္ဓံ အတိုင်းတနည်းစပ်နိုင်သေးသည်။]

သုဗုဒ္ဓံ၊ကား-ငါဟူ၍ အနက်ပေးသောကြောင့်- ဝဏ္ဏာ မိ၌အကျိုး- ပကတူပနိဿယပစ္စယုပ္ပန်, တဒတ္ထ သမ္ပဒါန်၊ ဝဏ္ဏာမိကား-အကြောင်းပကတူပနိဿယပစ္စည်း,သမ္ပဒါန် ၏ကြိယာစပ်၊....သုတ္တဟိတံကား-သော-ဟူ၍ အနက်ပေး သောကြောင့်- သုသန္ဓိကပ္ပံ၌ တုလျာဓိကရဏ ဝိသေသန၊ သုသန္ဓိကပ္ပံကား- တုလျာဓိကရဏဝိသေသယစပ်၊....ဧတ္ထ ကား-၌ဟူ၍အနက်ပေးသောကြောင့် သေယျံ၌အပေါင်း, သမူဟ,အာဓာရ,နိဒ္ဓါရဏ၊သေယျံကား-အစိတ်,သမူဟီ, အာဓာရ်,နိဒ္ဓါရဏီယစပ်၊....သုသန္ဓိကပ္ပံကား- ကို- ဟူ၍

အနက်ပေးသောကြောင့် ဝက္ခာမိ၌ ဝစခေါ်သာသာမိဝိဘတ် ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဝက္ခာမိကား- ထိုကံကို မဟောသောကံ၏ ကြိယာစပ်၊....သေယျံကား– ကို- ဟူ၍ အနက်ပေးသော ကြောင့် လဘန္တိ၌ လဘခေါ် အန္တိဝိဘတ်ဟု ဆိုအပ် သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ လဘန္တိကား- ထိုကံ၏ ကြိယာ အဖြစ်ဖြင့် စပ်အပ်၏။

[ဗုဒ္ဓံစပ်နည်းအတိုင်း အကျယ်ကိုစပ်နိုင်သည်။]

ဗိနေရိတနယေနကား-ဖြင့် ဟူ၍ အနက်ပေးသော ကြောင့် လဘန္တိ၌အကြောင်း-ပကတူပ ပစ္စည်း,နိမိတ်, ဗာဟိယကရိုဏ်း၊ လဘန္တိကား-အကျိုး, ပစ္စယုပ္ပန်, နိမိတ္တ ဝန်, ကရိုဏ်း၏ကြိယာစပ်။

[ဗုဓောကိုအပဟံစပ်နည်းအတိုင်းစပ်၊ ယသဒ္ဒါထည့်၍ အနိယတ်- နိယတ်စပ်မြဲ။]

တံကား-ထိုသို့ သဘောရှိသောဟု အနက် ပေးသော ကြောင့် ဗိနေရိတနယံ၌ တုလျာဓိကရဏာဝိသေသန၊ ဗိနေ ရိတနယံကား-တုလျာဓိကရဏ ဝိသေသယစပ်။

[ဗိနေရိတနယံကို သေယျံနည်းတူစပ်။]

စကား-မိမိ၏ထိုင်ရာဝါကျ၌ ဝါကျာရမ္ဘဇောတက၊ မိမိ ၏ထိုင်ရာဝါကျကား- အာရမ္ဘဝါကျအဖြစ်ဖြင့်စပ်၊ တနည်း- သမ္ပိဏ္ဍနဇောတက၊ မိမိ၏ထိုင်ရာ ဝါကျကား-သမ္ပိဏ္ဍန ဝါစကအဖြစ်ဖြင့်စပ်၊တနည်း-အပဓာနအားဖြင့်ရှေးဝါကျ

၌ သမ္ပိဏ္ဍနီယ ဇောတက၊ ရှေးဝါကျကား- သမ္ပိဏ္ဍနီယ ဝါစကအဖြစ်ဖြင့်စပ်။

[နောက်ဝါကျ၊ ရှေးဝါကျနှစ်ပါးသည်း သမ္ပိဏ္ဍန-သမ္ပိဏ္ဍနီယစပ်။]

အပိကား-မိမိ၏ထိုင်ရာ ဂါထာပါဒ၌ ပဒပူရဏ, ပဒါလင်္ကာရ, ပဒသောဘဏ, ပဒသိလိဋ္ဌတာ၊ မိမိ၏ထိုင်ရာ ဂါထာပါဒကား-ပုဏ္ဏပဒ, အလင်္ကတပဒ, သောဘဏပဒ, သိလိဋ္ဌပဒအဖြစ်ဖြင့်စပ်၊ တနည်း-စာပိကား-နိပါတသမုဒါယ, စသဒ္ဒါအတိုင်းစပ်၊ တဿကား-သောဟူ၍ အနက်ပေးသောကြောင့် ဗုဒ္ဓဿ၌ ဝိသေသန၊ ဗုဒ္ဓဿကား-ဝိသေသယစပ်၊ ဗုဒ္ဓဿကား- ဝစန၌သမ္ဗန်- သမ္ဗန္ဓီစပ်၊ ဝစနတ္ထသုဗောဓနေနကား-ဝစန၏ အနက်ကို ကောင်းစွာ သိသောဉာဏ်ဖြင့်ဟု အနက်ပေးသောကြောင့် လဘန္တိ၌ အကြောင်း, ပကတူပနိဿယပစ္စည်း, နိမိတ်, အဇ္ဈတ္တိက ကရိဏ်း၊ လဘန္တိကား-အကျိုး,ပကတူပနိဿယပစ္စယုပ္ပန်, နိမိတ္တဝန်,ကရိဏ်း၏ကြိယာအဖြစ်ဖြင့်စပ်။

[အဇ္ဈတ္တကို တဖွနည်းတူစပ်။]

အက္ခရပဒေသုကား- တို့၌ ဟူ၍ အနက် ပေးသောကြောင့် အမောဟဘာဝ၌ အာရုံ, အကြောင်း, နိမိတ်, နိဿယ,အာဓာရ၊ အမောဟဘာဝကား-အာရမဏိက, အကျိုး, နိမိတ္တဝန်, နိဿိတ, အာဓာရအဖြစ်ဖြင့်စပ်၊ အမောဟဘာဝကား-တွေဝေခြင်းမရှိ သူ၏ ဖြစ်ကြောင်း ဉာဏ်ဖြင့်ဟူ၍ အနက် ပေးသောကြောင့် လဘန္တိ၌ အကြောင်း, ပကတူပနိဿယပစ္စည်း, နိမိတ်, အဇ္ဈတ္တိက

ကရိုက်း၊ လဘာန္တိကား-အကျိုး, ပကတူပနိဿယပစ္စယုပ္ပန်, နိမိတ္တဝန်, ကရိုက်း၏ကြိယာအဖြစ်ဖြင့်စပ်။

[သေယျတ္ထိကောကို အပဟံအဝိုင်းစပ်၊ ပဒံကိုလည်း ဗုဒ္ဓံနည်းတူစပ်။]

အတောကား-ကြောင့်ဟူ၍ အနက် ပေးသောကြောင့် သုဏောယျ၌ ပကတူပနိဿယ အကြောင်း, နိမိတ်, ဇနကဟိတ်၊ သုဏေယျကား-အကျိုး, ပစ္စယုပ္ပန်, နိမိတ္တဝန်, ဇညဖိုလ်အဖြစ်ဖြင့်စပ်။

[ဝိဝိဓံကို သေဋ္ဌံနည်းတူ စပ်။]

ဤသို့လျှင်ရှေးပုဒ်,နောက်ပုဒ်တို့ကိုစပ်၍ ဘွင့်ခြင်းသည်ပုဗ္ဗာပရသမ္ဗန္ဓသံဝဏ္ဏနာမည်၏။ ။

**၂–ပဒသံဝဏ္ဏနာ။** သေဋ္ဌန္တိကော်ပဒံ၊(သေဋ္ဌံကတပုဒ်)။ပ။သုသန္ဓိကပ္ပန္တိကော် ပဒံ။ ····ဝိဘတျန္တပဒဝိ ဘာဂဝသေန ကျေနဝိသတိပဒါယံဂါထာတိဒဋ္ဌဗ္ဗာ၊(ဝိဘတ်တခုဆုံးသော ပုဒ်ကို ဝေဘန်သောအားဖြင့် ဤဂါထာကို ၁၉–ပုဒ် ရှိ၏ ဟုမှတ်။)····သေယျန္တိကော်ပဒံ။ ပ။ သုဏော ယျာတိ ကော်ပဒံ။····ဝိဘတျန္တပဒဝိဘာဂဝသေန သတ္တရသပဒါယံ ဂါထာတိဒဋ္ဌဗ္ဗာ၊····ဤသို့ပဒစ္ဆေဒအားဖြင့်ရင်း,

သေဋ္ဌန္တိတုလျာဓိကရဏ ဝိသေသနတ္ထ နိဒ္ဒေသော။ပ။ သုသန္ဓိကပ္ပန္တိ ကမ္မတ္ထ နိဒ္ဒေသော။····အနေကာသု ဂါထာ သုဝသန္တ တိလကာယံ ဂါထာ တိဒဋ္ဌဗ္ဗာ။ ။သေယျန္တိ ကမ္မတ္ထနိဒ္ဒေသော။ပ။သုဏောယျာတိကြိယာ နိဒ္ဒေသော။···· အနေကာသု ဂါထာသု ဝသန္တ တိလကာယံ ဂါထာတိ ဒဋ္ဌဗ္ဗာ၊···· ဤသို့ပဒစိန္တာအားဖြင့်ရင်း ဘွင့်ခြင်းသည်ပဒသံဝဏ္ဏနာမည်၏။

**၃-ပဒတ္ထသံဝဏ္ဏနာ။** သေဌ္ဌန္တိပသဌ္ဌတရံ။ တိလောက မဟိတန္တိတိလောကေနပူဇိတံ-စသည်ဖြင့် ပါဠိကိုဖွင်း,.... သေဌ္ဌံ၊ ချီးမွမ်းအပ်သော သူတို့ထက် ထူးချွန်လွန်ကဲတော် မူထသော–စသည်ဖြင့် မြန်မာကိုဖွင်း, တရဝတပါးသော ဘာသာ ဝေါဟာရတ္ထကို ဘွင့်ပြခြင်းသည်ဖွင်း, အဘိဓေယျ ဘာဝတ္ထကို ဘွင့်ပြခြင်းသည်ဖွင်း ပဒတ္ထသံဝဏ္ဏနာ မည်၏။

**တနည်း။** ပါဌာနုသာရီသမ္ဗန္ဓော၊
သမ္ဗန္ဓောဥပမာယစ။
ဟေတုနာပိစသမ္ဗန္ဓော၊
ဥပမာဟေတုနာပိစ။
သမ္ဗန္ဓဘေဒါဝိညေယျာ၊
စတ္တာရောတိ ဝိဘာဝိနာ။ ။

ပါဌာနုသာရီ သမ္ဗန်- ဥပမာသမ္ဗန်- ဟေတုသမ္ဗန်- ဥပမာဟေတုသမ္ဗန်-လေးပါးသော သမ္ဗန်အပြားတို့ကိုသိရ မည်ဟူသည်နှင့်အညီ–

၁။ သေဌ္ဌံ၊ ချီးမွမ်းအပ်သော သူတို့ထက်ထူးချွန် လွန် ကဲတော်မူသော။....ဤသို့ စသည်ဖြင့် ပါဠ်ရှိတိုင်း အနက် သမ္ဗန်ခြင်းသည် ပါဌာနုသာရီသမ္ဗန်မည်၏။

၂။ သေဌ္ဌံ၊ လေးကျွန်း၌နေသော သူတို့သည် အထူး သဖြင့်ချီးမွမ်းအပ်သောစကြာမင်းကြီးကဲ့သို့နတ်လူတို့သည် အထူးသဖြင့်ချီးမွမ်းအပ်သော။ တိလောကမဟိတံ၊ နတ်လူ တို့သည် ပူဇော်အပ်သော သိကြားမင်းကဲ့သို့-သုံးပါးသော လူသည် ပူဇော်အပ်တော်မူထသော။ အဂ္ဂံ၊ အလုံးစုံသော ဗြဟ္မာတို့ထက်မြတ်သော မဟာဗြဟ္မာမင်းကဲ့သို့- နတ်လူ

ဖြဲပြဟ္မာသတ္တဝါတို့ထက်မြတ်တော်မူထသော။ ဗုဒ္ဓံ၊ ရှေးရှေး ဘုရားတို့ကဲ့သို့သော-မြတ်စွာဘုရားကို။အဘိဝန္ဒိယ၊ ထိုထို ပုဂ္ဂိုလ်တို့သည် ရှိခိုးကုန်သကဲ့သို့-ငါသည် ရိုသေစွာရှိခိုး ပြီး၍။....ဤသို့ စသည်ဖြင့် ဥပမာထည့်စွက်၍ အနက်သမ္ဗန် ခြင်းသည် ဥပမာသမ္ဗန်မည်၏။

၃။ သေဋ္ဌံ၊ ဂုဏ်အားဖြင့် မြတ်သည်၏ အဖြစ်ကြောင့် နတ်လူတို့သည် အထူးသဖြင့် ချီးမွမ်းအပ်သော။ တိလောက မဟိတံ၊ ဘုန်းကံကြီးသည်၏အဖြစ်ကြောင့် သုံးပါးသော လူသည် ပူဇော်အပ်တော်မူထသော။ အဂ္ဂံ၊ ဇာတ်အားဖြင့် မြတ်သည်၏ အဖြစ်ကြောင့် မြတ်တော်မူထသော။ ဗုဒ္ဓံ၊ အလုံးစုံသောတရားတို့ကို သိတော်မူခြင်းကြောင့် ဗုဒ္ဓမည် တော်မူသောမြတ်စွာဘုရားကို။ အဘိဝန္ဒိယ၊ ရိုသေစွာရှိခိုး ပြီး၍။ ဤသို့စသည်ဖြင့် ဟိတ်ပါဠ်၌ ထည့်စွက်၍ အနက် သမ္ဗန်ခြင်းသည် ဟေတုသမ္ဗန်မည်၏။

၄။ သေဋ္ဌံ၊ လေးကျွန်း၌ နေသောသူတို့သည် အထူး သဖြင့် ချီးမွမ်းအပ်သော စကြာမင်းကြီးကဲ့သို့ ဂုဏ်အား ဖြင့် မြတ်သည်၏အဖြစ်ကြောင့် နတ်လူတို့သည် အထူး သဖြင့် ချီးမွမ်းအပ်တော်မူထသော။....ဤသို့ စသည်ဖြင့် ဥပမာ ဟိတ်နှစ်ချက် ထည့်စွက်၍ အနက်သမ္ဗန်ခြင်းသည် ဥပမာဟေတုသမ္ဗန်မည်၏။

ဤသမ္ဗန်လေးချက်ဖြင့် အနက်သမ္ဗန်ခြင်း သည်လည်း ပဒတ္ထသံဝဏ္ဏနာမည်၏။

**အမှာ။** ပါဠိလို သက်သက် အနက်သမ္ဗန်ခြင်းကို အ ကျယ်အလိုရှိက ဂဠုန်ပျံပါဌ်၌ ပဏာမဂါထာတို့မှာ ယူလေ ကုန်။

၄–ပဒဝိဂ္ဂဟသံဝဏ္ဏနာ။ ပသင္ဒ္ဒာနံ ဝိသေသောတိ သေဌ္ဌော၊ ပသဋ္ဌာနံ၊ ချီးမွမ်းအပ်ကုန်သော ပစ္စေကဗုဒ္ဓါသာဝကတို့ထက်။ဝိသေသော၊ ထူးချွန်လွန်ကဲသည်တည်း။ ဣတိ၊-ကြောင့်။ သေဌ္ဌော၊-မည်တော်မူ၏၊ ပသဋ္ဌာနံဝိသေသောတို့ကား–ဝိသေသတဒ္ဓိတ်ဝိဂြိုဟ်၊ သဌ္ဌောကား–ဝိသေသတဒ္ဓိတ်ပုဒ်၊ ပသဋ္ဌပုဒ်၊ ဣဋ္ဌပစ္စည်း၊ ပသဋ္ဌပုဒ်၏အရကား-ပစ္စေကဗုဒ္ဓါသာဝကတို့ကို မုချအားဖြင့်ရ၏၊ ထိုပုဂ္ဂိုလ်တို့၏ ထူးမြတ်ခြင်း ကြိယာနှင့် အပါဒါန် အပါဒ် အဖြစ်ဖြင့် စပ်ခြင်းဟူသော ကြိယာကာရကသမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊ဣဋ္ဌပစ္စည်း၏အရကား-ထိုဌာနူပစာရတ္တဖြင့် မှတ်အပ်သော ထူးမြတ်သော ဘုရားဒြဗ်တော်ကိုရ၏၊ ဤအရာ၌ကား-ဝိသေသပုဒ်ဖြစ်၍ ဌာနူပစာရတ္တသကတ်သာ ပဓာနအားဖြင့်ရ၏။

ဝိသေသန ပဒါနဉ္စ ပထမံ ကြိယာပဒေန သမ္ဗန္ဓံ
ကတွာ ပစ္ဆာ ဝိသေသယပဒေဟိ သမ္ဗန္ဓော ကာ-
တဗ္ဗော၊ ဧဝံဟိတတော ဥပယောဂါဒိဝစနံ။

ဟူသောပါဠိနှင့်အညီ-အဘိဝန္ဒိယ ဟူသော ကြိယာကို ငဲ့၍ ဝါကျဝတ္တိကန္တ-ဒန္တသောနေနည်းအားဖြင့် "တံသေဋ္ဌံ"ဟု ဝိဘတ်ချန်ခံအပ်၏၊ ထိုဝိဘတ်ချန်ခံအပ်ပြီးသော သေဋ္ဌံဟူသောပုဒ်လုံး၏ အနက်သည်-သကတ်,ဒြဗ်,လိင်,သင်္ချာ, ကာရကအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုတွင်–

၁။ ကြိယာကာရကသမ္ဗန်သည် သကတ်။
၂။ ထူးမြတ်သောဘုရားဒြဗ်သည် ဒြဗ်။
၃။ ဝိသဒါကာရသည် ပုလ္လိင်။

၄။ တဆုတည်း၏ အဖြစ်ဟူသော သင်္ကေတပညတ် သည် ကေဝုစ်သဍ်ျာ။
၅။ အဘိဝန္ဒိယဉ္စ အဘိပုဗ္ဗဝန္ဒခါတ်၏အရ ပဏာမ စေတနာဟူသော ရှိခိုးခြင်းကြိယာဖြင့် ရောက်အပ် သော ကြိယာပါပုဏာန သတ္တိသည် ကမ္မကာရက မည်၏။

ရူဠှီချာတံ နိပါတဥ္စု၊ပသဂ္ဂါ လပနံ တထာ။
သဗ္ဗာနာမန္တိမေတေသု၊န ကတော ဝိဂ္ဂဟောဆသု။
ဟူသောဂါထာ,

ရူဠှီ-အာချာတ်၊နိပါတ်-ဥပသာ၊ သဗ္ဗနာ-အာလုပ်၊ ဤခြောက်ပုဒ်၊မထုတ်ဝိဂြိုဟ်မှု။

ဟူသောလင်္ကာတို့နှင့်အညီ-တိကား- သဗ္ဗနာမ်ပုဒ်ဖြစ်၍ ဝိဂြိုဟ်မပြုကောင်း၊....လုဋ္ဌ နိ္တပလုဋ္ဌနိ္တတိလောကာ။လုဋ္ဌနိ္တ ပလုဋ္ဌနိ္တ၊ ပရမ်းပတာပျက်တတ်ကုန်၏။ ဣတိ၊-ကြောင့်။ လောကာ၊ လောကတို့မည်ကုန်၏။ ကိတ်ဝိဂြိုဟ်။ လော ကာကား-ကတ္တုသာခနေ၊ လုဇခါတ်, ဏာပစ္စည်း၊ လုဇ- ဝိနာသေ၊ လုဇခါတ်၏အရကား- လောကဟုခေါ်ဝေါ် ပညတ်သမုတ်အပ်သော ခန္ဓာငါးပါးတို့၏ဘင်္ဂက္ခဏာကိုမှချ၊ ကံ,စိတ်,ဥတု- စသောအကြောင်းကို ဖလူပစာရအားဖြင့် ရ၏၊ ဏာပစ္စည်း၏အရကား- ထိုမှချဖလူပစာရတ္တတို့ဖြင့် မှတ်အပ်သောဘင်္ဂက္ခဏာသမင်္ဂီလောကဒြဗ်ကိုရ၏။

တယောလောကာ တိလောကံ၊ ဒိဂုသမာသ်ဝိဂြိုဟ်။ တိလောကံကား-သမာဟာရဒိဂုသမာသ်၊တိပုဒ်,လောက ပုဒ်၊ တိပုဒ်၏အရကား- သုံးခုဟူသောသင်္ချာကိုမှချ၊ သုံးခု

သင်္ချာ၏ လောကနှင့်သင်္ချာ-သင်္ချေ ယျအဖြစ်ဖြင့် စပ်ခြင်း သင်္ချာသင်္ချေယျသမ္ဗန်ကို ဌာနူပစာရအားဖြင့်ရ၏၊ တိလော ကဟူသော သမာသ်ပုဒ်လုံး၏အရကား- ထိုဌာနူပစာရတ္ထ အားဖြင့်မှတ်အပ်သော လောကသုံးပါးရ၏။

မဟီယတေ ပူဇီယတေတိ မဟိတော၊ မဟီယတေ ပူဇီယတေ၊ ပူဇော်အပ်၏။ ဣတိ၊-ကြောင့်။ မဟိတော၊- မည်၏။ကိတ်ဝိဂြိုဟ်၊မဟိတောကား-ကိတ်ပုဒ်၊ကမ္မသာဓန, မဟာဓာတ်,ဣအာဂုမ်,တပစ္စည်း၊ မဟ-ပူဇာယံ။ မဟဓာတ် ၏အရ- ကတ္တုဋ္ဌကြိယာကား- လောကသုံးပါး၏ ပူဇော် သောအခြင်းအရာအားဖြင့်ဖြစ်သော ဒါန,သီလ,ဘာဝနာ မယစိတ္တုပ္ပါဒ်ကိုမှချ၊ ကမ္မဋ္ဌကြိယာကား- ထိုစိတ္တုပ္ပါဒ်၏ အာရုံဖြစ်သော ဘုရားဒြဗ်၏ ကြိယာပါပုဏနအာရမဏ ပစ္စယသတ္တိကို ဖလူပစာရအားဖြင့်ရ၏၊ တပစ္စည်း၏အရ ကား-ထိုဖလူပစာရတ္ထအားဖြင့် မှတ်အပ်သော သတ္တိမန္တ ဘုရားဒြဗ်ကိုရ၏။

တိလောကေနမဟိတော- တိလောကမဟိတော၊ တတိ ယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ တိလောကမဟိတောကား- တတိယာတပ္ပုရိသ်သမာသ်၊ တိလောကပုဒ်, မဟိတပုဒ်၊ တိလောကပုဒ်၏အရကား-လောကသုံးပါးကိုမှချ၊လောက သုံးပါး၏ပူဇော်ခြင်းကြိယာနှင့် ကတ္တာ, ကတ္တိအဖြစ်ဖြင့်စပ် ခြင်းကြိယာ- ကာရကသမ္ဗန်ကို ဌာနူပစာရအားဖြင့်ရ၏၊ တိလောကမဟိတော- ဟူသော သမာသ်ပုဒ်လုံး၏ အရ ကား-ထိုဌာနူပစာရတ္ထအားဖြင့် မှတ်အပ်သော ဘုရားဒြဗ် ရ၏၊....ဤအရာ၌ကား- ဝိသေသနဖြစ်၍ ဌာနူပစာရတ္ထ သကတ်ကိုသာ ပဓာနအားဖြင့်ရ၏။

အဘိဝန္ဒိယ- ဟူသောကြိယာကိုငဲ့၍ ဝါကျဝတ္တိကန္တ- ဒန္တသောခနေနည်းအားဖြင့် "တိလောကမဟိတံ" ဟုဝိဘတ်ချန်ခံအပ်၏၊ ထိုဝိဘတ်ချန်ခံအပ်ပြီးသော တိလောကမဟိတံ-ဟူသောပုဒ်လုံး၏အနက်သည်- သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရကအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုတွင် ကြိယာ ကာရကသမ္ဗန်သည် သကတ်၊ ဘုရားဒြဗ်သည်ဒြဗ်- စသည်ဖြင့်သေဌ်နည်းအတူမှတ်။

သဒ္ဒိသံ တိသု လိင်္ဂေသု၊ သဗ္ဗာသု စ ဝိဘတ္တိသု။
ဝစနေသု စ သဗ္ဗေသု၊ယံ န ဗျေတိ တဒဗျယံ။ ။

ဟူသည်နှင့်အညီ-အဘိဝန္ဒိယကား- နိပါတ်ပုဒ် အရာ၌ တည်သောကြောင့် ဝိဂ္ဂြိုဟ်မပြုစကောင်း။

**အမှာ။** အဘိဝန္ဒာမိ အဘိဝန္ဒိတ္တွ ဝါ-အဘိဝန္ဒိယ- စသည်ဖြင့် ပြုကြသော ဝိဂ္ဂြိုဟ်များကား–ပုဗ္ဗကာလေက ကတ္တုကာနံ တုနတွာနတွာဝါ--ဟူသည်နှင့် အညီ····တွာဒိပစ္စယန္တပုဒ်တို့၏ အပရကာလ ကြိယာကိုအမြဲငဲ့၍နေသော ပုဗ္ဗကာလ ကြိယာ၊ဝိသေသန သဘောကို မပြနိုင်၊ ဓာတ်နက်,ကတ္တားနက်မျှကိုသာ ပြနိုင်သောကြောင့် မသင့်–ဟု မှတ်။

အဘိဝန္ဒိယ၌ အဘိဥပသာရပုဒ်၏ အရကား– ဘယ, လာဘ–စသည်ကင်းကွာ အစ္စာဒရ အဘိဝိသိဋ္ဌဘောဂုဏ်ကို မှ၍၊ ထိုဂုဏ်၏ ပဏာမစေတနာနှင့်ဂုဏ်,ဂုဏောအဖြစ် ဖြင့်-စပ်ခြင်းဌာနီ,ဌာနသမ္ဗန်ကို ဌာနူပစာရအားဖြင့် ရ၏၊ ဝန္ဒဓာတ်၏အရကား–ပဏာမ စေတနာ ဟူသော "ဒဿ

နတ္တ”ကို မုချ၊ ယောနိသောမနသိကာရ, သဒ္ဓါ, မေတ္တာ ပြဓာန်းသော ရှေးရှေးစိတ္တုပ္ပါဒ်ဟူသော “ဒိပကတ္တ”ကို ဖလူပစာ၊ အန္တရာယ်ပျောက်ခြင်း, ကျမ်းပြီးခြင်း စသော အကျိုးဟူသော “ပကာသနတ္တ”ကို ကာရဏူပစာ၊ ထို သုံးပါး၏အကြောင်းရင်းမူလ ရတနတ္တယ၏ ပဏာမာရဟ ခေတ္တဘောဂုဏ်, ပဏာမစေတနာ၏ ခေတ္တဂ်ဘောဂုဏ် ဟူသော“ဝိဘာဝတ္တ”ကို ဒုတိယ ဖလူပစာ အကျိုး အ ဆက်ဆက်ဟူသော“အနုဘာဝတ္တ”ကို ဒုတိယ ကာရဏူ ပစာအားဖြင့်ရ၏၊ တွာပစ္စည်း၏အရကား–ထိုမုချ, ဖလူ, ကာရဏူပစာရတ္တတို့ဖြင့် မှတ်အပ်သောကစ္စည်းဆရာဒြပ်ကို အပဓာန၊ ကြိယာပုဒ်ဖြစ်၍ ဓာတ်နက်စေတနာကို ပဓာန အားဖြင့်ရ၏။

ငင်းအဘိဝန္ဒိယပုဒ်လုံး၏အနက်သည်- သကတ်, ဒြပ်, သဉ္ဈာ,ကာရက,အကာရကအားဖြင့် ငါးပါး အပြားရှိ၏၊ ထိုတွင် ရှိခိုးခြင်းကြိယာ သာမညသည် သကတ်၊ ရှိခိုးခြင်း ကြိယာ ဝိသေသသည် ပဓာနဒြပ်၊ ကစ္စည်းဆရာဒြပ်သည် အပဓာနဒြပ်၊ တပါးတည်း၏ အဖြစ်ဟူသော သင်္ချာ ပည တ်သည် ကေဝုစ်သင်္ချာ၊ ရှိခိုးခြင်းကြိယာကို ပြီးစေတတ် သော ကြိယာနိပ္ဖါဒနသတ္တိသည် ကာရက၊ နောက်ကြိယာ ကိုအထူးပြုခြင်းကြိယာဝိသေသန အနက်သည် အကာရက မည်၏။

## ကြိယာ ၅–တန်ထုတ်နည်းလင်္ကာ

ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒသနဆို၊ အကြောင်း ကိုပြ၊ ဒိပကမျိုး၊ ကျိုး-ပကာသန၊ မူလကြောင်းမှာ၊ ဝိဘာ ဝဒ္ဓ၊ကျိုးပရံပရာ၊နုဘာဝ ါ၊ကြိယာ ၅-တန်ထုတ်နည်းတည်း။

အင်္ဂကား-ဥတ္တမတ္တဝါစီ ရုဋ္ဌိ အနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်၍ ဝိဂြိုဟ်မဆိုစကောင်း၊ ····ရင်းအင်္ဂသဒ္ဒါ၏ အရကား—ဥတ္တမဘောဂုဏ်ကို မုချ၊ ဂုဏော ဘုရားဒြပ်ကို ဌာနူပစာရအားဖြင့်ရ၏၊ ဤအရာ၌ကား—ဝိသေသနပုဒ်ဖြစ်၍ ကောက်မြဲ။

တနည်း။ ယထာကထဉ္စိ ဗျုပ္ပတ္တိ၊
ရုဋ္ဌိယာ အတ္ထနိစ္ဆယော။
ဣတိ ရုဋ္ဌိပသိဒ္ဓေန၊
ဗျုပ္ပတ္တိ ယေနကေနစိ။ ။

ဟူသည်နှင့်အညီ-အင်္ဂဟူသောပုဒ်ကို ဝိဂြိုဟ်ပြုလိုသော်ကား-သေဋ္ဌဘာဝံအဇတိ ဂစ္ဆတိ ပါပုဏာတီတိအင်္ဂေါ-ဟု ကိတ်ဝိဂြိုဟ်ပြု။ အင်္ဂေါကား-ကတ္တုသာဓန၊ အဇဓာတ်, အပစ္စည်း။ (အဇ-ဂတိယံဓာတ်နက်ကြား။) အဇဓာတ်၏အရကား-အသမ္ဘိန္နခတ္တိယမျိုးနွယ်၌ဖြစ်သော ပဋိသန္ဓေခန္ဓာဟူသော ရောက်ခြင်းကြိယာကိုရ၏၊ အပစ္စည်း၏အရကား-ထိုရောက်ခြင်းကြိယာနှင့်ပြည့်စုံသော ကြိယာဝန္တဘုရားဒြပ်ကိုရ၏၊ ဤအရာ၌ကား-ဝိသေသနပုဒ် ဖြစ်သောကြောင့် ဝိဘတ်ချန်ခံမြဲ၊ ကောက်မြဲအတိုင်းကောက်။

ဗုဇ္ဈတီတိဗုဒ္ဓေါကား-ကိတ်ဝိဂြိုဟ်၊ ဗုဒ္ဓေါကား-ကတ္တုသာဓန၊ ဗုဓဓာတ်, တပစ္စည်း၊ ဗုဓဓာတ်၏အရကား-အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကိုမုချ၊ ရှေးရှေးသော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ် အောက်ဖိုလ်ဉာဏ်ကို ဖလူပစာ၊ အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ယမကပါဋိဟာရိယဉာဏ်, ဒေသနာဉာဏ်

စသော နောက်နောက်သောဉာဏ်တော်ကို ကာရဏူပစာ
အားဖြင့်ရ၍၊တပစ္စည်း၏ အရကား-ထိုမုချ, ဖလူ, ကာရ
ဏူပစာရဋ္ဌတို့ဖြင့် မှတ်အပ်သော အနုတ္တရဂုဏ်တို့ဖြင့် ထို
အပ်သော ခန္ဓပဉ္စကသန္တာန်ကိုစွဲ၍ ဘုရားဟုခေါ်ဝေါ်
ပညတ် သမုတ်အပ်သော သတ္တပညတ်ဒြဗ် ဝိသေသကိုရ၍။

**စကားဆက်။** ဝစနံ ဝစနတ္ထဉ္စ၊
တံ ဟေတုံ တဿ ဇောတကံ။
ဝစနီယံ တဒတ္ထဉ္စ၊
ဆဓာ ဇာနေယျ ပဏ္ဍိတော။ ။

နိပ္ဖန္နကို,ဝစနဆိုလော့၊ ဝိဂြိုဟ်ဝါကျ၊ ဝစနတ္ထတည်း၊
ထိုမှဟေတု၊ မှတ်ရှုသကတ်၊ နိပါတ်ဇုတိ၊ဇောတကသိလေ၊
ဒြဗ်တွေကို၊ မှတ်လေဝစနီယ၊ ဝေဝစနကို၊ ဝစနီယတ္ထဆို
သည်၊ ဝိဂြိုဟ်တွေ့ဘိုင်းကောက်နည်းတည်း။

ဤသင်္ဂဟဂါထာ, လင်္ကာအချုပ်နှင့်အညီ-ဝစန, ဝစ
နတ္ထ, ဝစနဟေတု, ဝစနဟေတုဇောတက, ဝစနီယ,ဝစနီ
ယတ္ထအားဖြင့် ခြောက်ပါးသော အစိတ်သဘောကို ထုတ်
အပ်၏၊ ထိုတွင်—

၁။ ပုဒ္ဓေါသည် ဝစန။
၂။ ပုဇ္ဈတိသည် ဝစနတ္ထ။
၃၊ ဝိဂြိုဟ်၏အကြောင်းဖြစ်၍ ဗျုပ္ပတ္တိနိမိတ်မည်သော
နိပ္ဖန္နပုဒ်၏ အကြောင်းဖြစ်၍ ပဝတ္တိနိမိတ်လည်း
မည်သော သိခြင်း ကြိယာ သကတ်သည် ဝစန
ဟေတု။
၄။ ဇုတိသဒ္ဒါသည် ဝစနဟေတုဇောတက။

၅။ ဘုရားဒြဗ်သည် ဝစနီယ။
၆။ ဘဂဝါစသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္တမည်၏။

[ဝိဂြိုဟ်ဟူသမျှ ဤနည်းချည်းခွဲအပ်၏။]

ပဒါဝတ္တိကန္တ, ဝါကျာဝတ္တိကန္တအားဖြင့် နိပ္ဖန္နပုဒ်ချနည်းနှစ်ပါးတို့တွင် အဘိဝန္ဒိယ ကြိယာကိုငဲ့၍ ဝါကျာဝတ္တိကန္တ-ဒန္တသောဓနနည်းအားဖြင့် "တံဗုဒ္ဓံ"ဟု ဝိဘတ်ချန်ခံအပ်၏၊ ထိုဝိဘတ်ချန်ခံအပ်ပြီးသော ဗုဒ္ဓံ-ဟူသော ပုဒ်လုံး၏အနက်သည်-သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရကအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုတွင်—

၁။ အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်သည် သကတ်။
၂။ ဘုရားဒြဗ်သည် ဒြဗ်။
၃။ သန့်ရှင်းသော အခြင်းအရာ ဝိသဒါကာရသည် ပုလ္လိင်။
၄။ ဒြဗ်၌မှီသော တပါးတည်း၏အဖြစ်တည်းဟူသော သင်္ကေတပညတ်သည် ဧကဝုစ်သင်္ချာ။
၅။ အဘိဝန္ဒိယ၌ အဘိပုဗ္ဗ-ဝန္ဒဓာတ်အရ-ပဏာမစေတနာ၏အာရုံဖြစ်သော ဘုရားဒြဗ်၏အာရမဏပစ္စယသတ္တိတည်းဟူသော ကြိယာ ပါပုဏနသတ္တိသည် ကမ္မကာရကမည်၏။

တနည်း။ ဉာဏော ဝိကဿနေစေဝ၊
ဂမနေစာပိ ဇာဂရေ။
စတူသွေတေသု အတ္ထေသု၊
ဗုဓဓာတု ပဝတ္တတိ။ ။

ဟူသည့် အတိုင်း-သဗ္ဗညုတဉာဏပဒဋ္ဌာနံ ဗုဇ္ဈတိ ဝိကာသတီတိ ဗုဒ္ဓေါ၊ ကောသယနမင်္ဂ ဗုဇ္ဈတိ ဂစ္ဆတီတိ ဗုဒ္ဓေါ၊ သမ္မောဟနိဒ္ဒါယ ဗုဇ္ဈတိ ဇာဂရောတီတိ ဗုဒ္ဓေါ-ဟု ဝိဂြိုဟ် ပြု၍လည်း ရှေးနည်းအတူကောက်အပ်၏။

**တနည်း။** ဗောဓေတာ ပဇာယာတိဗုဒ္ဓေါ။ ။ယော ဘဂဝါ၊ -သည်။ ပဇာယ၊ သတ္တဝါအပေါင်းကို။ ဗောဓေ တာ၊ သိစေတော်မူတတ်၏။ဣတိ၊-ကြောင့်။ သောဘဂဝါ၊- သည်။ ဗုဒ္ဓေါ၊-၏။ ကိတ်ဝိဂြိုဟ်။ ဗုဒ္ဓေါကား-ဟေတုကတ္တု သာဓန၊ ဗုဓဓာတ်, တပစ္စည်း၊ (ဗုဓ-ဉာဏေဟု ဓာတ် နက်ကြား)၊ ဗုဓဓာတ်၏အရ သုဒ္ဓကတ္တုဒွကြိယာကား- ဝေနေယျတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မှုချရ၏၊ ဟေတု ကတ္တုဒွကြိယာကား-ထိုဉာဏ်၏အကြောင်း ပကတူပနိဿ ယဖြစ်သော ဒေသနာဉာဏ်စသည်ကို ဖလူပစာအားဖြင့် ရ၏၊ တပစ္စည်း၏အရကား-ထိုဖလူပစာရတ္တအားဖြင့်မှတ် အပ်သော ဘုရားဟု သမုတ်အပ်သော သတ္တပညတ်ဒြဗ် ဝိသေသကိုရ၏။

**တနည်း။** ဟေတုကတ္တုသာဓန၊ ပြုလတ်က၊ ကရဏ သာဓ်-ရမြဲမှတ်။ ....ဟူသည့် အတိုင်း-ဗုဇ္ဈန္တိသာဝကာ ဧတေနာတိ ဗုဒ္ဓေါ-ဟူ၍လည်း ပြုလေဦး၊ ရှေးနည်းအ တိုင်းကောက်။

**တနည်း။** ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ။ ။ယံဉာဏံ၊ အ ကြင်အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို။ ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗံ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိအပ်၏။ ဣတိ၊-ကြောင့်။ တံဉာဏံ၊-သည်။ ဗုဒ္ဓံ၊-မည်၏။ ကိတ်ဝိဂြိုဟ်၊ ဗုဒ္ဓံကား-

ကမ္မသာဓနေ၊ ဗုဓဓာတ်, တပစ္စည်း၊(ဗုဓ-ဉာဏေဟု ဓာတ်နက်ကြား၊) ဗုဓဓာတ်၏အရ-ကတ္တုဌ္ဌကြိယာကား-ပစ္စဝေက္ခဏာဉာဏ်ကို မှချရ၏၊ ကမ္မဌ္ဌကြိယာကား-အာရုံဖြစ်သော အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်တို့၏ အာရမ္မဏပစ္စယသတ္တိဟူသော ကြိယာပါပုဏနသတ္တိကို ဖလူပစာ, ဌာနျူပစာအားဖြင့် ရ၏၊ တပစ္စည်း၏ အရကား-ထိုဖလူပစာ, ဌာနျူပစာရထ္တတို့ဖြင့် မှတ်အပ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကိုရ၏။

**တနည်း။** ဗုဒ္ဓံ အဿ အတ္ထီတိ ဗုဒ္ဓေါ။ ။အဿ၊ ထိုမြတ်စွာဘုရားအား။ ဗုဒ္ဓံ၊ သိတတ်သော ဉာဏ်တော်သည်။အတ္ထိ၊ ရှိ၏။ ဣတိ၊-ကြောင့်။ သောဘဂဝါ၊-သည်။ ဗုဒ္ဓေါ၊-၏။ တဒ္ဓိတ်ဝိဂြိုဟ်၊ ဗုဒ္ဓေါကား-အဿတ္ထိတဒ္ဓိတ်၊ ဗုဒ္ဓပုဒ်, ဏပစ္စည်း၊ ဗုဒ္ဓပုဒ်၏အရကား- အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကိုမှချ၊ ထိုဉာဏ်၏ဘုရားဒြပ်နှင့်ဌာနီ, ဌာန-ဂုဏ, ဂုဏီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်ကို ဌာနူပစာရအားဖြင့်ရ၏၊ ဏပစ္စည်း၏အရကား- ထိုဌာနူပစာရထ္တဖြင့်မှတ်အပ်သော ဘုရားဒြပ်ကိုရ၏။

ဝသဒ္ဒါကား- သမုစ္စယတ္ထဇောတက နိပါတ်ပုဒ်ဖြစ်၍ဝိဂြိုဟ်မပြုစကောင်း၊ ၎င်းစသဒ္ဒါ၏အရကား- ဗုဒ္ဓ၏ဓမ္မ, ဂဏတို့ကိုပေါင်းဆည်းခြင်း သမုစ္စယဘောဂုဏ်ကို ပဓာနဇောတက၊ ဓမ္မ,ဂဏတို့၏ ပေါင်းဆည်းအပ်သည်၏အဖြစ်တည်းဟူသော သမုစ္စေတဗ္ဗဘောဂုဏ်ကို အပ္ပဓာနဇောတကအားဖြင့်ရ၏၊ ဝါစကကား- ယှဉ်ဘက်သဒ္ဒါတို့သာတည်း။

အတ္တာနံ ခါရေန္တေ သတ္တေ ခါရေတီတိ ခမ္ဘော။ ။ အတ္တာနံ၊ မိမိကို။ ခါရေန္တေ၊ ကျင့်ဆောင်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ခါရေတိ၊ ဆောင်တတ်၏။ ဣတိ၊ - ကြောင့်။ ခမ္ဘော၊ -မည်၏။ ကိတ်ဝိဂြိုဟ်၊ ခမ္ဘောကား-ကတ္တု သာဓန၊ ဓရဓာတ်, ရမ္မပစ္စည်း၊....ဓရဓာတ်၏အရကား- မဂ်၏သမုစ္ဆေဒပ္ပဟာနသတ္တိ, နိဗ္ဗာန်၏ နိဿရဏပ္ပဟာန သတ္တိကိုမှချ၊ ဖိုလ်၏ပဋိပဿဒ္ဓိပ္ပဟာနသတ္တိကို ကာရဏူပ စာ၊ ပရိယတ္တိ၏ တဒင်္ဂပ္ပဟာနပကတူပနိဿယ သတ္တိကို ဖလူပစာရအားဖြင့်ရ၏၊ ရမ္မပစ္စည်း၏အရကား- ထိုမှချ, ဖလူ,ကာရဏူပစာရတ္တတို့ဖြင့် မှတ်အပ်သော တရားဆယ် ပါးကိုရ၏။

**တနည်း။** ကိလေသေဓုနာတီတိဝါခမ္ဘော။ ။ဓုဓာတ်, ရမ္မပစ္စည်း၊....ရှေးအတိုင်းပင်ကောက်။

**တနည်း။** ခါရိယတေတိ ဝါ ခမ္ဘော။ ။ကမ္မသာ ဓန၊....ဓရဓာတ်၏အရကတ္တုဋ္ဌကြိယာကား-ဆောင်သော အခြင်းအရာအားဖြင့် ဖြစ်သော မဟာကုသိုလ် ကြိယာ စိတ္တုပ္ပါဒ်ကိုမှချ၊.... အကြွင်း မဟိတံ, ဗုဒ္ဓံတို့နှင့် အတူ ကောက်။

မဇ္ဇတေတိမလော။ ။ယောအကြင်သံ,ကြေးစသည် တို့၏အညစ်အကြေးကို။ မဇ္ဇတေ၊သုတ်သင်အပ်၏။ ဣတိ၊- ကြောင့်။မလော၊-မည်၏။မဇဓာတ်၊လပစ္စည်း။ မဇဓာတ်၏ အရကတ္တုဋ္ဌကြိယာကား- ဆေးကြော သုတ်သင်သော အ ခြင်းအရာအားဖြင့်ဖြစ်သော ကာယဝိညတ်စိတ္တုပ္ပါဒ်ကို မှချ အားဖြင့်ရ၏၊ကမ္မဋ္ဌကြိယာကောက်မြဲ၊....မလောဝိယာတိ

မလော။ ။ယောပါပေါ၊-သည်။ မလောဝိယ၊ အညစ်အကြေးနှင့်တူသည်တည်း။ ဣတိ၊-ကြောင့်။ သောပါပေါ၊-သည်။ မလော၊-မည်၏။ တဒ္ဓိတ်ဝိဂြိုဟ်။ မလောကား-ဥပမာတဒ္ဓိတ်၊ မလပုဒ်, အပစ္စည်း၊ မလပုဒ်၏ အရကား-သံချေး, ကြေးညှိစသော အညစ်အကြေးကိုမှု၍၊ ထိုအညစ်အကြေး၏မကောင်းမှုနှင့်ဥပမာန, ဥပမေယျအဖြစ်ဖြင့်စပ်ခြင်း သဒိသဘော ဂုဏ်သမ္ဗန်ကို ဌာနူပစာရအားဖြင့်ရ၍၊ ဣဝတ္ထ၌ သက်သော အပစ္စည်း၏အရကား- ထိုဌာနူပစာရတ္ထအားဖြင့်မှတ်အပ်သောသဒိသမကောင်းမှုဒြဗ်ကိုရ၏။

**တနည်း။** မလန္တိ သံကိလိဿန္တိ ဧတေနာတိ ဝါ မလော။ ။ဧတေန၊ ဤအညစ်အကြေးဖြင့်။ မလန္တိ သံကိလိဿန္တိ၊ ညစ်ညူးကုန်၏။ ဣတိ၊-ကြောင့်။ မလော၊-မည်၏။ ကိတ်ဝိဂြိုဟ်၊ မလောကား – ကရဏသာဓန၊ မလဓာတ်, အပစ္စည်း၊....မလဓာတ်၏အရကတ္တုဋ္ဌကြိယာကား—ထိုထိုသဝိညာဏက,အဝိညာဏက တို့၏ အရောင်အဆင်းပျောက်ကင်းခြင်း အဘာဝဟူသော ညစ်ညူးခြင်းကြိယာကို မှု၍၊ ကရဏဋ္ဌကြိယာကား-ထိုညစ်ညူးခြင်း၏အကြောင်းဖြစ်သော သံချေးစသော အညစ်အကြေးတို့၏ပကတူပနိဿယသတ္တိကို ဖလူပစာအားဖြင့် ရ၍၊အပစ္စည်း၏အရကား—ထိုဖလူပစာရအားဖြင့် မှတ်အပ်သော သတ္တိမန္တအညစ်အကြေးဒြဗ်ကိုရ၏၊....မလော ဝိယာတိ မလော။ ရှေးနည်းအတိုင်းကောက်။

နတ္ထိ မလော ဧတဿာတိ အမလော။ ။ဧတဿ၊ ဤတရားအား။ မလော၊ အညစ်အကြေးအတု မကောင်းမှု

သည်။ နတ္ထိ၊ မရှိ။ ဣတိ၊—ကြောင့်။အမလော၊—မည်၏။ သမာသ်ဝိဂ္ဂြိုဟ်၊ အမလောကား-စတုတ္ထိဗဟုဗ္ဗိဟိ သမာသ်၊ နပုဒ်,မလပုဒ်၊နမလ-ဟူသော သမာသ်ပုဒ်၏ အရကား- မကောင်းမှု၏ အဘာဝကိုမှုချ၊ ထိုအဘာဝ၏ အကြောင်း ဖြစ်သော တရားဆယ်ပါး၏ ပဟာနသတ္တိလေးပါးကို ဖလူ ပစာအားဖြင့်ရ၏၊ တေဃဟူသော အညပုဒ်၏အနက်ကို ဟောသော အမလဟူသော နိပ္ဖန္နပုဒ်၏အရကား-ထိုဖလူ ပစာရတ္တဖြင့် မှတ်အပ်သောတရားဆယ်ပါးဒြဗ်ကိုရ၏၊.. ဤအရာ၌ကား— ဝိသေသနပုဒ် ဖြစ်၍ အန္တတ္ထ ဖြစ်သော သကတ်သာ ပဓာနအားဖြင့်ရ၏-ဟုမှတ်။

ဂဏီယတေ သင်္ချာယတေတိ ဂဏော။ ။ယောသမူ ဟော၊-ကို။ ဂဏီယတေ-သင်္ချာယတေ၊ ရေတွက်အပ်၏။ ဣတိ၊-ကြောင့်။ ဂဏော၊-မည်၏။ကမ္မသာဓနေ၊ဂဏဓာတ်, အပစ္စည်း။….ဂဏဓာတ်၏အရကတ္တား၌ ကြိယာကား—ရေ တွက်သောအခြင်းအရာအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်ကို မှုချ ရ၏။….မဟိတံနှင့်နည်းတူကောက်၊ ရေတွက်အပ် သောဂုဏ်ဟူသော ကမ္မ၌ကြိယာသည် သကတ်မည်၏။

ဥဂ္ဂစ္ဆန္တီတိ ဥဂ္ဂတာ။ ။ယေ၊ အကြင်ကလျာဏပုထုဇန် တို့သည်။ ဥဂ္ဂစ္ဆန္တိ၊ ကျော်စောခြင်း လွန်စွာတက်တတ်ကုန် ၏။ ဣတိ၊-ကြောင့်။ ဥဂ္ဂတာ၊-မည်ကုန်၏။ ဥ-ရှေးရှိသော ဂမုဓာတ်,တပစ္စည်း၊….ဥပုဗ္ဗ-ဂမုဓာတ်၏အရကား-ကျော် စောခြင်းကြိယာဟူသော သီလ,သမာဓိစသောဂုဏ်ကိုမှုချ၊ ယောနိသော မနသိကာရစသော ရှေးရှေးစိတ္တုပ္ပါဒ်ကို ဖလူပစာအားဖြင့်ရ၏၊ တပစ္စည်း၏အရကား-ထိုမှုချ ဖလူ

ပစာရတ္တတို့ဖြင့်မှတ်အပ်သော ကလျာဏာ ပုထုဇန်ပုဂ္ဂိုလ်ဖြစ်ရ၏။....ဥဂ္ဂတာနံ ဝိသေသောတိ ဥတ္တမော။ ။တဒ္ဓိတ်ဝိဂ္ဂြိုဟ်၊ ဥတ္တမောကား-ဝိသေသတဒ္ဓိတ်၊ ဥဂ္ဂတပုဒ်, တမပစ္စည်း၊....သေဋ္ဌံနှင့်နည်းတူကောက်။

**တနည်း။** ဥဒ္ဓရိယတေတိဥဒ္ဓတော။ ။ယော၊အကြင်မောဟကို။ဥဒ္ဓရိယတေ၊ ပယ်နုတ်အပ်၏။ ဣတိ၊-ကြောင့်။ ဥဒ္ဓတော၊-မည်၏။ကမ္မသာဓနေ၊ဥပုဗ္ဗ-ဓရဓာတ်, တပစ္စည်း၊ ဥပုဗ္ဗ-ဓရဓာတ်၏အရကား- မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟူသော ပယ်နုတ်ခြင်း ကြိယာကို မုချ ရ၏။ ကမ္မဒွကြိယာကား- မောဟ၏ပျောက်ကင်းခြင်း,မရှိခြင်း အဘာဝကို ကာရဏူပစာရအားဖြင့် ရ၏၊တပစ္စည်း၏အရကား-ထိုကာရဏူပစာရတ္တအားဖြင့် မှတ်အပ်သော မောဟဖြစ်ကိုရ၏၊....တမတိခိဇ္ဇတီတိတမော။ ။ယော၊ အကြင်မောဟသည်။ တမတိခိဇ္ဇတိ၊ပင်ပန်းတွေဝေတတ်၏။ ဣတိ၊-ကြောင့်။ တမော၊-မည်၏။ကတ္တုသာဓနေ၊ တမဓာတ်၊ အပစ္စည်း။ တမဓာတ်၏အရကား-မောဟ၏ မုယှနသတ္တိ ဟူသော ဝိညာတပါကဋပင်ပန်းတွေဝေခြင်းကြိယာရ၏။ အပစ္စည်း၏ အရကား-သတ္တိမန္တ- ကြိယာဝန္တ- အဝိညာတ- အပါကဋမောဟဖြစ်ရ၏။

**တနည်း။** တမန္တိ ခိဇ္ဇန္တိ သမ္ပယုတ္တဓမ္မာ တေနာတိ တမော။ ။တေန၊ ဤမောဟဖြင့်။ သမ္ပယုတ္တဓမ္မာ၊-တို့သည်။ တမန္တိခိဇ္ဇန္တိ၊ ပင်ပန်းတွေဝေတတ်ကုန်၏။ ဣတိ၊-ကြောင့်။ တမော၊-မည်၏။ ကရဏသာဓနေ၊ တမဓာတ်၏အရကတ္တုဒွကြိယာကား-သမ္ပယုတ်တရားတို့၏ ပင်ပန်းတွေ

ဝေခြင်းကိုမှချ၊ ကရဏာဌကြိယာကား- မောဟ၏ သဟဇာ တာဒိပစ္စယသတ္တိကို ဖလူပစာရ၊ အပစ္စည်း၏အရကား- ထိုဖလူပစာရတ္တသကတ်သည် အထူးပြုအပ်သော သတ္တိ မန္တမောဟဒြပ်ရ၏။

**တနည်း။** တမနံခိဇ္ဇနံ-တမော။ တမနံခိဇ္ဇနံ၊ ပင်ပန်း တွေဝေခြင်း။ တမော၊ ပင်ပန်းတွေဝေခြင်း။ ဘာဝသာဓန။ တမဓာတ်၏အရကား- ပင်ပန်းတွေဝေခြင်းကြိယာဟူသော မောဟရ၏၊ အပစ္စည်း၏အရလည်း- ၎င်းဓာတ်အရ မော ဟပင်ရ၏။

ဓာတွတ္တပစ္စယတ္တသ၊ ဝိသုံ ဘာဝေ အဘာဝတော။
ဓာတွတ္တေ ၁၀ ပစ္စယေနု၊ ဥဒီရိတောတိ ဘာသိတော။ ။
ဟူသည်ကိုထောက်။

ဥဒ္ဓတော တမော ယေနာတိ ဥတ္တမော။ ။တတိယာ ဗဟုဗ္ဗီဟိသမာသ်၊ ဥဒ္ဓတပုဒ်, တမပုဒ်၊…ဥဒ္ဓတတမဟူသော သမာသ်ပုဒ်၏အရကား- မောဟ၏အဘာဝကိုမှချ၊ ထိုအ ဘာဝ၏အကြောင်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဖလူပစာအား ဖြင့်ရ၏၊ ယေနဟူသော အညပုဒ်အနက်ဖြစ်သော ဥတ္တမ ဟူသော နိပ္ဖန္နသမာသ်ပုဒ်၏ အရကား- ထိုဖလူပစာရတ္တ သည် အထူးပြုအပ်သော အရိယာသံဃာအပေါင်းကိုရ၏။

**တနည်း။** ဥတ္တမသဒ္ဒါသည်-သေဋ္ဌတ္တဝါစီရှဦးအနိပ္ဖန္န ပါဋိပဒိကပုဒ်ဖြစ်၍ ဝိဂြိုဟ်မပြုကောင်း၊….၎င်းပုဒ်၏အရ ကား-မြတ်သောသီလ, သမာဓိ-စသောဂုဏ်ကိုမှချ၊ဂုဏော ဖြစ်သော အရိယာ သံဃာအပေါင်းကို ဌာနူ- ဂုဏူပစာ အပ္ပဓာနအားဖြင့်ရ၏၊ စသဒ္ဒါကောက်မြဲ။

သဒ္ဒေဝကေလောကေသာသတီတိသတ္တာ။ ။ကတ္တု သာဓနံ၊သာသဓာတ်,ရတ္တုပစ္စည်း၊···· သာသဓာတ်၏အရ ကား- ဒေသနာဉာဏ်တော်ကိုမှဆို၊ အာသယာနုသယ- ဣန္ဒြိယပရောပရိယတ္တိစသော ရှေးရှေးသော ဉာဏ်တော်ကို ဖလူပစာအားဖြင့်ရ၏၊ ရတ္တုပစ္စည်း၏အရကား- ထိုမှဆို, ဖလူပစာရတ္တတို့ဖြင့် မှတ်အပ်သော ဘုရားဒြပ်ကို ရ၏၊ ဝိသေသနပုဒ်ဖြစ်၍ အန္တတ္ထသကတ်သာ ပဓာနရ၏၊···· ဝစနတ္ထဝရုံ၌ ဝစနဟူသော သမ္ဗန္ဓီပုဒ်ကိုငဲ့၍ တဿ သတ္တု၊ဿ-ဟုဝိဘတျန်ခံ၊ ဆိုးမခြင်း ကြိယာအန္တတ်သည် သကတ်။ လ။ မြတ်စွာဘုရားစကားတော်နှင့် သာမိ,သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် အကာရကမည်၏။

တဿ၌တကား-ပရမ္မုခနိယမတ္တဝါစက ပယောဂဝန္တ သဗ္ဗနာမ်ပုဒ်ဖြစ်၍ ဝိဂြိုဟ်မပြုကောင်း၊ ပရမ္မုခနိယမတ္တ ဘောဂလ်ကိုပဓာန၊ ဘုရားဒြပ်ကို အပဓာနကောက်။

ဝုစ္စတေတိဝစနံ။ ကမ္မသာဓနံ၊ ဝစဓာတ်,ယုပစ္စည်း၊···· ဝစဓာတ်အရကတ္တု၌ကြိယာကား—ဒေသနာဉာဏ်ကို မှဆို ရ၏၊ ကမ္မ၌ကြိယာကား- အာရုံဖြစ်သော ဒေသေတဗ္ဗ စကားတော်၏ အာရမဏသတ္တိဟူသော ကြိယာပါပုဏန သတ္တိကို ဌာနျူ,ဖလူပစာရအားဖြင့်ရ၏၊ ယုပစ္စည်း၏ အရ ကား- ထိုဌာနျူ,ဖလူပစာရတ္တအားဖြင့် မှတ်အပ်သော စကားဒြပ်ရ၏။

**တနည်း။** ဝုစ္စတိ အတ္တော အနေနာတိ ဝစနံ။ ။ ကရဏသာဓနံ၊····ဝစဓာတ်အရ ကတ္တု၌ ကြိယာကား- ဒေသနာဉာဏ်ကိုမှဆို၊ ကရဏတ္တကြိယာကား အကြောင်း

ဖြစ်သောစကားတော်နာမ ပညတ်၏ ပကတူပနိဿယ
သတ္တိဟူသော ကြိယာ သာဓက တမ သတ္တိကို ဖလူ, ဌာန္ျ
ပစာရအားဖြင့်ရ၏၊ ယုပစ္စည်းအရကောက်မြဲ။

အရိယတေ ဉာယတေတိ အတ္ထော။ ။ကမ္မသာဓနေ၊
အရဓာတ်,တပစ္စည်း၊ (အရ-ဂတိယံဟုဓာတ်နက်ကြား၊)
ယေဂတျတ္ထာတေ ဗုဒ္ဓျတ္ထာပဝတ္တိ-ပါပုဏာတ္ထကာ-ဟူသည်
နှင့်အညီ—အရဓာတ်၏အရကတ္တုဋ္ဌကြိယာကား-အနက်ကို
အာရုံပြု၍ဖြစ်သော စတုတ္ထဝီထိ စသည်၌ ပါသောဉာဏ်ကို
မှ၍၊ ကမ္မဋ္ဌကြိယာအရကို မဟိတံနှင့် အတူကောက်။

သဒ္ဒံ ပထမစိတ္တေနာ၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊အတ္ထံ စတုတ္ထစေတသာ။ ။
ဟူသည်ကိုထောက်။

ဝရီယတေ ပတ္ထီယတေတိ ဝရော။ ။ယောအတ္ထော၊-
ကို။ ဝရီယတေ-ပတ္ထီယတေ၊ တောင့်တအပ်၏။ ဣတိ၊—
ကြောင့်။ဝရော-မည်၏။ ကမ္မသာဓနေ၊ ဝရဓာတ်,အပစ္စည်း။
(ဝရ-ဣစ္ဆာယံဟု ဓာတ်နက်ကြား၊)···· ဝရဓာတ်၏ အရ
ကတ္တုဋ္ဌကြိယာကား—အနက်ကိုလိုချင်တောင့်တသောဆန္ဒ
စေတသိက်ကို မှ၍၊ ကမ္မဋ္ဌကြိယာကိုကား-မဟိတံနှင့်အတူ
ကောက်၊····အတ္ထော စ သော ဝရောစာတိ အတ္ထဝရော၊
ဝိသေသနပရနိပါတကမ္မဓာရယ်သမာသ်၊ ····ဝရ ဟူသော
ဝိသေသနပုဒ်၏အရကား-တောင့်တအပ်မြတ်သောဂုဏ်ကို
မှ၍၊ ၎င်းဂုဏ်၏အနက်ဒြဗ်နှင့် ဂုဏ်, ဂုဏေ အဖြစ်ဖြင့်
စပ်ခြင်းသမ္ဗန်ကို ဌာနူပစာအားဖြင့်ရ၏၊ အတ္ထဝရဟူသော

သမာသ်ပုဒ်လုံး၏အရကား-ထို ဌာနူပစာရတ္ထအားဖြင့် မှတ်အပ်သော ဂုဏောအနက်ဒြဗ်ကိုရ၏၊ ဝစနဿအတ္ထဝရော ဝစနတ္ထဝရော၊ ဆဋ္ဌီတပ္ပုရိသ်သမာသ်၊ ဝစနပုဒ်,အတ္ထဝရပုဒ်၏အရကား-စကားတော် ဒြဗ်ကို မှ၍၊ စကားတော်၏အနက်နှင့် ဝါစက, ဝစ္စအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ဌာနူပစာရအားဖြင့် ရ၏၊ ဝစနတ္ထဝရော-ဟူသော သမာသ်ပုဒ်လုံး၏ အရကား-ထို ဌာနူပစာရတ္ထအားဖြင့် မှတ်အပ်သော ဝစ္စအနက်ဒြဗ်ကိုရ၏၊ ဝိဘာတျန်ခံမြဲ။

[ဝစနနှင့်အတ္ထကိုတွဲပြီးမှ ဝစနတ္ထနှင့်ဝရကို ကမ္မဓာရယ်တွဲလျှင်လည်း နည်းတူပင်ကောက်၊]

သုဗုဒ္ဓိကား-နာမ်မငဲ့ရ၊ အဘိဝန္ဒိယကဲ့သို့ပင် နိပါတ်ပုဒ်အရာ၌ တည်သောကြောင့် ဝိဂြိုဟ်မပြုကောင်း၊....ငင်း သုဗုဒ္ဓိ၌ သုဥပသာရပုဒ်၏အရကား-လွယ်ကူစွာ သိသော ဉာဏ်၏ လွယ်ကူခြင်း သုခဘောဂုဏ်ကို မှ၍၊ ထိုဂုဏ်၏ဉာဏ်နှင့်ဂုဏ်, ဂုဏောအဖြစ်ဖြင့်စပ်ခြင်း ဌာနီ, ဌာနသမ္ဗန်ကို ဌာနူပစာရအားဖြင့်ရ၏၊ ဗုဓဓာတ်၏ အရကား-ထိုဌာနူပစာရတ္ထအားဖြင့် မှတ်အပ်သောဉာဏ်ကိုရ၏၊ တိုပစ္စည်း၏အရကား-ထိုဉာဏ်နှင့်ပြည့်စုံသော စာသင်သားဒြဗ်ကိုရ၏။

[ကြိယာပုဒ် ဖြစ်၍ ဗုဓဓာတ်၏ အရကိုသာ ပဓာန အားဖြင့်ရ၏ဟုမှတ်၊]

ဤသုဗုဒ္ဓိဟူသော ပုဒ်လုံး၏အနက်သည် သကတ်,ဒြဗ်, သင်္ချာ, ကာရကအားဖြင့် လေးပါးအပြားရှိ၏၊ ထိုတွင် အသိဉာဏ်သာမညသည် သကတ်၊ဝစနတ္ထဝရကို သိသောဉာဏ်

ဝိသေသသည်ဒြဗ်၊ ပညာရှိစာသင်သားဒြဗ်သည် အပ္ပမာန ဒြဗ်၊ ဉာဏ်၏ဇာတ်တူ တခုတည်း၏ အဖြစ်သည် ကေဝုစ် သဉ်ျာ၊ ဗုမာအရ စာသင်သားဒြဗ်၏ များသော အဖြစ် သည် ဗဟုဝုစ်သဉ်ျာ၊ သိခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရက၊ ဝက္ခမာနိအရဆို ခြင်းကြိယာ၏အကျိုးဖြစ်သော အသိဉာဏ်၏ တဒတ္ထသမ္ပ ဒါနသတ္တိသည် သမ္ပဒါနကာရကမည်၏။

အမှာ။ တဒတ္ထေနာဂတေ ဘာဝေ၊
တာယေတုံတျာဒယော တဃော။
စတုတ္ထီယာ တဒန္ဓေဟိ၊
မောဂ္ဂလာနမှိ လောပတာ။

ကစ္စာယနေ စ နျာသေ စ၊
သဗ္ဗကာလေသု ကတ္တရိ။
ကိတသညတ္တာ တဝေတုံ စ၊
ဒွေ ဟောန္တီတိ ပတီယတေ။

ဟူသည်နှင့်အညီ ကြံလေ။

ဝက္ခမာနိကား-အာချာတ်ပုဒ် ဖြစ်၍ ဝိဂြိုဟ်မပြုကောင်း၊ ဝစမာတ်, ဿာမိဝိဘတ်၊ ဝစမာတ်၏ အရကား-သတိ ဝီရိယပြမာန်းသော စိတ္တုပ္ပါဒ်, ဝစီဝိညတ်ဟူသော ဆိုခြင်း ကြိယာကို မုချ၊ ယောနိသော မနသိကာရစသော ရှေးရှေး သော စိတ္တုပ္ပါဒ်ကို ဖလူပစာ၊ ကျမ်းကို သင်ကြားခြင်း ကြောင့်ရအပ်သော နိဗ္ဗာန်တိုင်အောင်သော အကျိုးကို ကာရဏူပစာအားဖြင့်ရ၏၊ဿာမိဝိဘတ်၏ အရကား-တို

မုချ, ဖလူ, ကာရကရူပစာရတ္တ တို့ဖြင့် မှတ်အပ်သော ကစ္စည်းဆရာဒြပ်ကို အပ္ပဓာနအားဖြင့်ရ၏၊ အာချာတ်ပုဒ်ဖြစ်၍ ဓာတ်အရ ကြိယာသာ ပဓာနအားဖြင့်ရ၏၊ ၎င်း ဝက္ခာပိဟူသော နိပ္ဖန္နပုဒ်လုံး၏အနက်သည် သကတ်, ဒြပ်, သင်္ချာ, ကာရကအားဖြင့် လေးပါးပြား၏၊ ထိုတွင် ဆိုခြင်း ကြိယာ သာမညသည် သကတ်၊ ကစ္စည်းဆရာ၏ သန္တိကျမ်းကို ဆိုခြင်းကြိယာပိသေသသည် ပဓာနဒြပ်၊ တပါးတည်း၏ အဖြစ်ဟူသော သင်္ချာပညတ်သည် ကေဝုစ်သင်္ချာ၊ အနာဂတ်ဆိုခြင်း ကြိယာကို ပြီးစေတတ်သော ပစ္စုပ္ပန် ကစ္စည်းဆရာဒြပ်၏ ပကာတူပနိဿယသတ္တိဟူသော ကြိယာ နိပ္ပါဒနသတ္တိသည် ကတ္တုကာရကမည်၏။

အတ္ထံ သူစေတိ ပကာသေတီတိ သုတ္တံ။ ။ယံ၊ အကြင်ပိဋကတ်သုံးပုံသည်။ အတ္ထံ၊ အနက်အကျိုးတို့ကို။ သူစေတိ-ပကာသေတိ၊ ပြတတ်၏။ ဣတိ၊-ကြောင့်။ သုတ္တံ၊-မည်၏။ ကတ္တုသာဓန၊ သူစဓာတ်, တပစ္စည်း၊····သူစဓာတ်၏အရကား-ပိဋကတ်သုံးပုံဟူသော ပညတ္တိသဒ္ဒါတို့၏ ဝါစကသတ္တိကို မုချ၊ အစိတ်ပရမတ္ထသဒ္ဒါတို့၏ ပကာတူပနိဿယသတ္တိကို ဖလူပစာအားဖြင့်ရ၏၊ တပစ္စည်း၏အရကား-ထိုမုချ, ဖလူပစာရတ္တတို့ဖြင့်မှတ်အပ်သော ပိဋကတ်သုံးပုံဒြပ်ကိုရ၏။

ဟိနောတိ အနုကူလော ပဝတ္တတီတိ ဟိတော။ ။ယော၊ အကြင် သန္တိကျမ်းသည်။ အနုကူလော၊ ပိဋကတ်တော်နှင့်လျော်သည်ဖြစ်၍။ ဟိနောတိပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊-ကြောင့်။ ဟိတော၊-မည်၏။ ကတ္တုသာဓန၊ ဟိ

ခ‌ောတ်, တပစ္စည်း၊ ဟိခောတ်၏အရကား- ပိဋကတ်တော်နှင့်မဆန့်ကျင်သော ကစ္စည်းကျမ်း၏ အနုကူလဘောဂုဏ်ဟူသော ဖြစ်ခြင်းကြီးယာကိုရ၏၊ တပစ္စည်း၏ အရကား- ဂုဏောကြီးယာဝန်ဖြစ်သော သန္ဓိကျမ်းကို ရ၏။

သုတ္တသ ဟိတော သုတ္တဟိတော။ ။စတုတ္ထီတပ္ပုရိသ်သမာသ်၊ တိလောကမဟိတံကို နည်းမှီး၍ကောက်။ ဧတ္တေဒ္ဒ တေသဒ္ဒါအရကို တသနှင့်နည်းတူကောက်၊ သုကား သုန္ဒရတ္ထဝါစက ဥပသာရဖြစ်၍ ဝိဂြိုဟ်မပြုကောင်း။

ဠိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာဓိယတေ ယဋို ယတေတိ သန္ဓိ။ ။ကမ္မသာဓန၊သံပုဗ္ဗ-ခာခောတ်,ဣပစ္စည်း၊ သံပုဗ္ဗခာခောတ်၏အရ ကတ္တုဋ္ဌကြီးယာကား-ပုဒ်နှစ်ပါးကို စပ်သောအခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယဉာဏ်ပြခာန်းသော ဝဒန္တပုဂ္ဂိုလ်၏ စိတ္တုပ္ပါဒ်ကိုမှချ-စသည်ဖြင့် မဟိတံနှင့်နည်းတူကောက်။

သန္ဓိ စ သန္ဓိ စ သန္ဓယော။ ။သန္ဓိစ၊ တခုသော သန္ဓိလည်း။ သန္ဓိစ၊ တခုသောသန္ဓိလည်း။ သန္ဓယော၊ သန္ဓိအများကို။ ကေသိသ်ဝိဂြိုဟ်၊ သန္ဓယောကား-ကေသိသ်ပုဒ်၊ သန္ဓိဟူသော ရှေးပုဒ်၏ အရကား-သရ, ဗျဉ္ဇန, ဝိဂ္ဂ, လောပ, အာဒေသ-စသော သန္ဓိတို့တွင် တခုခုသောသန္ဓိကိုမှချ၊ ထိုသန္ဓိ၏နောက်ပုဒ်အရ တခုခုသော သန္ဓိနှင့်ကြီးယာကို အကြောင်းပြု၍အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညသမ္ဗန်ကို ဌာနူပစာအားဖြင့် ရ၏၊ နောက်ပုဒ်၏အရလည်း နည်းတူ၊ သန္ဓယောဟူသော နိပ္ဖန္နပုဒ်၏အရကား- ထိုဌာနူပစာရတ္ထအားဖြင့် မှတ်အပ်သော သန္ဓိအများရ၏။

ကပ္ပိယန္တိ ပရိတ္တိန္တိယန္တိ အတ္တာ ဋ္ဌောတိ ကပ္ပေါ။ ။ ဋ္ဌော၊ ဤကျမ်း၌။ အတ္တာ၊ အနက်တို့ကို။ ကပ္ပိယန္တိ ပရိတ္တိန္တိယန္တိ၊ ပိုင်းခြားဆုံးဖြတ်အပ် ကုန်၏။ ဣတိ၊-ကြောင့်။ ကပ္ပေါ၊-မည်၏။ အဘိကရဏသာဓနေ၊ ကပ္ပဓာတ်, အပစ္စည်း၊ ကပ္ပဓာတ်၏အရ ကတ္တု၌ ကြိယာကား-အထူးထူးသော အနက်ကို ဆုံးဖြတ်သော ဉာဏ်ကိုမှူ၍၊ အဓိကရဏ၌ ကြိယာကား-ဆုံးဖြတ်ရာကျမ်း၏ပကတူပနိဿယ ဟူသောကြိယာပတိဋ္ဌာပနသတ္တိကို၌ာချူပစာအားဖြင့်ရ၏၊ အပစ္စည်း၏အရကား-ထို၌ာချူပစာရတ္တအားဖြင့်မှတ်အပ် သော ကျမ်းဒြဗ်ရ၏။

သန္ဓိနံ ကပ္ပေါ သန္ဓိကပ္ပေါ။ ။သန္ဓိနံ၊ သန္ဓိသုံးပါးစသောအနက်တို့ကို။ ကပ္ပေါ၊ ဆုံးဖြတ်ရာ ကျမ်းတည်း။ သန္ဓိကပ္ပေါ၊- ကျမ်း။ ကမ္မဋ္ဌဆင္ဌိ တပ္ပုရိသ်သမာသ်၊.... တိလောက မဟိတံကို နည်းမှီး၍ ကောက်။ ။သုန္ဒရော သန္ဓိကပ္ပေါ- သုသန္ဓိကပ္ပေါ။ ။ပါဒိပုဗ္ဗပဒကမ္မဓာရယ မိဿကတပ္ပုရိသ်သမာသ်၊ .... တိလောကကို နည်းမှီး၍ ကောက်။ ။သေယျံကား-သေဋ္ဌနှင့်နည်းတူ၊ ဣယ ပစ္စည်း သာလျှူး၏။

ပါပကေ အကုသလေဓမ္မေ ဇိနာတိအဇိနိ ဇိနိဿတီတိ ဇိနော။ ။ကတ္တုသာဓနကိတ်ပုဒ်၊ဇိဓာတ်,ဏုပစ္စည်း၊.... ဇိဓာတ်၏အရကား-ပစ္စုပ္ပန်အခိုက် အရဟတ္တမဂ်ဉာဏ်ကို၊ အတိတ်အခိုက် အရဟတ္တဖိုလ်ဉာဏ်ကို၊ အနာဂတ်အခိုက် အောက်မဂ် အောက်ဖိုလ်ဉာဏ် မှူ၍အားဖြင့်ရ၏၊ ရှေးရှေး ပါရမီဉာဏ်- ဝိပဿနာဉာဏ်တော်ကို ဖလူပစာ၊ သဗ္ဗညု

တညာဏ်စသော နောက်နောက်သော ဉာဏ်တော်ကို ကာရဏူပစာအားဖြင့်ရ၏၊ ဝုနပစ္စည်း၏ အရကား-ဗုဒ္ဓ နည်း တူကောက်။

[ဖောကာလိကာပစ္စည်းဟူသမျှ ဤနည်းချည်းကောက်လေ။]

ဤရိယတေ ကထိယတေတိ ဤရိတော။ ။ကမ္မသာဓန၊ ဤရဓာတ်,တပစ္စည်း၊ ဤရဓာတ်၏ အရ ကတ္တု၌ ကြိယာ ကား-ဒေသနာဉာဏ်ကိုမှချ၊ ကမ္မ၌ကြိယာကား- အာရုံ, ဒေသေတဗ္ဗ,ကထေတဗ္ဗဖြစ်သော သဒ္ဒနယ,အတ္ထနယတို့၏ အာရမဏာသတ္တိကို ဖလူပစာအားဖြင့်ရ၏၊ တပစ္စည်း၏ အရကား-ထိုဖလူပစာရတ္တအားဖြင့် မှတ်အပ်သော သဒ္ဒ နယ, အတ္ထနယ ဒြပ်ရ၏။ ။ဇိနေန ဤရိတော- ဇိနေရိ တော။ ။တတိယာ တပ္ပုရိသ် သမာသ်၊.... တိလောက မဟိတံနှင့် နည်းတူကောက်။ ။နီယတေ အတ္တော ဧတေ နာတိ နယော။ ။သဒ္ဒနယကိုရစေ၊....နေတဗ္ဗောတိ ဝါ နယော။ ။အတ္ထနယကိုရစေ။ ။ဇိနေရိတော စ သော နယောစာတိ ဇိနေရိတနယော။ ။ကမ္မဓာရယ်သမာသ်၊.... ဝစနတ္ထဝရံကိုနည်းမှီးကောက်။

ဗုဇ္ဈန္တီတိ ဗုဓာ။ ။ဗုဒ္ဓကို နည်းမှီးကောက်။ ။ လဘန္တီကိုဝဏ္ဏာမိနည်းတူကောက်။ ။တဗ္ဗာပိတဿ ဝစ နတ္ထသုဗောဓနေန အတ္ထဥ္စ- တို့ကိုလည်း ရှေးနည်းတူ ကောက်။

ခရန္တိ နဿန္တိ စလန္တီတိ ဝါ ခရာ။ ။ခရဓာတ်, အပစ္စည်း၊....ကုန်ပျက်လှုပ်ရှားခြင်း ဘင်္ဂက္ခဏနှင့် ပြည့်စုံ သော သင်္ခါရတရားကို အရကောက်၊ လောကနည်းတူ

ကောက်၊....ဤအရာ၌ကား နသဒ္ဒါနှင့်တွဲယှဉ်လတ္တံ့ ဖြစ်၍ န-ဟူသော သဒ္ဒန္တရသန္ဓိဓေနကြောင့် သခ်ါရ၏ ဆန့်ကျင်ဘက် ကုန်ပျက်လျှော်ရှားခြင်းမရှိသော အက္ခရာပညတ်ကို ရ၏။ ။န ခရာ အက္ခရာနိ။ နနိပါတ ပုဗ္ဗပဒကမ္မဓာရယ မိဿက တပ္ပုရိသ် သမာသ်၊.... န—ဟူသော ရှေးပုဒ်၏ အရကား-ကုန်ပျက် ရွေ့ရှားတတ်သော သခ်ါရတရားတို့၏ ဆန့်ကျင်ဘက် ပဋိပက္ခ ဘောဂဏ်ကို မှ၍၊ ထိုဂုဏ်၏ ဂုဏောအက္ခရာဖြစ်မြင့်ဂုဏ်,ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ကို ဌာနူပစာအားဖြင့်ရ၏၊ အက္ခရာနိ-ဟူသော သမာသ် ပုဒ်၏ အရကား- ထိုဋ္ဌာနူပစာရတ္တဖြင့် မှတ်အပ်သော အက္ခရာဖြစ်ကိုရ၏။ ။ပဇ္ဇတေ ဉာယတေ အနေ္တာ ဧတေ ဟီတိ ပဒါနိ။ ။ကရဏသာဓန၊ ပဒဓာတ်,အပစ္စည်း၊.... ဝစနပုဒ်ကို နည်းမှီး၍ကောက်။ ။အက္ခရာနိ စ ပဒါနိ စ အက္ခရပဒါနိ။ ။အသမာဟာရဒွန္ဒသမာသ်၊....သန္ဓိ ဟူသောကေသိသ်ပုဒ်ကိုနည်းမှီး၍ကောက်။

မုယှတိဣတိ မောဟော၊.... မောဟေတီတိ ဝါ မောဟော၊.... မုယှန္တိသမ္ပယုတ္တဓမ္မာ ဧတေနာတိ ဝါ မောဟော၊....မုယှနမတ္တံ ဝါ မောဟော၊ သုဒ္ဓကတ္တု၊, ဟေတု ကတ္တု, ကရဏ, ဘာဝသာဓနလေးချက်၊.... တမပုဒ်ကို နည်းမှီး၍ကောက်။ ။နတ္ထိ မောဟော ဧတေသန္တိ အမောဟာ၊ ။ဧတုတ္တိဗဟုဗ္ဗီဟိသမာသ်၊....မောဟ၏ အဘာဝဂုဏ်ကိုမှ၍၊ အဘာဝ၏အကြောင်းဉာဏ်ကိုဖလူပစာ၊ အမလံကိုနည်းမှီး၍ကောက်။ ။အမောဟာနံ ဘာဝေါ အမောဟာဘာဝေါ။ ။အမောဟာနံ၊ မောဟကင်းကုန် သောပညာရှိတို့၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဉာဏ်တည်း။

အမောဟဘာဝေါ၊– ဉာဏ်။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ။ ဝစနတ္ထကို နည်းမှီး၍ကောက်၊ သေယျကို ရှေးနည်းတူ ကောက်။

အတ္တယနံ ဇုဋ္ဌယနံ အတ္တော။ ။ဘာဝသာဓန၊ အတ္တဓာတ်,အပစ္စည်း၊····ကောက်မြဲ။ ။အတ္တောအဿ အတ္ထီတိအတ္ထိကော။ ကုလပုတ္တော။ ။စတုတ္ထီအဿတ္ထိ တဒ္ဓိတ်၊····ဗုဒ္ဓနည်းတူကောက်။ ။သေယျောနအတ္ထိကော သေယျတ္ထိကော။ ။တတိယာ တပ္ပုရိသ် သမာသ်၊···· "အတ္ထိကသဒ္ဒါ၊ ယှဉ်လေရာ၊ ကံမှာတတိယာသက်"-ဟူ သည်အတိုင်း-သေယျောနကို-ကိုဟူ၍လည်း အနက်ပေး၊··· တိလောကမဟိတံကိုနည်းမှီး၍ကောက်။ ။အက္ခရာနိ စ ပဒါနိ စ ပဒံ။ ။သမာဟာရဧကသိသ်၊···· သန္ဓိပုဒ်နှင့် အတူကောက်၊ အတောဌ်တသဒ္ဒါကား-တဿနှင့်နည်းတူ ကောက်၊ပရိမုခနိယမတ္ထဘောဂုဏ်သည်သကတ်။

ဝိဘတ္တာ ဝိဓာ ပကာရာ ယဿာတိ ဝိဝိဓံ။ ။ယဿ၊ အကြင်ပုဒ်အား။ ဝိဘတ္တာ၊ ထွေလာထူးပြားကုန်သော။ ဝိဓ-ပကာရာ၊-တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊-ကြောင့်။ ဝိဝိဓံ၊-မည်၏။ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်၊ ဝိပုဒ်,ဝိဓပုဒ်၊···· ဝိဝိဓဟူသောနှစ်ပုဒ်၏အရကား-ဒီဃ, ရဿ,လဟုက,ဂရုက,လောပ, အာဒေသ-စသောနာမ်,အာချာတ်,နိပါတ်, ဥပသာရ-စသော အထူးထူးအားဖြင့် များစွာ ပြားခြင်း ပကာရဘောဂုဏ်ကိုမှုချ၊ ထိုဂုဏ်၏ဂုဏောအက္ခရာပုဒ်နှင့် ဂုဏ်, ဂုဏော စပ်ခြင်းသမ္ဗန်ကို ဌာနူပစာရအားဖြင့် ရ၏၊ ယဿဟူသော အညပုဒ်အနက်ကိုဟောသောဝိဝိဓဟူသော

သမာသ်ပုဒ်၏အရကား-ထို၌ဒွန္ဒပစာရတ္တအားဖြင့်မှတ်အပ်သောအက္ခရာပုဒ်ကိုရ၏၊…. ဤအရာ၌ကား- ဝိသေသနပုဒ်ဖြစ်၍ ယခင်၌ဒွန္ဒပစာရတ္တသမ္ဗန် သကတ်သာ ပဓာနအားဖြင့်ရ၏၊ တံဝိဝိခံ-ဟုဝိဘတျန်ခံမြဲ။

သုဏောယျကား-ဝက္ခာမိကိုနည်းမှီး၍ကောက်။ ။ဤသို့လျှင် ပုဒ်ကို ဝိဂ္ဂဟ်ဝစနတ်, ဓာတ်, ပစ္စည်းဝေဘန်လျက်ပုဒ်ရ,ဓာတ်ရ,ပစ္စည်းရတို့ကို ဖွင့်ပြခြင်းသည် "ပဒဝိဂ္ဂဟသံဝဏ္ဏနာ"မည်၏။

**၅—စောဒနာသံဝဏ္ဏနာ။** "ထအနုပါ၊ ပဋိပါ၊ နုဋိရောပနာ"ဟူသည်နှင့်အညီ-ထပနာ, အနုလောမပါပနာ, ပဋိလောမပါပနာ, အနုလောမရောပနာ, ပဋိ လောမရောပနာ-အားဖြင့် ကျမ်းရိုး ငါးချက်စုံအောင် အပြစ်တင်ခြင်းသည် စောဒနာ သံဝဏ္ဏနာမည်၏၊ ပဒုဒ္ဒါရသံဝဏ္ဏနာဟူ၍လည်းဆို၏၊….တင်သောအပြစ်ကို ပယ်ဖြေခြင်းသည် ပရိဟာရ သံဝဏ္ဏနာမည်၏၊ ပဒပ္ပဝေသန သံဝဏ္ဏနာဟူ၍လည်းဆို၏။

**တင်ဟန်-ဖြေဟန်ကား။** အရှင်ကစ္စည်းဆရာ….သေဋ္ဌတိလောကမဟိတံ-အစရှိသော နှစ်ဂါထာကို ဆရာအဘယ်အကျိုး၄ါဆိုသနည်း။….(အမေး)။ အက္ခရာပုဒ်ပါဌ်တို့ကိုဆုံးဖြတ် ပြဆိုရာ ဖြစ်သော သန္ဓိကျမ်းကို ပြုခြင်း၄ါ ငါဆိုသတည်း။‥(အဖြေ)။ဤကား-(ကျမ်းရိုးငါးချက်မှအလွတ်ပြင်ပစောဒနာ၏ အခြေပါဒရန်စတည်း။)

၁။ အရှင်ကစ္စည်းဆရာ….အက္ခရာပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ပြဆိုရာ ဖြစ်သော သန္ဓိကျမ်းကို ပြုခြင်း၄ါ—သေဋ္ဌ

တိလောကမဟိတံ-အစရှိသော နှစ်ဂါထာကို ငါဆိုသည် ဟူ၍ ဆရာဆိုတော်မူ၏။....ဤကား-(တိုင်တန်းတည်ထား သော—ထပနာ)စကားတည်း။

၂။ အကယ်၍ ထိုသို့ဆိုချေသည် ရှိသော်—ဤ သေဋ္ဌ တိလောကမဟိတံ- အစရှိသော နှစ်ဂါထာသည်လည်း အက္ခရာပုဒ်ပါဠိတို့ကို ဆုံးဖြတ်ပြဆိုရာဖြစ်သော သန္နိကျမ်း ဟုတ်၏ ဟူသော အနက် ရောက်၏၊ ....ဤကား(-အနုလုံ အားဖြင့်ရောက်သော-အနုလောမပါပနာ) အပြစ် ဒေါသ တည်း။

၃။ အတ္ထော အက္ခရသညာတော- အစရှိသော စကား သည်သာ အက္ခရာပုဒ်ပါဠိတို့ကို ဆုံးဖြတ်ပြဆိုရာသန္နိကျမ်း မဟုတ်သေးသော ဟူသော အနက်လည်း ရောက်၏၊.... ဤကား.... (ပဋိလုံအားဖြင့် ရောက်သော- ပဋိလောမပါ ပနာ)အပြစ်တည်း။ ။စင်စစ်မူကား- အတ္ထော အက္ခရ သညာတော-အစရှိသောစကားသည်သာ အက္ခရာပုဒ်ပါဠိ တို့ကိုဆုံးဖြတ်ပြဆိုရာ သန္နိကျမ်းဟုတ်၏၊ဤသေဋ္ဌတိလောက မဟိတံအစရှိသော နှစ်ဂါထာသည်ကား- အက္ခရာပုဒ်ပါဠိ တို့ကို ဆုံးဖြတ်ပြဆိုရာ သန္နိကျမ်း မဟုတ်သည် ဖြစ်သော ကြောင့်၊....ဤကား- (ရောပနာ၏ ဟိတ် စောဒက အာ ဘော်။)

၄။ အက္ခရာပုဒ်ပါဠိတို့ကိုဆုံးဖြတ်ပြဆိုရာ သန္နိကျမ်းကို ပြုအံ့သော်ငါ-အတ္ထော အက္ခရသညာတော- အစရှိသော စကားကိုငါဆိုသည်ဟူသော် ဆိုသင့်တန်၏၊ ....ဤကား- (အနုလောမ။)

၅။ အက္ခရာပုဒ်ပါဌ်တို့ကိုဆုံးဖြတ်ပြဆိုရာ သန္ဓိကျမ်းကို ပြုအံ့သောငှါ- သေဋ္ဌံ တိလောကမဟိတံ အစရှိသော နှစ်ဂါထာကို ငါဆိုသည် ဟူ၍ကား မဆိုတန်၊….ဤကား- (ပဋိလောမ။)

ဆိုတန်သည်ကိုမဆို၊မဆိုတန်သည်ကိုဆိုချေသည်ရှိသော် ဆရာ၌ခုတ်ရာတပါး, ရှုရာတခြား-ဟူသကဲ့သို့ ဝန်ခံအပ် သည်မှတပါး၊ပြုသည်ကားတခြားဖြစ်၍ ဆန့်ကျင်သော ပဋိညာတဗ္ဗ, ပဋိညာကရဏ၊ ဝိရောဓိဒေါသရောက်၏၊ …. ဤကား–(ဒေါသာရောပနတည်း၊) ရှေးအနုလောမ-ပဋိ လောမနှစ်ပါးနှင့်စပ်၍-အနုလောမရောပနာ၊ ပဋိလောမ ရောပနာမည်၏၊….ဤသို့ကျမ်းရိုးငါးချက်စုံအောင် အပြစ် တင်ခြင်းသည်''စောဒနာသံဝဏ္ဏနာ''မည်၏။

**၆–ပရိဟာရသံဝဏ္ဏနာ။** ရှင်စောဒကဆရာ…. ဆရာ ဆိုတိုင်း- အတ္တောအက္ခရသညာတော–အစရှိသောစကား သည်သာ အက္ခရာပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ပြဆိုရာသန္ဓိကျမ်း ဟုတ်ပေ၏၊ ဤသေဋ္ဌံတိလောကမဟိတံ-အစရှိသောနှစ်ဂါ ထာသည်ကား–အက္ခရာပုဒ်ပါဌ်တို့ကိုဆုံးဖြတ်ပြဆိုရာ သန္ဓိ ကျမ်းမဟုတ်ပေ၊…. ဤကား– (စောဒကာဘောဂဟိတ်ကို လိုက်၍ ချီးမြှောက်သောအနုဂ္ဂဟစကားတည်း။)

ထိုသို့အတ္တောအက္ခရသညာတော-အစရှိသောစကား သည်သာ အက္ခရာပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ပြဆိုရာသန္ဓိကျမ်း ဟုတ်၍ သေဋ္ဌံတိလောကမဟိတံ- အစရှိသော နှစ်ဂါထာ သည်ကား–အက္ခရာပုဒ်ပါဌ်တို့ကိုဆုံးဖြတ်ပြဆိုရာသန္ဓိကျမ်း မဟုတ်သော်လည်း၊…ဤကား-(စောဒကအာဘောဂဟိတ်

ကိုကဲ့ရဲ့ပြန်သော အရုစိသံသူစကာဂရဟာလက္ခဏာစကား တည်း။)

ခပ်သိမ်းကုန်သော ကျမ်းပြုဆရာတို့၏ လမ်းရိုးဓမ္မတာ ဘွယ်ရာလက်သုံး ထုံးစံဉပဒေသဘောသည် ကျမ်းမပြုမီ ရှေးအဘို့ကာလ၌ အန္တရာယဝိသောသန, ပကရဏာသိဒ္ဓိ စသည်အကျိုးရှိသော ရတနတ္တယပဏာမ စသည်ကိုပြုကြ ကုန်ဦးမြဲဖြစ်၍ ငါသည်လည်း ကျမ်းမပြုမီ ရှေးအဘို့ကာ လ၌ အန္တရာယဝိသောသန, ပကရဏာသိဒ္ဓိစသည်အကျိုး ရှိသော ရတနတ္တယ ပဏာမစသည်ကိုပြုခြင်း၄ါ၊ ငါ-ပြုလို သောကြောင့်၊····ဤကား– (ပရိဟာရဆရာ၏ အာဘော် ဟိတ်တည်း။)

ဤသေဋ္ဌတိလောကမဟိတံ အစရှိသော နှစ်ဂါထာကို ငါဆိုပါသတည်း၊···· ဤကား– (အနွယပရိဟာရစကား တည်း။)

အတ္ထောအက္ခရသညာတော– အစရှိသော စကား သည်သာ အက္ခရာပုဒ်ပါဠိတို့ကိုဆုံးဖြတ်ပြဆိုရာ သန္ဒိကျမ်း မဟုတ်သေး၊ ဤသေဋ္ဌတိလောကမဟိတံ အစရှိသောနှစ်ဂါ ထာသည်လည်း အက္ခရာပုဒ်ပါဠိတို့ကိုဆုံးဖြတ်ပြဆိုရာ သန္ဒိ ကျမ်းဟုတ်သောကြောင့် ဤသေဋ္ဌတိလောကမဟိတံ–အစ ရှိသောနှစ်ဂါထာကို ငါဆိုသည်မဟုတ်ပါ၊···· ဤကား– (ဗျတိရေကဟိတ်-ဗျတိရေကပရိဟာရစကားတည်း။)

ထိုသို့မဟုတ်သည်ဖြစ်သောကြောင့် စောဒကဆရာတင် တိုင်းသော ပဋိညာတဗ္ဗ–ပဋိညာကရဏာ ဝိရောဓိဒေါသ သည် ငါ၌မရောက်ချေ၊···· ဤကား– (လဒ္ဓဂုဏ်စကား တည်း။)

# ၂၀—ပဋ္ဌာန်းစာစပ်နည်းနှင့် ပစ္စည်း,ပစ္စယုပ္ပန်ထုတ်နည်း

**ပန္နိညာဉ်။** ပဋ္ဌာန်းစာစပ်နည်းနှင့် ပဋ္ဌာန်းပစ္စည်း, ပစ္စယုပ္ပန်ထုတ်နည်းတို့သည် သဘောအားဖြင့် ဆက်စပ်လျက်ရှိကြ၏၊ ထို့ကြောင့် ရှေးဦးစွာ ကတ္တားကံ စသောပုဒ်တို့ကို ပဋ္ဌာန်းနည်းအားဖြင့် စာစပ်ပြီးလျှင် ထိုစပ်အပ်ပြီးသော ပုဒ်တို့ကိုပင် ထိုက်သည့်အလျောက် ပစ္စည်း, ပစ္စယုပ္ပန်ခွဲ၍ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကိုလည်း တဆက်တည်း ထုတ်ပြအံ့။

**အမှာ။** ပဋ္ဌာန်း နည်းအားဖြင့် စာစပ် ခြင်းသည် ကာရကပုဒ်တို့နှင့်စပ်ခြင်း, အကာရက ပုဒ်တို့နှင့် စပ်ခြင်း အားဖြင့် ၂-မျိုး ပြား၏၊ ထိုတွင်-ကာရက ပုဒ်တို့နှင့်စပ်ခြင်းသည်—

၁။ ကတ္တားပုဒ်နှင့် ကြိယာစပ်ခြင်း,
၂။ ကံပုဒ်နှင့် ကြိယာစပ်ခြင်း,
၃။ ကရိုဏ်းစသော ကြွင်းသော ၄-ပါးသော ပုဒ်တို့နှင့်ကြိယာစပ်ခြင်း—

အားဖြင့် ၃-မျိုး၊ ထိုတွင်—

၁။ ကတ္တားပုဒ်နှင့်ကြိယာစပ်ခြင်းသည်—
(က) သက်ရှိကတ္တားပုဒ်နှင့်ကြိယာစပ်ခြင်း,
(ခ) သက်မဲ့ကတ္တားပုဒ်နှင့်ကြိယာစပ်ခြင်း-
အားဖြင့် ၂-မျိုး၊ ထိုတွင်—

(က) သက်ရှိကတ္တားပုဒ်နှင့်ကြိယာစပ်သောအခါ- သဟဇာတ,ပုရေဇာတ, အနန္တရ, ပကတူပနိဿယပစ္စည်း ပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်ရသည်။

(ခ) သက်မဲ့ကတ္တားပုဒ်နှင့် ကြိယာစပ်သောအခါ- ဂုဏီ-ဂုဏ,သတ္တိ မန္တ-သတ္တိ, ဥပ္ပါဒ ဝန္တ-ဥပ္ပါဒအဖြစ်ဖြင့် စပ်ရသည်။

၂။ ကံပုဒ်နှင့်ကြိယာစပ်သောအခါ-အာရမဏပစ္စည်း, ပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်ရသည်။

၃။ ကရိုဏ်းစသော ကြွင်းသော ၄-ပါးသော ပုဒ်တို့ နှင့် ကြိယာစပ်သောအခါ-များသော အားဖြင့် ပကတူပ နိဿယ ပစ္စည်း,ပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်ရသည်။

အကာရကဖြစ်သော အာလုပ်, ဝိသေသန, ကြိယာ ဝိသေသန, ဟိတ်, လက္ခဏ, နိဒ္ဓါရဏပုဒ်တို့ကို စပ်သင့် ရာပုဒ်တို့နှင့်စပ်သောအခါ- ဂုဏီ-ဂုဏ, သတ္တိမန္တ-သတ္တိ, နိဿယ-နိဿိတအဖြစ်ဖြင့်စပ်ရသည်။

**မှတ်ချက်။** ကရိုဏ်းနှင့်ကြိယာပုဒ်များ စပ်သောအခါ အဋ္ဌကတ္တိက ကရိုဏ်းဖြစ်လျှင် သက်ရှိကတ္တားကဲ့သို့ သဟ ဇာတ, ပုရေဇာတ, အနန္တရ, ပကတူပနိဿယ ပစ္စည်း, ပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်၊ သမ္ပဒါန်နှင့် ကြိယာပုဒ်များ စပ် သောအခါ၌လည်း "နမော တဿ ဘဂဝတော" ကဲ့သို့ အာရုံ, အာရမဏိက ဖြစ်ထိုက်သော အရာ၌ ကံကဲ့သို့ အာရမဏပစ္စည်း, ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်ရသည်-ဟုသိ။

**ဆောင်**....၁။ သဟ-ပုရ၊ နန္တရ၊စပ်ရကတ္တားမှာ။
၂။ ပကတူလည်း၊နည်းတူတည်း၊စပ်နည်းရှိသည်သာ။
၃။ ကံမှာမူကား၊အာရုံထား၊ စပ်ပြားလေသည်သာ။
၄။ ကြွင်းလေးဝမှု၊ပကတူ၊စပ်ယူယေဘုယျာ။
၅။ အကာရက၊စပ်လိုကြ၊ပကတူပသာ။

**သက်ရှိကတ္တားစပ်ပုံ။** ပုရိသော မဂ္ဂံ ဂစ္ဆတိ-ပုံစံ၌-ပုရိသောကား-သည်ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ၌ သဟဇာဟ, ပုရေဇာတ, အနန္တရ, ဥပနိဿယပစ္စည်း၊ ဂစ္ဆတိကား-၎င်းပစ္စည်းတို့၏ ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏၊ ထိုတွင်—

၁။ သဟဇာတမျိုးစပ်ခိုက် ပုရိသောအရ-ခန္ဓာ၅-ပါး ပစ္စည်းတရား ရ၏၊ ဂစ္ဆတိအရ-ခန္ဓာ ၅-ပါး ပစ္စယုပ္ပန် တရားပင် ရ၏၊ ပုရိသောအရ-ခန္ဓာ ၅-ပါး ပစ္စည်းတရားသည် ဂစ္ဆတိအရ-ခန္ဓာ ၅-ပါး ပစ္စယုပ္ပန်တရားအား-ဟေတု, အဓိပတိ-စသော သဟဇာတမျိုး ၁၅-ပစ္စည်း တို့၏ ပစ္စယ-သတ္တိဖြင့် ထိုက်သည့်အလျောက် ကျေးဇူးပြု၏။

၂။ ပုရေဇာတမျိုး စပ်ခိုက်- ပုရိသောအရ- ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားရ၏၊ ဂစ္ဆတိအရ- ဝိရိယ စသည် ပြဓာန်းသော စိတ္တုပ္ပါဒ်ရ၏၊ ထိုဟဒယဝတ္ထုပစ္စည်းတရားသည်-ဝိရိယစသည်ပြဓာန်းသော စိတ္တုပ္ပါဒ်အား-ဝတ္ထုမျိုး ၆-ပစ္စည်းတို့တွင် ဝတ္ထုပုရေဇာတိန္ဒြိယ

ကြည် ကြွင်းသော ဝတ္ထုပုရေဇာတနိဿယစသော ၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၃။ အနန္တရမျိုးစပ်ခိုက်-ပုရိသောအရ-ရှေးရှေးသော နာမက္ခန္ဓာပစ္စည်းတရားရ၏၊ ဂစ္ဆတိအရ-နောက် နောက်သော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏၊ ထို နာမက္ခန္ဓာပစ္စည်း တရားသည် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား-အနန္တရမျိုး ၇-ပစ္စည်းတို့၏ ပစ္စယသတ္တိဖြင့် ထိုက်သည့် အလျောက် ကျေးဇူး ပြု၏။

၄။ ပကတူပမျိုးစပ်ခိုက်- ပုရိသောအရ- ယောကျ်ား တည်းဟူသော ပုဂ္ဂိုလ်ပစ္စည်းတရားရ၏၊ ဂစ္ဆတိ အရ-ဝီရိယစသည် ပြဓာန်းသော စိတ္တုပ္ပါဒ်ရ၏၊ ထိုပစ္စည်း တရားသည် ထိုပစ္စယုပ္ပန် တရားအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

**သက်မဲ့ကတ္တားစပ်ပုံ။** ဝိမာနံ ဥပ္ပဇ္ဇတိ ပုံစံ၌ ဝိမာနံ ကား-သည်ဟူ၍ အနက်ပေးသောကြောင့် ဥပ္ပဇ္ဇတိ၌ဂုဏ်, သတ္တိမန္တ,ဥပ္ပါဒဝန္တ၊ ဥပ္ပဇ္ဇတိကား-ဂုဏ, သတ္တိ, ဥပ္ပါဒ အဖြစ်ဖြင့်စပ်။

**ကံစပ်ပုံ။** ပုရိသောသြဒနံပစတိ-၌ သြဒနံကား-ကို ဟူ၍အနက်ပေးသောကြောင့် ပစတိ၌အကြောင်း အာရ မဏ ပစ္စည်း၊ ပစတိကား-အကျိုး အာရမဏိက ပစ္စယုပ္ပန် အဖြစ်ဖြင့်စပ်၊....ဤ၌ သြဒနံအရ ပစ္စုပ္ပန်အဋ္ဌကလာပ်ရုပ် ၈-ပါး ပစ္စည်းတရားရ၏၊ပစတိအရ-ဝီရိယစသည် ပြဓာန်း

သော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားရ၏၊ ထိုပစ္စည်းတရားက- ထိုပစ္စယုပ္ပန်တရားအား- အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ၄-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကရိုက်းစပ်ပုံ။** ဒတ္တေန ဝိဟိံ လုနာတိ-၌ ဒတ္တေနကား- ဖြင့် ဟူ၍ အနက်ပေးသောကြောင့် လုနာတိ၌ ပကတူပနိဿယပစ္စည်း၊ လုနာတိကား-ပကတူပ နိဿယ ပစ္စယုပ္ပန် အဖြစ်ဖြင့်စပ်၊....ဤ၌ဒတ္တေနအရ-အဋ္ဌကလာပ်ရုပ် ၈-ပါး ပစ္စည်းတရားရ၏၊လုနာတိအရ-ဝီရိယစသည် ပြဓာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားရ၏၊ ထိုပစ္စည်းတရားက- ထို ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြု၏။

**သမ္ပဒါန်စပ်ပုံ။** ဘိက္ခုဿ စီဝရံ ဒဒါတိ-၌ ဘိက္ခုဿ ကား-အားဟူ၍ အနက်ပေးသောကြောင့် ဒဒါတိ၌ ပကတူပ နိဿယပစ္စည်း၊ ဒဒါတိကား- ပကတူပ နိဿယ ပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်၊....ဘိက္ခုဿ အရ—ရဟန်း တည်း ဟူသော ပုဂ္ဂိုလ်ပစ္စည်းတရား ရ၏၊ ဒဒါတိအရ-သဒ္ဓါ, မေတ္တာစသည် ပြဓာန်းသော စေတနာရ၏၊ထိုပစ္စည်းတရား က-ထို ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

**အပါဒါန်စပ်ပုံ။** ဂါမာ အပေန္တိ မုနယော-၌ ဂါမာ ကား-မှဟူ၍အနက်ပေးသောကြောင့် အပေန္တိ၌ ပကတူပ နိဿယပစ္စည်း၊ အပေန္တိကား- ၎င်းပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်၊.... ဂါမာအရ- အဋ္ဌကလာပ်ရုပ် ၈-ပါး ပစ္စည်း တရားရ၏၊ အပေန္တိအရကား-ဝီရိယစသည် ပြဓာန်းသော

စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားရ၏၊ ထိုပစ္စည်းတရားက ထိုပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏၊

**ဩကာသစပ်ပုံ။** ဘူမိသုမနုဿာစရန္တိ-၌ ဘူမိသုကား-တို့၌ဟူ၍အနက်ပေးသောကြောင့် စရန္တိ၌ပကတူပနိဿယပစ္စည်း၊ စရန္တိကား- ၎င်းပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်၊.... ဘူမိသုအရ-အဋ္ဌကလာပ်ရုပ် ၈-ပါးပစ္စည်းတရားရ၏၊ စရန္တိအရ-ဝီရိယစသည်ပြခန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားရ၏၊ ထိုပစ္စည်းတရားက-ထိုပစ္စယုပ္ပန်တရားအားပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

**အမှာ။** အကာရကဖြစ်သော အာလုပ်စသောပုဒ်တို့ကိုစပ်သောအခါ၌လည်း ဂုဏ်,ဂုဏေ - စသည်ဖြင့်ဆို၍ ပကတူပနိဿယသတ္တိဖြင့်ပင်စပ်လေ။

ပဋ္ဌာန်းစာစပ်နည်းနှင့် ပစ္စည်း,ပစ္စယုပ္ပန်ထုတ်နည်းပြီး၏။

## ၂၁–နိဂမနကထာ

(က) ဘဒ္ဒန္တာဥာရတ္ထေရေန၊
မေဒိနီတောရ ဝါသိနာ။
မူလဘူတာ နိဋ္ဌိတာ၊
ကတာ ဝါကျတ္တမေဒိနီ။ ။

မေဒိနီတောရဝါသိနာ၊ ရေကူးကံဘဲ့ ကျောက်ကုန်း မေဒိနီတောရကျောင်းတိုက်၌ ယာပိုထ်လေးလီ မျှည်ပျော် မွေ့သီတင်းသုံးနေထိုင်လေ့ရှိသော။ဘဒ္ဒန္တာ ဥာရတ္ထေရေန၊ ဘဒ္ဒန္တ အာဥာရထေရ်သည်။ မူလဘူတာ၊ ပိဋကတ္တယ၏ အခြေခံမူလဖြစ်၍ဖြစ်သော။ ကတာ၊ ကျမ်းဂန်မယုတ် စီရင် ပေါင်းထုတ် ပြုလုပ်အပ်သော။ ဝါကျတ္တမေဒိနီ၊ ဝါကျတ္တ မေဒိနီကျမ်းသည်။ နိဋ္ဌိတာ၊ နိဂုံးခပတ်အပြီးသတ်ခြင်းသို့ ရောက်ပြီ။

(ခ) သဒ္ဒိဒ္ဓါယံ ယထာ ဂန္ထော၊
အန္တရာယံ ဝိနာ သုခံ။
ဇဝံ ကလျာဏာသက်ပ္ပါ၊
သမိဒ္ဓါ ဟောန္တု သောတုနံ။ ။

အယံဂန္ထော၊ ဤဝါကျတ္တမေဒိနီကျမ်းသည်။ အန္တရာယံ ဝိနာ၊ အန္တရာယ်မရှိသည်ဖြစ်၍။ သုခံ၊ ချမ်းချမ်းသာသာ။ သမိဒ္ဓေါ၊ လုံးဝဥဿုံ ပြီးပြည့်စုံသည်။ ဟောတိယထာ၊ ဖြစ် ၏သို့။ ဇဝံတထာ၊ ထို့အတူ။ သောတုနံ၊စာသင်သားတို့၏။ ကလျာဏာသက်ပ္ပါ၊ စာမေးပွဲ အောင်မြင်ရာ အောင်မြင် ကြောင်း ကောင်းမြတ်သောအကြံအစည်တို့သည်။ သမိဒ္ဓါ၊

လုံးဝဥဿုံ ပြည့်စုံကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၈) ပုညေနေတေန လဒ္ဓါန၊
သာသနာဘိရတံ မနံ။
သီဃံ ပပ္ပောန္တိ နိဗ္ဗာနံ၊
တထာ သောတုဇနာ ခိလာ။ ။

ဧတေန ပုညေန၊ ဤကျမ်းကို ပြုရသော ကောင်းမှုကြောင့်။ သာသနာဘိရတံ၊ သာသနာတော်၌ လွန်စွာမွေ့လျော်သော။ မနံ၊ စိတ်ကောင်းစိတ်မြတ်ကို။ လဒ္ဓါန၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီးရသည်ဖြစ်၍။ နိဗ္ဗာနံ၊ ခန္ဓာဇာတ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ သီဃံ၊ လျင်မြန်စွာ။ ပပ္ပောမိ၊ မျက်မှောက်ပြုသောအားဖြင့် ရောက်ရပါလို၏။ တထာ၊ ထိုနည်းတူစွာ။ အခိလာ၊ အလုံးစုံကုန်သော။ သောတုဇနာ၊ ဤကျမ်းကို သင်အံ လေ့ကျက်ကုန်သော စာသင်သားတို့သည်။ သာသနာဘိရတံ၊ သာသနာတော်၌ မွေ့လျော်သော။ မနံ၊ စိတ်ကောင်း စိတ်မြတ်ကို။ လဒ္ဓါန၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီးရကုန်သည်ဖြစ်၍။ နိဗ္ဗာနံ၊ ခန္ဓာဇာတ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ သီဃံ၊ လျင်မြန်စွာ။ ပပ္ပောန္တု၊ မျက်မှောက်ပြုသောအားဖြင့် ရောက်ကြပါစေကုန်သတည်း။

နိဂမနကထာပြီး၏။

ဝါကျဋ္ဌမေဒိနီကျမ်းပြီးပြီ။

# နေတ္တိပဟာရဏ္ဍဒီပနီသစ်

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**နေတ္တိ။** ပိဋကသုံးပုံကို ဖွင့်ပြခြင်းငှါ ကစ္စည်းဆရာမဟာထေရ်မြတ်ဟောကြားအပ်သော သံဝဏ္ဏနာဝိသေသသည် "နေတီတိ နေတ္တိ"ဝေနေယျသတ္တဝါတို့ကို မဂ်,ဖိုလ်, နိဗ္ဗာန်သို့ ဆောင်တတ်သောကြောင့် နေတ္တိမည်၏။

**တနည်း။** "နယတိ တောယာတိ နေတ္တိ"ဓမ္မကထိကပုဂ္ဂိုလ်တို့သည် ဝေနေယျသတ္တဝါတို့ကို မဂ်,ဖိုလ်, နိဗ္ဗာန်သို့ ဆောင်ကြောင်း ရောက်စေကြောင်းဖြစ်သောကြောင့် နေတ္တိမည်၏။

**တနည်း။** "နယတိ ဧတ္ထာတိ နေတ္တိ"ဝေနေယျ သတ္တဝါတို့ နိဗ္ဗာန်သို့ ရောက်ရာကျမ်း ဖြစ်သောကြောင့် နေတ္တိမည်၏။

**ပကရဏပရိစ္ဆေဒ။** ထိုနေတ္တိ မည်သော သံဝဏ္ဏနာဝိသေသသည် ဆိုအပ်ပြီးသော သာမညလက္ခဏာ အားဖြင့်တပါးသာ၊ ဝိသေသလက္ခဏာကိုစွဲ၍ ခွဲသော်ကား-ဟာရ,နယ,သာသနပဋ္ဌာနအားဖြင့် ၃-မျိုးပြား၏။

### ၁-ဟာရ ၁၆-ပါး

ဒေသနာ ဝိစယော ယုတ္တိ၊
ပဒဋ္ဌာနော စ လက္ခဏော။

စတုဗျူဟော စ အာဝတ္တော၊
ဝိဘတ္တိ ပရိဝတ္တနော။ ။
ဝေဝစနော စ ပညတ္တိ၊
ဩတရဏော စ သောဓနော။
အဓိဋ္ဌာနော ပရိက္ခာရော၊
သမာရောပနော သောဠသော။ ။

ဟူသောပါဠိတော်လာ ဒေသနာဟာရ စသော တဆဲ့ခြောက်ပါးသော သံဝဏ္ဏနာဝိသေသသည် "ဟရတီတိ ဟာရော"သုတ္တဂေယျ- စသည်လျှင် အာရုံရှိသော အညာဏ, သံသယ, ဝိပလ္လာသတို့ကို ပယ်တတ် သောကြောင့် ဟာရမည်၏။

တနည်း။ "ဟရီယန္တိ ဧတေနာတိ ဟာရော" သုတ္တဂေယျ-စသည်လျှင် အာရုံရှိသော အညာဏ-စသည်တို့ကို ပယ်ကြောင်းဖြစ်သောကြောင့် ဟာရမည်၏။

တနည်း။ "ဟရီယန္တိ ဧတ္ထာတိ ဟာရော" သုတ္တဂေယျ-စသည်လျှင် အာရုံရှိသော အညာဏ- စသည်တို့ကို ပယ်ရာဖြစ်သောကြောင့် ဟာရမည်၏။

တနည်း။ "ဟရဏမတ္တမေဝါတိ ဟာရော" သုတ္တဂေယျ-စသည်လျှင် အာရုံရှိသော အညာဏ—စသည်တို့ကို ပယ်ခြင်းမျှဖြစ်သောကြောင့် ဟာရမည်၏။

တနည်း။ "ဟာရောဝိယာတိ ဟာရော" ကာမရာဂ—စသည်လျှင် အကြောင်းရင်းရှိသော ပူပန်ခြင်းကို ငြိမ်းစေ

တတ်သော ပရမတ္ထရတနပ္ပဗန္ဓဖြစ်၍ ရတနာပုလဲသွယ်နှင့် တူသောကြောင့် ဟာရမည်၏။

[အဋ္ဌကထာ၌ ဝိဂ္ဂဟ်များစွာလာသေး၏။]

**၁—ဒေသနာဟာရ။** "ဒေသီယတိ သံဝဏ္ဏီယတိ သုတ္တ-ေတ္တာ တောယာတိ ဒေသနာ"သုတ်၏အနက်ကို ဖွင့်ပြကြောင်းဖြစ်သော ဟာရသည် ဒေသနာဟာရ မည်၏၊ ထိုဒေသနာ ဟာရသည်—

အဿာဒါ ဒီနဝတာ၊
နိဿရဏံပိစ ဖလံ ဥပါယော စ။
အာဏတ္တီ စ ဘဂဝတော၊
ယောဂီနံ ဒေသနာဟာရော။ ။

ဟူသည်နှင့်အညီ ယေနသံဝဏ္ဏနာ ဝိသေသေန၊-ဖြင့်။ သုတ္တေ၊-၌။ အာဂတာ၊ လာကုန်သော။ အဿာဒေါ၊ သာယာအပ်သော သုခ,သောမနဿ, ဇာဋ္ဌာရုံရင်း။ ဝါ၊ သာယာကြောင်းဖြစ်သော တဏှာ,ဝိပလ္လာသရင်း။ အာဒီနဝတာ၊ ဒုက္ခဝေဒနာ, ဒုက္ခတာ သုံးပါး အလုံးစုံသော တေဘူမက သင်္ခါရရင်း။ နိဿရဏံပိစ၊ ထွက်မြောက်ကြောင်းအရိယာမဂ်ရင်း။ ဝါ၊ ထွက်မြောက်တတ်သော နိဗ္ဗာန်ရင်း။ ဖလံ၊ ဒေသနာဖလရင်း။ ဥပါယောစ၊ အရိယာမဂ်၏ နီးစွာသောအကြောင်းဖြစ်၍ဖြစ်သော ပုဗ္ဗဘာဂပတိပဒါရင်း။ယောဂီနံ၊စတုသစ္စကမ္မဋ္ဌာနဘာဝနာ၌အလွန်အားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏။ အတ္ထာယ၊-ငှါ။ ဘဂဝတော၊အာဏာထားခြင်းငှါ ထိုက်တော်မူသော မြတ်စွာဘုရား၏။ အာဏတ္တိစ၊ ဝေနေယျသတ္တဝါတို့၏ အကျိုးစီး

ပွားကို ပြီးစေခြင်း၌ ဤသို့ကျင့်လော့-ဟု စီရင်တိုက်တွန်းခြင်း, အာဏာထားခြင်းရှင်း။ ဋ္ဌမေဓမ္မာ၊-တို့ကို။ ဒဿိတာ၊ ပြအပ်ကုန်၏။ သံဝဏ္ဏိတာ၊ဖွင့်အပ်ကုန်၏။သံဝဏ္ဏနာဝသေန ဉာပိတာ၊ ဖွင့်သည်၏အစွမ်းဖြင့် သိစေအပ်ကုန်၏။ သောသံဝဏ္ဏနာဝိသေသော၊-သည်။ ဒေသနာ ဟာရော၊-မည်၏။

အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိ-အားဖြင့် ၆-ပါးသောအနက်တို့ကို ဖွင့်ပြခြင်း လက္ခဏာရှိ၏။

**အဿာဒ။** သုခ, သောမနဿ, ဣဋ္ဌာရုံ, တဏှာ, ဝိပလ္လာသ၊ ဤတရားအပေါင်းကို အဿာဒခေါ်သည်။

**အာဒီနဝ။** ဒုက္ခဝေဒနာ, ဒုက္ခတာသုံးပါး, တေဘူမကသင်္ခါရတရားအပေါင်းကို အာဒီနဝခေါ်သည်။

**နိဿရဏ။** အရိယာမဂ်နှင့်နိဗ္ဗာန်ကို နိဿရဏခေါ်သည်။

**ဖလ။** ဒေသနာကြောင့် ပြီးသော သုတမယဉာဏ်, အတ္တဝေဒ, ဓမ္မဝေဒ ဝေဒသော ဒိဋ္ဌဓမ္မအကျိုးနှင့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိစသော သမ္ပရာယိကအကျိုးအပေါင်းကိုဖလ ခေါ်သည်။

**ဥပါယ။** ထိုဖလကိုရခြင်း၏ အကြောင်း ဟူသမျှကိုရှင်း, အရိယာမဂ်၏ရှေ့အဘို့ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါကိုရှင်း ဥပါယခေါ်သည်။

**အာဏတ္တိ။** ဝေနေယျတို့၏ စီးပွားချမ်းသာကို ပြီးစေခြင်း၌ အာဏာထားခြင်း၌ ထိုက်သောဒေသနာရှင်၏

၍သို့ကျင့်လော့-ဟု စေခိုင်း တိုက်တွန်းခြင်း အစီအရင်ကို အာဏတ္တိခေါ်သည်။

**ဥဒါဟရဏ်။** "ပူဇာစ ပူဇနီယာနံ" ၍ပူဇာစ ပူဇနီယာနံ ဟူသော ဒေသနာသည် အဘယ်ကို ပြသနည်း—ဟု မေး၊ သစ္စာလေးပါးကိုဖွင့်ပြသည်-ဟုဖြေ။

**ဖြဲ့ပုံ။** ပူဇာစပုဒ်၏အရ-ပူဇာသည်အာမိသပူဇာ, ဓမ္မပူဇာအားဖြင့် ၂-ပါးပြား၏၊ ထို....တွင်—

အန္နံ ပါနံ ယရံ ဝတ္ထံ၊
မာလာ ယာနံ ဝိလေပနံ။
သေယျာဝသထ ပဒီပေယျံ၊
ဒါနဝတ္ထူ ဣမေ ဒသ။ ။

ဟူသော သုတ္တန်ဒေသနာနည်းအားဖြင့် ၁၀-ပါး၊ ရူပဒါန, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဒါနဟူသော အဘိဓမ္မာဒေသနာနည်းအားဖြင့် ၆-ပါး၊ စီဝရ, ပိဏ္ဍပါတ, သေနာသန, ဘေသဇ္ဇ-ဟူသော ဝိနည်း ဒေသနာတော်နည်း-အားဖြင့် ၄-ပါး အပြားရှိသော ဒါနမယကုသိုလ်ကြိယာ စေတနာသည် အာမိသပူဇာမည်၏၊ ပဉ္စင်္ဂသီလစသော သီလမယကုသိုလ်ကြိယာ, ပုဗ္ဗဘာဂပဋိပဒါအစ-မဂ်ဖိုလ်အလယ်-နိဗ္ဗာန်အဆုံးရှိသော ဘာဝနာယမ တရားအပေါင်းသည် ဓမ္မပူဇာမည်၏၊ ထိုပူဇာအပေါင်းတို့တွင် အကျုံးဝင်သော လောကီတရားအပေါင်းသည် သာယာအပ်သောကြောင့် အဿာဒမည်၏၊ ထိုကို သာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။

ထိုတဘာဝမက တရားအပေါင်းသည်ပင် သင်္ခါရဒုက္ခ ဖြစ်၍ အာဒီနဝမည်၏၊ ထိုသင်္ခါရဒုက္ခမှ ထွက်မြောက် ကြောင်းမဂ်, ထွက်မြောက် တတ်သော နိဗ္ဗာန်သည် နိဿရဏမည်၏၊ ပူဇော်ခြင်းကို ပြုခြင်းကြောင့်ရသော ဖိုလ်စိတ္တုပ္ပါဒ်သည်ရင်း, ပူဇာ၏ အတ္တာနုဝါဒဘေး, ပရာ နုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးကြီးလေးပါးမှ လွတ် ခြင်းစသော အထောင်မကသော လောကီအကျိုး ဟူသမျှ သည်ရင်း ဖလမည်၏၊ ထိုဖလကိုရခြင်း၏ အကြောင်းဖြစ် သော ပူဇာသည် ဥပါယမည်၏၊ သုတမယဉာဏ်စသော အကျိုး, အတ္တာနုဝါဒဘေး စသည်မှလွတ်ခြင်းအကျိုး,ဘဝ သမ္ပတ္တိ ဘောဂသမ္ပတ္တိ စသောအကျိုးတို့ကို အလိုရှိကြကုန် သော သူတော်ကောင်းအပေါင်းတို့သည် ပူဇာစပူဇနီယာ နံ-ဟူသော ဒေသနာကိုနာ၍ ဒေသနာလာတိုင်း ကျင့်ကြံ ပွားများ အားထုတ်ကြလေကုန်ဟု ဒေသနာရှင်ဖြစ်သော မြတ်စွာဘုရား၏ မတိုက်တွန်းသော်လည်း တိုက်တွန်း နှိုး ဆော်သကဲ့သို့ ဖြစ်သောအစီအရင်သည် အာဏတ္တိမည်၏။

## သင်္ဂဟဖွဲ့ပုံ

အဿာဒေါ သမုဒယော၊
အာဒီနဝေါ ဖလဉ္စ ဒုက္ခံ။
နိဿရဏံ နိရောဓော၊
ဥပါယော အာဏတ္တိ စ မဂ္ဂေါ။

ဟူသည်နှင့်အညီ—

အာဒီနဝ, ဖလနှစ်ပါးသည် ဒုက္ခသစ္စာ မည်၏၊ အဿာဒသည် သမုဒယ သစ္စာမည်၏၊ နိဿရဏသည်

နိရောဓသစ္စာမည်၏၊ ဥပါယနှင့် အာဏာတ္တိနှစ်ပါးသည် မဂ္ဂသစ္စာမည်၏၊ ဤသို့လျှင် ဒေသနာဟာရ မည်သော သံဝဏ္ဏနာဝိသေသတည်းဟူသော-ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာသည် အဿာဒစသည်ကို ဖွင့်ပြ လျက် သစ္စာလေးပါးကို ဟောကြား တတ်သောကြောင့် ဒေသနာဟာရမည်၏။

**တနည်း။** ပူဇနီယာနံ-ပုဒ်၏အရ-ပူဇော် အပ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဆရာ, မိဘ,သီလဝန္တ သမဏဗြာဟ္မဏ စသောပုဂ္ဂိုလ်တို့၏ လောဘကြဉ်သော လောကီခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာမည်၏၊ ထို၏အ ကြောင်း သမုဋ္ဌာပကတဒါရမဏ ဖြစ်သော တဏှာသည် သမုဒယသစ္စာ မည်၏၊ ထိုနှစ်ပါးတို့၏ မဖြစ်ရာ နိဗ္ဗာန် သည် နိရောဓသစ္စာမည်၏၊ထိုနိရောဓသစ္စာကို သိကြောင်း အကျင့်ပတိပဒါသည် မဂ္ဂသစ္စာမည်၏။

ထိုလေးပါးတို့တွင် သမုဒယသည် အဿာဒမည်၏၊ ဒုက္ခသည် အာဒီနဝမည်၏၊ နိရောဓနှင့် မဂ္ဂနှစ်ပါးသည် နိဿရဏမည်၏၊ ပူဇာစ ပူဇနီယာနံ-ဟူသော ဒေသနာဖြင့် ပြီးစေအပ်သော အာမိသပူဇာ, ဓမ္မပူဇာကို ပြုကျင့်အား ထုတ်ခြင်း စသည်ဖြင့် ရအပ်သော အထောင်မကသော အကျိုးသည် ဖလမည်၏၊ ထိုဖလ၏ အကြောင်းဖြစ်သော ယောနိသော မနသိကာရ, သဒ္ဓမ္မသဝန, စတုစက္ကသမ္ပတ္တိ စသော အကြောင်းသည် ဥပါယမည်၏၊ ကိုယ်ကျိုး, ကိုယ် စီးပွားကို လိုလား တောင့်တကြကုန်သော အမျိုးကောင်း သားတို့သည် အကြောင်းဥပါယကို ပြည့်စုံစေ၍ ပူဇော်

ထိုက်သူကို ပူဇော်ကြလေကုန်-ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သော အစီအရင်သည် အာဏတ္တိမည်၏။

ဤသို့ ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် သစ္စာလေးပါးကိုဟောကြားလျက် အဿာဒစသော အနက်တို့ကို ဖွင့်ပြခြင်းကြောင့် ဒေသနာဟာရမည်၏။

၂- **ဝိစယဟာရ**။ "ဝိစိယန္တိ ဧတေနာတိ ဝိစယော" ပဒ, ပဉှာစသည်တို့ကို စိစစ်ကြောင်းဖြစ်သော ဟာရသည် ဝိစယဟာရမည်၏။

**တနည်း**။ "ဝိစိယန္တိ ဧတ္ထာတိ ဝိစယော" ပဒ, ပဉှာစသည်တို့ကို စိစစ်ရာဖြစ်သော ဟာရသည် ဝိစယဟာရမည်၏။

ထိုဝိစယဟာရသည်—

ယံ ပုစ္ဆိတဉ္စ ဝိဿဇ္ဇိတဉ္စ၊
သုတ္တဿ ယာ စ အနုဂီတိ။
သုတ္တဿ ယော ပဝိစယော၊
ဟာရော ဝိစယောတိ နိဒ္ဒိဋ္ဌော။ ။

ဟူသည်နှင့်အညီ သုတ္တဿ၊-၏။ ယံပုစ္ဆိတဉ္စ-ယာပုစ္ဆာဝိစယမာနာစ၊ အကြင်ပုစ္ဆာကို ရွေးချယ် စိစစ်ခြင်းသည် ၎င်း။ သုတ္တဿ၊-၏။ ယံ ဝိဿဇ္ဇိတဉ္စ-ယာ ဝိဿဇ္ဇနာဝိစယမာနာစ၊ အကြင် ဝိဿဇ္ဇနာကို ရွေးချယ်စိစစ်ခြင်းသည် ၎င်း။ သုတ္တဿ၊-၏။ ယာစအနုဂီတိ၊ အကြင်နောက်၌ ဆိုအပ်သော ဂါထာကို ရွေးချယ် စိစစ်ခြင်းသည်၎င်း။

သုတ္တဿ၊-၏။ ယော ပဝိစယော၊ အကြင် ပဒစသည့်, အဿာဒစသည်ကို ရွေးချယ် စိစစ်ခြင်းသည်ငှင်း။ အတ္ထိ၊ ရှိ၏။ ဝုတ္တပ္ပကာရာ၊-ကုန်သော။ ဝိစယမာနာ၊ ရွေးချယ်စိစစ်အပ် ကုန်သော။ တေ ပုစ္ဆာဒယော၊-တို့ကို။ ယေန သံဝဏ္ဏနာဝိသေသေန၊-ဖြင့်။ ဝိစိယန္တိ၊-ကုန်၏။ သော သံဝဏ္ဏနာ ဝိသေသော၊-ကို။ ဝိစယောဟာရောတိ၊-ဟူ၍။ နိဒ္ဒိဋ္ဌော၊-အပ်၏။

ပဒ, ပုစ္ဆာ, ဝိဿဇ္ဇနာ, ပုဗ္ဗာပရ, အနုဂီတိ,အဿာဒ ။ပ။အာဏတ္တိအားဖြင့် ၁၁-ပါးသော အနက်တို့ကိုအထူးအားဖြင့် ထုတ်ဆောင် ရွေးချယ် စိစစ်ခြင်း လက္ခဏာရှိ၏။

**ပဒစိစစ်ပုံ။** ပူဇာ-ဟူသောပုဒ်သည် ''သဒ္ဒိယတိ ဥစ္စာရိယတိ, သပ္ပတိဝါ သောတဝိညာဏာရမဏာဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ''ဟူသော ဝစနတ္ထကြောင့် သဒ္ဒါမည်၏၊ ထိုသဒ္ဒါသည် စိတ္တဇ, ဥတုဇနှစ်ပါးတို့တွင် စိတ္တဇသဒ္ဒါ၊ အရိယသဒ္ဒါ, မိလက္ခုသဒ္ဒါနှစ်ပါးတို့တွင် အရိယသဒ္ဒါ၊ မာဂဓသဒ္ဒါ, သက္ကတသဒ္ဒါစသော တရာ့တပါးသော သဒ္ဒါတို့တွင် မာဂဓသဒ္ဒါတည်း၊ ထိုသဒ္ဒါသည် ''အက္ခရသမူဟော ပဒံ, ပဇ္ဇတေဉာယတေ အတ္တော ဧတေနာတိပဒံ'' ဟူသည်နှင့်အညီ ပုဒ်မည်၏၊ ထိုပုဒ်သည် သျာဒျန္တ,တျာဒျန္တနှစ်ပါးတို့တွင် သျာဒျန္တပုဒ်တည်း၊ ပဌမာသျာဒျန္တ, ဒုတိယာသျာဒျန္တ စသော ခုနစ်ပါးတို့တွင် ပဌမာ သျာဒျန္တပုဒ်တည်း၊ ဤသို့စသည်ဖြင့် ပုဒ်ကို ရွေးချယ် စိစစ်ခြင်းသည် ပဒဝိစယမည်၏။

[ပုဒ်စစ်ကုန်အောင်သွင်း၍စစ်လေ။]

**ပုစ္ဆာဝိစယ်ပုံ။** ပူဇာဝစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် ပုစ္ဆာလော, ဝိဿဇ္ဇနာလော၊ ဝိဿဇ္ဇနာတည်း၊ ထိုဝိဿဇ္ဇနာသည် အကျိုးဖြစ်၍ အကြောင်းပုစ္ဆာနှင့်မကင်းကောင်းရကား—

"အဖြေမြင်လျှင်၊အတင်ထုတ်မြဲ၊မလွဲတံထွာ၊ဓမ္မတာ"။

ယတ္ထ ယတ္ထ ပဒေသမှိ၊
ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊
ပုစ္ဆာ တာဝ ဝိဘာဝိနာ။ ။

ဟူသော ပရိဘာသာနှင့်အညီ ပူဇာဝစ ပူဇနီယာနန္တို ကိံမင်္ဂလမိဒမုစ္စတေ-ဟု ပုစ္ဆာကို ထုတ်အပ်၏၊ထိုပုစ္ဆာသည် "အဒိဋ္ဌ, ဒိဋ္ဌ၊ဝိနှင့်အ၊ကထ ၅-ပုစ္ဆာ"ဟူသည်နှင့်အညီ—

၁။ အဒိဋ္ဌဇောတနာ,
၂။ ဒိဋ္ဌသံသန္ဒနာ,
၃။ ဝိမတိစ္ဆေဒနာ,
၄။ အနုမတိ,
၅။ ကထေတုကမျတာပုစ္ဆာ အားဖြင့် ၅-ပါး အပြား ရှိ၏။

ထို ၅-ပါးတို့တွင် မသိမမြင်သည်ကို ထွန်းပြလို၍မေးလျှင် အဒိဋ္ဌဇောတနာပုစ္ဆာ မည်၏၊ ဤသို့ စသည်ဖြင့် ပုစ္ဆာကို ရွေးချယ်စီစစ်ခြင်းသည် ပုစ္ဆာဝိစယမည်၏။

သတ္တာဝိဓိဋ္ဌာန, ဓမ္မာဓိဋ္ဌာန, ကောဓိဋ္ဌာန, အနေကာဓိဋ္ဌာန, သမ္မုတိဝိသယ, ပရမတ္ထဝိသယ, အတီတဝိသယ ပုစ္ဆာ-စသည်တို့ကိုလည်း ရွေးချယ်စီစစ်လေ။

**ဝိဿဇ္ဇနာစိစစ်ပုံ။** ပူဇာရဟာနံ ပူဇာ ကတ္တာ သဗ္ဗဒုက္ခ နိဿရဏာတ္ထမိဒမုတ္တမံ-ဟုဖြေ၊ထိုအဖြေဝိဿဇ္ဇနာသည်—

"ဧကံ, ဝိဘဇ္ဇ၊ ပဋိ,ထ၊ လေးဝ ဝိဿဇ္ဇနာ" ဟူသည် နှင့်အညီ ဧကံသ ဗျာကရဏ,ဝိဘဇ္ဇ ဗျာကရဏ, ပဋိပုစ္ဆာ ဗျာကရဏ, ထပနာဗျာကရဏ-အားဖြင့် ၄-ပါး အပြား ရှိ၏၊ ၄-ပါးတို့တွင် ဝေဘန်၍ ဖြေသောကြောင့် ဝိဘဇ္ဇ ဗျာကရဏမည်၏၊ ဤသို့ စသည်ဖြင့် ဝိဿဇ္ဇနာကို ရွေး ချယ်စိစစ်ခြင်းသည် ဝိဿဇ္ဇနာဝိစယမည်၏။

[သာဝသေသ, နိရဝသေသ, သဥတ္တရ, အနုတ္တရ,လောကိယ, လောကုတ္တရဝိဿဇ္ဇနာ စသည်တို့ကိုလည်း ရွေးချယ်စိစစ်လေ။]

**ပုဗ္ဗာပရစိစစ်ပုံ။** အဘယ်အကျိုးငှါ, အဘယ်အကျိုး ရှိ၍ ပူဇာစ ပူဇနီယာနံ-ဟူသောပါဌ်ကို ဟောတော်မူအပ် သနည်း၊ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ကြ၍ ခပ်သိမ်း သောဆင်းရဲမှ ထွက်မြောက်ကြခြင်းအကျိုးငှါ, အကျိုးရှိ၍ ပူဇာစ ပူဇနီယာနံ-ဟူသော ပါဌ်ကို ဟောတော်မူအပ် သတည်း၊ ဤသို့ သမ္ဗန္ဓ်, ဟိတ်တို့ဖြင့် ဖြေခြင်းသည် ရှေ့ ဖြစ်သောပုစ္ဆာနှင့် နောက်ဖြစ်သော ဝိဿဇ္ဇနာ ညီညွတ်နိုး နှောကြ၏၊ကိမတ္ထမိဒံ-ဟူသော ကာရကတို့သည် ရှေ့တည်း၊ ဥတ္တမံ-ဟူသော ကြိယာသည် နောက်တည်း၊ဤသို့စသည် ဖြင့် ရှေ့နောက်စိစစ်ခြင်းသည် ပုဗ္ဗာပရဝိစယမည်၏။

**အနုဂီတိစိစစ်ပုံ။** ပူဇာစ ပူဇနီယာနံ-ဟူသော ဤသုတ် ပဒ်ဒေသနာသည် အနုဂီတိလော,အနနုဂီတိလော-ဟုမေး။

ပူဇာရဟေ ပူဇယတော၊
ဗုဒ္ဓေ ဝါ ယဒိ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊
တိဏ္ဏသောကပရိဒ္ဒဝေ။ ။

တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ယမေတမပိ ကေနစိ။ ။

စတုန္နံပိ စ ဒီပါနံ၊
ဣဿရိယံ ယောဓ ကာရယေ။
ဧကိဿာ ပူဇနာယေတံ၊
ကလံ နဂ္ဃတိ သောဠသိံ။ ။

နတ္ထိ စိတ္တေ ပသန္နမှိ၊
အပ္ပကာနာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊
အထ ဝါ တဿ သာဝကေ။ ။

ဧဟိ မာတလိ အမ္မေပိ၊
ဘိယျော ဘိယျော မဟေမသေ။
တထာဂတဿ ဓာတုယော၊
သုခါ ပုညာန ဥစ္စယော။ ။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိဟေတူဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။ ။

ဗဟုန့် ဝတ အတ္တာသယ၊
ဥပ္ပဇ္ဇန္တိ တထာဂတာ။
ယတ္တ ကာရံ ကရိတွာန၊
သင်္ဂ ဂစ္ဆန္တိ ဒါယကာ။ ။

အစရှိသော သုတ်တပါးနှင့် လျော်စွာ ဆိုအပ်သော ကြောင့်ဂုဏ်း, အနက် အားလျော်စွာ ဆိုအပ်သောကြောင့်ဂုဏ်း, စိတ်တော်ဖြင့် ပိုင်းခြား မှတ်သားပြီးမှ နောက်၌ ဟောအပ်သောကြောင့်ဂုဏ်း၊ "အနုရူပါ-အနုပစ္ဆာဝါဂီတိ အနုဂီတိ"ဟူသော ဝစနတ္ထနှင့်အညီ အနုဂီတိမည်၏ ဟုဖြေရာ၏၊ ထိုအနုဂီတိ ဟူသည်သင်္ဂဟာ၏အမည်တည်း။

ထိုသင်္ဂဟသည် ဝုတ္တာတ္ထသင်္ဂဟ, အဝုတ္တာတ္ထသင်္ဂဟ, ဥဘယတ္ထသင်္ဂဟ ၃-ပါးတို့တွင် ကာလ ၃-ပါး၌ ပူဇော်ခြင်းကို ဟောသောကြောင့် ၃-ပါးစလုံးမည်သင့်၏၊ ဤသို့ စသည်ဖြင့် အနုဂီတိကိုစီစစ်ခြင်းသည် အနုဂီတိ ဝိစယ မည်၏။

**အဿာဒဝိစယ်ပုံ။** အဿာဒသည် သာယာ အပ်သော သုခ, သောမနဿ, ဇာဗ္ဗာရုံ၊ သာယာကြောင်း ဖြစ်သော တဏှာ,ဝိပလ္လာသအားဖြင့် ၅-ပါးအပြား ရှိ၏၊ ထိုတွင် သုခ,သောမနဿသည် ဂေဟဿိတ သုခ, သောမနဿ၊ နေက္ခမဿိတ သုခ,သောမနဿ အားဖြင့် ၂-ပါးစီပြား၏၊ ဇာဗ္ဗာရုံသည် သဘာဝဇာဗ္ဗာရုံ, ပရိကပ္ပဇာဗ္ဗာရုံ အားဖြင့် ၂-ပါးအပြားရှိ၏၊တဏှာသည်"တဏှာ ၃-တန်၊အရင်းခံ၊ အာ-ကာ-သန် နှင့် မြောက်"ဟူသည်နှင့် အညီ အရေအတွက်အားဖြင့် ၁၀၈-ပါး အပြားရှိ၏၊ဝိပလ္လာသသည်

သညာ,စိတ္တ,ဒိဋ္ဌိဝိပလ္လာသ အားဖြင့် ၃—ပါး ပြား၏၊ ထို ၃-ပါးတို့တွင် တပါးတပါးသည် အနိစ္စေ နိစ္စဝိပလ္လာသ, ဒုက္ခေသုခဝိပလ္လာသ,အနတ္တနိ အတ္တဝိပလ္လာသ, အသုဘေ သုဘဝိပလ္လာသ အားဖြင့် ၄—ပါးစီ ပြားသောကြောင့် ၁၂—ပါးအပြားရှိ၏၊ ဤသို့စသည်ဖြင့် အဿာဒကို စီစစ်ခြင်းသည် အဿာဒဝိစယမည်၏။

**အာဒီနဝစီစစ်ပုံ။** အာဒီနဝသည် ဒုက္ခဒေါမနဿ, ဒုက္ခ ဒုက္ခ,သင်္ခါရဒုက္ခ,ဝိပရိဏာမဒုက္ခ, တေဘူမကသင်္ခါရ ဒုက္ခ စသောအားဖြင့် များသော အပြားရှိ၏၊ ဤသို့စသည် ဖြင့် အာဒီနဝကို စီစစ်ခြင်းသည် အာဒီနဝဝိစယမည်၏။

**နိဿရဏစီစစ်ပုံ။** နိဿရဏသည် အရိယာမဂ်,နိဗ္ဗာန် အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထို ၂—ပါးတို့တွင် အရိယာ မဂ်သည် သုညတမဂ်, အနိမိတ္တမဂ်, အပဏိဟိတမဂ်— အားဖြင့် ၃—ပါးအပြားရှိ၏၊ နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန်,အနုပါဒိသေသနိဗ္ဗာန်အားဖြင့် ၂-ပါးအပြားရှိ၏၊ ဤသို့စသည်ဖြင့် နိဿရဏကို စီစစ်ခြင်းသည် နိဿရဏ ဝိစယမည်၏။

**ဖလစီစစ်ပုံ။** ဖလသည် မုချဖလ,ပရမ္ပရဖလအားဖြင့် ၂-ပါးရှိ၏၊ထိုတွင်မုချဖလသည်သုတမယဉာဏ်,အတ္ထဝေဒ, ဓမ္မဝေဒ,ဆဗ္ဗိသုဒ္ဓိအားဖြင့် ၉-ပါးအပြားရှိ၏၊ ပရမ္ပရဖလ သည် ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိစသောအားဖြင့်များသော အပြားရှိ၏၊ ဤသို့စသည်ဖြင့် ဖလကိုစီစစ်ခြင်းသည် ဖလ ဝိစယမည်၏။

**ဥပါယဝိစယ။** ဥပါယသည် အရိယာမဂ်၏ ပုဗ္ဗဘာဂ ပဋိပဒါ ဟူသော ဥပါယ, ဘဝသမ္ပတ္တိ စသည်တို့၏ အကြောင်းဖြစ်သော ဥပါယအားဖြင့် ၂-ပါးအပြားရှိ၏၊ ဤသို့စသည်ဖြင့် ဥပါယကို စိစစ်ခြင်းသည် ဥပါယ ဝိစယ မည်၏။

**အာဏတ္တိဝိစယ။** အာဏတ္တိသည်လူ,နတ်,ဗြဟ္မာတို့၏ စေခိုင်းခြင်း,အဂါရိယ အနဂါရိယ လူတို့၏ စေခိုင်းခြင်း, ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏ တိုက်တွန်းခြင်း, ဒါနံ ဒေထ၊ သီလံရက္ခထ၊ ဘာဝနံ ဘာဝေထ-စသည်တိုက်တွန်း ခြင်းအားဖြင့် များသောအပြားရှိ၏၊ ဤသို့ အစရှိသည်ဖြင့် အာဏတ္တိကိုစိစစ်ခြင်းသည် အာဏတ္တိဝိစယမည်၏၊ ဤသို့ လျှင် ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် ပဒ,ပဋ္ဌာ၊ လ၊ အာဏတ္တိအားဖြင့် ၁၁-ပါးသော အနက် တို့ကို အထူးအားဖြင့် ထုတ်ဆောင်စိစစ်ခြင်းကြောင့် ဝိစယ ဟာရမည်၏။

**၃-ယုတ္တိဟာရ။** "ယုတ္တိံ ဝိစာရေတိ ဧတေနာတိယုတ္တိ" သဒ္ဒါ,အနက် သင့်, မသင့် တို့ကို စိစစ်ကြောင်း ဖြစ်သော ဟာရသည် ယုတ္တိဟာရမည်၏၊ ထိုယုတ္တိဟာရသည်-

> သဗ္ဗေသံ ဟာရာနံ၊
> ယာဘူမိယောစ ဂေါစရော တေသံ။
> ယုတ္တာ ယုတ္တိ ပရိက္ခာ၊
> ဟာရော ယုတ္တီတိ နိဒ္ဒိဋ္ဌော။ ။

ဟူသည်နှင့်အညီ သဗ္ဗေသံ၊-ကုန်သော။ ဟာရာနံ၊ တဆဲ့ ခြောက်ပါးသော ဟာရတို့၏။ ယာဘူမိ၊ အကြင် ဖြစ်ရာ

ဖြစ်သော ဗျဉ္ဇနသည်ဇင်း။ ယောစဂေါစရော၊ အကြင်ဂေါ စရဟုဆိုအပ်သော သုတ်၏အနက်သည်ဇင်း။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုဗျဥ္ဇန, အတ္ထတို့ကို။ ယာယုတ္တာ ယုတ္တိပရိက္ခာ၊ အကြင်သင့်သည်,မသင့်သည်တို့ကို စူးစမ်း ဆင်ခြင်ခြင်းဟု ဆိုအပ်သော ဖွင့်ပြခြင်းတို့ကို။ ကတာ၊ ပြုအပ်ကုန်၏။ သောယုတ္တာ ယုတ္တိပရိက္ခာဝိစရဏာ သဒ္ဒါတော သံဝဏ္ဏနာ ဝိသေသော၊ထိုသင့်သည်,မသင့်သည်တို့ကို စူးစမ်း ဆင်ခြင် ခြင်းဟုဆိုအပ်သော သံဝဏ္ဏနာ အထူးကို။ ယုတ္တိ ဟာရော တိ၊-ဟူ၍။ နိဒ္ဒိဋ္ဌော၊—၏။

သဒ္ဒါ,အနက် နှစ်ပါးတို့၏ သင့်,မသင့်ကို စီစစ်ခြင်း လက္ခဏာရှိ၏။

**စီစစ်ပုံ။** ယုတ္တိသည် သဒ္ဒယုတ္တိ, အတ္ထယုတ္တိ အားဖြင့် ၂-ပါးရှိ၏၊ ထိုတွင် ပူဇာစ ပူဇနီယာနံ-ဟူသော သဒ္ဒါကို စိတ္တဇသဒ္ဒါယူသော် သင့်၏၊ ဥတုဇသဒ္ဒါ ယူသော်မသင့်၊ အရိယသဒ္ဒါ,မာဂဓသဒ္ဒါ ယူသော်သင့်၏၊ တပါးသော သဒ္ဒါယူသော်မသင့်၊ သျာဒျန္တပုဒ်ယူသော်သင့်၏၊ ဟျာဒျန္တ ပုဒ်ယူသော်မသင့်၊နံ-ဝိဘတ်ကို စတုတ္ထီ,ဆဋ္ဌီ ဗဟုဝုစ်ဝိဘတ် ယူသော်သင့်၏၊ တပါးသော ဝိဘတ် ကေဝုစ်ယူသော်မသင့်၊ ဤသို့စသည်ဖြင့် ပဒဝိစယနည်းတူ သဒ္ဒါ၏ သင့်,မသင့်ကို စီစစ်ခြင်းသည် သဒ္ဒယုတ္တိမည်၏၊ ပူဇနီယာနံ—ပုဒ်၏အနက် ကို ဘုရားစသော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်ယူသော်သင့်၏၊ ပုရာဏ ကဿပ စသော ဂုဏဝိရဟိတပုဂ္ဂိုလ် ယူသော် မသင့်၊ နံ-ဝိဘတ်၏အနက်ကို သမ္ပဒါနတ္ထ,ကမ္မတ္ထယူသော် သင့်၏၊ တပါးသော အနက်ယူသော်မသင့်၊ဤသို့စသည်ဖြင့်အနက်၏

သင့်,မသင့်ကို စီစစ်ခြင်းသည် အတ္တယုတ္တိမည်၏၊ ဤသို့လျှင် ပူဇာစပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာသည် သဒ္ဒါ, အနက်နှစ်ပါးတို့၏ သင့်,မသင့်ကို စီစစ်ခြင်းကြောင့် ယုတ္တိဟာရမည်၏။

**၄-ပဒဋ္ဌာနဟာရ။** "ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော"နီးစွာသော အကြောင်းဖြစ်သော ပဒဋ္ဌာန်ကို စီစစ်ကြောင်းဖြစ်သော ဟာရသည် ပဒဋ္ဌာနဟာရမည်၏၊ ထိုပဒဋ္ဌာနဟာရသည်—

> ဓမ္မံ ဒေသေတိ ဇိနော၊
> တဿစ ဓမ္မဿ ယံပဒဋ္ဌာနံ။
> ဣတိ ယာဝ သဗ္ဗဓမ္မာ၊
> ဧသော ဟာရော ပဒဋ္ဌာနော။ ။

ဟူသည်နှင့်အညီ ယံကိဉ္စိ၊-သော။ ဓမ္မံ၊ ကုသိုလ်စသော တရားကို။ ဇိနော၊-သည်။သုတ္တေ၊-၌။ဒေသေတိ၊-၏။ တဿ-ဓမ္မဿ၊-၏။ ယံစပဒဋ္ဌာနံ၊ အကြင်နီးစွာသောအကြောင်းကိုလည်း။နိဒ္ဒိဋ္ဌံ၊ ဒေသိတံ၊-၏။ တံပဒဋ္ဌာနဉ္စ၊-ကိုလည်း။ နိဒ္ဒါရေတဗ္ဗံ၊-၏။ဣတိ-ဧဝံ ဝုတ္တနယေန၊-ဖြင့်။ ယာဝ၊ အကြင်မျှလောက်အတိုင်းအရှည် ရှိကုန်သော။ သဗ္ဗဓမ္မာ၊-တို့ကို။ ဇိနေန၊—သည်။ သုတ္တေ၊-၌။ ဒေသိတာ၊-ကုန်၏။ တတ္တကာနံ၊-ကုန်သော။ သဗ္ဗဓမ္မာနံ၊-တို့၏။ ယဉ္စပဒဋ္ဌာနံ၊-ကိုလည်း။ နိဒ္ဒါရေတဗ္ဗံ၊-အပ်၏။ တဿ-ဓမ္မဿ၊-၏။ ယဉ္စ ပဒဋ္ဌာနံ၊-ကိုလည်း။နိဒ္ဒါရေတဗ္ဗံ၊-အပ်၏။တံတံပဒဋ္ဌာနဉ္စ၊-ကိုလည်း။ နိဒ္ဒါရေတဗ္ဗံ၊-အပ်၏။ ဣတိ-ဧဝံယထာ-ဝုတ္တနယေန၊-ဖြင့်။ယာဝ၊-ကုန်သော။သဗ္ဗေပဒဋ္ဌာနဓမ္မာ၊-တို့ကို။

နိဒ္ဒါရေတဗ္ဗာဝ၊-တည်း။တတ္တကာနိ၊-ကုန်သော။ သဗ္ဗာနိ၊-ကုန်သော။ ဓမ္မပဒဋ္ဌာနာနိ၊-တို့ကို။ ယထာနုရူပံ၊ လျော်သောသဘောကို မလွန်မူ၍။ နိဒ္ဒါရေတဗ္ဗာ၊-၍။ ယေန သံဝဏ္ဏနာဝိသေသေန၊-ဖြင့်။ ကထိတာနိ၊-ကုန်၏။ သော သံဝဏ္ဏနာဝိသေသော၊-ကို။ ပဒဋ္ဌာနော ဟာရောတိ၊-ဟူ၍။ နိဒ္ဒိဋ္ဌော၊–၏။

သုတ်၌လာသောတရားတို့၏ ပဒဋ္ဌာန်ကို အနွယဗျတိရေကအားဖြင့်၎င်း, ဩရုယှောရုယှအားဖြင့်၎င်း, အာရုယှာရုယှ အားဖြင့်၎င်း စီစစ်ခြင်းလက္ခဏာရှိ၏။

**စီစစ်ပုံ။** ပူဇာ-ဟူသော ပုဒ်ဖြင့် အာမိသပူဇာ, ဓမ္မပူဇာ ဖြစ်သော ကုသိုလ်,အဗျာကတစိတ္တုပ္ပါဒ်ကိုပြ၏၊ထို၏ ပဒဋ္ဌာန်ကား-ယောနိသော မနသိကာရတည်း၊ ထို၏ ပဒဋ္ဌာန်ကား- သဒ္ဓမ္မသဝနတည်း၊ ထို၏ ပဒဋ္ဌာန်ကား– သပ္ပုရိသူပနိဿယတည်း၊ ထို၏ ပဒဋ္ဌာန်ကား- ပတိရူပဒေသဝါသတည်း၊ ထို၏ပဒဋ္ဌာန်ကား-ပုဗ္ဗေကတပုညတာ ပါရမီသမ္ဘာရတည်း၊ ထိုပုဗ္ဗေကတပုညတာ ပါရမီသမ္ဘာရသည်အကြောင်း,ပတိရူပဒေသဝါသသည်အကျိုး၊ ထိုသည် အကြောင်း, သပ္ပုရိသူပနိဿယသည် အကျိုး၊ ထိုသည် အကြောင်း,သဒ္ဓမ္မသဝနသည်အကျိုး၊ ထိုသည် အကြောင်း, ယောနိသော မနသိကာရသည်အကျိုး၊ထိုသည်အကြောင်း, ပူဇော်ခြင်းသည်အကျိုး၊ ထိုသည်အကြောင်း, ပါမောဇ္ဇ, ပီတိ,ပဿဒ္ဓိ,သုခ,သမာဓိ,ယထာဘူတဉာဏ်, နိဗ္ဗိန္ဒာဉာဏ်, မဂ်,ဖိုလ်,ပစ္စဝေက္ခဏာဉာဏ်တို့သည် အဆက်ဆက်အကျိုး၊ ၎င်းပစ္စဝေက္ခဏာဉာဏ်သည်အကြောင်း, အနုပါဒိသေသ နိဗ္ဗာန်ကိုရခြင်းသည် အကျိုးတည်း။

ဗျတ်ရေကအားဖြင့် ပူဇော်ခြင်းကိုပြု၏၊ ပဒဋ္ဌာန်ကား- အယောနိသောမနသိကာရတည်း၊ ထို၏ပဒဋ္ဌာန် အဆက်ဆက်ကား-အသဒ္ဓမ္မသဝန, အသပ္ပုရိသူပနိဿယ, အပ္ပတိရူပဒေသဝါသ, ပုဗ္ဗေအကတပုညတာတည်း၊ ထို အကတပုညတာကြောင့် အပ္ပတိရူပဒေသဝါသဖြစ်၏၊ ထို့ကြောင့် အသပ္ပုရိသူပနိဿယ, အသဒ္ဓမ္မသဝန, အယောနိသောမနသိကာရဖြစ်၏၊ ထို့ကြောင့်ပူဇော်ခြင်းကိုမပြုဖြစ်၊ ထို့ကြောင့် ကုသိုလ်တရားမပွား၊ ထိုကုသိုလ်တရားမပွားခြင်းကြောင့် အလုံးစုံသောသံကိလေသပက္ခပါပဓမ္မတို့သည်ပွားကုန်၏၊ ပွားများခြင်းကြောင့် အပါယ်ငရဲ ဝဋ်ဆင်းရဲမှ မထမြောက်နိုင်၊ ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသောသုတ်ပုဒ်ဒေသနာသည် ပဒဋ္ဌာန်ကို အန္ဝယဗျတိရေကအားဖြင့် ဩရုယှောရုယှအားဖြင့်ရင်း, အာရုယှာရုယှအားဖြင့်ရင်း စီစစ်ခြင်းကြောင့် ပဒဋ္ဌာနဟာရမည်၏။

**၅- လက္ခဏဟာရ။** ''လက္ခိယန္တိ အဝုတ္တာပိ ဓမ္မာ ဧတေန ဧတ္ထဝါတိ လက္ခဏော'' သုတ်၌ လာသောတရားနှင့် လက္ခဏ, ကိစ္စ, ဟေတု, ဖလ-စသောအားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်ကြောင်းမှတ်ရာဖြစ်သောဟာရသည် လက္ခဏဟာရမည်၏။

ထိုလက္ခဏဟာရသည်—

ဝုတ္တမှိ ဧကဓမ္မေ၊
ယေ ဓမ္မာ ဧကလက္ခဏာ ကေစိ။
ဝုတ္တာ ဘဝန္တိ သဗ္ဗေ၊
သော ဟာရော လက္ခဏောနာမ။ ။

ဟူသည်နှင့်အညီ ကေဓမ္မော၊ တခုသော ကုသိုလ် စသော တရား, ခန္ဓာစသောတရားကို။ ဘဂဝတာ၊-သည်။ ဝုတ္တာမှိ-သော်။ တေနဓမ္မေန၊-ဖြင့်။ ယေကေစိ၊-ကုန်သော။ ဓမ္မာ၊-သည်။ ကေလက္ခဏာ၊ တူသောလက္ခဏာရှိကုန်၏။သဗ္ဗေ၊-ကုန်သော။ တေဓမ္မာ၊-တို့ကို။ သုတ္တေ၊-၌။ သရူပတော၊-အားဖြင့်။ အဝုတ္တာပိ၊-ကုန်သော်လည်း။ သမာနလက္ခဏ-တာယ၊-ကြောင့်။ သံဝဏ္ဏေတဗ္ဗဘာဝေန၊ ဖွင့်အပ်သည်၏ အဖြစ်ဖြင့်။ အာနေတွာ၊ ဆောင်၍။ ယေနသံဝဏ္ဏနာဝိသေသေန၊-ဖြင့်။ ဝုတ္တာ၊-ကုန်သည်။ ဘဝန္တိ၊ ကုန်၏။ သော သံဝဏ္ဏနာဝိသေသော၊-ကို။လက္ခဏော-နာမ ဟာရောတိ၊-ဟူ၍။ နိဒ္ဒိဋ္ဌော၊-အပ်၏။

လက္ခဏ, ကိစ္စ, ဟေတု, ဖလ-စသော အားဖြင့် တူသော မဟောအပ်သော ကုသိုလ်တရား စသည်တို့ကို လည်း မှတ်ကြောင်းမှတ်ရာ လက္ခဏာရှိ၏။

**မှတ်ပုံ။** ပူဇာ-ဟူသောပုဒ်၏ အရကို အာမိသပူဇာ, ဓမ္မပူဇာဖြစ်သောကုသိုလ်, အဇ္ဈာကတစေတနာကိုယူခြင်း ကြောင့် ပူဇနီယပုဂ္ဂိုလ်သို့ ညွှတ်ခြင်းလက္ခဏာ, မစ္ဆေရ စသည်ကို ပယ်ခြင်းကိစ္စ, ယောနိသော မနသိကာရ ဟူသော အကြောင်း, ဘာသမ္ပတ္တိစသော အကျိုးအားဖြင့် ထိုစေတနာနှင့် တူသော သဟစရဏ စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

**တနည်း။** ပူဇာ-ပုဒ်၏အရကို ပူဇော်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝိညတ်ဒွေကိုယူခြင်းကြောင့် ထိုနှင့် ရုပ္ပနလက္ခဏာအားဖြင့်တူသော ကြွင်းသော ရူပက္ခန္ဓာကို လည်းယူအပ်၏။

**တနည်း။** ပူဇာစ ပူဇနီယာနံ-ဟူသောသဒ္ဒါနှင့် ပူဇော်ခြင်း ဟောကိစ္စတူသော "မာနနောစ မာနိတဗ္ဗာနံ၊ သက္ကာရောစ သက္ကရေယျာနံ" စသော ပရိယာယ်တပါးကိုလည်း ယူအပ်၏။

ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် လက္ခဏ, ကိစ္စ, ဟေတု, ဖလ-စသောအားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်ကြောင်းမှတ်ရာ လက္ခဏာရှိသောကြောင့် လက္ခဏဟာရမည်၏။

**၆- စတုဗျူဟဟာရ။** "ဝိယုဟိယန္တိ ပိဏ္ဍိယန္တိ ဧတေန ဧတ္ထဝါတိဗျူဟော၊ စတုန္နံ ဗျူဟော စတုဗျူဟော"ဟူသည်နှင့်အညီ နိရုတ္တိ, အဓိပ္ပါယ, နိဒါန, အနုသန္ဓိ-အားဖြင့် လေးပါးသောအနက်တို့ကို ပေါင်းယူကြောင်း ပေါင်းယူရာဖြစ်သော ဟာရသည် စတုဗျူဟဟာရမည်၏။

ထိုစတုဗျူဟဟာရသည်—

နေရုတ္တမဓိပ္ပါယော၊
ဗျဉ္ဇနမထဒေသနာနိဒါနဥ္စ။
ပုဗ္ဗာပရာနုသန္ဓိ၊
ဧသော ဟာရော စတုဗျူဟော။ ။

ဟူသည်နှင့်အညီ နေရုတ္တံ၊ သုတ်ပုဒ်ကိုထုတ်၍ ဆိုကြောင်းဖြစ်သော ဝိဂြိုဟ်ရင်း။ အဓိပ္ပါယော၊ ထိုထိုသုတ်ကို ဟောတတ်ကုန်သော ဘုရားသာဝကတို့၏ အလိုရင်း။ အထ၊ ထိုမှတပါး။ ဗျဉ္ဇနံ၊ ဗျဉ္ဇန, ပဒ ကို အကြောင်းပြုသဖြင့်။ ဒေသနာနိဒါနဥ္စ၊ ဒေသနာ၏ ဖြစ်ခြင်းအကြောင်း

ဖြစ်သော ဒေသကပုဂ္ဂိုလ်၏ ကရုဏာ အစရှိသည်၎င်း။ ပုဗ္ဗာပရာနုသန္ဓိ၊ ရှေ့အဘို့နှင့် နောက်အဘို့ စပ်ခြင်း၎င်း။ ဝါ၊ ရှေ့အဘို့ကို နောက်အဘို့နှင့် နှီးနှော၍ ဆိုခြင်း၎င်း။ ဣတိ၊-သို့။ ဧတေ နိရုတ္တာဒယော၊-တို့ကို။ ယေန-သံဝဏ္ဏနာဝိသေသေန၊—ဖြင့်။ ဝိဘာဝီယန္တိ၊ ထင်စွာ ပြအပ်ကုန်၏။ ဧသော သံဝဏ္ဏနာဝိသေသော၊—ကို။ စတုဗျူဟော ဟာရောတိ၊—ဟူ၍။ နိဒ္ဒိဋ္ဌော၊—အပ်၏။

နိရုတ္တိ, အဓိပ္ပါယ, နိဒါန, အနုသန္ဓိ-အားဖြင့် လေးပါးသောအနက်တို့ကို ဝေဘန်ခြင်းလက္ခဏာရှိ၏။

**နိရုတ္တိဝေဘန်ပုံ။** ''ပူဇနံ ပူဇာ'' ဘာဝသာဓန၊ပူဇ-ဓာတ်, အ-ပစ္စည်း၊ပူဇ-ဓာတ်အရကား-ပူဇော်ကိုင်းညွတ်သော အခြင်းအရာအားဖြင့် ဖြစ်သောစိတ္တုပ္ပါဒ်ရ၏၊ အ-ပစ္စည်း၏အရလည်း ၎င်းစိတ္တုပ္ပါဒ်ပင်ရ၏။

ဓာတွတ္ထာ ပစ္စယတ္ထဿ၊
ဝိသုံ ဘာဝေ အဘာဝတော။
ဓာတွတ္ထောဝ ပစ္စယေန၊
ဥဒီရိတောတိ ဘာသိတော။ ။

ဟူသည်နှင့်အညီတည်း၊စ-သဒ္ဒါကား-သမုစ္စယသမ္ပိဏ္ဍနတ္ထဇောတကနိပါတ်ပုဒ်ဖြစ်၍ ဝိဂ္ဂြိုဟ်မပြုကောင်း၊ အရကား-ပူဇာ၏ အသေဝနာ, သေဝနာတို့ကို ပေါင်းဆည်းခြင်း သမုစ္စယတ္ထ ရ၏၊ ''ပူဇေတဗ္ဗာတိ ပူဇနီယာ'' ကမ္မသာဓန၊ ပူဇ-ဓာတ်,အနီယ-ပစ္စည်း၊ ပူဇ-ဓာတ်၏အရကတ္တုဋ္ဌကြိယာကား-ယခင် စိတ္တုပ္ပါဒ်ကိုရ၏၊ကမ္မဋ္ဌကြိယာကား-ထိုစိတ္တုပ္ပါဒ်အား တပ်သော ဘုရား, ရဟန္တာစသော

ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်တို့၏ အာရမဏပစ္စယသတ္တိဟု ဆိုအပ်သော ကမ္မကာရကကို ဖလူပစာရတ္တ အားဖြင့် ရ၏၊ အနီယ-ပစ္စည်း၏ အရကား-ထိုဖလူပစာရတ္တ အားဖြင့် မှတ်အပ်သော သတ္တိမန္တဖြစ်သော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်ဒြဗ် ရ၏။

ဝိဂြိုဟ်ပုဒ်ထားနည်း နှစ်ပါးတို့တွင် မိမိပုဒ် အခိုက်အတန့်ကိုငဲ့၍ ပဒါဝတ္တိကန္တ-ဒန္တစ္ဆေဒ နည်းအားဖြင့် ပူဇနီယာဟု ပထမန္တချသတည်း၊ ၎င်းပထမာဇဟုဝုစ် ယော-ဝိဘတ်၏အရကား-“သမာသ် တခွဲုတ်၊ ကြွတ်ပြီးသက်ရာ၊ ပထမာကား၊ ချင်းတို့ဟောရာ၊ ဇောတကသာတည်း”ဟူသော နိယံနှင့်အညီ အတ္တမတ္တ အကာရက ဇဟုဝုစ်သချာ ရ၏၊ ပူဇာပုဒ်၏အရ-ပူဇနကြိယာသည် ကံ, သမ္ပဒါန်ကို ငဲ့သောကြောင့် ပဒသမူဟောဝါကျံ-ဟူသည်နှင့်အညီ ပဒသမူဟ အခိုက်အတန့်ကိုငဲ့၍ ဝါကျာဝတ္တိကန္တ-ဒန္တသောဓန နည်းအားဖြင့် တေသံပူဇနီယာနံ-ဟု ဝိဘတျန်ခံအပ်၏၊ နံ-ဝိဘတ်၏ အရကား-ပူဇော်ခြင်း ကြိယာဖြင့် ရောက်အပ်သော ပါပုဏနသတ္တိ, ပူဇော်ရာဖြစ်သော သမ္ပဒါနသတ္တိဟု ဆိုအပ်သော ကမ္မကာရက, သမ္ပဒါနကာရက, ဇဟုဝုစ် သချာရ၏၊ ထိုပူဇနီယာနံဟူသော ပုဒ်လုံး၏ အနက်သည် သကတ်, ဒြဗ်, လိင်, သချာ, ကာရကအားဖြင့် ၅-ပါးအပြားရှိ၏၊ ထိုတွင် သီလ, သမာဓိ-စသော ပူဇေတဗ္ဗဘောဂုဏ်သည် သကတ်မည်၏၊ ဘုရားစသော ဒြဗ်သည် ဒြဗ်မည်၏၊ ဝိသဒါကာရသည် ပုလ္လိင်မည်၏၊ ယခင် သချာ, ကာရကသည် သချာ,ကာရကမည်၏၊ ဤသို့ စသည်ဖြင့် ပုဒ်ကို ဝိဂြိုဟ်ပြုခြင်းသည် နိရုတ္တိမည်၏။

**အဓိပ္ပါယဝေဖန်ပုံ။** ပူဇော်ထိုက်သော ပုဂ္ဂိုလ် တို့ကို ပူဇော်၍ သူတပါးကိုလည်း ပူဇော်စေ၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေသတည်းဟူသော ဒေသကပုဂ္ဂိုလ်၏ အလိုဆန္ဒသည် အဓိပ္ပါယမည်၏။

**နိဒါနဝေဖန်ပုံ။** ဒေသနာ နိဒါန်းသည် အဇ္ဈတ္တိက နိဒါန်း, ဗာဟိယ နိဒါန်းအားဖြင့် နှစ်ပါးပြား၏၊ ထိုတွင် ကရုဏာနှင့်ဒေသနာဉာဏ်နှစ်ပါးသည် အဇ္ဈတ္တိက နိဒါန်းမည်၏၊ ဒေသ, ကာလ, ဒေသက, ပဋိဂ္ဂါဟက၊ ၎လေးပါးသည် ဗာဟိယနိဒါန်းမည်၏။

**အနုသန္ဓိဝေဖန်ပုံ။** အနုသန္ဓိသည် အတ္ထသန္ဓိ, ဗျဉ္ဇနသန္ဓိ, ဒေသနာသန္ဓိ, နိဒ္ဒေသသန္ဓိ-အားဖြင့် လေးပါးအပြားရှိ၏၊ ထိုတွင် သင်္ကာသနာ, ပကာသနာ, ဝိဝရဏာ, ဝိဘဇနာ, ဥတ္တာနီကမ္မ, ပညတ္တိ-ဟူသော အတ္ထပဒခြောက်ပါးတို့၏ စပ်ခြင်းသည် အတ္ထသန္ဓိမည်၏၊ စပ်ဟန်ကား-ပူဇနီယာနံ-ပုဒ်၏အရဖြစ်သော ဂုဏဝိသိဋ္ဌ ပုဂ္ဂိုလ်ဖြစ်သည် ပူဇာပုဒ်၏အရဖြစ်သော စိတ္တုပ္ပါဒ်၌ အာရုံအကြောင်း နိမိတ် ဖြစ်သော သမ္ပတ္တိကံ၊ စိတ္တုပ္ပါဒ်သည် အာရမဏိက အကျိုးနိမိတ္တဝန်ဖြစ်သော ကံ၏ ကြိယာအဖြစ်ဖြင့်စပ်၏။

**တနည်း။** ပူဇနီယာနံ-ပုဒ်၏အရဖြစ်သောဂုဏဝိသိဋ္ဌ ပုဂ္ဂိုလ်ဖြစ်သည် ယထာရဟ အာရမဏ, အာရမဏာဓိပတိ, အာရမဏူပနိဿယပစ္စည်း၊ ပူဇာ-ပုဒ်၏အရ စိတ္တုပ္ပါဒ်သည် အာရမဏ, အာရမဏာဓိပတိ,အာရမဏူ

ပနိဿယပစ္စယုပ္ပန်အဖြစ်ဖြင့်စပ်၏၊ ဤသို့ အနက်ချင်းချင်း စပ်ခြင်းသည် အတ္ထသန္ဓိမည်၏။

အက္ခရ, ပဒ, ဗျဉ္ဇန, အာကာရ, နိရုတ္တိ, နိဒ္ဒေသ-ဟူသော ဗျဉ္ဇနပဒခြောက်ပါးတို့၏ စပ်ခြင်းသည် ဗျဉ္ဇနသန္ဓိမည်၏၊ စပ်ဟန်ကား- ပူဇနီယာနံကား-တို့ကို ဟူ၍ အနက်ပေးသောကြောင့် ပူဇာ၌ ဆဋ္ဌီကံ၊ ပူဇာကား ကံ၏ကြိယာ အဖြစ်ဖြင့်စပ်၏၊ ပူဇာကား-ဇတော် ၌ နိဒဿေတဗ္ဗသရုပ်၊ ဇတော် ကား-နိဒဿနသရူပဝန္တစပ်။

**တနည်း။** ပူဇာကား- ရှေ့အသေဝနာ, သေဝနာတို့၌ သမုစ္စယ၊ ရှေ့အသေဝနာ, သေဝနာတို့ကား- သမုစ္စေတဗ္ဗစပ်၊ စ သဒ္ဒါကား-ပဓာနအားဖြင့် မိမိထိုင်ရာ ပူဇာပုဒ်၌ သမုစ္စယဇောတက၊ ပူဇာပုဒ်ကား- သမုစ္စယဝါစကစပ်၊ အပ္ပဓာနအားဖြင့် ရှေ့အသေဝနာ, သေဝနာနှစ်ပုဒ်တို့၌ သမုစ္စေတဗ္ဗဇောတက၊ ရှေ့နှစ်ပုဒ်တို့ကား- သမုစ္စေတဗ္ဗ ဝါစကအဖြစ်ဖြင့်စပ်၏၊ ဤသို့ သဒ္ဒါချင်းချင်း စပ်ခြင်းသည် ဗျဉ္ဇနသန္ဓိမည်၏။

ဒေသနာသန္ဓိဟူသော်ကား- ယခင်ဗျဉ္ဇနသန္ဓိအတိုင်း ရှေ့ပုဒ်နှင့်နောက်ပုဒ်စပ်ခြင်းသည်၎င်း, ပူဇာရဟေ ပူဇယတေ-စသောသုတ်တပါးနှင့် လျော်အောင် ထုတ်ဆောင်စပ်ညှိခြင်းသည်၎င်း, ဒေသကပုဂ္ဂိုလ်၏ ဝစီဘေဒဒေသနာ၏ သုဏန္တပုဂ္ဂိုလ်တို့၏နောက်ထပ်ရွတ်ဆိုအပ်သော ဝစီဘေဒ သဒ္ဒါနှင့် လျော်ညီစွာ စပ်ခြင်းသည်၎င်း ဒေသနာသန္ဓိမည်၏။

နိဒ္ဒေသသန္ဓိသည် ပဒ, ပဒတ္ထ, နိဿိတစိတ္တ, အနိဿိတစိတ္တအားဖြင့် လေးပါးအပြားရှိ၏၊ ထိုတွင် ပူဇာတိ ဂေါ် ပဒံ၊ စာတိ ဂေါ် ပဒံ၊ ပူဇနီယာနန္တိ ဂေါ်ပဒံ-ဟူ၍၎င်း, ပူဇာတိ ဂေါ် ကြိယတ္ထပဒံ၊ စာတိ ဂေါ် သမုစ္စယတ္ထပဒံ၊ပူဇနီယာနန္တိ ဂေါ် ကမ္မတ္ထပဒံ သမ္ပဒါနတ္ထပဒံဝါ- ဟူ၍၎င်း ပုဒ်အနက်တို့ကိုခွဲလျက် ပိုင်းခြား၍ ပဒဇ္ဈေဒ, ပဒ, ပဒတ္ထအားဖြင့် ညွှန်ပြခြင်းသည် ပဒနိဒ္ဒေသသန္ဓိမည်၏။

ပူဇာတိ ကြိယာနိဒ္ဒေသော၊ စာတိ အဗျယနိဒ္ဒေသော၊ ပူဇနီယာနန္တိ ဆဋ္ဌီနိဒ္ဒေသော သမ္ပဒါနနိဒ္ဒေသောဝါ-ဟူ၍၎င်း,ပူဇာတိ ကြိယတ္ထနိဒ္ဒေသော၊ စာတိ သမုစ္စယတ္ထနိဒ္ဒေသော၊ ပူဇနီယာနန္တိ ကမ္မတ္ထ နိဒ္ဒေသော် သမ္ပဒါနတ္ထနိဒ္ဒေသောဝါ-ဟူ၍၎င်း ပုဒ်၏အနက်တို့ကို ကြံစည်လျက် ပဒစိန္တာ, ပဒ, ပဒတ္ထ အားဖြင့် ညွှန်ပြခြင်းသည် ပဒတ္ထနိဒ္ဒေသသန္ဓိမည်၏။

ပုထုဇဉ် သေက္ခပုဂ္ဂိုလ်, ကုသိုလ်အကုသိုလ်တရား၊ ဤပုဂ္ဂလ, ဓမ္မနှစ်ပါးတို့သည် "နိဿိတံ စိတ္တ မေတေသန္တိ နိဿိတစိတ္တာ"ဟူသော ဝစနတ္ထနှင့်အညီ တဏှာ, ဒိဋ္ဌိကိုမှီသော စိတ်ရှိသောကြောင့် နိဿိတစိတ္တမည်ကုန်၏၊ ထိုကိုပြတတ်သော သုတ်ပုဒ်တို့သည်ကား "နိဿိတံ စိတ္တံ ဧတ္ထာတိ နိဿိတစိတ္တာ"ဟူသောဝစနတ္ထကြောင့် နိဿိတစိတ္တမည်ကုန်၏။

ဘုရားရဟန္တာပုဂ္ဂိုလ်,အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်တရား၊ ဤပုဂ္ဂလ-ဓမ္မနှစ်ပါးတို့သည်၎င်း, ထိုကိုပြတတ်သော သုတ်ပုဒ်တို့သည်၎င်း "န နိဿိတ စိတ္တာ အနိဿိတစိတ္တာ" ဟူသောဝစနတ္ထကြောင့် အနိဿိတစိတ္တမည်ကုန်၏။

ဤပူဇာစ ပူဇနီယာနံ-ဟူရာ၌ ပူဇာပုဒ်၏အရကို ပုထုဇဉ်, သေက္ခတို့၏ဒါန, သီလ,ဘာဝနာမယဖြစ်သော ပူဇော်ခြင်းကိုယူ၍ ပူဇနီယာနံ ပုဒ်၏အရကို ပူဇော်အပ်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်ကိုယူ၍ ထိုပုဂ္ဂလ, ဓမ္မတို့ကို နိယတစိတ္တဖြစ်၍ သံသာရပဝတ္တိအားဖြင့် ပြအပ်ကုန်၏၊ ထိုကို ပြခိုက် ဤပူဇာစ ပူဇနီယာနံ-ဟူသော ဒေသနာသည် နိယတစိတ္တဖြစ်၍ ဝဋ္ဋနိယတ, ဝိဝဋ္ဋနိယတအားဖြင့် နှစ်ပါးပြား၏၊ ထိုတွင် ဝဋ္ဋနိယတဒေသနာသည် ဝါသနာဘာဂိယတည်း၊ ဝိဝဋ္ဋနိယတဒေသနာသည် ဝါသနာဘာဂိယ, နိဗ္ဗေဓဘာဂိယအားဖြင့် နှစ်ပါးပြား၏။

ပူဇာ-ပုဒ်၏အရကို ဘုရားရဟန္တာတို့၏ ဒါန, သီလ, ဘာဝနာမယပူဇော်ခြင်းဟူသော အနုပါဒိသေသ နိဗ္ဗာန်အဆုံးရှိသော တရားကိုယူ၍ ပူဇနီယာနံ- ပုဒ်၏ အရကို ပူဇော်အပ်သော ဘုရား,ရဟန္တာပုဂ္ဂိုလ်ကို ယူ၍ထိုပုဂ္ဂလ, ဓမ္မတို့ကို အနိယတစိတ္တဖြစ်၍ သံသာရနိဝတ္တိအားဖြင့် ပြအပ်ကုန်၏၊ ထိုကိုပြခိုက် ဤ ပူဇာစ ပူဇနီယာနံ-ဟူသော ဒေသနာသည်လည်း အနိယတစိတ္တမည်၏။

ဤသို့စသည်ဖြင့် ပူဇာစပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာသည် နိရုတ္တိ,အဓိပ္ပါယ, နိဒါန, အနုသန္ဓိ-အားဖြင့် လေးပါးသော အနက်တို့ကို ဝေဖန်တတ်သောကြောင့် စတုဗျူဟဟာရမည်၏။

၇- **အာဝတ္တဟာရ**။ "အာဝတ္တိယန္တိ ဒေသနာ ဧတ္ထဝါတိ အာဝတ္တော" သဘာဂ, ဝိသဘာဂ ဖြစ်သော ကုသိုလ်, အကုသိုလ် တရားတို့၏လည်ကြောင်း လည်ရာဖြစ်သော ဟာရသည် အာဝတ္တဟာရမည်၏။

ထိုအာဝတ္တဟာရသည်—

ကေမှိ ပဒဋ္ဌာနေ၊
ပရိယေသတိ သေသကံ ပဒဋ္ဌာနံ။
အာဝတ္တတိ ပတိပက္ခေ၊
အာဝတ္တော နာမ သော ဟာရော။ ။

ဟူသည်နှင့်အညီ-ပဒဋ္ဌာနေ၊ ပရက္ကမဓာတ်စသည်တို့၏ နီးစွာသောအကြောင်းဖြစ်၍ ဖြစ်သော။ ကေမှိ၊ အာရမ္ဘ ဓာတ်စသော တခုသောတရားကို။ ဒေသနာရူပ္ဓေ၊ဒေသနာ သို့ တင်အပ်သည်။ သတိ၊-သော်။ သေသကံ၊ ကြွင်းသော။ ပဒဋ္ဌာနံ၊-ကို။ ပရိယေသတိ၊ ပညာဖြင့် ရှာ၏။ ယေနသံ-ဝဏ္ဏနာ ဝိသေသေန၊-ဖြင့်။ပရိယေသိတွာ၊-၍။ယောဇေတွာ၊ သံဝဏ္ဏနာ၌ ယှဉ်ပျက်။ ဒေသနံ၊-ကို။ ပမာဒါဒီနံ၊-တို့၏။ ပဒဋ္ဌာနဘူတေ၊-ကုန်သော။ကောသဇ္ဇာဒိကေ၊-ကုန်သော။ ပတိပက္ခေ၊-တို့ကို။ အာဝတ္တတိ၊ လည်စေ၏။ သော သံဝဏ္ဏနာဝိသေသော၊-ကို။ အာဝတ္တော နာမ ဟာရော၊-၍။ နိဒ္ဒိဋ္ဌော၊-အပ်၏။

ဒေသနာသို့ တင်အပ်သော ဓမ္မ၏ ပဒဋ္ဌာန်ကို ရှာ၍ ထိုပဒဋ္ဌာန်ကို အစဉ်လျှောက်လျက် သဘာဂ, ဝိသဘာဂ ဖြစ်သော ကုသိုလ်, အကုသိုလ် တရားတို့ကို လည်စေခြင်း လက္ခဏာရှိ၏။

**လည်စေပုံ။** ပုဇ္ဇာပုဒ်၏အရ-အာမိသပူဇာ, ဓမ္မပူဇာ, ကုသိုလ်အနဝဇ္ဇတရားတို့၏ ပဒဋ္ဌာန်သည် ယောနိသော မနသိကာရ သပ္ပုရိ သူပနိဿယ,သဒ္ဓမ္မသဝန, နဝမခဏ, စတုစက္ကသမ္ပတ္တိစသည်တည်း၊ ထို၏ ဆန့်ကျင်ဘက်ကား-

အယောနိသောမနသိကာရ,ဗာလူပသေ၀န စသည်တည်း၊ ထိုတွင်ယောနိသော မနသိကာရ စသည်ကိုယူသဖြင့်—

ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ ။ သကလမိဒံ အာနန္ဒ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ။ ။ပဋ္ဌမေ ဘိက္ခဝေ အာနိသံသာ ဓမ္မသဝနေ။ ကတမေ ပဉ္စ၊ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ။

အစရှိသော ပါဠိနှင့်အညီ ယောနိသော မနသိကာရ စသည်လျှင် အကြောင်းရင်းရှိကုန်သော ကုသိုလ်အနဝဇ္ဇ တရားတို့သည် လည်ကုန်၏။

အယောနိသော မနသိကာရစသည်ကို ယူသဖြင့်—

အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ။ ။အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ။ ။ဒုက္ခော ဗာလေဟိ သံဝါသော။

အစရှိသောပါဠိနှင့်အညီ အယောနိသော မနသိကာရ စသည်လျှင်အကြောင်းရင်းရှိကုန်သော အကုသိုလ် သာဝဇ္ဇ တရားတို့သည် လည်ကုန်၏၊ ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ—ဟူသော သုတ်ပုဒ်ဒေသနာသည် ပဒဋ္ဌာန် ရှာ၍ ထိုပဒဋ္ဌာန်ကိုအစဉ်လျှောက်လျက် သဘာဂ,ဝိသဘာဂ ဖြစ်

သော ကုသိုလ်,အကုသိုလ်တရားတို့ကို လည်စေခြင်းကြောင့် အာဝတ္တဟာရမည်၏။

**၈–ဝိဘတ္တိဟာရ။** "ဝိဘဇီယန္တိ ဧတေန, ဧတ္ထာတိဝါ ဝိဘတ္တိ" သုတ်၌ လာသော သဘာဝဓမ္မတို့ကို ဆက်ဆံ, မဆက်ဆံသော အမည်,ဝတ္ထုတို့ဖြင့် ဝေဖန်ရာ, ဝေဖန်ကြောင်းဖြစ်သော ဟာရသည် ဝိဘတ္တိ ဟာရမည်၏၊ ထို ဟာရသည်-

ဓမ္မဉ္စ ပဒဋ္ဌာနံ၊
ဘူမိံ စ ဝိဘဇတေ အယံ ဟာရော။
သာဓာရဏေ အသာဓာရဏေ၊
ဉေယျော ဝိဘတ္တီတိ။ ။

ဟူသည်နှင့်အညီ-ဓမ္မဉ္စ၊ ကုသိုလ်စသည်တို့၏ အစွမ်းဖြင့် များသော အပြားရှိသော သဘာဝဓမ္မကိုလည်းကောင်း။ ပဒဋ္ဌာနဉ္စ၊ ထိုကိုအထူးရခြင်း၏ အကြောင်း ပဒဋ္ဌာန်ကိုလည်းကောင်း။ ဘူမိံ စ၊ ပုထုဇ္ဇနဘူမိ, ဒဿနဘူမိ စသော ဘုံကိုလည်းကောင်း။ ဒဿနေန ပဟာတဗ္ဗာဒိနာမဝသေနဝါ၊ ဒဿနေန ပဟာတဗ္ဗ အစရှိသော အမည်၏အစွမ်းအားဖြင့်လည်းကောင်း။ ပုထုဇ္ဇန သောတာ ပန္နာဒိဝတ္ထုဝသေနဝါ၊ပုထုဇဉ်,သောတာပန် အစရှိသော ဝတ္ထု၏အစွမ်းအားဖြင့်လည်းကောင်း။ သာဓာရဏေ၊ ဆက်ဆံခြင်း သည်။ သမာနေစ၊-သော်လည်းကောင်း။ အသာဓာရဏေ၊-သည်။ သမာနေစ၊-သော်လည်းကောင်း။ယေနသံဝဏ္ဏနာ ဝိသေသေန၊-ဖြင့်။ ဝိဘဇတေ၊-အပ်၏။ အယံ သံဝဏ္ဏနာ ဝိသေသော၊-ကို။ ဝိဘတ္တီတိ၊ ဝိဘတ္တိဟာရ ဟူ၍။ ဉေယျော၊သိအပ်၏။

ာသုတ်၌လာသော သဘာဝဓမ္မတို့ကို ဓမ္မ, ဘုံ,ပဒဋ္ဌာန်, ဆက်ဆံ,မဆက်ဆံသော အမည်,ဝတ္ထုတို့ဖြင့် ဝေဘန်ခြင်း လက္ခဏာရှိ၏။

**ဝိဘတ္တိအပြား။** ထိုဝိဘတ္တိသည်ဓမ္မဝိဘတ္တိ,ဘူမိဝိဘတ္တိ, ပဒဋ္ဌာနဝိဘတ္တိ-အားဖြင့် ၃-မျိုး ပြား၏၊ ထိုတွင် တပါး တပါးသည် သာဓာရဏ,အသာဓာရဏ အားဖြင့် ၂-ပါး စီပြား၏၊ ထိုတွင် သာဓာရဏသည် နာမသာဓာရဏ, ဝတ္ထုသာဓာရဏ-အားဖြင့် ၂-ပါး ပြား၏၊ ထို့အတူ အသာဓာရဏသည်လည်း ၂-ပါးပင်ပြား၏။

**ဝေဖန်ပုံ။** ပုဗ္ဗာပုဒ်၏ အရ-ပုဗ္ဗော်ခြင်း ကြီယာဟူသော စိတ္တုပ္ပါဒ်သည် စိတ္တုပ္ပါဒ်ဟူသောအမည်၊ ဖြစ်ရာ ပုဂ္ဂိုလ်သာမံ, အာရုံသာမံဟူသော တည်ရာ ဝတ္ထုအားဖြင့် ဆက်ဆံ၏၊ အာမိသပူဇာ, ဓမ္မပူဇာစသော အသီးအသီး သောအမည်၊ ပုဗ္ဗော်တတ် ပုဗ္ဗော်ရာ ပုဂ္ဂိုလ်ဝိသေသ ဟူ သော တည်ရာဝတ္ထုအားဖြင့် မဆက်ဆံ၊ ဤကား-ဓမ္မဝိဘတ္တိတည်း။

ထိုပုဗ္ဗော်ခြင်းကြီယာ ဟူသော စိတ္တုပ္ပါဒ်သည် ဘုံလေး ပါး၌ဖြစ်၍ စတုဘူမိက-ဟူသော အမည်သာမံ, ဘုံလေး ပါး-ဟူသော တည်ရာဝတ္ထုသာမံ အားဖြင့် ဆက်ဆံ၏၊ အသီးအသီးသောအမည် ဝတ္ထုဝိသေသအားဖြင့် မဆက် ဆံ၊ ဤကား-ဘူမိဝိဘတ္တိတည်း။

ထိုပူဇာသည်—

တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။

န သက္ကာ ပုညံ သန္ဓါတုံ၊
ယမေတ မပိ ကေနစိ။ ။

အစရှိသောအကျိုးဟူသမျှတို့၏ ပဒဋ္ဌာန်တည်း၊ ထိုပဒဋ္ဌာန်သည် အကြောင်းသာမည ဟူသော အမည်ဝတ္ထုအားဖြင့် ဆက်ဆံ၏၊ အသီးအသီးသော အကျိုးကိုရကြောင်းဖြစ်သော ပဒဋ္ဌာန်၏အဖြစ် တည်းဟူသောအမည်ဝတ္ထုအားဖြင့် မဆက်ဆံ၊ ပဒဋ္ဌာနဟာရ၌ ပြခဲ့ပြီးသော အတိုင်း ယောနိသော မနသိကာရစသော ရှေ့ရှေ့သော အကြောင်းသည် ပူဇာစသည်၏ ပဒဋ္ဌာန်တည်း၊ ပူဇာစသည်သည် ပါမောဇ္ဇစသော နောက်နောက်သော အကျိုး၏ ပဒဋ္ဌာန်တည်း၊ ဤကား-ပဒဋ္ဌာန ဝိဘတ္တိတည်း၊ ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာသည် ဓမ္မ, ဘုံ, ပဒဋ္ဌာန်, ဆက်ဆံ, မဆက်ဆံသော အမည်ဝတ္ထုတို့ဖြင့် ဝေဖန်ခြင်းကြောင့် ဝိဘတ္တိဟာရမည်၏။

**၉-ပရိဝတ္တနဟာရ။** "ပရိဝတ္တိယန္တိ ဧတ္ထ ဓမ္မာ, ဧတေန ဝါတိ ပရိဝတ္တနော"သုတ်၌ ဟောအပ်သော တရားတို့ကို ဆန့်ကျင်ဘက်၏အစွမ်းအားဖြင့် လည်စေရာ လည်စေကြောင်းဖြစ်သော ဟာရသည် ပရိဝတ္တနဟာရမည်၏။

ထိုပရိဝတ္တနဟာရသည်—

ကုသလာ ကုသလေ ဓမ္မေ၊
နိဒ္ဒိဋ္ဌေ ဘာဝိတေ ပဟီနေ စ။
ပရိဝတ္တတိ ပတိပက္ခေ၊
ဟာရော ပရိဝတ္တနော နာမ။ ။

ဟူသည်နှင့်အညီ-သုတ္တေ၊-၌။ အာဂတော၊ လာသော။ ဘာဝီတေ၊ ပွားစေအပ်သော။ ကုသလေ၊ အပြစ်မရှိခြင်း လက္ခဏာရှိသော။ ဓမ္မေ၊-ကို။ နိဒ္ဒိဋ္ဌေစ၊ ဟောအပ်သော်ရင်း။ ဝါ၊ ဖွင့်အပ်သော်ရင်း။ ပဟီနေ၊ ပယ်အပ်သော။ အကုသလေ၊-သော။ ဓမ္မေ၊-ကို။ နိဒ္ဒိဋ္ဌေစ၊-သော်ရင်း။ တေသံဓမ္မာနံ၊-တို့၏။ ယေနသံဝဏ္ဏနာဝိသေသေန၊-ဖြင့်။ ပတိပက္ခေ၊ ဆန့်ကျင်ဘက်တရားတို့ကို။ ပရိဝတ္တတိ၊ လည်စေ၏။ သောသံဝဏ္ဏနာဝိသေသော၊-ကို။ ပရိဝတ္တနော ဟာရောနာမ၊-ဟူ၍။ ဝေဒိတဗ္ဗော၊-အပ်၏။

သုတ်၌လာသော နိဒ္ဒိဋ္ဌဓမ္မတို့ကို ဆန့်ကျင်ဘက် အားဖြင့် လည်စေခြင်းလက္ခဏာရှိ၏။

**လည်စေပုံ။** ပူဇာ-ပုဒ်၏အရသည် အာမိသပူဇာ, ဓမ္မပူဇာတရားတည်း၊ထိုတရားသည် ယောနိသော မနသိကာရလျှင် အကြောင်းရင်းရှိ၏၊ ယောနိသော မနသိကာရရှိသော ပုဂ္ဂိုလ်အား အယောနိသော မနသိကာရ ပျောက်ကင်း၏၊ အယောနိသော မနသိကာရ ပျောက်ကင်းလျှင် အယောနိသော မနသိကာရလျှင် အရင်းရှိကုန်သော အကုသိုလ်တရားတို့သည် ပျောက်ကင်းကုန်၏၊ အကုသိုလ်တရား ပျောက်ကင်းသည်ရှိသော် ကုသိုလ်အနဝဇ္ဇတရားတို့သည် တိုးပွားစည်ပင်ကုန်၏၊ ဤသို့ စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် ကုသိုလ်, အကုသိုလ်တရားတို့ကို ဆန့်ကျင်ဘက်အားဖြင့် လည်စေခြင်းကြောင့် ပရိဝတ္တနဟာရမည်၏။

၁၀- ဝေဝစနဟာရ။ "ဝိဝိဓံ ဝစနံ ဧတ္ထ, ဝိဝိဓံ ဝါ ဝုစ္စတိ အနေ္တာ ဧတေနာတိ ဝိဝစနံ၊ဝိဝစနမေဝ ဝေဝစနံ" တခုတည်းသော အနက်ကို အထူးထူးအပြားပြား ဆိုရာဆို ကြောင်းဖြစ်သော ဟာရသည် ဝိဝစနဟာရမည်၏၊ ထိုဝိဝ စနသည်ပင် သကတ်အနက်၌ ဏ-ပစ္စည်းသက်၍ ဝေဝစန ဟာရဖြစ်သည်။

ထိုဝေဝစနဟာရသည်—

ဝေဝစနာနိ ဗဟူနိ တု၊
သုတ္တေ ဝုတ္တာနိ ဧကဓမ္မဿ။
ယော ဇာနာတိ သုတ္တဝိဒူ၊
ဝေဝစနော နာမ သော ဟာရော။ ။

ဟူသည်နှင့်အညီ—ဧကဓမ္မဿ၊ တခုသောတရား၏။ ဝါ၊ တခုသောပုဒ်အနက်၏၊ သုတ္တေ၊-၌။ ဝုတ္တာနိတု၊ ဟောအပ် သည်သာလျှင် ဖြစ်ကုန်သော။ ဗဟူနိတု၊ များသည်သာလျှင် ဖြစ်ကုန်သော။ ဝေဝစနာနိ၊ ပရိယာယ်သဒ္ဒါတို့ကို။ ယေန သံဝဏ္ဏနာဝိသေသေန၊-ဖြင့်။ ယောသုတ္တဝိဒူ၊ အကြင်သုတ် ကိုသိသော ပညာရှိသည်။ ဇာနာတိ-ဇာနာတိ၊ သိ၏။ ဝါ၊ ယှဉ်စေ၏။ တဿ၊ ထိုသုတ်ကိုသိသောပညာရှိ၏။ သော သံဝဏ္ဏနာဝိသေသော၊-ကို။ ဝေဝစနော နာမ ဟာရော၊- ဟူ၍။ နိဒ္ဒိဋ္ဌော၊-အပ်၏။

သုတ်၌လာသော ပုဒ်အနက်တခုကို များစွာသော ဝေ ဝုစ်ပရိယာယ်သဒ္ဒါတို့ဖြင့် ယှဉ်စေခြင်းလက္ခဏာရှိ၏၊ ဝါ- ဖွင့်ပြခြင်းလက္ခဏာရှိ၏။

**ဖွင့်ပြပုံ။** ပူဇာ, ပူဇနာ, မာနံ, မာနနံ, သက္ကာရော-အစရှိသောသဒ္ဒါ၊ စ,ဝါ,တထာပိ, အပိ, အစရှိသောသဒ္ဒါ၊ ပူဇနီယာနံ,ပူဇေတဗ္ဗာနံ, မာနေတဗ္ဗာနံ, မာနနေယျာနံ, သက္ကရေယျာနံ-အစရှိသောသဒ္ဒါ၊ ဤသဒ္ဒါတို့သည် အချင်းချင်းဝေဝုစ်ပရိယာယ်သဒ္ဒါတို့ ဖြစ်ကုန်၏၊ ဤသို့စသည်ဖြင့် ပူဇာစပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာသည် များစွာသော ဝေဝုစ်ပရိယာယ်သဒ္ဒါတို့ဖြင့် ဖွင့်ပြခြင်းကြောင့် ဝေဝစနဟာရမည်၏။

**၁၁– ပညတ္တိဟာရ။** ''ပကာရေဟိ ဉာပိယန္တိ တောယ တွေ ဝါ အတ္တာတိ ပညတ္တိ'' ခန္ဓာ-စသော တရားတို့ကို အပြားအားဖြင့် သိစေရာသိစေကြောင်းဖြစ်သော ဟာရသည် ပညတ္တိဟာရမည်၏။

ထိုပညတ္တိဟာရသည်–

ဧကံ ဘဂဝါ ဓမ္မံ၊
ပဏ္ဏတ္တီဟိ ဝိဝိဓာဟိ ဒေသေတိ။
သော အာကာရော ဉေယျော၊
ပဏ္ဏတ္တိနာမ သော ဟာရော။ ။

ဟူသည်နှင့်အညီ–ဘဂဝါ၊- သည်။ ဧကံ၊-သော။ ဓမ္မံ၊ ခန္ဓာစသောတရားကို။ ဝိဝိဓာဟိ၊ နိက္ခေပ, ပဘဝ, ပညတ်-စသည်တို့ဖြင့် အထူးထူးအပြားပြားများကုန်သော။ပဏ္ဏတ္တီဟိ၊-တို့ဖြင့်။ ယေနာကာရေန၊ အကြင် အခြင်းအရာအားဖြင့်။ ဒေသေတိ၊-၏။ သောအာကာရော၊-ကို။ယေနသံဝဏ္ဏနာဝိသေသေန၊-ဖြင့်။ ဝိဘာဝိတော၊ထင်စွာပြအပ်၏။သော

သံဝဏ္ဏနာဝိသေသော၊-ကို။ ပဏ္ဏတ္တိနာမဟာရော၊- ဟူ၍။ ဧ၀ံ ယော၊ သိအပ်၏။

သုတ်၌လာသော ခန္ဓာ-စသောတရားတို့ကို နိက္ခေပ ပညတ်စသော အပြားအားဖြင့် သိစေခြင်းလက္ခဏာရှိ၏။

**သိစေပုံ။** "ယာ ပကတိကထာယ ဒေသနာ၊ အယံ နိက္ခေပပညတ္တိ" ဟူသော အဋ္ဌကထာနှင့်အညီ- ပူဇာဟူသော သဘာဝနိရုတ္တိပကတိကထာ ဒေသနာသည် ပူဇော်ထိုက်သော သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏ဟု သုဏန္တပုဂ္ဂိုလ်တို့၏ သန္တာန်၌ အသိဉာဏ် ဖြစ်စေခြင်းငှါ ထားသောကြောင့်နိက္ခေပပညတ်မည်၏၊ပူဇော်သောအခြင်း အရာတည်းဟူသော တဏှာကို သိစေတတ်သောကြောင့် တဏှာပညတ်မည်၏၊ ထိုပူဇော်ခြင်းကြိယာကိုစွဲ၍ ဖြစ်သော ကြောင့် ဥပါဒါပညတ်မည်၏၊ ဝန္ဒနာ,မာန, သက္ကာရ-စသော ကြိယာကိုထောက်၍ ဖြစ်သောကြောင့် ဥပနိခ ပညတ်မည်၏၊ ဒါန,သီလ, ဘာဝနာမယ, အာမိသပူဇာ, ဓမ္မပူဇာအပေါင်းကို သိစေသောကြောင့် သမူဟပညတ် မည်၏၊ ဓမ္မာနုဓမ္မပတိပတ်အစဉ်, ပထမဇော စသော အစဉ်ကို သိစေသောကြောင့် သန္တတိ ပညတ် မည်၏၊ ပူဇော်ခြင်း ကြိယာစိတ္တုပ္ပါဒ်တည်းဟူသော အနက်ကို သိ စေသောကြောင့် အတ္ထပညတ်မည်၏၊ အာမိသဓမ္မပူဇာဟု ကောင်းစွာမှတ်အပ်သော သင်္ကေတကို သိစေသောကြောင့် သင်္ကေတ ပညတ်မည်၏၊ မရွတ်မဆို စိတ်၌ မှတ်ထားသော ပူဇာသဒ္ဒါသည် မနသာဝဝတ္ထပိတဓမ္မဂန္ထိရ သဒ္ဒပညတ် မည်၏၊ စိတ်၌ မှတ်ထားသည့်အတိုင်း ရွတ်ဆိုသောအခါ

ဝစီဘောဒဒေသနာဂမ္ဘီရ သဒ္ဒပညတ်မည်၏၊ ထိုသဒ္ဒပညတ်ကို ကြားကုန်သော သုဏန္တတို့၏ သန္တာန်၌ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ၏ အာရုံ ဖြစ်သော ပူဇာသဒ္ဒါသည် နာမပညတ်မည်၏။

**တနည်း။** ပူဇာ-ဟူသောသဒ္ဒါသည် ပဒပညတ်, သျာဒျန္တပဒပညတ်, ပထမာသျာဒျန္တပဒ ပညတ်မည်၏၊ ထိုသဒ္ဒါ၏ အနက်သည် ကာရကပညတ်, ကတ္တု ကာရကပညတ်, ဝုတ္တကတ္တုကာရက ပညတ်မည်၏၊ ထိုပူဇာကို အာမိသပူဇာ, ဓမ္မပူဇာ, အန္နပူဇာ, ပါနပူဇာ- စသော များသော အပြားအားဖြင့် ပညတ်အပ်၏။

ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသောသုတ်ပုဒ်ဒေသနာသည် အပြားအားဖြင့် သိစေခြင်းကြောင့် ပညတ္တိဟာရမည်၏။

**၁၂- ဩတရဏဟာရ။** "ဩတာရိယန္တိ အနုပဝေသိယန္တိ ဧတေန ဓမ္မာတိ ဩတရဏော"သုတ်၌လာသော တရားတို့ကိုခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်-စသည်တို့၌ သွင်းယူရာ သွင်းယူကြောင်း ဖြစ်သော ဟာရသည် ဩတရဏဟာရမည်၏။

ထိုဩတရဏဟာရသည်—

ယော စ ပဋိစ္စုပ္ပါဒေါ၊
ဣန္ဒြိယခန္ဓာ စ ဓာတုအာယတနာ။
ဧတေဟိ ဩတရတိ ယော၊
ဩတရဏော နာမ သော ဟာရော။ ။

ဟူသည်နှင့်အညီ-ယောစ ပဋိစ္စသမုပ္ပါဒေါ၊ အကြင် ပဋိစ္စသမုပ္ပါဒ်ကိုရင်း။ ယေဇ္ဇန္ဒြိယခန္ဓာစ၊-တို့ကိုရင်း။ယာနိဓာတု အာယတနာနိစ၊-တို့ကိုရင်း။ နိဒ္ဒါရိတာနိ၊ ထုတ်ဆောင်အပ်ကုန်၏။ဧတေဟိ၊ထို ပ,ဣ,ခ-ဓာတု,အာယတနတို့ဖြင့်။ ယောသံဝဏ္ဏနာနယဝိသေသော၊-သည်။ ဩတရတိ၊ သက်ဝင်၏။ သောသံဝဏ္ဏနာနယဝိသေသော၊-ကို။ဩတရဏော နာမဟာရော၊-ဟူ၍၊ ဥေ ယျော၊ သိအပ်၏။

သုတ်၌လာသောအနက်တို့ကို သွင်းယူခြင်း လက္ခဏာ ၅၊၏။

**သွင်းယူပုံ။** ပူဇာပုဒ်၏အရ-ပူဇော်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝိညတ်စိတ္တုပ္ပါဒ် ခန္ဓာငါးပါး၊ပူဇနီယာနံ ပုဒ်၏အရ-ပူဇော်အပ်သောပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါးတို့ကို ရသင့်သည် အားလျော်စွာ ခန္ဓာဖွဲ့စည်းခြင်းသည် ခန္ဓောတရဏာမည်၏၊အာယတနစသည်ဖွဲ့စည်းခြင်းသည် အာယ-တနောတရဏ,ဓာတောတရဏ, ဣန္ဒြိယောတရဏာမည်၏၊ ထိုခန္ဓာငါးပါး၏အကြောင်းကား အဝိဇ္ဇာတည်း၊ အဝိဇ္ဇာဖြစ်လျှင်သင်္ခါရ,ဝိညာဉ်, နာမ်ရုပ် စသည်ဖြစ်၏၊အရဟတ္တမဂ်ဖြင့် ထိုအဝိဇ္ဇာ အကြွင်းမဲ့ချုပ်သည် ရှိသော်-သင်္ခါရစသည်ချုပ်၏၊ ဤသို့ပဋိစ္စသမုပ္ပါဒ်၌ သွင်းယူခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏာ မည်၏၊ ဝိမောက္ခ,သတိပဋ္ဌာန်, သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်တို့၌သွင်းယူအပ်၏။

ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာသည် ခန္ဓာစသည်၌ သွင်းယူခြင်းကြောင့် ဩတရဏာဟာရမည်၏။

**၁၃–သောဓနဟာရ။** “သောဓိ ယမှိ သမာဓိယမှိ တေန တွေဝါတိ သောဓနော”သုတ်၌ လာသော ပဒ, ပဒတ္ထ,ပုစ္ဆာ,ဝိဿဇ္ဇနာ, အာရမ္ဘငါးပါးတို့ကို သုတ်သင်ရာ,သုတ်သင်ကြောင်းဖြစ်သော ဟာရသည် သောဓနဟာရ မည်၏။

တိုသောဓနဟာရသည်–
ဝိဿဇ္ဇိတမှိ ပဉှေ၊
ဂါထာယံ ပုစ္ဆိတာ ယမာရဗ္ဘ။
သုဒ္ဓါသုဒ္ဓပရိက္ခာ၊
ဟာရော သော သောဓနော နာမ။ ။

ဟူသည်နှင့် အညီ- ဂါထာယံ၊-၌။ အာရူဠှေ၊-သော။ ပဉှေ၊ သိခြင်းငှါ အလိုရှိအပ်သောအနက်ကို။ ဘဂဝတာ၊-သည်။ဂါထာယံ၊ ဝိဿဇ္ဇနာဂါထာ၌။ ဝိဿဇ္ဇိတမှိ၊-သော်။ ယံဂါ ထတ္တံ၊-ကို။အာရဗ္ဘ၊-စွဲ၍။ ယာဂါထာ၊-ကို။ပုစ္ဆိတာ၊ မေးခြင်းငှါ ထားအပ်၏။ တဿဂါထတ္ထဿ၊-၏။ ယေန သံဝဏ္ဏနာဝိသေသေန၊-ဖြင့်။သုဒ္ဓါသုဒ္ဓပရိက္ခာ၊ သုတ်သင်၍ စင်ကြယ်,မစင်ကြယ်သည်ကို စီစစ်ခြင်းသည်။ဘဝေ၊ ဖြစ်၏။ သော သံဝဏ္ဏနာဝိသေသော၊-ကို။ သောဓနော နာမ ဟာရော၊-ဟူ၍။ ဥေယျော၊ သိအပ်၏။

သုတ်၌လာသော ပဒ,ပဒတ္ထ,ပုစ္ဆာ,ဝိဿဇ္ဇနာ,အာရမ္ဘ တို့ကို သုတ်သင်ခြင်းလက္ခဏာရှိ၏။

**သုတ်သင်ပုံ။** ထိုငါးပါးတို့တွင် မပြီး မဆုံးသေးသော ဝါကျ၌ ပုဒ်,အနက်,ပုစ္ဆာ,ဝိဿဇ္ဇနာတို့သည် အာရမ္ဘသုဒ္ဓိ မမည်ကုန်၊ ပဒသုဒ္ဓိစသည်သာ မည်ကုန်၏၊ အားထုတ်၍

ပြီးပြီးသော ဝါကျ၌ အဆုံးပဓာနပုဒ်သည်ကား- ပဒသုဒ္ဓိ စသည်လည်းမည်၏၊အာရမ္ဘသုဒ္ဓိလည်းမည်၏၊ထို့ကြောင့် ပူဇာစပူဇနီယာနံ-ဟူသောဝါကျကို ပူဇနီယာနံ ပူဇာ-ဟု အဖြောင့်ယောဇနာ၌ ပူဇနီယာနံ-ဟူသော ပုဒ်သည် ပဒ သုဒ္ဓိသာဖြစ်၏၊ အာရမ္ဘသုဒ္ဓိမဖြစ်သေး၊ ထိုပုဒ်၏ ကံအာ နက်,သမ္ပဒါန်အနက်လည်း ပဒတ္ထသုဒ္ဓိသာဖြစ်၏၊ အာရမ္ဘ သုဒ္ဓိမဖြစ်သေး၊ ပူဇာပုဒ်သည်ကား- ပဒသုဒ္ဓိ, အာရမ္ဘသုဒ္ဓိ နှစ်ပါးဖြစ်၏၊ ထိုပုဒ်၏ အနက်သည်လည်း ပဒတ္ထသုဒ္ဓိ, အာရမ္ဘသုဒ္ဓိနှစ်ပါးဖြစ်၏။

ပူဇာစ ပူဇနီယာနန္တိကိမတ္ထံ ဓိဒမုစ္စတေ၊ ပူဇာရဟာနံ ပူဇာမင်္ဂလံ ကတွာ သမ္ပဒက္ခနိဿရဏတ္ထံမိဒမုစ္စတေ- ဟု ပုစ္ဆာ, ဝိဿဇ္ဇနာကိုထုတ်အပ်၏။

ထိုပုစ္ဆာ,ဝိဿဇ္ဇနာ၌ ရှေ့ရှေ့ပုဒ်တို့သည် ပုစ္ဆာသုဒ္ဓိ, ဝိဿဇ္ဇနာသုဒ္ဓိသာဖြစ်ကုန်၏၊ အာရမ္ဘသုဒ္ဓိမဖြစ်ကုန်၊ ဉစ္စ တေ ပုဒ်သည်ကား- ပုစ္ဆာသုဒ္ဓိ, ဝိဿဇ္ဇနာသုဒ္ဓိလည်း ဖြစ် ၏၊ အာရမ္ဘသုဒ္ဓိလည်းဖြစ်၏။

ဤသို့စသည်ဖြင့် ပူဇာစ ပူဇနိယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် ပဒ, ပဒတ္ထ, ပုစ္ဆာ,ဝိဿဇ္ဇနာ,အာရမ္ဘ-ဤ ငါးပါးတို့ကို သုတ်သင်ခြင်းကြောင့် သောဓနဟာရမည်၏။

၁၄- **အဓိဋ္ဌာနဟာရ။** “အဓိဋ္ဌီယန္တိ အနုပဝတ္တိီယန္တိ ဧတေန ဓမ္မဝါတိ အဓိဋ္ဌာနော” သုတ်၌လာသော တရား တို့ကို အထူးမကြံမူ၍သာမည, ဝိသေသအားဖြင့် ထုတ် ဆောင်ရာ ထုတ်ဆောင်ကြောင်း, ဖြစ်စေရာဖြစ်စေကြောင်း ဖြစ်သော ဟာရသည် အဓိဋ္ဌာန ဟာရမည်၏။

ထိုအဝိဇ္ဇာနဟာရသည်—

ကေတ္တတာယ ဓမ္မာ၊
ယေပိ စ ဝေမတ္တတာယ နိဒ္ဒိဋ္ဌာ။
တေ န ဝိကပ္ပယိတဗ္ဗာ၊
သော ဟာရော အဝိဇ္ဇာနော။ ။

ဟူသည်နှင့်အညီ— ယေဓမ္မာ၊ အကြင်ဒုက္ခ, သမုဒယ စသောတရားတို့ကို။ ကေတ္တတာယပိစ၊ တူသည်၏ အဖြစ်ဖြင့်ရင်း။ ဝါ၊ သာမညအားဖြင့်ရင်း။ ဝေမတ္တတာယပိစ၊ ထူးသည်၏အဖြစ်ဖြင့်ရင်း။ ဝါ၊ ဝိသေသအားဖြင့်ရင်း။ ယေန သံဝဏ္ဏနာဝိသေသေန၊-ဖြင့်၊ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်ကုန်၏။ တေဓမ္မာ၊-တို့ကို။ နဝိကပ္ပယိတဗ္ဗာ၊ သာမည, ဝိသေသကို ကြံခြင်းဖြင့် မကြံအပ်ကုန်။ သောသံဝဏ္ဏနာဝိသေသော၊-သည်။ အဝိဇ္ဇာနောဟာရော၊-မည်၏။

သုတ်၌လာသော တရားတို့ကို သာမညဆိုတာ ဘယ်လိုလဲ၊ အထူးဆိုတာ အဘယ်နည်း၊ ဤသို့ အထူး မကြံဘဲ သာမည, ဝိသေသအားဖြင့်သာ ထုတ်ဆောင်ခြင်းလက္ခဏာ ရှိ၏။

**ထုတ်ဆောင်ပုံ။** ပူဇာ-သဒ္ဒါသည် ''သပ္ပတိ သောတ ဝိညာဏာရမဏာဘာဝံဂစ္ဆတီတိသဒ္ဒေါ''ဟူသောသာမည အားဖြင့် ဥတုဇသဒ္ဒါနှင့် ဆက်ဆံသောကြောင့် ကေတ္တမည်၏၊ စိတ္တဇအဖြစ်တည်းဟူသော ဝိသေသ အားဖြင့် ဥတုဇ သဒ္ဒါမှ ထူးသောကြောင့် ဝေမတ္တမည်၏၊ ထိုစိတ္တဇ အဖြစ် သည်လည်း မိလက္ခုသဒ္ဒါနှင့် ဆက်ဆံသောကြောင့် ကေတ္တ မည်၏၊ အရိယသဒ္ဒါအဖြစ်သည် ဝေမတ္တမည်၏၊ ကိုသဒ္ဒါ

သည် ပုဒ်ဟူသောသာမညအားဖြင့် ကေတ္တမည်၏၊ သျှာ ဒ္ဒုန္တအဖြစ်သည် ဝေမတ္တမည်၏၊ထိုသည်လည်း ကေတ္တမည် ၏၊ ပထမာသျှာဒ္ဒုန္တအဖြစ်သည် ဝေမတ္တမည်၏၊ ဤသို့စ သည်ဖြင့် ပဒဝိစယကို မှီ၍ထုတ်အပ်၏၊ ထိုပူဇာပုဒ်၏ အ နက်ဖြစ်သော ပူဇော်ခြင်း ကြိယာသည် ကေတ္တမည်၏၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည် ဝေမတ္တမည်၏၊ ထို သည်လည်း ကေတ္တမည်၏၊ အာမိသပူဇာ, ဓမ္မပူဇာအထူး သည် ဝေမတ္တမည်၏၊ ထိုသည်လည်း ကေတ္တမည်၏၊ အန္န ပူဇာ,ပါနပူဇာ-စသော အထူးသည် ဝေမတ္တမည်၏။

ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် သာမည, ဝိသေသအားဖြင့် ထုတ်ဆောင် ခြင်းကြောင့် အဓိဋ္ဌာနဟာရမည်၏။

**၁၅–ပရိက္ခာရဟာရ။** “ပရိ ကရောတိ အဘိသင်္ခရော တိ ဖလန္တိ ပရိက္ခာရော၊ ဟေတုပစ္စယော စ၊ ပရိက္ခာရံ အာ စိက္ခတီတိ ပရိက္ခာရော” အကျိုးတရားတို့ကို စီရင်တတ် သော အသာဓာရဏဖြစ်သော ဟေတုအကြောင်း, သာ ဓာရဏဖြစ်သော ပစ္စယအကြောင်းနှစ်ပါးတို့ကို ပြောကြား ခြင်းပြုတတ်သော ဟာရသည် ပရိက္ခာရဟာရမည်၏။

ထိုပရိက္ခာရဟာရသည်—

ယေ ဓမ္မာ ယံ ဓမ္မံ၊
ဇနယန္တိပ္ပစ္စယာ ပရံပရတော။
ဟေတုမဝကဍ္ဎယိတွာ၊
သောဟာရော ပရိက္ခာရော။ ။

ဟူသည်နှင့်အညီ-ယေဓမ္မာ၊ အကြင် အဝိဇ္ဇာ အစရှိသောအကြောင်းတရား တို့သည်။ ယံဓမ္မံ၊ အကြင် သင်္ခါရ အစရှိသော အကျိုးတရားကို။ ပစ္စယာ၊ သဟဇာတ၏အဖြစ်ဖြင့်။ပရံပရတော၊အဆက်ဆက်သော ပစ္စည်း၏အဖြစ်ဖြင့်။ ဇနယန္တိ၊ ဖြစ်စေတတ်ကုန်၏၊ တဿ၊ထိုသင်္ခါရအစရှိသော အကျိုးတရား၏။ ဟေတုံ၊ အဝိဇ္ဇာအစရှိသော အသာဓာရဏ ဇနကဟိတ်, အယောနိသော မနသိကာရ စသော သာဓာရဏပစ္စယဟိတ်ကို။ အာဝကမ္မယိတွာ၊ ငင်၍။ ဝါ၊ သုတ်မှထုတ်၍။ ယောသံဝဏ္ဏနာ ဝိသေသော၊— သည်။ ပရိက္ခာရ သံဝဏ္ဏနာဘာဝေန၊ပရိက္ခာရသံဝဏ္ဏနာ၏အဖြစ်ဖြင့်။ ပဝတ္တော၊ ဖြစ်၏။ သော သံဝဏ္ဏနာဝိသေသော၊-သ ည်။ ပရိက္ခာရောဟာရော၊-မည်၏။

သုတ်၌လာသောတရားတို့၏သဘာဂ,အဇ္ဈတ္တိက,ဇနက, အသာဓာရဏဖြစ်သော ဟေတု အကြောင်း, ဝိသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏ ဖြစ်သော ပစ္စယ အကြောင်းနှစ်ပါးကို ထုတ်၍ဟောကြားဖွင့်ပြခြင်း လက္ခဏာ ရှိ၏။

ဖွင့်ပြပုံ။ အိမ်မီးညှိထွန်းရာ၌ မီးသည်မီးယှဉ်နှင့်သဘာဂ၊ စက္ခုဝိညာဉ်ဖြစ်ရာ၌ ဝဏ္ဏ၊မနသိကာရတို့သည် အဇ္ဈတ္တိက၊ ပဋိသန္ဓေနေရာ၌ကံသည် ဇနက၊ သစ်ပင်ပေါက်ရာ၌ မျိုးစေ့သည် အသာဓာရဏ အကြောင်းဖြစ်၍ ဟေတုအကြောင်း မည်၏၊ ကြွင်းသောအိစသော, ရူပါရုံစသော, အဝိဇ္ဇာ စသော, ပထဝီရသ စသောအကြောင်း တို့သည် အစဉ်အတိုင်း ဝိသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏ

အကြောင်းဖြစ်၍ ပစ္စယအကြောင်းမည်ကုန်၏၊ ထို့အတူ ပူဇာစ ပူဇနီယာနံ-ဟူရာ၌ ပူဇာပုဒ်အရ ပူဇော်ခြင်း ကြိယာ စိတ္တုပ္ပါဒ်၏အကြောင်းကား—

တိဏ္ဏံဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓါ ကုလ
ပုတ္တော ဗဟုံ ပုညံ ပသဝတိ—

အစရှိသောပါဠိနှင့်အညီ သဒ္ဓါဒေယျ-ဓမ္မဒက္ခိဏေယျ ပုဂ္ဂိုလ်, ယောနိသောမနသိကာရ, မေတ္တာ, ပညာ, ဝတ္ထု, ဒွါရ,အာရုံ,သပ္ပုရိသူပ နိဿယ,ပါရမီသမ္ဘာရ- စသည် တည်း၊ ထိုတွင်သဒ္ဓါသည် သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏဖြစ်၍ ဟေတုမည်၏၊ သဒ္ဓါဒေယျဓမ္မ, ဒက္ခိ ဏေယျတို့သည် ဝိသဘာဂ,ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာ ရဏဖြစ်၍ ပစ္စယမည်ကုန်၏၊ ယောနိသော မနသိကာရ သည် သဘာဂ,အဇ္ဈတ္တိက, ဇနကဖြစ်၍ ဟေတုမည်၏၊ အလုံးစုံသော ကုသိုလ်နှင့် ဆက်ဆံသောကြောင့် သာဓာရ ဏဖြစ်၍ ပစ္စယလည်းမည်၏၊ ဝိညတ်ဒွေကို ပူဇော်ခြင်း ကြိယာယူသည်ရှိသော် မဟာဘုတ်သည်သဘာဂ, အဇ္ဈတ္တိ က, ဇနကဖြစ်၍ ဟေတုမည်၏၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ- စသော အကျိုးတပါးနှင့် ဆက်ဆံသောကြောင့် ပစ္စယ လည်းမည်၏။

ဤသို့စသည်ဖြင့် ပူဇာစပူဇနီယာနံ-ဟူသော သုတ်ပုဒ် ဒေသနာသည် ဟေတု,ပစ္စယအကြောင်းနှစ်ပါးကိုဖွင့်ပြခြင်း ကြောင့် ပရိက္ခာရ ဟာရမည်၏။

**၁၆—သမာရောပနဟာရ။** "သမာရောပိယန္တိ ဧတေန ဧတ္ထ ဝါ ပဒဋ္ဌာနာဒိမုခေန ဓမ္မာတိ သမာရောပနော"

ပဒဋ္ဌာန်စသည်ကို အဦးပြုသဖြင့် သုတ်၌လာသောဓမ္မတို့ကို တင်ပြစီရင်ရာ,စီရင်ကြောင်း ဖြစ်သော ဟာရသည် သမာရောပနဟာရမည်၏။

ထိုသမာရောပနဟာရသည်—

ယေ ဓမ္မာ ယံမူလာ၊
ယေစေကတ္ထာ ပကာသိတာ မုနိနာ။
တေ သမာရောပယိတဗ္ဗာ၊
သေ သမာရောပနော ဟာရော။ ။

ဟူသည်နှင့်အညီ ယေဓမ္မာ၊ အကြင်သီလ အစရှိကုန်သောတရားတို့သည်။ ယံမူလာ၊ အကြင်သမာဓိအစရှိသော တရားတို့၏ အကြောင်းရင်းဖြစ်ကုန်၏။ တေဓမ္မာ၊ ထိုသီလ အစရှိကုန်သော တရားတို့ကို။ တေသံ-ဓမ္မာနံ၊ ထိုသမာဓိ အစရှိကုန်သောတရားတို့၏။ ပဒဋ္ဌာနဘာဝေန၊-ဖြင့်။ယေန သံဝဏ္ဏနာ ဝိသေသေန၊-ဖြင့်။ သမာရောပယိတဗ္ဗာ၊-ကုန်၏။ ယေ-စ၊ အကြင်ရာဂဝိရာဂ, စေတောဝိမုတ္တိ,သေက္ခဖလ, ကာမဓာတုသမ- တိက္ကမန-အစရှိကုန်သော တရားတို့ကို။ ဧကတ္ထာ၊ အနာဂါမိဖိုလ်တည်းဟူသော အနက်ရှိကုန်၏ ဟူ၍။ မုနိနာ၊ ဗုဒ္ဓမုနိအမည်ရှိသော မြတ်စွာဘုရားသည်။ ပကာသိတာ၊-ကုန်၏။ တေ၊ ထိုရာဂစသော တရားတို့ကို။ သမာ-ရောပယိတဗ္ဗာ၊ အချင်းချင်းဝေဝုစ်၏အဖြစ်ဖြင့် တင်အပ်ကုန်၏။ သေ-သော သံဝဏ္ဏနာ ဝိသေသော၊-သည်။ သမာရောပနောဟာရော၊-မည်၏။

သုတ်၌လာသော ဓမ္မတို့ကို ပဒဋ္ဌာန်,ဝေဝုစ်, ဘာဝနာ, ပဟာန်လေးပါးတို့ဖြင့် ကောင်းစွာတင်ပြစီရင်ခြင်း လက္ခဏာ ရှိ၏။

**ပဒဋ္ဌာန်။** ထိုလေးပါးတို့တွင် ပူဇာပုဒ်၏အရ-အာဒိသပူဇာ ဓမ္မပူဇာ, စိတ္တပ္ပသာဒ်၏ ယောနိသော မနသိကာရ,-သဒ္ဓမ္မသဝန,သပ္ပုရိသူပ နိဿယ-စသော အဆင့်ဆင့်သော ပဒဋ္ဌာန်ကို တင်ပြစီရင်ခြင်းသည် ပဒဋ္ဌာနသမာရောပန မည်၏။

**ဝေဝစန။** ပါဋ္ဌာနုသာရိ သမ္ဗန္ဓော၊
သမ္ဗန္ဓော ဥပမာယ စ။
ဟေတုနာပိ စ သမ္ဗန္ဓော၊
ဥပမာ ဟေတုနာပိစ။
သမ္ဗန္ဓဘေဒါ ဝိညေယျာ၊
စတ္တာရောပိ ဝိဘာဝိနာ။ ။

ဟူသောဂါထာနှင့်အညီ-ဝေဝစနဟာရ၌ ပြခဲ့ပြီးသော အထူးထူးသော ဝေဝစနပရိယာယ် သဒ္ဒါလှယ်တို့ဖြင့် အနက်သမ္ဗန်တင်ပြခြင်းသည် ဝေဝစနသမာရောပနမည်၏။

**ဘာဝနာ။** ပူဇာပုဒ်၏အရ-ပူဇော်ခြင်းဖြင့် ဖြစ်သော ဝေါဒါနပက္ခတရားတို့ကို တင်ပြခြင်းသည် ဘာဝနာ သမာရောပနမည်၏။

**ပဟာန။** ထိုပူဇော်ခြင်းဖြင့် ပယ်အပ်သော သံကိလေသ ပက္ခတရားတို့ကို တင်ပြခြင်းသည် ပဟာနသမာရောပနမည်၏။

**တနည်း။** ပူဇော်ခြင်းကိုပြုသော အမျိုးကောင်းသားတို့၏ သန္တာန်၌ သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်, သမ္မပ္ပဓာန်, ဝီရိယိဒ္ဓိပါဒ်,ဝီရိယိန္ဒြေ,ဝီရိယဗိုလ်,ဝီရိယသမ္ဗောဇ္ဈင်,သမ္မာဝါယာမမဂ္ဂင်-စသော ဗောဓိပက္ခိယတရား တို့သည်ဗုဒ်း၊ ထိုမှ

တပါးဖြူစင်သော ဝေါဒါနပက္ခတရားဟူသမျှ တို့သည်ရှင်း ပွားများကုန်၏၊ ဤကား ဘာဝနာ သမာရောပနတည်း၊ ထိုသဒ္ဓါ,ဝီရိယစသော ဝေါဒါနပက္ခတရားတို့၏ ပွားခြင်း ကြောင့်ထိုတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အသဒ္ဓိယ, ကောသဇ္ဇ,ပမာဒ, ကာမစ္ဆန္ဒ,မောဟာတရားတို့သည်ရှင်း၊ ထိုမှတပါး ညစ်ညူးသော သံကိလေသပက္ခတရား ဟူသမျှ တို့သည်ရှင်း ပယ်ရှားပျောက်ကင်းကုန်၏၊ ဤကား-ပဟာန သမာရောပနတည်း၊ ဤသို့စသည်ဖြင့် ပူဇာစ ပူဇနီယာနံ- ဟူသော သုတ်ပုဒ်ဒေသနာသည် ပဒဋ္ဌာန်, ဝေဝစ်, ဘာဝ နာ,ပဟာန်-ဤလေးပါးတို့ဖြင့် တင်ပြ စီရင်ခြင်းကြောင့် သမာရောပနဟာရမည်၏။

သောဠသဟာရပြီး၏။

---

## ၂–နည်း ၅–မျိုး

**အနုသန္ဓိ။** သောဠသဟာရာ ပဌမံ၊
ဒိသာလောစနေန ဒိသာ ဝိလောကေတွာ။
သံခိပိယ အင်္ကုသေနဟိ၊
နယေဟိ တီဟိ နိဒ္ဒိသေ သုတ္တံ။ ။

ဟူသော ပါဠိတော်နှင့်အညီ-သောဠသဟာရာ၊ တဆဲ့ခြောက်ပါးသော ဟာရတို့ကို။ သံဝဏ္ဏေတဗ္ဗသုတ္တေ၊ ဖွင့်ဆိုအပ်သောသုတ်၌။ သံဝဏ္ဏနာဘာဝေန၊ ဖွင့်ဆိုသည်၏အဖြစ်ဖြင့်။ ပဌမံ၊-စွာ။ ယောဇေတဗ္ဗာ၊ ယှဉ်စေအပ်ကုန်၏။ ပစ္ဆာ၊နောက်၌။ ဒိသာလောစနေန၊ ဒိသာလောစန နည်းအားဖြင့်။ ဒိသာ၊ ဒိသာဖြစ်၍ ဖြစ်ကုန်သောတရားတို့ကို။ ဝိ-

လောကေတွာ၊ ကြည့်၍။ အက်ံသေန၊ **အက်ံသ**နည်းဖြင့်။ သံခိပိယ၊ ချုံး၍။ တီဟိ၊-ကုန်သော။ နယေဟိ၊အတ္ထနယ တို့ဖြင့်။သုတ္တံ၊-ကို။ နိဒ္ဒိသေ၊ ပြရာ၏။

ဟာရတို့ကိုပြသည်၏ အခြားမဲ့၌ နည်းတို့ကို ပြအပ် ကုန်၏။

**နည်းခေါ်ခြင်း။** အဘယ့်ကြောင့်နည်းမည်သနည်း။

"နယတိ သံကိလေသ ဝေါဒါနာနိ ဝိဘာဂတော ဉာပေ တီတိနယော"ဟူသော ဝစနတ္ထနှင့်အညီ- ညစ်ညူး ဖြူစင်သော အကုသိုလ်,ကုသိုလ်တရားတို့ကို အဘို့အစု အားဖြင့် ခွဲခြားဝေဖန်၍ သိစေတတ်သောကြောင့် နည်းမည်၏။

**တနည်း။** "နီယန္တိဝါ တာနိ ဧတေန ဧတ္ထဝါတိ နယော"ဟူသော ဝစနတ္ထနှင့်အညီ ထိုသံကိလေသ,ဝေါဒါန တရားတို့ကို သိကြောင်းသိရာ ဖြစ်သောကြောင့်လည်း နည်းမည်၏။

**တနည်း။** "နီယတိ ဥပနီယတိ ဓမ္မကထိကေဟီတိ ဝါ နယော" ဟူသော ဝစနတ္ထနှင့်အညီ သုတ်အနက်ကို ဝေဖန်ခြင်း၌ ဓမ္မကထိကပုဂ္ဂိုလ်တို့သည် သိအပ်ဆောင် အပ်သောကြောင့်လည်း နည်းမည်၏။

**တနည်း။** "နယောဝိယာတိဝါ နယော" ဟူသော ဝစနတ္ထနှင့်အညီ–

ကေတ္တနယော နာနတ္တ၊
မဗျာပါရနယောပိစ။
ဇ၀ံဓမ္မတာ နယောတိ၊
စတုဓာတ္တနယာ တြိစ။ ‼

သန္တာနဃာနုပစ္စေဒေါ၊
နာနာဘာဝေါ နိရီဟတာ။
ယထာ ဟေတုသမုပ္ပန္နာ၊
န္တွေကတ္တာဒိ ယထာက္ကမံ။ ။

ဟူ၍လာသော-ဧကတ္တနယ, နာနတ္တနယ, အဗျာပါရနယ, ဧဝံဓမ္မတာနယ၊ ဤနည်းလေးပါးတို့သည် ဇာတ္တိ, ပုရိသစသော သမ္မုတိသစ္စာ၊ ပထဝီ,ဖဿ စသော ပရမတ္ထသစ္စာတို့ကို မရောမယှက် သိသည်ရှိသော် သစ္စာလေးပါးကိုသိခြင်းငှါ ဖြစ်ကုန်သကဲ့သို့ ကုသိုလ်,အကုသိုလ် တရားတို့ကို ဝေဖန်၍ ပြသဖြင့် သုတ္တန်တို့ကို မဖောက်မပြန် သိစေလျက် ဝေနေယျတို့၏ သစ္စာလေးပါးကို သိစေခြင်းငှါဖြစ်၍ ဧကတ္တ စသော နည်းနှင့် တူသောကြောင့်လည်း နည်းမည်၏။

**နည်း ၅-မျိုး။** ပထမော နန္ဒိယာဝတ္တော၊
ဒုတီယော စ တိပုက္ခလော။
သီဟဝိက္ကီဠိတော နာမ၊
တတီယော နယလဉ္စကော။ ။

ဒိသာလောစန မာဟံသု၊
စတုတ္ထံ နယမုတ္တမံ။
ပဉ္စမော အင်္ကုသော နာမ၊
သဗ္ဗေ ပဉ္စနယာ ဂတာ။ ။

ဟူသောပါဠိတော်နှင့်အညီ-ပထမော၊-သော၊ နန္ဒိယာဝတ္တော၊-နည်းရင်း။ ဒုတီယော၊-သော။ တိပုက္ခလော၊-နည်းရင်း။ တတီယော၊-သော၊ နယလဉ္စကော၊ သုတ်၏အ

နက်ကို ပြတတ်သော။ သီဟဝိက္ကီဠိတေနာမ၊-နည်းဝင်း။ စတုတ္ထံ၊-သော။ ဥတ္တမံ၊-သော။ နယံ၊-ကို။ ဒိသာလောစနံ၊-နည်းဟူ၍။ အာဟံသု၊ ဆိုကုန်ပြီ။ ပဉ္စမော၊-သော။ အင်္ကုသောနာမ၊-နည်းဝင်း။ ဣတိ၊-သို့။ သဗ္ဗေ၊-ကုန်သော။ ပဉ္စနယာ၊-တို့ကို။ ဝါတာ၊ သိအပ်ကုန်၏။

ဆိုအပ်ပြီးသော နည်းသည် သာမည လက္ခဏာအား ဖြင့် တပါးသာ၊ ဝိသေသလက္ခဏာကိုစွဲ၍ ခွဲသော်ကား-နန္ဒိယာဝဋ္ဋနည်း, တိပုက္ခလနည်း, သီဟဝိက္ကီဠိတနည်း, ဒိသာဝိလောစနနည်း, အင်္ကုသနည်းအားဖြင့် ၅-ပါး အပြားရှိ၏။

**၁- နန္ဒိယာဝဋ္ဋနည်း။** "နန္ဒိယာဝဋ္ဋဿဝိယ အာဝဋ္ဋော ယဿာတိ နန္ဒိယာဝဋ္ဋော၊ နန္ဒိယာဝါ တဏှာယ ပမော-ဒဿ ဝါ အာဝဋ္ဋော ဧတ္ထာတိ နန္ဒိယာဝဋ္ဋော"ဟူသော ဝစနတ္ထနှင့်အညီ ဇလပ်ပန်းသည်အစိတ်ပွင့်ချပ်တို့ဖြင့် ရစ်ပတ်၍ လည်သကဲ့သို့ အစိတ်ဖြစ်သော တဏှာ, အဝိဇ္ဇာ, သမထ,ဝိပဿနာတို့ဖြင့် သံကိလေသပက္ခ, ဝေါဒါနပက္ခ ဓမ္မတို့ကို ချုပ်စပ်ရစ်ပတ်၍ လည်ခြင်းရှိသောကြောင့်ဝင်း၊ နန္ဒီမည်သော တဏှာ,နန္ဒီမည်သော ပီတိပါမောဇ္ဇတို့၏ လည်ခြင်းရှိသောကြောင့်ဝင်း နန္ဒိယာဝဋ္ဋနည်းမည်၏။

ထိုနည်းသည်—

တဏှဉ္စ အဝိဇ္ဇဉ္စ၊
သမထေန ဝိပဿနာယ ယော နေတိ။
သစ္စေဟိ ယောဇယိတွာ၊
အယံ နယော နန္ဒိယာဝဋ္ဋော။ ။

ဟူသော ပါဠိတော်နှင့်အညီ– တဏှာ, အဝိဇ္ဇာတို့ဖြင့် သံကိလေသ ပက္ခဖြစ်သော သုတ်၏ အနက်ကို သမထ, ဝိပဿနာတို့ဖြင့် ဝေါဒါနပက္ခဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့်ယှဉ်၍ ဆောင်ခြင်းလက္ခဏာရှိ၏။

**ဆောင်ပုံ။** ပူဇာစပူဇနီယာနံ-ဟူရာ၌ ပူဇာပုဒ်၏ အရ-အာမိသပူဇာ, ဓမ္မပူဇာသည် သင်္ခါရတည်း၊ထိုကို ယူသဖြင့် အကြောင်းဖြစ်သော အဝိဇ္ဇာကိုလည်း ယူအပ်၏၊ ထိုကိုယူသဖြင့် ထိုနှင့် သမ္ပယုတ်ဖြစ်သော တဏှာကိုလည်းယူအပ်၏၊ ထိုအဝိဇ္ဇာ,တဏှာဟူသော မူလပဒကို ယူသဖြင့် တပ္ပက္ခိက အကုသိုလ်ဟူသမျှကိုလည်း ယူအပ်၏၊ ပူဇာပုဒ်၏အရတွင်ပါသော သမာဓိသည် သမထမည်၏၊ပညာသည် ဝိပဿနာမည်၏၊ ထိုသမထ, ဝိပဿနာဟူသော မူလပဒကိုယူသဖြင့် တပ္ပက္ခိကကုသိုလ်ဟူသမျှကိုယူအပ်၏၊ ထိုတရား အပေါင်းတို့တွင် တဏှာ, အဝိဇ္ဇာသည်ငင်း၊ ကြွင်းသော ကိလေသာ အကုသိုလ်, သာသဝ ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်တို့သည်ငင်း သမုဒယသစ္စာမည်၏၊ ကြွင်းသော တေဘူမကတရားအပေါင်းသည် ဒုက္ခသစ္စာမည်၏၊ သမထ,ဝိပဿနာသည် မဂ္ဂသစ္စာမည်၏၊ ထိုမဂ္ဂသစ္စာဖြင့် ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ထိုတရားအပေါင်းတို့တွင် သံကိလေသပက္ခ၌ တဏှာသည် ပထမဒိသာမည်၏၊ အဝိဇ္ဇာသည် ဒုတိယဒိသာမည်၏၊ ဝေါဒါနပက္ခ၌ သမထသည် ပထမဒိသာမည်၏၊ ဝိပဿနာသည် ဒုတိယဒိသာမည်၏၊ ဤနန္ဒိယာဝဋ္ဋနည်း၌ တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာ ဟူသောမူလ ပဒလေးပါး၊

တဏှာစရိတ,ဒိဋ္ဌိစရိတဟူသော ပုဂ္ဂိုလ်နှစ်ပါးတို့ကို ရအပ်ကုန်၏၊ ထိုတွင်တဏှာစရိတပုဂ္ဂိုလ်သည် ဤသာသနာတော်၌ ရဟန်းပြုသည်ရှိသော် ဒုက္ခပဋိပဒါဖြင့် ပဌမဒိသာဖြစ်သော သမထကို အမှီပြု၍ ပဌမဒိသာ တဏှာဟူသော ဝဋ္ဋမူလလျှင်အရင်းရှိသော တဏှာပက္ခိက အကုသိုလ်ဓမ္မကို စွန့်လျက် ဝဋ်မှထွက်မြောက်၍ အနာဂါမိဖိုလ်သို့ရောက်ခြင်းကြောင့် သမထ- ဟူသော ပဌမ ဒိသာ၏ အဆုံးဖြစ်သော ရာဂဝိရာဂ,စေတောဝိမုတ္တိသို့ရောက်၏။

ဒိဋ္ဌိစရိတပုဂ္ဂိုလ်သည် ဤသာသနာတော်၌ ရဟန်းပြုသည်ရှိသော် သုခပဋိပဒါဖြင့် ဒုတိယဒိသာဖြစ်သော ဝိပဿနာကိုအမှီပြု၍ ဒုတိယဒိသာ အဝိဇ္ဇာဟူသော ဝဋ္ဋမူလလျှင် အရင်းရှိသော အဝိဇ္ဇာပက္ခိက အကုသိုလ်ဓမ္မကိုစွန့်လျက် ဝဋ်မှထွက်မြောက်၍အရဟတ္တဖိုလ်သို့ ရောက်ခြင်းကြောင့် ဝိပဿနာ- ဟူသော ဒုတိယဒိသာ၏ အဆုံး ဖြစ်သော အဝိဇ္ဇာဝိရာဂ ပညာဝိမုတ္တိသို့ရောက်၏၊ ဤသို့စသည်ဖြင့် ပုဗ္ဗာစပုဗ္ဗနိယာနံ-ဟူသော မူလပဒလေးပါးတို့ဖြင့် သံကိလေသပက္ခ,ဝေါဒါနပက္ခဓမ္မတရားတို့ကို သစ္စာလေးပါးနှင့် ယှဉ်၍ တဏှာစရိတ,ဒိဋ္ဌိစရိတပုဂ္ဂိုလ်နှစ်ပါး၏ အစွမ်းဖြင့် နယဘူမိကို စီရင်ဖွင့်ပြခြင်းလက္ခဏာရှိ၏။

၂-တိပုက္ခလနည်း॥ "တီဟိ အဝယဝေဟိ ပုက္ခလော သောဘဏောတိ တိပုက္ခလော"ဟူသော ဝစနတ္ထနှင့်အညီ သံကိလေသပက္ခ၌ လောဘဟိတ်စသော အစိတ်သုံးပါး ဝေါဒါနပက္ခ၌အလောဘဟိတ်စသောအစိတ်သုံးပါးတို့ဖြင့် တင့်တယ်သောနည်းသည် တိပုက္ခလနည်းမည်၏။

ထိုတိပုက္ခလနည်းသည်—

ယော အကုသလေ သမူလေဟိ၊
နေတိ ကုသလေစ ကုသလမူလေဟိ။
ဘူတံ တထံ အဝိတထံ၊
တိပုက္ခလံ တံ နယံ အာဟု။ ။

ဟူသော ပါဠိတော်နှင့်အညီ အကုသလမူလသုံးပါးတို့ဖြင့် သံကိလေသပက္ခဖြစ်သောသုတ်၏ အနက်ကို ကုသလမူလသုံးပါးတို့ဖြင့် ဝေါဒါနပက္ခဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့် ယှဉ်၍ဆောင်ခြင်းလက္ခဏာရှိ၏။

**ဆောင်ပုံ။** နန္ဒိယာဝတ္တနည်း၌ သစ္စာဖွဲ့၍ ပြအပ်ခဲ့ပြီးသော တရားအပေါင်းတို့တွင် သံကိလေသပက္ခ၌ လောဘ, ဒေါသ,မောဟ-ဟူသော အကုသလမူ သုံးပါးတို့သည် ပထမ, ဒုတိယ, တတိယဒိသာ မည်ကုန်၏၊ ဝေါဒါနပက္ခ၌ အလောဘ,အဒေါသ, အမောဟဟူသော ကုသလမူသုံးပါးတို့သည်လည်း ပထမ,ဒုတိယ, တတိယဒိသာမည်ကုန်၏၊ ဤတိပုက္ခလနည်း၌ အကုသလမူသုံးပါး,ကုသလမူသုံးပါးအားဖြင့် မူလပဒခြောက်ပါး၊ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ,နေယျအားဖြင့် ပုဂ္ဂိုလ်သုံးပါးတို့ကို ရအပ်ကုန်၏၊ ထိုတွင်ဒိဋ္ဌိစရိတ ဥဒတ္တ ပုဂ္ဂိုလ်သည် ဥဂ္ဃဋိတညူမည်၏၊ ဒိဋ္ဌိစရိတမန္ဒပုဂ္ဂိုလ်, တဏှာစရိတဥဒတ္တ ပုဂ္ဂိုလ်တို့သည် ဝိပဉ္စိတညူမည်ကုန်၏၊တဏှာစရိတမန္ဒ ပုဂ္ဂိုလ်သည် နေယျပုဂ္ဂိုလ်မည်၏၊ထိုပုဂ္ဂိုလ်တို့သည် ဤသာသနာတော်၌ရဟန်းပြုသည်ရှိသော် ဝေါဒါနပက္ခ၌ ပထမဒိသာဖြစ်သော အလောဘကိုအမှီပြု၍ သံကိလေသပက္ခ၌ပထမဒိသာဖြစ်သော လောဘတပ္ပက္ခိက အကုသိုလ်ဓမ္မတရားတို့ကို စွန့်၍ပထမ

ဒိသာ၏ အဆုံး ဖြစ်သော အပ္ပဏိဟိတဝိမောက္ခဖြင့် ဝဋ်မှ ထွက်မြောက်ကုန်၏။

ထို့အတူ အဒေါသ, အမောဟတို့ကို အမှီပြု၍ဒေါသ, မောဟ,တပ္ပက္ခ အကုသိုလ်ဓမ္မတို့ကို စွန့်၍ အစဉ်အတိုင်း ဒုတိယ,တတိယဒိသာ၏အဆုံးဖြစ်သောအနိမိတ္တဝိမောက္ခ, သုညတဝိမောက္ခတို့ဖြင့် ဝဋ်မှထွက်မြောက်ကြကုန်၏၊ ဤသို့ စသည်ဖြင့် ပူဇာစပူဇနီယာနံ-ဟူသော သုတ်ပုဒ်ဒေသနာ သည် လောဘ, ဒေါသ,မောဟ, အလောဘ, အဒေါသ, အမောဟ ဟူသော မူလပဒခြောက်ပါးတို့ဖြင့် သံကိလေသ ပက္ခ, ဝေါဒါနပက္ခ ဖြစ်သောသုတ်၏ အနက်ကို သစ္စာ လေးပါးနှင့် ယှဉ်၍ ဥဿု ါဋိတညူ,ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ် သုံးယောက်တို့၏ အစွမ်းဖြင့်နယဘူမိကို စီရင် ဖွင့်ပြခြင်း လက္ခဏာရှိ၏။

၃ **သီဟဝိက္ကီဠိတနည်း။** "သီဟဿ ဝိက္ကီဠိတံ ဧတ္ထာတိ သီဟဝိက္ကီဠိတော" ဟူသောဝစနတ္ထနှင့်အညီ ခြင်္သေ့နှင့် တူ တော်မူသော မြတ်စွာဘုရား၏ ဝိပလ္လာသ လေးပါး တပ္ပက္ခ တရားတို့ကို ပြလျက် ဒေသနာဝစီကံ ဟူသော စမ္ပယ်ကွန့်မြူးခြင်းရှိသော နည်းသည် သီဟဝိက္ကီဠိတနည်း မည်၏။

ထိုနည်းသည်—

ယော နေတိ ဝိပလ္လာသေဟိ၊
သံကိလေသေန္ဒြိယေဟိ သဒ္ဓမ္မေ။
တံ နယံ နယဝိဒူ၊
သီဟဝိက္ကီဠိတံ အာဟု။ ။

ဟူသောပါဠိတော်နှင့်အညီ– ဝိပလ္လာသလေးပါးတို့ဖြင့် သံကိလေသပက္ခဖြစ်သော သုတ်၏အနက်ကို သတိ,ဝီရိယ, သမာဓိ,ပညာ ဟူသော ဣန္ဒြေလေးပါးတို့ဖြင့် ဝေါဒါန ပက္ခဖြစ်သောသုတ်၏ အနက်ကို သစ္စာလေးပါးတို့နှင့်ယှဉ်၍ ဆောင်ခြင်းလက္ခဏာရှိ၏။

**ဆောင်ပုံ။** ပူဇာစပူဇနီယာနံ-ဟူရာ၌ ပူဇာပုဒ်၏အရ အောက်၌ပြခဲ့ပြီးသော တရားအပေါင်းတို့တွင် တဏှာဖြင့် အသုဘေ သုဘဝိပလ္လာသ, ဒုက္ခေ သုခဝိပလ္လာသဖြစ်၏၊ အဝိဇ္ဇာဖြင့် အနိစ္စေ နိစ္စ ဝိပလ္လာသ, အနတ္တနိ အတ္တ ဝိပလ္လာသဖြစ်၏။

**တနည်း။** ဝန္ဒနိယဒိတပူဇာ၌ 'ဝိပလ္လာသ လေးပါးတို့ ကိုဋင်း၊ တပ္ပက္ခိကအကုသိုလ် ဟူသမျှကိုဋင်း ရ၏၊ ဝိဝဋ္ဋ နိဿိတပူဇာ၌ သတိ,သမာဓိ,ဝီရိယ,ပညာ ဟူသောဣန္ဒြေ လေးပါး,သတိပဋ္ဌာန်လေးပါး,တပ္ပက္ခိကကုသိုလ်တရားတို့ ကိုရ၏၊ ထိုတရား အပေါင်းတို့တွင် သံကိလေသပက္ခ၌ အသုဘေ သုဘဝိပလ္လာသ, ဒုက္ခေသုခ, အနိစ္စေနိစ္စ,အနတ္တ နိအတ္တ ဝိပလ္လာသ၊ ဤလေးပါးတို့သည် ပဌမ, ဒုတိယ, တတိယ,စတုတ္ထဒိသာမည်ကုန်၏။

ဝေါဒါနပက္ခ၌လည်း သတိန္ဒြေ, အသုဘေ အသုဘ သမ္မာဒဿန, ကာယာနုပဿနာသတိပဋ္ဌာန်၊ သမာဓိန္ဒြေ, ဒုက္ခေ ဒုက္ခသမ္မာဒဿန, ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဝီရိယိန္ဒြေ, အနိစ္စေအနိစ္စ သမ္မာဒဿန, စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ပညိန္ဒြေ, အနတ္တနိအနတ္တ သမ္မာဒဿန, ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဤလေးပါးတို့သည် အစဉ်အ

တိုင်း ပထမဒိသာစသည်မည်ကုန်၏၊ ထိုဒိသာတရားတို့တွင် ဝိပလ္လာသ လေးပါးတို့သည် ဝဋ္ဋမူလဖြစ်၍ သမုဒယသစ္စာ မည်၏၊ ထိုမှကြွင်းသော တေဘူမက တရားအပေါင်းတို့ သည် ဒုက္ခသစ္စာမည်၏၊ ဈာန်လေးပါး,သမ္မာဒဿနလေး ပါး,သတိပဋ္ဌာန်လေးပါးတို့သည် မဂ္ဂသစ္စာမည်၏၊ ထိုဖြင့် ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

ဤသီဟဝိက္ကီဠိတနည်း၌ ဝိပလ္လာသလေးပါး, သတိ ပဋ္ဌာန်လေးပါး ဟူသော မူလပဒရှစ်ပါး၊ ရာဂစရိတ, ဒေါသစရိတ, ဒိဋ္ဌိစရိတ မန္ဒ, ဒိဋ္ဌိစရိတဥဒတ္တ-ဟူသော ပုဂ္ဂိုလ်လေးယောက်တို့ကို ရအပ်ကုန်၏၊ ထိုပုဂ္ဂိုလ် လေး ယောက်တို့သည် အစဉ်အတိုင်း ဝေါဒါနပက္ခဒိသာ တရား လေးပါးတို့ကိုအမှီပြု၍ သံကိလေသပက္ခဒိသာ တရားလေး ပါးတို့ကိုစွန့်လျက် ဒိသာလေးပါးတို့၏ အဆုံး ဖြစ်သော မဂ်,ဖိုလ်လေးချက်တို့ဖြင့် ဝဋ်မှထွက်မြောက်ကုန်၏။

ဤသို့စသည်ဖြင့် ပူဇာစပူဇနီယာနံ- ဟူသော သုတ်ပုဒ် ဒေသနာသည် မူလပဒရှစ်ပါးတို့ဖြင့် သံကိလေသပက္ခ, ဝေါဒါနပက္ခဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါး နှင့်ယှဉ်၍ ပုဂ္ဂိုလ်လေးယောက်တို့၏ အစွမ်းဖြင့် နယဘူမိ ကိုစီရင်ဖွင့်ပြခြင်းလက္ခဏာရှိ၏။

### ၄-၅-ဒိသာလောစန,အင်္ကုသနည်း ၂-ပါး

ဝေယျာကရဏေသု ဟိ ယေ၊
ကုသလာ ကုသလာ တဟိံ တဟိံ ဝုတ္တာ။
မနသာ ဝေါ လောကယတေ၊
တံ ဒိသာလောစနံ အာဟု။ ။

ဟူသော ပါဠိတော်နှင့်အညီ ဆိုအပ်ခဲ့ပြီးသော အဟ္တနယ သုံးပါးတို့၌ ပြထားခဲ့ပြီးသည့် အတိုင်း ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော ဒိသာတရား တဆဲ့ရှစ်ပါးတို့ကို စိတ်ဖြင့် ကြည့်ရှုကြောင်းဖြစ်သော နည်းသည် "ဒိသာ အာလောစတိ ဧတေနာတိ ဒိသာလောစနော" ဟူသော ဝစနတ္ထကြောင့် ဒိသာလောစနနည်းမည်၏။

ဩလောကယိတွာ ဒိသာလောစနေန၊
ဥက္ခိပိယ ယံ သမာနေတိ။
သဗ္ဗေကုသလာ ကုသလေ၊
အယံ နယော အင်္ကုသော နာမ။ ။

ဟူသောပါဠိတော်နှင့်အညီ-လိုအပ်သောဝတ္ထုကို လိုရာအရပ်သို့ ချိတ်ဖြင့်ချိတ်ငင်ယူဆောင်သကဲ့သို့ ဒိသာလောစန နည်းဖြင့် ကြည့်ရှုအပ်ပြီးသော ဒိသာတရားတို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း အတ္တနည်း သုံးပါးတို့၌ ကောင်းစွာ ဆောင်ကြောင်းဖြစ်သောနည်းသည် "အင်္ကုသောဝိယာတိ အင်္ကုသော" ဟူသော ဝစနတ္ထကြောင့် အင်္ကုသနည်းမည်၏၊ ဤနည်းနှစ်ပါးတို့ကို အသီးအခြား ယောဇနာခြင်းမရှိပြီ၊ ရှေးအတ္တနည်းသုံးပါးတို့ကို ယှဉ်ရာ၌ ဒိသာတရားတို့ကို စိတ်ဖြင့်ကြည့်ရှု၍ စိတ်ဖြင့် ဆောင်ယူဆွဲငင်ယှဉ်ခြင်းမျှသာဖြစ်၏၊ ကြည့်ရှုခြင်း, ဆောင်ခြင်း တည်းဟူသော ဝေါဟာရ၊ ကြည့်ရှုခြင်း, ဆောင်ခြင်းတည်းဟူသော အမှုအရာ ကြိယာမျှဖြစ်၍ ဝေါဟာရနည်း, ကမ္မနည်းဟူ၍လည်း ဆိုအပ်၏။

နည်း ၅-မျိုးပြီး၏။

## ၃—သာသနပဋ္ဌာန

"ဒေသနာ သင်္ခါတသာသနဿ ဝေနေယျဇ္ဈာသယာနုရူပံ ပကာရေဟိ ဌာနံ ပဝတ္တိ သာသနပဋ္ဌာနံ၊ ဇ္ဈပနဿ တထာဘာဝဒီပနံ သာသနပဋ္ဌာနံ" ဟူသည်နှင့်အညီ ဝေနေယျဇ္ဈာသယ အားလျော်စွာ သံကိလေသဘာဂိယ-စသောအပြားတို့ဖြင့် ဒေသနာ၏ ဖြစ်၍နေခြင်းကို ပြတတ်သော သံဝဏ္ဏနာဝိသေသသည် သာသနပဋ္ဌာနမည်၏။

အဋ္ဌာရသမူလပဒါ ကုဟိံ ဒဋ္ဌဗ္ဗာ၊ သာသနပဋ္ဌာနေ-ဟူသော ပါဠိတော်နှင့်အညီ-ယခင်နည်းငါးပါးတို့၌ ပြဆိုအပ်ခဲ့ပြီးသော မူလပဒ တဆဲ့ရှစ်ပါးဟူသော ဒိသာတရားတို့ကို သာသနပဋ္ဌာန မည်သော ပိဋကတ်သုံးပုံ သုတ်ပုဒ်တို့၌ ရှာဖွေမှတ်အပ်ကုန်၏၊ ထိုအဋ္ဌာရသ မူလပဒတို့၏တည်ရာ သာသနပဋ္ဌာနမည်သောသုတ်သည်—

ပါဠိတော်၌ လာသော သံကိလေသ ဘာဂိယသုတ်, ဝါသနာဘာဂိယသုတ်, နိဗ္ဗေဓဘာဂိယသုတ်, အသေက္ခဘာဂိယသုတ်, သံကိလေသ ဝါသနာဘာဂိယသုတ်, သံကိလေသ နိဗ္ဗေဓဘာဂိယသုတ်, သံကိလေသ အသေက္ခဘာဂိယသုတ်, သံကိလေသ နိဗ္ဗေဓ အသေက္ခဘာဂိယသုတ်, သံကိလေသ ဝါသနာ နိဗ္ဗေဓ ဘာဂိယသုတ်, ဝါသနာ နိဗ္ဗေဓ ဘာဂိယသုတ်, တဏှာ သံကိလေသ ဘာဂိယသုတ်, ဒိဋ္ဌိသံကိလေသ ဘာဂိယသုတ်, ဒုစ္စရိတသံကိလေသ ဘာဂိယသုတ်, တဏှာဝေါဒါန ဘာဂိယသုတ်, ဒိဋ္ဌိဝေါဒါန ဘာဂိယသုတ်, ဒုစ္စရိတ ဝေါဒါန ဘာဂိယသုတ် အားဖြင့် တဆဲ့ခြောက်ပါး။

အဋ္ဌကထာ, ဋီကာတို့၌ လာသော သံ, ဝါ, နိ, အာ၊ ကေက-၄၊ သံ, ဝါ၊ သံ, နိ၊ သံ, အာ၊ ဝါ,နိ၊ ဝါ,အာ၊နိ,အာ၊ ဒုက-၆၊ သံ, ဝါ, နိ၊ သံ, ဝါ, အာ၊ သံ, နိ, အာ၊ ဝါ,နိ,အာ၊ တိက-၄၊ သဗ္ဗဘာဂိယသုတ်,အသဗ္ဗဘာဂိယသုတ် စတုက္က ၂-အားဖြင့် ၁၆-ပါး။

ပါဠိတော်၌လာသော လောကိယသုတ်, လောကုတ္တရသုတ်, လောကိယ လောကုတ္တရသုတ်-၃၊ ထို့အတူ သတ္တာဓိဋ္ဌာန, ဓမ္မာဓိဋ္ဌာန-၃၊ ဉာဏ, ဉေယျ-၃၊ ဒဿန,ဘာဝနာ-၃၊ သကဝစန, ပရဝစန-၃၊ ဝိဿဇ္ဇနီယ, အဝိဿဇ္ဇနီယ-၃၊ ကမ္မ, ဝိပါက-၃၊ ကုသလ,အကုသလ-၃၊ အနုညာတသုတ်, ပတိက္ခိတ္တသုတ်, အနုညာတပတိက္ခိတ္တသုတ်, ထဝသုတ်အားဖြင့် ၂၀-ပါးအပြားရှိ၏၊ ထိုတွင်—

အကုသိုလ်ဝေဖန်ရာ—

ကောဓ မက္ခ ဂရု ဘိက္ခု၊
လာဘသက္ကာရ ကာရဏာ။
သုခေတ္တေ ပူတိ ဗီဇံဝ၊
သဒ္ဓမ္မေ န ဝိရူဟတိ။ ။

အစရှိသောသုတ်သည် "သံကိလိဿန္တိ ဧတေနာတိ သံကိလေသော၊ သံကိလေသဘာဂေ သံကိလေသကောဋ္ဌာသေ ပဝတ္တံ သံကိလေသဘာဂိယံ" ဟူသော ဝစနတ္ထကြောင့် သံကိလေသ ဘာဂိယသုတ်မည်၏။

လောကီကုသိုလ်ကိုဝေဖန်ရာ—

ကေပုပ္ပံ ယဇိတွာန၊
သဟာဿ ကပ္ပကောဋိယော။

ဒေဝေစေဝ မနုဿေစ၊
သေသေန ပရိနိဗ္ဗုတော။ ။

အစရှိသောသုတ်သည် "ဝါသနာ ပုညဘာဝနာ၊ ဝါသ နာဘာဂေ ပဝတ္တံ ဝါသနံ ဘဇာပေတီတိဝါ ဝါသနာ ဘာဂိယံ"ဟူသော ဝစနတ္ထကြောင့် ဝါသနာ ဘာဂိယသုတ် မည်၏။

သေက္ခသီလက္ခန် စသည်ကို ဝေဖန်ရာ—
သတ္တိယာဝိယ ဩမဋ္ဌော၊
ဒယှမာနောဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

အစရှိသောသုတ်သည် "နိဗ္ဗိဇ္ဈနံ လောဘက္ခန္ဓာဒိပဒါ လနံ နိဗ္ဗေဓော၊ နိဗ္ဗေဓဘာဂေ ပဝတ္တံ နိဗ္ဗေဓံ ဘဇာပေ တီတိဝါ နိဗ္ဗေဓဘာဂိယံ" ဟူသောဝစနတ္ထကြောင့် နိဗ္ဗေဓ ဘာဂိယသုတ်မည်၏။

အသေက္ခသီလက္ခန် စသည်ကို ဝေဖန်ရာ—
ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။ ။

အစရှိသောသုတ်သည် "ပရိနိဋ္ဌိတသိက္ခာဓမ္မာအသေက္ခာ၊ အသေက္ခဘာဂေ ပဝတ္တံ အသေက္ခံ ဘဇာပေတီတိဝါ အသေက္ခဘာဂိယံ" ဟူသော ဝစနတ္ထကြောင့် အသေက္ခ ဘာဂိယသုတ်မည်၏။

ဤ ပူဇာစ ပူဇနီယာနံ-ဟူသော သုတ်သည်ကား-ပုဗ္ဗ ဘာဂပူဇာဖြင့် ဝါသနာဘာဂိယမည်၏၊ သေက္ခမဂ္ဂဖြင့် နိဗ္ဗေဓဘာဂိယမည်၏၊အရဟတ္တဖိုလ်ဖြင့်အသေက္ခဘာဂိယ မည်၏၊ အလုံးစုံကို ပေါင်း၍ ဝါသနာနိဗ္ဗေဓဘာဂိယ, ဝါသနာ အသေက္ခဘာဂိယ, နိဗ္ဗေဓအသေက္ခဘာဂိယ, ဝါသနာနိဗ္ဗေဓ အသေက္ခဘာဂိယလည်းမည်၏၊ တဏှာ, ဒိဋ္ဌိ,ဒုစ္စရိတ သံကိလေသတို့ကို ဖြူစင်စေတတ်သောကြောင့် တဏှာဝေါဒါန, ဒိဋ္ဌိဝေါဒါန, ဒုစ္စရိတဝေါဒါန ဘာဂိယ သုတ်လည်းမည်၏၊ ဤသို့လျှင် သော၉သသာသနပဋ္ဌာန၌ ၁၀-သုတ်မည်သင့်၏။

အဋ္ဌဝီသတိသာသနပဋ္ဌာန၌ကား- ပရဝစန, သကပရ ဝစန,အဝိဿဇ္ဇနီယ,ဝိဇ္ဇာဿနီယာဝိဿဇ္ဇနီယ, အကုသ- လ,ကုသလာ ကုသလ,ပတိက္ခိတ္တ, အနုညာတပတိက္ခိတ္တ၊ ဤရှစ်သုတ်မှ ကြွင်းသော သုတ်ပေါင်း ၂၀-ဖြစ်သင့်၏၊ ထိုတွင်-ဗုဒ္ဓါဒီနံပန ဂုဏာဘိတ္ထဝ ဝသေန ပဝတ္တံ သုတ္တံ ထဝေါနာမ-ဟူသည်နှင့်အညီ-ပူဇနီယပုဂ္ဂိုလ်တို့၏ပူဇာရ ဟဘောဂုဏ်ပူဇော်တတ်သော ပုဂ္ဂိုလ်တို့၏ အဂ္ဂပသာဒ စသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို သိအပ်သောကြောင့် "ထဝသုတ်"မည်၏ဟုမှတ်လေ။

ဤသို့ စသည်ဖြင့် ဝေနေယျဇ္ဈာသယ အားလျော်စွာ သံကိလေသဘာဂိယစသောအပြားတို့ဖြင့် ဒေသနာ၏ဖြစ်၍ နေခြင်းကို ပြတတ်သော သံဝဏ္ဏနာဝိသေသသည် သာသ နပဋ္ဌာနမည်၏။

သာသနပဋ္ဌာန ပြီး၏။

## နိဂုံး

ဝိသုဒ္ဓါစာရထေရေန၊
ဝိသုဒ္ဓါရာမဝါသိနာ။
ဝါစိတာနေကသိဿာနံ၊
နေတ္တိဟာရတ္ထဒီပနီ။

နေတ္တိဟာရတ္ထဒီပနီသစ်ပြီး၏။